

MYANMAR ECONOMICS ASSOCIATION

ECONOMICS PAPERS

2025

Vol. 3, No. 1 September, 2025



MYANMAR ECONOMICS ASSOCIATION

ECONOMICS PAPERS
2025

Vol. 3, No. 1 September, 2025

MEA CEC MEMBERS
2025-2027

President	U Kyi Tun
Vice President (1)	Daw Cho Cho Wynn
Vice President (2)	Daw Htar Htar Aye
Secretary (1)	Dr. Khin Khin Oo
Secretary (2)	Daw Aye Aye Hlaing

COMMITTEE CHAIRS

1. **Academic Dissemination and External Relations Committee**	U Aung Htoo
2. **Research and Development Committee**	Dr. Htay Htay Lwin
3. **Digital and Print Media Committee**	U Thurein Nyein
4. **Communication and Membership Affairs Committee**	U Nyi Nyi Aung
5. **Finance Committee**	Daw Khin Mar Swe

MEA invites the authors to submit their research papers on the updated issues.
Contact with:

Journal Office of MEA Economics Papers
Myanmar Economics Association
secretaryoffice@mea-mm.org

PREFACE AND ACKNOWLEDGEMENTS

Dear Readers,

We are pleased to release this Economics Paper Volume- 3, No.1 of 2025 published by the Myanmar Economics Association.

It is the publication for the year 2025, which contains a total of devoted 'eight articles' that covers a wide range of economic aspects, where four articles present:

- The important performance, challenges and prospects of Myanmar agriculture sector.
- Empirical research on assessing essentials for fostering a sustainable entrepreneurial eco-system to address challenges and long-term growth of entrepreneurship in the country.
- An urge for supporting the businesses to survive and develop in a competitive environment and policies to adopt for SMEs development.
- Significance of the diversified and value-added agro-industrial sector on global competence, boostingexport revenue and strengthening rural livelihoods, and jobs to achieve national economic development.

Another three papers mentioned below address a number of summarizes key findings:

- To understand the factors leading to economic recession of the economic disaster, a study carried out in the United States.
- The perspective of energy security and reliability, and a call for refined research to be carried out in this respect.
- Elements of conceptual framework and theoretical framework in assessing the earthquake loss.

One last article of interest is a transformative ventures undertaken during Myanmar Kings in late Konbaung era, particularly in the field of banking, political, military, economic and social affairs.

We have maintained a lot of work to ensure that the papers we present add significant value to the readers and we hope that the studies presented together with their results will meet your expectations.

It has been a privilege for me to be a leader and chief editor of this research team due to concerted exertion of Daw Cho Cho Wynn, MEA vice president, editors Daw Khin Pwint Oo, Daw Lai Lai Thein, Daw San San Tint, associate editor Daw Saw Yu Mon, without the cooperation of Dr. Khin Khin Oo, Secretary, MEA and Daw Khin Aye Maw who rendered her product editing, this journal could not have bring up in time.

I wish to thank all the contributors of this issue for their dedicated efforts and I very much appreciate the rewarding knowledge they all imparted upon in this journal. The views expressed in this journal however are those of the authors and do not necessarily reflect MEA views.

Last but not the least, we felt regretful to leave some articles in this volume due to restriction in pages.

Dr. Htay Htay Lwin
Committee Chair
Research and Development Committee
Myanmar Economics Association.



MYANMAR ECONOMICS ASSOCIATION

EDITORIAL COMMITTEE

Chief Editor
Dr. Htay Htay Lwin

Editors
Daw Khin Pwint Oo
Daw Lae Lae Thein
Daw San San Tint

Guest Editor
Daw Cho Cho Winn
(MEA -Vice Chairman)

Associate Editor
Daw Saw Yu Mon

Production Editor
Daw Khin Aye Maw

DTP Layout Designers
Gon Thiri Printing House

A Brief Analysis of the Great Recession in the United States

Dr. Khin Saw Nyein
Senior Economist
Patron of Myanmar Economics Association (MEA)
ksnyein825@gmail.com

Abstract

In the United States, the "Great Recession" that occurred under President George W. Bush was the severest since the Great Depression of the 1930s. Understanding the causes of this severe economic downturn can help to prevent similar economic disasters happening in the future. Three factors were identified as the roots of this steep economic downturn: the stock market meltdown, subprime mortgages and the deregulation of the financial sector. The issuance of subprime mortgages was a major outcome of deregulation. Lowering of the requirement for downpayment for home loans also played a crucial role in the boom and burst of the housing market. During the Great Recession, Bear Stearns and Lehman Brothers, two giant American financial companies with decades of experiences, went out of business. The Federal Reserve, the Treasury and the Federal Deposit Insurance Corporation had to step in to avoid bankruptcy of giant banks. In order to prevent the American economy from falling deeper into recession and to put it back on the road to recovery, the U.S. government enacted several acts to boost the aggregate demand. In addition, the Dodd-Frank Act was enacted to make the U.S. financial system safer for consumers and taxpayers.

I. Introduction.

Since the Great Depression of the 1930s, the economic recession that occurred under the Presidency of George W.Bush was the severest one in the United States. Hence it was named the " Great Recession". After World War II the American economy had faced an economic recession every 6.5 years and the average duration of each recession was 11.1 months (Treisman,2025). However, the Great Recession lasted (18) months, beginning in December 2007 and ended only in June 2009. With regard to GDP, during recessions U.S. GDP fell about 2.4% on the average but during the Great Recession GDP dropped by 4.3%. Unemployment rate climbed to 10%in October,2009 and more than 8 million jobs were lost during the recession.

The main causes of the Great Recession were (1) fall of the stock market, (2) banks issuing subprime mortgages and (3) the deregulation of the financial sector.

In order to avoid such an economic disaster in the future, it is essential to understand the factors that lead to an economic recession of this impact. In this paper each of the above factors will be explored as well as the remedial measures to put back the economy on the road to recovery.

II. Fall of the stock market

Under the Presidency of George W.Bush stock prices fell by 12.5% during the first term and by 31.5% during his second term. One of the main reasons for the stock market failure was the burst of the dot-com boom of the 1990s. The dot-com boom or the dot-com bubble was a period when internet-related stocks climbed rapidly from 1995 to 2000. During this period,

investors were enthusiastic about online businesses and they were encouraged by financial advisors. Investors eagerly purchased over-the-counter equities believing that they would be able to resell them profitably. The Nasdaq index reached its peak (5048) in March, 2000. However, many internet start-up companies did not have solid plans to make profit and their stocks were overvalued. Consequently, stock prices fell; the Nasdaq hit the bottom in October,2002 (1114). The September 11th terrorist attacks also negatively impacted the stock market. It took 15 years to fully get back to the peak level (Anderson,2024).

III. Banks Issuing Subprime Mortgages

Subprime mortgage is a loan that allows a person with a limited credit history, or subprime credit, to purchase or refinance a home. According to the U.S. Consumer Financial Protection Bureau credit scores between 580 and 619 are viewed as subprime. In order to qualify for a conventional mortgage, a borrower needs at least a credit score of 620 and to get the best interest rate, a borrower needs credit score of at least 760 and higher.

The subprime mortgage crisis of 2007-2010 sprang from expanding mortgage credit to borrowers who had low credit scores. In the past, it was difficult for persons who had poor credit scores to borrow from the banks to buy homes. Moreover, if the loan was not protected by government insurance, lenders denied the mortgage requests. As a result, many families with poor credit scores had to rent. In that time, about 65 percent of households owned homes and mortgage foreclosure rates were low. Home construction and house prices reflected the fluctuation of mortgage interest rates and income.

This situation changed in the early and mid-2000s; people with poor credit scores got a better chance to obtain home loans. The main reason was that some lenders repackaged the mortgages into pools and sold them to investors. New financial products such as private-label mortgage-backed securities (PMBS) were used to divide and allocate the risks. PMBS provided most of the funding for subprime mortgages. As a result, more first-time homebuyers could obtain home loans and homeownership rose.

As the demand for homes increased, prices also rose, especially in areas where housing supply was low. This led people to expect higher prices. At first, it was profitable for investors to buy PMBS because home prices increased. This situation changed when high-risk borrowers could not make payments on their home loans. They either sold their homes at a profit or borrowed more as the home prices rose. However, when home prices reached the peak, these borrowers could not resort to the above-mentioned measures. Starting from April 2007, many PMBS and PMBS-backed securities were downgraded to high risk, and several subprime lenders closed their business. The loss of the bond funding for subprime mortgages led to the fall in demand for homes and home prices. People expected home prices to drop further and this caused the demand for homes to fall further. During this time the value of some homes even declined by half.

As a result, two government-sponsored enterprises, Fannie Mae (Federal National Mortgage Association) and Freddy Mac (Federal Home Loan Mortgage Corporation) faced great losses. The major purpose of these two enterprises is to promote homeownership. They purchase mortgages from lenders so that latter businesses will have more money to lend to

potential homebuyers. The main difference between these two enterprises is that Fannie Mae generally buys mortgages from larger commercial banks, while Freddie Mac focuses on small banks, credit unions, and regional lenders. Fannie Mae and Freddie Mac also packaged mortgages into securities and sold to investors to keep capital flowing in the housing market. When the boom in the housing market burst, the value of these securities dropped. These two enterprises also lost money on some prime mortgages also. In the summer of 2008 the government seized the two organizations.

Due to the above factors much of the increase in the home prices was wiped out by the collapse of the housing market. The housing crisis was a major cause of the Great Recession. The crisis hurt the economy in four major ways: it lowered construction, reduced wealth leading to less consumer spending, decreased the abilities of financial firms to lend, and reduced the ability of firms to raise funds from securities markets (Kui,2020).

IV. The Deregulation of the Financial Sector

George W.Bush favored deregulation and as a result, federal oversight agencies did not tightly control banks and mortgage brokers. On the other hand, when he wanted to control Fannie Mae and Freddie Mac tighter, he could not get the Congress on his side. After the Enron Scandal, which was a huge accounting fraud committed by the energy company Enron Corporation in the early 2000s, George W.Bush backed and signed the Sarbanes-Oxley Act. This act was enacted in 2002 to protect investors from fraudulent financial reporting by corporations. However, when the Head of Security and Exchange Council (SEC) tried to heighten the regulations of mutual and hedge funds, he was blocked by Bush's advisers and other powerful Republicans in the government.

An important factor that contributed to the boom and burst of the housing market was low-requirement for downpayment for home loans. Over the years, the Federal Housing Administration had lowered the down-payment requirements. In the 1930s, a person who wanted to buy a home had to put down at least 20% of the home value to get a home loan. Nowadays, first-time home buyers can get a home loan from the Federal Housing Administration with a downpayment as low as 3.5% of the home value. Fannie Mae's HomeReady program allows downpayment as low as 3% for first-time homebuyers who do not have the resources for a large downpayment but would otherwise qualify (Calabria,2009). Although the lowering of downpayment ratio happened gradually over time, it was a clear example of a negative impact that could occur in the housing market because of deregulation.

V. Impact of the Great Recession

During the Great Recession home prices fell by more than 20% on average between the beginning of 2007 and the middle of 2011. The decrease in home prices led to the crisis in the financial sector in 2007-08. In August 2007, certain financial markets, especially the market for asset-backed commercial paper faced pressures as the default of subprime mortgages grew. Bear Sternes, a global investment bank established since 1923 collapsed in 2008. This bank had acquired a large amount of mortgaged-back securities that became toxic assets when the underlying loans began to default. It was sold to JP Morgan Chase for $10 a share that was

worth $170 a year before. The Federal Reserve helped JP Morgan to buy out Bear Sterns (Duca, 2013).

Another financial giant that failed was Lehman Brothers which was an American global financial services firm founded in 1850. It was the fourth-largest investment bank in the United States, with about 25,000 employees worldwide. One of the major factors that landed the firm into bankruptcy was that the company branched out into mortgaged-backed securities and collateral debt obligations, following the footsteps of many other financial firms. Many of these loans were provided to borrowers without asking for all documents needed to get conventional loans. A large percentage of those borrowers defaulted on their loans when their home prices fell drastically. In September 2008, Lehman Brothers filed for bankruptcy.

In order to prevent further collapse of the financial sector, the Federal Reserve provided support for AIG, a large insurance and financial services company. To avoid bank failure, Citigroup and Bank of America also asked the Federal Reserve, the Treasury, and the Federal Deposit Insurance Corporation for help. At present, Bank of America and Citibank are the second and the fourth largest banks in the United States, respectively.

The housing market failure also led to the fall in economic activities. At first, the decrease in overall economic activities was not severe, but when the financial markets came to face severe problems, the decline accelerated in the fall of 2008. The country's gross domestic product dropped by 4.3% from peak to trough. The recession lasted for eighteen months and this made the recession the deepest one since World War II. The unemployment rate rose from less than 5% to 10% (Weinberg,2013).

VI. Measures Taken to Recover from the Recession

As an emergency measure, the Federal Reserve lent to non-banks for the first time since the Great Depression. Soon after that, the government drew up a more systematic program to aid financial and non-financial institutions, and to a limited extent, to American households.

In order to avoid getting deeper into recession and to recover from it, the American government enacted the following acts:

(1) The Housing and Economic Recovery Act,2008

(2) The Emergency economic Stabilization Act,2008

(3) The Economic Stimulus Act,2008

(4) The American Recovery and Reinvestment Act,2009

The Housing and Economic Recovery Act was enacted in July, 2008 for the purpose of bailing out the government-sponsored enterprises Fannie Mae and Freddie Mac, stabilizing mortgage market and preventing home prices from dropping further.

The Emergency Economic Stabilization Act was passed in October,2008. This act was broader than the first one. This act created the Troubled Asset Relief Program (TARP), and the Treasury Department was authorized to spend $700 billion to spend on a financial rescue plan. Accordingly, troubled assets held by financial institutions were purchased, and capital was

injected into banks. Furthermore, loans were given to the auto industry, and assistance was provided to American International Group (AIG). Moreover, provisional funds for various housing programs, including the Home Affordable Modification Program, were made available. The distribution of the TARP funds shows that nearly 60%of the funds went to Bank support programs, and about 19% and 17% of the funds were distributed to Auto industry financing programs and AIG, respectively. On the other hand, credit market programs and housing programs received only about 4% and 2% of the available funds. respectively (Kui,2020).

In order to increase aggregate demand and to solve the unemployment problem, the government enacted two acts: the first one, the Economic Stimulus Act was enacted on February 13, 2008 under George W.Bush's administration. Total spending under this act amounted to 1% of the GDP .Critics opined that it did not do much for the recovery of the economy.

On February 17, 2009, President Obama signed into law the American Recovery and Reinvestment Act (ARRA). According to this act, $787 billion, which amounted to 5.5% of GDP, was earmarked for economic recovery. This act focused on programs to create jobs and stimulate the economy, and maintain spending on education and health programs through federal transfers to state programs. This stimulus package was hailed as the biggest countercyclical fiscal action in American history (Ruffing,2013).

Apart from the above measures which were implemented for the recovery of the economy, tighter regulatory measures were also needed to avoid similar financial disasters in the future. In the past, the government regulatory system was mainly centered on the banks and did not focus on the non-bank organizations. It did not monitor or mitigate the risk imposed by large and connected institutions. Also, it did not put in place updated rules and regulations for consumer protection. All these facts pointed out that there was a large loophole in the government's oversight of financial markets. In order to remedy this situation, the Dodd-Frank Act was passed by the Congress in 2010. Its aim was to make the U.S. financial system safer for consumers and taxpayers. The Act created the Financial Stability Oversight Council (FSOC) to monitor the risks and developed a procedure for large financial companies. According to the Act, stricter capital requirements were set up. It also established the Volcker rule. According to this rule, commercial banks could not engage in proprietary trading or investing in hedge funds or private equity funds (Ross,2025).

The Dodd-Frank Act also created the Consumer Financial Protection Bureau (CFPB). This Bureau had the responsibility to make sure that consumers would have fair and transparent transactions when they took out loans (mortgages, student loans, credit cards, etc.) and other financial products. The Bureau also had the power to oversee non-bank businesses such as mortgage brokers and payday lenders.

VII. Conclusion

The economic recession that occured between 2007 and 2009 was the severest recession in the post-war U.S. economy. The main factors that led to the recession were the fall of the stock market, the issuance of subprime mortgages, and the deregulation of the financial sector.

Although these three factors were widely regarded as the main causes of the Great Recession, the Afghan War and the Iraq War also had a negative impact on the economy. Because of war expenditure, investment in public infrastructure and services were reduced. According to a report of Watson Institute, it was estimated that the U.S. government spending on these two wars would have created at least 1.4 million more jobs had the money been invested in education, health care or green energy.

In order to prevent the U.S. economy from falling further and to put it back on the road to recovery, several measures were taken, including the Federal Reserve giving loans to non-banks for the first time. In addition, the U.S. government enacted four acts in 2008 and 2009 for economic recovery.

One of the major factors that caused the economy to land into recession was the lack of tighter regulations of the financial sector. In order to remedy this situation, the Dodd- Frank Act was passed in 2010. The aim of this Act was to make the U.S. financial system safer for consumers and taxpayers.

A review of the causes of the Great Recession points out how crucial it is to regulate the financial sector systematically for the health of the economy. If the rules and regulations for the financial sector have loopholes, consumers as well as businesses will suffer, and the economy will face disaster.

References

Anderson, J. (2024, November 27). How the Stock Market Performed Under Each President. finance. yahoo.com

Calabria, M.A. (2009, July/August). Did Deregulation Cause the Financial Crisis? CATO Institute. cato.org

Duca, J.V. (2013, November 22). Subprime Mortgage Crisis. Federal Reserve History. federalreservehistory.org

Gratton,P. (2025, April 10). Presidents and Their Impact On the Stock Market. Investopedia. investopedia.com

Kui,B. (2020, November 4) .Relief, Recovery, Reforms: A Retrospective on the U.S. Policy Responses to the Great Recession. Intereconomics. Intereconomics.cu

Ross,S. (2025, January 30). Major Regulations Following the 2008 Crisis. Investopedia. investopedia..com.

Ruffing,K and Friedman,J. (2013, February 28). Economic Downturn and Legacy of Bush Policies Continue to Drive Large Deficits. Center on Budget and Policy Priorities.

Treisman,R. (2025, May 2). Tariffs Are Fueling Fears of a Recession. What Does It Take to Actually Declare One? npr. npr.org.

Watson Institute for International and Public Affairs (September,2023) Costs of War. Brown University. watson.brown.edu.

အမေရိကန်ပြည်ထောင်စုတွင်ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုကြီးကို လေ့လာဆန်းစစ်ခြင်း

ဒေါက်တာခင်စောငြိမ်း (ဝါရင့်ဘောဂဗေဒပညာရှင်)

စာတမ်းအကျဉ်းချုပ်

အမေရိကန်ပြည်ထောင်စုတွင် သမ္မတ George W.Bush လက်ထက်၌ ဖြစ်ပေါ်ခဲ့သော "Great Recession" သည် ၁၉၃၀ ခုနှစ်များတွင် ပေါ်ပေါက်ခဲ့သော ကမ္ဘာ့စီးပွားပျက်ကပ်ကြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့သည့် စီးပွားရေးကျဆင်းမှုများအနက် အဆိုးဆုံးဖြစ်သည်။ ထိုစီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်ခဲ့ရခြင်း၏အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းဖြင့် အနာဂါတ်တွင် အလားတူ ဆိုးရွားသော စီးပွားရေးအခြေအနေများ ဖြစ်ပေါ်လာခြင်းကို ဟန့်တားနိုင်ရန်အတွက် အထောက်အကူပြုနိုင်ပါသည်။ အဆိုပါစီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်လာခြင်း၏ အကြောင်းရင်းများကို သုံးသပ်လျှင်၊ အဓိကအကြောင်းရင်း သုံးချက်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုအကြောင်းရင်းများမှာ စတော့စျေးကွက်ကျဆင်းခြင်း၊ credit score နည်းသူများအား အိမ်ဝယ်ယူရန် ငွေထုတ်ချေးခြင်းနှင့် ဘဏ္ဍာရေးကဏ္ဍအား ထိန်းချုပ်မှုလျော့နည်းခြင်းတို့ ဖြစ်ပါသည်။ ဘဏ္ဍာရေးလုပ်ငန်းများအား ကွပ်ကဲမှုလျော့နည်းခြင်း၏ အဓိကရလဒ်တခုမှာ credit score နည်းသူများအား အိမ်ဝယ်ယူရန် ငွေထုတ်ချေးခဲ့ခြင်းဖြစ်ပါသည်။ အိမ်ဝယ်ယူရန်အတွက် လက်ငင်းပေးချေရမည့် အိမ်တန်ဖိုး၏ရာခိုင်နှုန်းကို လျှော့ချခဲ့ခြင်းကလည်း အိမ်ယာစျေးကွက်ပျက်စီးခြင်း၏ အကြောင်းရင်းတရပ် ဖြစ်သည်။ စီးပွားရေးကျဆင်းမှုကြီး ဖြစ်ပေါ်ခဲ့သောကာလအတွင်း၊ လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက တည်ထောင်လာခဲ့သော အမေရိကန်ဘဏ္ဍာရေးလုပ်ငန်းကြီးများဖြစ်သည့် Bear Sterns နှင့် Lehman Brothers တို့ လုပ်ငန်းဖျက်သိမ်းခဲ့ရသည်။ အကြီးစားဘဏ်ကြီးများ ဒေဝါလီခံရမည့် အခြေအနေမှ လွတ်ကင်းစေရန် Federal Reserve ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် Federal Deposit Insurance Corporation တို့က အကူအညီပေးခဲ့ရသည်။ အမေရိကန်စီးပွားရေးအခြေအနေ ဆက်လက်မကျ ဆင်းစေရန်နှင့် စီးပွားရေး ပြန်လည်နာလန်ထူလာစေရန်အတွက်၊ အမေရိကန်အစိုးရက စုစုပေါင်း ဝယ်လိုအားကို တိုးမြင့်စေမည့် အက်ဥပဒေများကို ပြဋ္ဌာန်းအတည်ပြုခဲ့ရသည်။ ထို့ပြင် စားသုံးသူများနှင့် အခွန်ထမ်းဆောင်သူများအတွက် အမေရိကန်ပြည်ထောင်စု၏ ဘဏ္ဍာရေးစနစ်သည် ပိုမို အန္တရာယ်ကင်းစေရန်အတွက် Dodd-Frank အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၁။ နိဒါန်း

၁၉၃၀ ခုနှစ်များတွင် စီးပွားပျက်ကပ်ကြီးဖြစ်ပွားပြီးနောက်၊ သမ္မတ George W.Bush လက်ထက်တွင်ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုကြီးမှာ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုများအနက် အဆိုးဆုံးဖြစ်ပါသည်။ သို့ဖြစ်၍ ထိုစီးပွားရေး ကျဆင်းမှုကြီးကို Great Recession ဟု ခေါ်ဝေါ်ကြပါသည်။ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း အမေရိကန်စီးပွားရေး အဆောက်အအုံတွင် ခြောက်နှစ်ခွဲတခါ စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရပြီး၊ စီးပွားရေးကျဆင်းမှုတခု၏ ပျမ်းမျှကြာမြင့်သောကာလမှာ (၁၁.၁) လ ဖြစ်ပါသည်(Treisman,2025)။ သို့ရာတွင် Great Recession မှာ (၁၈) လ ကြာမြင့်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး၊

၂၀၀၉ ခုနှစ် ဇွန်လတွင်မှ ပြီးဆုံးခဲ့ပါသည်။ စီးပွားရေးကျဆင်းသောကာလများတွင် G.D.P. မှာ ပျမ်းမျှခြင်း ၂.၄% ခန့်ကျဆင်းလေ့ရှိသော်လည်း Great Recession ကာလတွင် G.D.P. မှာ ၄.၃% အထိ ကျဆင်းခဲ့ပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ၁၀%အထိ မြင့်တက်ခဲ့ပြီး၊ အလုပ်လက်မဲ့ဦးရေ (၈) သန်းအထိ ရှိခဲ့ပါသည်။

Great Recession ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ

(၁) စတော့စျေးကွက် ကျဆင်းခြင်း၊

(၂) အကြွေးပြန်ဆပ်မှုအခြေအနေကို ဖော်ပြသည့် credit score နိမ့်ကျသူများအား အိမ်ဝယ်ယူရန် ဘဏ်များက ငွေထုတ်ချေးခြင်းနှင့်

(၃) ဘဏ္ဍာရေးကဏ္ဍကို ကွပ်ကဲမှုလျော့နည်းခြင်းတို့ ဖြစ်ပါသည်။

အနာဂါတ်တွင် ဤကဲ့သို့ ကြီးမားသောစီးပွားရေးကျဆင်းမှုကြီးမျိုး မပေါ်ပေါက်စေရန် အတွက် ဤအခြေအနေမျိုးကို ဖြစ်ပေါ်စေသောအကြောင်းရင်းများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤစာတမ်းတွင် အထက်တွင် ဖော်ပြခဲ့သောအကြောင်းရင်းများနှင့် စီးပွားရေး အဆောက်အဦ ပြန်လည်ဦးမော့လာစေရန်အတွက် အကောင်အထည်ဖော်ခဲ့သော နည်းလမ်းများကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

၂။ စတော့စျေးကွက် ကျဆင်းခြင်း။

သမ္မတ George W.Bush ၏ ပထမသက်တမ်းတွင် စတော့စျေးနှုန်းများမှာ ၁၂.၅% နှင့် ဒုတိယသက်တမ်းတွင် ၃၁.၅% ကျဆင်းခဲ့ပါသည်။ စတော့စျေးကွက် အရှုံးပေါ်ရခြင်း၏ အဓိကအကြောင်းရင်းတချက်မှာ ၁၉၉၀ ခုနှစ်များတွင် ရေပန်းစားခဲ့သော internet ကုမ္ပဏီများ အရှုံးပေါ်လာခြင်း ဖြစ်ပါသည်။ ၁၉၉၅ နှင့် သက္ကရာဇ် ၂၀၀၀ ကြားတွင် internet ကုမ္ပဏီများ၏ စတော့စျေးနှုန်းများ လျင်မြန်စွာ တိုးမြင့်ခဲ့ပါသည်။ ဤကာလအတွင်း ရင်းနှီးမြှုပ်နှံသူများမှာ internet ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်ကြပါသည်။ ထိုလုပ်ငန်းများ၏ အစုရှယ်ယာများကို ဝယ်ယူရန်လည်း ဘဏ္ဍာရေးအကြံပေးများက အားပေးခဲ့ကြပါသည်။ ရင်းနှီးမြှုပ်နှံသူများမှာ NYSE ၊ NASDAQ ကဲ့သို့သော စတော့စျေးကွက်ကြီးများတွင် ရောင်းဝယ်လေ့မရှိဘဲ ပွဲစားများမှတဆင့် ရောင်းဝယ်ကြသော ကုမ္ပဏီအသေးစားများ၏ အစုရှယ်ယာများကို တွင်တွင်ကျယ်ကျယ် ဝယ်ယူခဲ့ကြသည်။ ဤကဲ့သို့ ဝယ်ယူခဲ့ခြင်းမှာလည်း ပြန်ရောင်းလျှင် မြတ်လိမ့်မည်ဟူသော ထင်ကြေးဖြင့် ဝယ်ယူခဲ့ကြခြင်း ဖြစ်သည်။ Nasdaq ဆန္ဒန်းကိန်းတန်ဖိုးမှာ March 2000 တွင် အမြင့်ဆုံး (5048) သို့ ရောက်ခဲ့သည်။ သို့ရာတွင် တည်ထောင်ကာစ ကုမ္ပဏီအများစုတွင် အမြတ်အစွန်းရအောင် မည်ကဲ့သို့ ဆောင်ရွက်မည်ဟူသော လုပ်ငန်းစီမံကိန်းများ ခိုင်ခိုင်မာမာ မရှိသည့်အပြင်၊ ၎င်းတို့၏ စတော့စျေးနှုန်းများမှာ ရှိသင့်သောတန်ဖိုးထက် ပို၍စျေးဖြတ်ထားကြောင်း တွေ့ရသည်။ သို့ဖြစ်၍ စတော့စျေးနှုန်းများ

ကျဆင်းလာခဲ့သည်။ October, 2003 တွင် Nasdaq ဆန္ဒန်းကိန်းတန်ဖိုးမှာ အနိမ့်ဆုံး (1114) သို့ ကျဆင်းခဲ့သည်။ စက်တင်ဘာ (၁၁) ရက်၊ ၂၀၀၁ ခုတွင် New York မြို့၌ ဖြစ်ပေါ် ခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုကြီးမှာလည်း စတော့စျေးကွက်ကျဆင်းခြင်း၏ အကြောင်းရင်းတချက် ဖြစ်သည်။ (၁၅) နှစ်ကြာမှသာ Nasdaq ဆန္ဒန်းကိန်းမှာ အမြင့်ဆုံးတန်ဖိုးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

၃။ ဘဏ်များက credit score နိမ့်ကျသူများအား အိမ်ဝယ်ယူရန် ငွေထုတ်ချေးခြင်း။

Subprime mortgage ဆိုသည်မှာ credit card သုံးစွဲဝယ်ယူခြင်းများကို ပြန်ဆပ်သည့် အခြေအနေ၊ အိမ်လခမှန်မှန်ပေးမပေး၊ မီးခ၊ရေခများ မှန်မှန်ပေးမပေး၊ ကားအကြွေးဝယ်လျှင် အရစ်ကျ မှန်မှန် ပြန်ဆပ်ခြင်းရှိမရှိ စသည်တို့ကို နောက်ကြောင်းပြန်စစ်ဆေးနိုင်သည့် အချိန်ကာလ တိုတောင်းသူများ၊ အကြွေးဝယ်ယူသုံးစွဲပြီး ပြန်ဆပ်သည့်အခြေအနေ ကောင်းမကောင်းကို ဖော်ပြသည့် credit score နိမ့်ကျသူများကို အိမ်ဝယ်ယူရန် ချေးငွေထုတ်ပေးခြင်းကို ဆိုလိုပါသည်။ U.S. Consumer Financial Protection Bureau ၏ သတ်မှတ်ချက်အရ credit score ၅၈၀ နှင့် ၆၁၉ ကြားရှိလျှင်၊ subprime ဟုသတ်မှတ်ပါသည်။ ပုံမှန်အတိုးနှုန်းဖြင့် ချေးငွေရရှိရန်အတွက် ငွေချေးမည့်သူ၏ credit score မှာ အနည်းဆုံး ၆၂၀ ရှိရမည် ဖြစ်သည်။ အသက်သာဆုံးအတိုးနှုန်းဖြင့် ငွေချေးယူနိုင်ရန် အတွက် ငွေချေးမည့်သူ၏ credit score မှာအနည်းဆုံး ၇၆၀ နှင့်အထက် ရှိရမည်ဖြစ်သည်။

၂၀၀၇-၂၀၁၀ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သော ဘဏ်ချေးငွေ အကြပ်အတည်းမှာ ဘဏ်များက credit score နည်းသူ အများအပြားအား အိမ်ဝယ်ယူရန် ငွေထုတ်ချေးခဲ့သောကြောင့် ဖြစ်သည်။ ထိုကာလမတိုင်မီက credit score နည်းသူများအတွက် ဘဏ်မှ ချေးငွေရရှိရန် ခက်ခဲခဲ့သည်။ ထို့ပြင် ချေးငွေအတွက် အစိုးရအာမခံချက် မရှိပါက၊ ဘဏ်များက ငွေထုတ်မချေးကြပေ။ သို့ဖြစ်၍၊ credit scoreနိမ့်သော အိမ်ထောင်စုအများအပြားမှာ အိမ်မဝယ်နိုင်ဘဲ အိမ်ဌားဘဝဖြင့်သာ နေကြရသည်။ ထိုကာလတွင် အိမ်ထောင်စုဦးရေ၏ ၆၅% သာ အိမ်ပိုင်ရှိကြပြီး၊ အိမ်ကြွေးမှန်မှန် ပြန်မဆပ်နိုင်သဖြင့် ဘဏ်က အိမ်သိမ်းယူခြင်းများလည်း နည်းပါးခဲ့သည်။ အိမ်ယာဆောက်လုပ်ခြင်းနှင့် အိမ်စျေးနှုန်းများမှာလည်း ဘဏ်ချေးငွေအပေါ်ယူသောအတိုးနှုန်းနှင့် အိမ်ထောင်စုဝင်ငွေ အတက်အကျပေါ်တွင် မူတည်၍၊ ပြောင်းလဲခဲ့ကြသည်။

သက္ကရာဇ် ၂၀၀၀ခုနှစ်များ အစောပိုင်းနှင့် အလည်ပိုင်းသို့ရောက်သောအခါ၊ အထက်ပါအခြေအနေမှာ ပြောင်းလဲလာခဲ့သည်။ Credit score နည်းသူများလည်း အိမ်ချေးငွေရရှိရန် အခွင့်အလမ်းများတိုးလာသည်။ ဤသို့ အခြေအနေပြောင်းလဲလာခြင်း၏ အဓိကအကြောင်းရင်းမှာ အချို့သောငွေချေးငှားသူများမှာ အိမ်ထောင်စုတခုချင်း၏ချေးငွေများကို အုပ်စုများအဖြစ်ပြန်လည်ပေါင်းစပ်ပြီး၊ ရင်းနှီးမြှုပ်နှံလိုသူများအား တဆင့်ပြန်လည်ရောင်းချကြသည်။ ဥပမာအားဖြင့် private-label mortgage-backed securities (PMBS) မျိုးဖြစ်သည်။ Subprime credit score ရှိသူများအတွက်

အိမ်ချေးငွေအများစုကို PMBS များရောင်းချခြင်းမှ ရရှိသည်။ သို့ဖြစ်၍ ချေးငွေရရှိသော ပထမဆုံး အကြိမ် အိမ်ဝယ်ယူသူဦးရေ ပိုမိုများပြားလာပြီး အိမ်ပိုင်ဆိုင်သူဦးရေလည်း တိုးလာခဲ့သည်။

အိမ်အတွက် ဝယ်လိုအားတိုးလာသည်နှင့်အမျှ အိမ်ဈေးနှုန်းများလည်း တက်လာသည်။ အထူးသဖြင့် အိမ်ရောင်းလိုအား နည်းသောနေရာများတွင် ဖြစ်သည်။ ထို့ကြောင့် အိမ်ဈေးများ ထပ်တက်လိမ့်ဦးမည်ဟု လူအများက မျှော်မှန်းလာကြသည်။ ပထမပိုင်းတွင် အိမ်ဈေးနှုန်းများ တက်နေသောကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် PMBS များ ဝယ်ယူရင်းနှီးခြင်းမှ အကျိုးအမြတ် ရရှိခဲ့သည်။ သို့ရာတွင် အချို့ငွေချေးယူထားသူများက အိမ်ကြွေးကို မှန်မှန်ပြန်မဆပ်နိုင်တော့သော အခါတွင် အထက်ပါအခြေအနေမှာ ပြောင်းလဲလာခဲ့သည်။ အိမ်ဈေးတက်နေစဉ်ကာလအတွင်း အချို့က မိမိတို့၏ အိမ်ကို အမြတ်ဖြင့် ပြန်ရောင်းခြင်း၊ အချို့ကလည်း တက်လာသော အိမ်တန်ဖိုး ပေါ်တွင် ထပ်မံ၍ ငွေချေးခြင်းတို့ကို ပြုလုပ်လာကြသည်။ သို့ရာတွင် အိမ်တန်ဖိုးများသည် အမြင့် ဆုံးသို့ ရောက်လာပြီးနောက်တွင် အဆိုပါနည်းလမ်းများကို မကျင့်သုံးနိုင်တော့ပေ။ ၂၀၀၇ ခုနှစ် ဧပြီလမှ စတင်၍၊ PMBS များနှင့် PMBS ကျောထောက်နောက်ခံထားသော ငွေချေးစာချုပ်များကို ချေးငွေပြန်ဆပ်ရန်မသေချာသော စာချုပ်များအဖြစ် သတ်မှတ်လိုက်ပြီး credit score နည်းသူများကို အိမ်ချေးငွေထုတ်ချေးသည့် လုပ်ငန်းအများအပြားလည်း ပိတ်သိမ်းလိုက်ကြသည်။

ဤကဲ့သို့ credit score နည်းသူများအား ငွေထုတ်ချေးသည့် လုပ်ငန်းအရေအတွက် နည်းပါး လာခြင်းကြောင့် အိမ်အတွက် ဝယ်လိုအား ကျဆင်းလာပြီး အိမ်ဈေးနှုန်းများလည်း ကျဆင်းလာ သည်။ လူအများကလည်း အိမ်ဈေးနှုန်းများ ဆက်လက်ကျဆင်းမည်ဟု မျှော်မှန်းကြသောကြောင့် အိမ်ဝယ်လိုအားမှာ ပို၍ ကျဆင်းလာပြန်သည်။ ဤကာလပိုင်းအတွင်း အချို့အိမ်များ၏ ဈေးနှုန်းမှာ ခေါက်ချိုး ကျဆင်းသွားကြောင်း တွေ့ရသည်။

သို့ဖြစ်၍၊ အစိုးရအထောက်အပံ့ဖြင့် တည်ထောင်ထားသော Fannie Mae (Federal National Mortgage Association) နှင့် Freddy Mac(Federal Home Loan Mortgage Corporation) တို့မှာ များစွာအရှုံးပေါ်ခဲ့ကြသည်။ ဤလုပ်ငန်းနှစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အိမ်ပိုင်ဆိုင်သူဦးရေ တိုးပွားလာစေရန်ဖြစ်သည်။ ဤလုပ်ငန်းကြီးနှစ်ခုက ငွေချေး ငှားသော အဖွဲ့အစည်းများထံမှ အိမ်ချေးငွေစာချုပ်များကို ပြန်လည်ဝယ်ယူခြင်းအားဖြင့် ထိုလုပ်ငန်း များတွင် ငွေပြန်ပေါ် ပြီး၊ နောက်ထပ်အိမ်ချေးငွေများ ပြန်လည်ထုတ်ချေးရန် ငွေရင်းရရှိလာသည်။ အထက်ပါ အဖွဲ့အစည်းကြီးနှစ်ခု၏ အဓိကခြားနားချက်မှာ Fannie Mae က အကြီးစားကူးသန်း ရောင်းဝယ်ရေးဘဏ်များထံမှ အိမ်ချေးငွေစာချုပ်များကို ပြန်လည်ဝယ်ယူပြီး၊ Freddie Mac က အသေးစားဘဏ်များ၊ ငွေစုငွေချေးအသင်းများနှင့် ဒေသဆိုင်ရာဘဏ်များထံမှတဆင့် အိမ်ချေးငွေ စာချုပ်များကို ပြန်လည်ဝယ်ယူသည်။ ထို့ပြင် Fannie Mae နှင့် Freddy Mac တို့က ၎င်းတို့ ဝယ်ယူ ထားသော အိမ်ချေးငွေစာချုပ်များကို ရင်းနှီးမြှုပ်နှံနိုင်သည့် စာချုပ်စာတမ်းများအသွင် ပြောင်းပြီး

ရင်းနှီးမြှုပ်နှံလိုသူများအား ပြန်လည်ရောင်းချကြသည်။ ဤနည်းအားဖြင့် အိမ်စျေးကွက်တွင် ငွေအရင်းအနှီး လည်ပတ်စေသည်။ အိမ်စျေးကွက် ပျက်သွားသောအခါ အဆိုပါ စာချုပ်စာတမ်းများ၏ တန်ဖိုးလည်း ကျဆင်းလာခဲ့သည်။ အထက်ပါအဖွဲ့အစည်းကြီးနှစ်ခုသည် credit score ကောင်းသူများအား ထုတ်ပေးထားသော အိမ်ချေးငွေများပေါ်တွင်လည်း အရှုံးပေါ် ခဲ့သည်။ သို့ဖြစ်၍၊ အစိုးရက အဆိုပါအဖွဲ့အစည်းကြီး နှစ်ခုလုံးကို ၂၀၀၈ ခုနှစ် နှစ်လည်ပိုင်းတွင် သိမ်းယူခဲ့သည်။

အထက်ပါအကြောင်းများကြောင့် အိမ်စျေးကွက်ပျက်သွားသောအခါ တိုးလာသမျှသော အိမ်တန်ဖိုးများလည်း လျော့နည်းကျဆင်းသွားခဲ့သည်။ အိမ်စျေးကွက်တွင် အကြွပ်အတည်း ဖြစ်ပေါ်ခဲ့ခြင်းမှာ စီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ အိမ်စျေးကွက်တွင် အကြွပ်အတည်းနှင့် ကြုံတွေ့ရသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းကျဆင်းခြင်း၊ ဥစ္စာဓန ပိုင်ဆိုင်မှုလျော့နည်းလာခြင်းကြောင့် စားသုံးသူများ၏ သုံးစွဲမှုလျော့ကျလာခြင်း၊ ငွေချေးငှားသော လုပ်ငန်းများ၏ချေးငွေထုတ်ချေးနိုင်စွမ်း လျော့ကျလာခြင်းနှင့် လုပ်ငန်းများအနေဖြင့် စာချုပ်စာတမ်းများ ရောင်းဝယ်သော စျေးကွက်များမှတဆင့် မိမိတို့ လိုအပ်သော ရန်ပုံငွေများကို ရှာဖွေရန် ခက်ခဲလာခြင်းဟူသော အခက်အခဲများကို ရင်ဆိုင်လာရသည်။ (Kui, 2020)

၄။ ဘဏ္ဍာရေးကဏ္ဍကို ကွပ်ကဲမှုလျော့နည်းခြင်း။

သမ္မတ George W.Bush က စီးပွားရေးလုပ်ငန်းများကို တင်းကြပ်စွာချုပ်ကိုင်ခြင်းကို မလိုလားသောကြောင့် ပြည်ထောင်စုအဆင့်ကြီးကြပ်ကွပ်ကဲသော ဧဂျင်စီများက ဘဏ်များနှင့် အိမ်ချေးငွေပွဲစားများအား တင်းကြပ်စွာချုပ်ကိုင်ခြင်း မရှိခဲ့ပေ။ တဖက်တွင်လည်း Fannie Mae နှင့် Freddie Mac တို့ကို သမ္မတက ပိုမိုတင်းကြပ်စွာ ချုပ်ကိုင်လိုသောအခါတွင် ကွန်ဂရက်က သမ္မတဘက်မှ ရပ်တည်မပေးခဲ့ပေ။ ၂၀၀၀ ခုနှစ်များအတွင်း စာရင်းများ လိမ်ညာထုတ်ပြန်သည့် Enron ကော်ပိုရေးရှင်း အမှုကြီးပေါ်ပေါက်ခဲ့ပြီးနောက် သမ္မတက Sarbanes-Oxley အက်ဥပဒေကို ၂၀၀၂ ခုနှစ်တွင် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ ဤဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံသူများအား ကော်ပိုရေးရှင်းများက စာရင်းလိမ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံစာများ ထုတ်ပြန်ပြီး လိမ်လည်ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ Security and Exchange Council ၏ အကြီးအကဲက mutual funds နှင့် hedge funds တို့အတွက် ချမှတ်ထားသော စည်းမျဉ်းများကို ပိုမိုကြပ်မတ်ရန် ကြိုးပမ်းသောအခါတွင် Bush ၏ အကြံပေးများနှင့် အစိုးရအဖွဲ့တွင်ပါဝင်သည့် အာဏာရှိသော Republican ပါတီဝင်များ၏ တားမြစ်ခြင်းကို ခံရသည်။

အိမ်စျေးကွက် ပျက်စီးသွားခြင်း၏ အရေးပါသောအကြောင်းရင်းတရပ်မှာ အိမ်ဝယ်ယူရန် အတွက် လက်ငင်းပေးရသော အချိုးအစား(downpayment) နိမ့်ကျခြင်းဖြစ်သည်။ Federal Housing Administration က ချမှတ်ထားသည့် downpayment ရာခိုင်နှုန်းမှာ အချိန်ကာလတလျှောက် ကျဆင်းလာခဲ့သည်။ ၁၉၃၀ ခုနှစ်များက အိမ်ဝယ်ယူရန် ချေးငွေရရှိရန်အတွက် အနည်းဆုံး အိမ်

တန်ဖိုး၏ ၂၀% ကို ပေးချေနိုင်မှ ဘဏ်မှ ငွေထုတ်ချေးသည်။ ယခုအချိန်ကာလတွင် အိမ်တန်ဖိုး၏ ၃.၅% ကို လက်ငင်းပေးချေနိုင်လျှင် Federal Housing Authority က ငွေထုတ်ချေးသည်။ Fannie Mae ၏HomeReady program အရဆိုလျှင်၊ ချေးငွေထုတ်ပေးနိုင်သည့်အချက်အလက်များနှင့် ပြည့်စုံသော်လည်း ကိုယ်ပိုင်စုဆောင်းငွေ နည်းနေသူများအား အိမ်တန်ဖိုး၏ ၃% ကို လက်ငင်းပေးချေနိုင်လျှင်ပင် ငွေထုတ်ချေးခဲ့သည်။ (Calabria,2009) လက်ငင်းပေးချေရမည့် အိမ်တန်ဖိုးအချိုးကို လျှော့ချလာခြင်းမှာ ရှည်ကြာသော အချိန်ကာလအတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်သော်လည်း ဤအချက်မှာ အိမ်စျေးကွက်ကို ကွပ်ကဲမှုလျော့ရဲလာခြင်းကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးကို ပေါ်လွင်စေသည်။

၅။ စီးပွားရေးကျဆင်းမှုကြီး၏ အကျိုးဆက်များ။

စီးပွားရေးကျဆင်းမှုကြီးဖြစ်ပေါ်နေသောကာလအတွင်း ၂၀၀၇ ခုနှစ်အစပိုင်းမှ ၂၀၁၁ ခုနှစ်လည်ပိုင်းအတွင်း အိမ်စျေးနှုန်းများမှာ ပျမ်းမျှခြင်း ၂၀% ကျဆင်းခဲ့သည်။ အိမ်စျေးနှုန်းများ ကျဆင်းခြင်းကြောင့် ဘဏ္ဍာရေးကဏ္ဍတွင် ၂၀၀၇-၀၈ ခုနှစ်အတွင်း အကြပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် အချို့ဘဏ္ဍာရေးစျေးကွက်များ၊ အထူးသဖြင့် ရရန်ပိုင်ခွင့်များ (assets) ကို ကျောထောက်နောက်ခံထားသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာချုပ်စာတမ်းများ ရောင်းဝယ်သည့်စျေးကွက်တွင် အကြပ်အတည်းများနှင့် ရင်ဆိုင်လာရသည်။ အကြောင်းရင်းမှာ credit score နည်းသူများအား ထုတ်ချေးထားသော အိမ်ချေးငွေများကို ပြန်မဆပ်ကြသောကြောင့် ဖြစ်သည်။ ၁၉၂၃ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီး ဖြစ်သည့် Bear Sternes မှာ ၂၀၀၈ ခုနှစ်တွင်ပြိုကွဲခဲ့သည်။ ဤဘဏ်ကြီးမှာ အိမ်ချေးငွေ နောက်ခံထားသော စာချုပ်စာတမ်း အမြောက်အများကို ဝယ်ယူထားသောကြောင့် အိမ်ချေးငွေများကို ပြန်မဆပ်ကြသောအခါတွင် အကြပ်အတည်းတွေ့လာခဲ့သည်။

Bear Sternes ၏ အစုရှယ်ယာများကို တစုလျှင် ဒေါ်လာ (၁၀) ဖြင့် JP Morgan Chase သို့ ရောင်းချခဲ့ရသည်။ ထိုအချိန်ကာလမတိုင်မီ တနှစ်လောက်က Bear Sternes ၏ အစုရှယ်ယာ စျေးနှုန်းမှာ ဒေါ်လာ (၁၇၀) အထိ ရှိခဲ့သည်။ ဗဟိုရိဘဏ်ဖြစ်သည့် Federal Reserve က Bear Sternes ၏အစုရှယ်ယာများကို ဝယ်ယူနိုင်ရန်အတွက် JP Morgan ကို အကူအညီပေးခဲ့သည်။ (Duca, 2013)

အရှုံးကြီးနှင့် ရင်ဆိုင်ခဲ့ရသော အခြားလုပ်ငန်းကြီးတခုမှာ Lehman Brothers ဖြစ်သည်။ ဤကုမ္ပဏီကြီးမှာ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုဆောင်ရွက်သော ၁၈၅၀ ခုနှစ် ကတည်းက တည်ထောင်ခဲ့သည့် အမေရိကန်ကုမ္ပဏီကြီး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် စတုတ္ထမြောက် အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဘဏ်လည်းဖြစ်ပြီး ဝန်ထမ်းဦးရေ (၂၅၀၀၀) ခန့်ရှိသည်။ ဤလုပ်ငန်းကြီး ဒေဝါလီခံသွားရခြင်း၏ အဓိကအကြောင်းတချက်မှာ အခြားဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနည်းတူ အိမ်ချေးငွေများကို ကျောထောက်နောက်ခံထားသည့် စာချုပ်စာတမ်းများကို

ဝယ်ယူရင်းနှီးခဲ့သောကြောင့် ဖြစ်သည်။ အဆိုပါ အိမ်ချေးငွေအများအပြားမှာ ချေးငွေပြန်လည်ဆပ်နိုင်ခြင်း ရှိမရှိကို တွက်ချက်ဆန်းစစ်နိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းအစုံအလင် တောင်းယူခြင်းမပြုဘဲ ထုတ်ချေးထားသော ချေးငွေများဖြစ်ကြသည်။ သို့ဖြစ်၍ အိမ်စျေးနှုန်းများ ထိုးကျသွားသောအခါ ငွေချေးယူထားသူ အများအပြားမှာ ချေးငွေကို ပြန်မဆပ်ကြတော့ပေ။ ၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် Lehman Brothers လုပ်ငန်းကြီးမှာ ဒေဝါလီခံလိုက်ရတော့သည်။

ဘဏ္ဍာရေးကဏ္ဍ ဆက်လက်ပြုကွဲသွားမည်စိုးသောကြောင့် Federal Reserve က အာမခံနှင့် ဘဏ္ဍာရေး ဆိုင်ရာဝန်ဆောင်မှုများပေးသည့် ကုမ္ပဏီကြီးတခုဖြစ်သည့် AIG ကို အထောက်အပံ့များပေးခဲ့သည်။ Citigroup နှင့် Bank of America တို့ကလည်း ဒေဝါလီခံရမည်စိုး၍၊ Federal Reserve၊ ဘဏ္ဍာရေးဌာနနှင့် Federal Deposit Insurance Corporation တို့ထံမှ အကူအညီများ တောင်းခံခဲ့သည်။ ယခုကာလတွင် Bank of America နှင့် Citibank တို့မှာ အမေရိကန်ပြည်ထောင်စုတွင် ဒုတိယနှင့် စတုတ္ထအကြီးဆုံး ဘဏ်ကြီးများအဖြစ် အသီးသီး ရပ်တည်နေနိုင်လာကြသည်။

အိမ်စျေးကွက်ပျက်သွားခြင်းကြောင့် စီးပွားရေးလုပ်ဆောင်မှုများလည်း ကျဆင်းခဲ့သည်။ အစပိုင်းတွင် စီးပွားရေးလုပ်ဆောင်ချက်များ ကျဆင်းခြင်းမှာ မပြင်းထန်လှသော်လည်း ဘဏ္ဍာရေးစျေးကွက်များတွင် ကြီးမားသော ပြဿနာကြီးများနှင့် တွေ့ကြုံလာရသောအခါတွင် ၂၀၀၈ ခုနှစ် နွေနှောင်းရာသီမှစပြီး၊ လျင်မြန်စွာ ကျဆင်းလာခဲ့သည်။ စီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်ခဲ့သည့် ကာလအတွင်း GDP မှာ ၄.၃% ကျဆင်းခဲ့သည်။ စီးပွားရေးကျဆင်းမှုကြီးမှာ (၁၈) လ ကြာမြင့်ခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုတွင် ပေါ်ပေါက်ခဲ့သော စီးပွားရေးကျဆင်းမှုများအနက် အဆိုးဆုံး ဖြစ်သည်။ အလုပ်လက်မဲ့နှုန်းမှာ ၅% မှ ၁၀% အထိမြင့်တက်ခဲ့သည်။ (Weinberg,2013)

၆။ စီးပွားရေးပြန်လည်နာလန်ထူလာစေရန် ဆောင်ရွက်ချက်များ။

အရေးပေါ်အခြေအနေအဖြစ် Federal Reserve သည် ဘဏ်လုပ်ငန်းမဟုတ်သည့် လုပ်ငန်းများကို ငွေထုတ်ချေးခဲ့သည်။ ဤဆောင်ရွက်ချက်မျိုးမှာ စီးပွားပျက်ကပ်ကြီးနောက်ပိုင်း ပထမဆုံး ပြုလုပ်ခဲ့သည့် လုပ်ငန်းမျိုးဖြစ်သည်။ မကြာမီကာလအတွင်း အစိုးရက ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သောလုပ်ငန်းများကို အကူအညီပေးနိုင်ရန်အတွက် ပိုမိုစနစ်ကျသော အစီအစဉ် ရေးဆွဲခဲ့သည်။ ဤအစီအစဉ်အရ အမေရိကန်အိမ်ထောင်စုများကိုလည်း အကူအညီ အသင့်အတင့်ပေးခဲ့သည်။

စီးပွားရေးကျဆင်းမှုကြီး ပိုမိုနက်ရှိုင်းမသွားရန်နှင့် စီးပွားရေးပြန်လည်နာလန်ထူလာစေရန် အတွက် အမေရိကန်အစိုးရသည် အောက်ပါအက်ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

1. The Housing and Recovery Act,2008
2. The Emergency Economic Stabilization Act,2008
3. The Economic Stimulus Act,2008
4. The American Recovery and Reinvestment Act,2009

The Housing and Recovery Act ကို ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့ရသည်။ ရည်ရွယ်ချက်မှာ အစိုးရအထောက်အပံ့ဖြင့်ဖွဲ့စည်းထားသော Fannie Mae နှင့် Freddie Mac အဖွဲ့အစည်းနှစ်ခုပျက်စီးမသွားစေရန်၊ အိမ်ခြေးငွေဈေးကွက် တည်ငြိမ်သွားစေရန်နှင့် အိမ်ဈေးနှုန်းများ ဆက်လက်ကျဆင်းမသွားစေရန် ဖြစ်သည်။

The Emergency Economic Stabilization Act ကို ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုခဲ့သည်။ ဤဥပဒေမှာ ပထမဥပဒေထက်ပို၍ ကျယ်ပြန့်သည်။ ဤ ဥပဒေအရ Troubled Asset Relief Program (TARP) ကို ရေးဆွဲခဲ့ပြီး ဘဏ္ဍာရေးလုပ်ငန်းများကို အကူအညီပေးရန်အတွက် ဘဏ္ဍာရေးဌာနအနေဖြင့် ဒေါ်လာ (၇၀၀) ဘီလျံသုံးစွဲရန် ခွင့်ပြုခဲ့သည်။ သို့ဖြစ်၍ အကြပ်အတည်းတွေ့နေသော ဘဏ္ဍာရေးလုပ်ငန်းများမှ စာချုပ်စာတမ်းများကို ပြန်လည်ဝယ်ယူခြင်း၊ ဘဏ်များအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့မျှသာမက မော်တော်ယာဉ်ထုတ်လုပ်သော လုပ်ငန်းများကိုလည်း ချေးငွေများထုတ်ပေးခြင်း၊ American International Group (AIG) ကို ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးခဲ့သည်။ ထို့ပြင် Home Affordable Modification Program အပါအဝင် အိမ်ယာအစီအစဉ် အမျိုးမျိုးအတွက်လည်း ရန်ပုံငွေများ လျာထားပေးခဲ့သည်။ TARP ရန်ပုံငွေများ ခွဲဝေသုံးစွဲမှုကို လေ့လာလျှင်၊ ၆၀% မှာ ဘဏ်များကို ထောက်ပံ့သည့်အစီအစဉ်များအတွက်ဌင်း၊ ၁၉% မှာ မော်တော်ယာဉ်ထုတ်လုပ်သော လုပ်ငန်းစုအတွက်ဌင်း၊ ၁၇% မှာ AIG အတွက်ဌင်း သုံးစွဲခဲ့ကြောင်း တွေ့ရသည်။ ချေးငွေဈေးကွက်နှင့် အိမ်ယာအစီအစဉ်များအတွက် သုံးစွဲခြင်းမှာ ၄% နှင့် ၂% အသီးသီးသာရှိကြောင်း တွေ့ရသည်။ (Kui,2020)

စုစုပေါင်း ဝယ်လိုအားတိုးမြှင့်ရန်နှင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အစိုးရက ဥပဒေနှစ်ရပ်ပြဋ္ဌာန်းခဲ့သည်။ ပထမဥပဒေဖြစ်သော The Economic Stimulus Act ကို သမ္မတ George W.Bush လက်ထက် ဖေဖော်ဝါရီ ၁၃ ရက်၊ ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေအရ သုံးစွဲငွေပမာဏမှာ GDP ၏ ၁% သာရှိသဖြင့်၊ တိုင်းပြည်စီးပွားရေး ပြန်လည်နာလန်ထူလာရန်အတွက် ထိရောက်မှုမရှိဟု ဝေဖန်ခဲ့ကြသည်။

ဖေဖော်ဝါရီလ (၁၇) ရက်၊ ၂၀၀၉ ခုနှစ်တွင် သမ္မတ Obama က American Recovery and Reinvestment Act ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ ဤဥပဒေအရ စီးပွားရေးပြန်လည်ထူထောင်နိုင်ရန်အတွက် ဒေါ်လာ (၇၈၇) ဘီလျံ သုံးစွဲရန် လျာထားခဲ့သည်။ ဤငွေကြေးပမာဏမှာ

GDP ၏ ၅.၅% ခန့်ရှိသည်။ ဤဥပဒေအရ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် စီးပွားရေး ပြန်လည်တိုးတက်မှုကို အထောက်အကူပြုမည့် အစီအစဉ်များ ပါဝင်သကဲ့သို့ တဖက်တွင်လည်း ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များကို လက်ရှိအဆင့်အတိုင်း ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ဤအစီအစဉ်များကို အမေရိကန်နိုင်ငံသမိုင်းတွင် စီးပွားရေးပြန်လည်ထူထောင်နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်ခဲ့သော အစီအစဉ်များအနက် အကြီးမားဆုံးအစီအစဉ်အဖြစ် အသိအမှတ်ပြုကြသည်။ (Ruffing,2013)

တိုင်းပြည်စီးပွားရေး ပြန်လည်ထူထောင်နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်ခဲ့သော အထက်ပါ လုပ်ငန်းအစီအစဉ်များအပြင်၊ အနာဂါတ်တွင် ဘဏ္ဍာရေးလုပ်ငန်းများအနေဖြင့် အလားတူ အကြပ်အတည်းများနှင့် ရင်မဆိုင်နိုင်စေရန်အတွက် ပိုမိုတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန် လိုအပ်ပါသည်။ ယခင်ကာလများက အစိုးရ၏ ကြီးကြပ်မှုစနစ်များမှာ ဘဏ် လုပ်ငန်းများကိုသာ ဦးတည်ပြီး၊ ဘဏ်မဟုတ်သော အဖွဲ့အစည်းများကို ဦးတည်ခြင်း မရှိခဲ့ပေ။ လုပ်ငန်းပမာဏကြီးမားပြီး၊ တခုနှင့်တခု ဆက်စပ်မှုရှိသော လုပ်ငန်းများ၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများကို စောင့်ကြည့်အကဲခတ်ခြင်း မပြုလုပ်ခဲ့ပေ။ ထို့ပြင် စားသုံးသူများကို ကာကွယ်ရန်အတွက် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုအပ်သလို ပြင်ဆင်သတ်မှတ်ခြင်း မရှိခဲ့ပေ။ ဤအချက်များက အစိုးရအနေဖြင့် ဘဏ္ဍာရေးဈေးကွက်များကို ကြီးကြပ်ရာတွင် ဟာကွက်ကြီးရှိနေကြောင်းကို ညွှန်ပြရာရောက်သည်။ ဤအခြေအနေကို ပြုပြင်ရန်အတွက် ကွန်ဂရက်က Dodd-Frank Act ကို ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ရည်ရွယ်ချက်မှာ အမေရိကန် နိုင်ငံ၏ ဘဏ္ဍာရေးစနစ်သည် စားသုံးသူများနှင့် အခွန်ထမ်းဆောင်သူများအတွက် ဘေးအန္တရာယ်မဖြစ်စေရန် ဖြစ်သည်။ ဤဥပဒေအရ Financial Stability Oversight Council (FSOC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဤအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ဘဏ္ဍာရေးဈေးကွက်အတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများ ပေါ်ပေါက်လာခြင်း ရှိမရှိကို စောင့်ကြည့်ရန်နှင့် ဘဏ္ဍာရေးကုမ္ပဏီကြီးများ အနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ပေးရန် ဖြစ်သည်။ ဤဥပဒေအရ လုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်ကို ပိုမိုတင်းကြပ်လာသည်။ ထို့ပြင် Volcker စည်းမျဉ်းကိုလည်း ချမှတ်ခဲ့သည်။

ဤစည်းမျဉ်းအရ ကူသန်းရောင်းဝယ်ရေးဘဏ်များသည် ၎င်းတို့၏ clients များအတွက် ပွဲခယူပြီး စတော့ရှယ်ယာများ ရောင်းဝယ်ပေးခြင်းကိုသာ ဆောင်ရွက်နိုင်ပြီး၊ မိမိတို့ဘဏ် အကျိုးအမြတ်အတွက် စတော့ရှယ်ယာများ တိုက်ရိုက်ဝယ်ယူရောင်းချခြင်းကို တားမြစ်ထားသည်။ ထို့ပြင် ကူးသန်းရောင်းဝယ်ရေးဘဏ်များအနေဖြင့် hedge funds ၊ private equity funds များတွင် ရင်းနှီးမြှုပ်နှံခြင်းကိုလည်း တားမြစ်ထားသည်။

Dodd-Frank အက်ဥပဒေအရ The Consumer Financial Protection Bureau (CFPB)ကိုလည်း ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့အစည်းက စားသုံးသူများအနေဖြင့် အိမ်ချေးငွေ၊ ကျောင်းစရိတ်အတွက် ချေးငွေများ ချေးယူသောအခါ၊ အကြွေးဝယ်ကပ်များ သုံးသောအခါများတွင် စားသုံးသူများအတွက် တရားမျှတမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးရသည်။ ထို့ပြင် အိမ်ချေးငွေရအောင် ဆောင်ရွက်ပေးသည့်ပွဲစားများ (mortgage brokers) လခထုတ်လျှင်ပြန်ဆပ်ရသည့် အတိုးကြီးကြီး ယူသော ရက်တိုချေးငွေထုတ်ချေးသောလုပ်ငန်းများ(payday lenders)ကိုလည်း အထက်ပါ ဖြူရိုက ကြီးကြပ်ပိုင်ခွင့် ရှိသည်။

၇။ နိဂုံး

၂၀၀၇ ခုနှစ်မှစ၍ ၂၀၀၉ ခုနှစ်အထိ ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုကြီးမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းကာလများတွင် ပေါ်ပေါက်ခဲ့သော စီးပွားရေးကျဆင်းမှုများအနက် အဆိုးဆုံး ဖြစ်သည်။ စီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ စတော့စျေးကွက် ကျဆင်းခြင်း၊ credit score နည်းသူများအား အိမ်ချေးငွေထုတ်ပေးခြင်းနှင့် ဘဏ္ဍာရေးကဏ္ဍကို ထိန်းချုပ်မှုလျော့နည်းခြင်းတို့ ဖြစ်ကြပါသည်။ ဤအချက်သုံးချက်မှာ စီးပွားရေးကျဆင်းမှုကြီး ပေါ်ပေါက်ရခြင်း၏ အဓိကအကြောင်းရင်းများအဖြစ် အများကလက်ခံကြသော်လည်း Afghan စစ်ပွဲနှင့် Iraq စစ်ပွဲတို့ကြောင့်လည်း စီးပွားရေးအဆောက်အအုံအတွက် အကျိုးဆုတ်ယုတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ စစ်အသုံးစရိတ်ကြောင့် အခြေခံအဆောက်အအုံများအတွက်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးစရိတ်များ လျှော့ချခဲ့ရသည်။ Watson Institute ၏ အစီရင်ခံစာတရပ်အရ ထိုစစ်ပွဲနှစ်ပွဲအတွက် အစိုးရက သုံးစွဲခဲ့ရသော ငွေကြေးပမာဏကို ပညာရေး၊ ကျန်းမာရေးနှင့် green energy လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ပါက အလုပ်အကိုင်အရေအတွက် (၁.၄) သန်းခန့် ပိုမိုဖန်တီးပေးနိုင်လိမ့်မည်ဟု တွက်ချက်ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးဆက်လက်ကျဆင်းမသွားစေရန်နှင့် ပြန်လည်နလံထူလာစေရန်အတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ရာ၊ ဗဟိုဘဏ်ဖြစ်သည့် Federal Reserve က ဘဏ်မဟုတ်သော အဖွဲ့အစည်းများကို ပထမဆုံးအကြိမ် အကူအညီပေးခဲ့ခြင်းနည်းလမ်းလည်း အပါအဝင်ဖြစ်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုအစိုးရက စီးပွားရေး ပြန်လည်ထူထောင်ရန်အတွက် ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များအတွင်း အက်ဥပဒေ လေးရပ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

စီးပွားရေးကျဆင်းမှုကြီး ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတရပ်မှာ ဘဏ္ဍာရေးကဏ္ဍကို ကြီးကြပ်မှုလျော့ရဲခြင်း ဖြစ်သည်။ ဤအခြေအနေကို ပြုပြင်ရန်အတွက် ၂၀၁၀ ခုနှစ်တွင် Dodd-Frank အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်မှာ အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးစနစ်သည် စားသုံးသူများနှင့် အခွန်ထမ်းဆောင်သူများအတွက် ပိုမို၍ အန္တရာယ်ကင်းစေရန် ဖြစ်သည်။

စီးပွားရေးကျဆင်းမှုကြီးဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို ပြန်လည်သုံးသပ်လျှင်၊ စီးပွားရေးအဆောက်အအုံ တိုးတက်ကောင်းမွန်စေရန်အတွက် ဘဏ္ဍာရေးကဏ္ဍကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် အလွန်အရေးကြီးကြောင်း ထင်ရှားပါသည်။ အကယ်၍ ဘဏ္ဍာရေးကဏ္ဍ အတွက် ရေးဆွဲချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများတွင် ဟာကွက်များရှိပါက စားသုံးသူများ ရော လုပ်ငန်းများပါ အကြပ်အတည်းများနှင့် ရင်ဆိုင်ရပြီး တိုင်းပြည်စီးပွားရေးလည်း ကျဆင်းမည် ဖြစ်ပါသည်။

Energy Security, Optimal Electricity Generation Mix and Implications for Myanmar

Aung Htoo
Senior Economist
Chair of The Academic Dissemination and External Relations Committee
Myanmar Economics Association (MEA)
aunghtoo36@gmail.com

Abstract

This research is based on conceptual and theoretical approaches to energy security and optimal electricity mix for Myanmar based on various assumptions and scenarios. This research wants to point out that as an electricity deficient country, Myanmar has no other choice but to explore more on other energy sources such as nuclear, coal and solar energy other than traditional energy resources such as hydro-electric power, gas and oil to fulfil its current and immediate future electricity needs. The base year for this research is 2018 and target year is 2040 taking into consideration of the time need to develop nuclear, coal-fired and solar photo-voltaic generation plants. The research is a rough estimation of electricity in the perspective of energy security and reliability and more refined researches should be done in this respect. The research also pointed out the duration and cost to establish new facilities as well as the need to develop transmission, distribution and end-user networks.

Energy Security

About 675 million people lack access to electricity in the world, an IAEA survey said. An adequate level of energy security is vital to the functioning of a modern developed economy and is one of the main guarantees of national security since reliable energy supply is needed for the assurance of industry activities and to meet the needs of people.

Energy security is not only the ability of the energy systems to supply energy to consumers under reasonable conditions and affordable prices, but also a system ability to resist potential disturbances arising due to technological, natural, economic, socio-political and geopolitical reasons.

Energy security is a complex area based on studies of the development patterns of energy systems, analysis of geopolitical situation, modelling of economic processes, analysis of energy system reliability and resistance to energy supply disturbances, statistical and expert research of emergency situations and disruptions in energy systems, risk analysis, assessment of technical, social, political and other consequences.

Global energy mix for power generation

In fact, Myanmar currently faces a number of challenges, if proper solutions and measures can be arranged timely, these will become the opportunities for agriculture growth. Obviously, the present agricultural production and export are far less than existing potential and substantial growth can likely be attained by application of surplus cultivable land, increase irrigation ratio and cropping intensity, more utilization of improved seeds and other agricultural inputs, transformation of traditional agriculture to commercial agriculture, etc. Besides, strategic location of Myanmar shares border of two largest populated countries, China and India, as well as largest buyers of agricultural based foods strongly encourage the growth of agriculture in near future. Existence of global food excess demand and higher prices, and shortage of food supply reach the alarming stage to produce more foods in recent times. Unlike other countries, Myanmar can carry out both extensive and intensive methods of agricultural growth and relaxation of tax in most of importing countries due to ASEAN related tax free agreements and GSP of developed countries leading to promote the competitiveness of Myanmar exports. Especially, most of the farmers are very eager to grow more crops under the recent difficult ground situation because of higher crops prices than before. More importantly, the recent substantial demand increase of China and India will definitely accelerate the growth of Myanmar's agriculture.

Proposed Growth Strategy

Under the global food insecurity and skyrocketing of food prices, Myanmar should implement the intensive agriculture growth strategy combined with agricultural export led growth model in recent times. Agriculture growth strategy includes three main portions viz: agriculture production, agricultural value added processing and agricultural product trading

covering agricultural supply chain and value chain. Agricultural intensive growth strategy is mainly based on various government supports and active participation and cooperation of private sector in the form of PPP (Public Private Partnership) program. The first portion of **agriculture production** has to change the existing traditional agriculture to commercial agriculture that characterized by more utilization of improved seeds (hybrid and high yield variety), required agricultural inputs, growing global demanded crops, extension service and R&D, change from family based farming to contract farming system, etc. The government supports including infrastructural, institutional, technological and financial have to be provided simultaneously and timely. Especially, arrangement of more cultivable water accessibility, promote cropping intensity, expansion of improved seeds and inputs, application of modern agriculture, dissemination of farming technique and market information, formation of contract farming to be implemented in designated agriculture zones.

The second portion of **value added processing industry** covers more utilization of modern facilities, storage and transport facilities to maintain the value added agricultural products. The government has to increase the number of basic agricultural processing facilities such as drying, freezing, canning facilities in order to promote the value added and prevent the products loss. Similarly, public supports on the establishment of modern storage warehouse facilities can increase the quality of agricultural products and promote the product value. Also, upgrading existing transport and logistics facilities have to increase properly.

The third portion of **trading business** mainly concerns with the formulation of agricultural export led growth model mainly due to high growing global demand as well as depreciation of local currency. Also, transformation of existing 'buyer market to seller market' in exporting should be considered. Especially, various export promotion measures should be carried out simultaneously. Besides, exporting business was used to conduct based on buyer and seller decision without knowing others, always in favor of buyer, not transparent and less quality assurance. Therefore, the emergence of seller market combined with mass supply, quality assurance and transparent e-trading lead to appear in agricultural exporting. Moreover, Myanmar like other countries, should introduce the international agricultural commodities exchange centers for quick transformation from buyer market to seller market.

Also, liberalization and relaxation of existing exporting business have to promote and create the trader friendly business environment constructively. The rigid export control and tight regulations must be minimized and promoted the fair export earning allocation and incentive system for the higher competitiveness of agricultural exports and higher income for traders and the farmers as well.

Other institutional and legal supports on seeds bank, international commodity exchange center, agricultural value added export act, export - import bank, PPP model contract farming and contract farming etc. are also vital role for sustainable agriculture growth in medium term.

Conclusion

Global food insecurity and shortage problem will be prolonged due to number of reasons such as continuous disruption of Covid-19, occurrence of wars in major food growing countries, frequent global climate change etc. Compared with other Asian countries, Myanmar

with low utilization of agricultural resources and having considerable abundant land, basically has a huge potential for agricultural growth if the government implement right policies and pragmatic supports on various aspects of proposed intensive agriculture growth strategy. Unlike before, Myanmar has to solely emphasize on the growth of agriculture at the time of less global cooperation and coordination. Thus, if the government promptly carry out the proposed agriculture growth strategy, Myanmar definitely will restore the pre-Covid-19 situation and confidently maintain sustainable economic growth through agriculture development.

Reference

Aye Hlaing, Economic Development of Burma (1840-1960), Rangoon, 1970.

CSO, Statistical Yearbooks, http://www.csostat.gov.mm

FAO, Myanmar Agricultural Development Strategy and Investment Plan, (2818-2030)

FAO, Fao stat. 2020, http://www.fao.org./faostat/en/data/uc

Fujita,K and Okamoto, I, 'Agricultural Policies and Development of Myanmar's Agricultural Sector' Discussion Paper No (63), IDE, March 2006.

MOC, Agriculture Export data (Myanma Alnn Daily-various issues)

Mya Than, Growth Pattern of Burmese Agriculture, a Productivity Approach, ISEAS, SINGAPORE, 1988.

Tamas MIzik, Agri-food Export Competitiveness of the Asean Countries, Convenus University, Hangery, 2020.

UNCDF, Agriculture in Myanmar: Current State and Challenges, April 2024

USDA, Foreign Agriculture Service, Grain and Feed Annual, April 2023, Report No. BM 2023-0002, http://apps.fas.usda.gov>apc>report>Dow...PDF

USDA, Foreign Agricultural Service, Burma: Grain and Feed Annual, https//fas.usda.gov.>commodities>grain-and-feed:13 April 2023

World Bank Blogs, Unleashing Myanmar Agricultural Potential, 2016, http://blogs.worldbank.org>unlea...

WFP, A Global food Crisis (2022), http://www.wfp.org.>a global food crisis

မြန်မာ့လယ်ယာစိုက်ပျိုးရေး - စိန်ခေါ်မှုများနှင့် အလားအလာများ

ဒေါက်တာမောင်အောင် (ဝါရင့်ဘောဂဗေဒပညာရှင်)

စာတမ်းအကျဉ်းချုပ်

ဤလေ့လာမှုသည် မြန်မာ့စီးပွားရေးတွင် အရေးပါဆုံးကဏ္ဍဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အချိန်ကာလများအလိုက် အဓိကသီးနှံများ၏ တိုးတက်လာမှုများ၊ လက်ရှိအခြေအနေတွင်ရှိသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖော်ပြထားပြီး လယ်ယာတိုးတက်မှုအတွက် အဖြစ်နိုင်ဆုံးမဟာဗျူဟာကိုလည်း အဆိုပြုထားပါသည်။ အဓိကစိန်ခေါ်မှုများအနေဖြင့် Covid-19 ကပ်ရောဂါ ကြာရှည်ခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများက လယ်ယာထုတ်လုပ်မှု နှင့် ပို့ကုန်ကို အတိုင်းအတာတစ်ခုအထိ အားနည်းစေပါသည်။ လယ်ယာကဏ္ဍ၏ မြင်သာသည့် အခက်အခဲများမှာ လယ်ယာသွင်းအားစုများဖြစ်ကြသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၏ ဈေးနှုန်းမြင့်တက်ခြင်း၊ သီးနှံစူးစိုက်ထုတ်လုပ်မှုနှုန်းနှင့် ရေသွင်းစိုက်ပျိုးမှုနှုန်း နိမ့်ကျခြင်း၊ အထွက်ကောင်းစပ်မျိုးများနှင့် အထွက်တိုးမျိုးများ အသုံးပြုမှုနည်းနေသေးခြင်း၊ လယ်ယာလုပ်သားရှားပါးခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်ခြင်း၊ အချို့နေရာများတွင် လုံခြုံမှုအားနည်းခြင်းတို့ဖြစ်သည်။ လယ်ယာကုန်စည်၏ ဝယ်လိုအားနှင့်ဈေးနှုန်း မြင့်တက်နေသော်လည်း လယ်ယာကဏ္ဍတွင် ထုတ်ယူသုံးစွဲခြင်းမပြုရသေးသည့် အရင်းအမြစ်များရှိနေသေးသည်။ ထုတ်လုပ်မှုအပိုင်းတွင်လည်း နှိုင်းယှဉ်အကျိုးကျေးဇူး သဘောတရားအရ အမြင့်ဆုံးရှိသကဲ့သို့ လယ်ယာပို့ကုန်တွင်လည်း မြင့်မားသည့်ယှဉ်ပြိုင်နိုင်မှုနှုန်း ရှိခြင်းကြောင့် လယ်ယာကဏ္ဍတိုးတက်ရန် အခွင့်အလမ်းများစွာ ရှိပါသည်။ အဆိုပြုစူးစိုက် လယ်ယာတိုးတက်မှုမဟာဗျူဟာ (Proposed Intensive Agricultural Growth Strategy) ကို လယ်ယာပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (Agricultural Export Led Growth Model) ဖြင့် ပူးတွဲလုပ်ဆောင်မည်ဆိုလျှင် လက်ရှိစီးပွားရေးအခက်အခဲများကိုသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံး နိုင်ငံဖြစ်ပြီး အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ လွတ်လပ်ရေးမတိုင်မီကာလများမှစ၍ မြန်မာ့စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အရေးပါဆုံး ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လယ်ယာကဏ္ဍသည် တိုင်းပြည်ဝင်ငွေ (GDP) တွင် ၂၅% ဝန်းကျင်နှင့် စုစုပေါင်းလုပ်သားအင်အားစု၏ ၇၀% ခန့်ကို ဖြည့်စွမ်းပေးသည်။ ယခုထိ စုစုပေါင်းနိုင်ငံမြေရိယာ၏ ၁၉% ခန့်သာ စိုက်ပျိုးနေပြီး အရှေ့တောင်အာရှတွင် စိုက်ပျိုးမှုနှုန်း အနည်းဆုံးဖြစ်သလို သီးသန့်စိုက်ပျိုးမှုနှုန်း၊ ရေသွင်းစိုက်ပျိုးမှုနှုန်း၊ အထွက်ကောင်းမျိုးနှင့် လယ်ယာသွင်းအားစု သုံးစွဲမှုနှုန်းများလည်း နိမ့်ကျနေပေသည်။ ထိုအချက်များက ညွှန်ပြနေသည်မှာ အာရှတွင် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍတွင် ထုတ်ယူမသုံးစွဲရသေးသည့် အင်အားစုများ ရှိနေသေးပြီး နှိုင်းယှဉ်ခြင်းအားဖြင့် လယ်ယာတိုးတက်မှုအတွက် အခွင့်အလမ်းများ ရှိနေဆဲပင် ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့စွမ်းရည်ရိက္ခာ မဖူလုံမှု၊ Covid-19 ကပ်ရောဂါ

ကြောရှည်မှု၊ ရုရှား-ယူကရိန်းစစ်ပွဲ၊ လက်ငင်းကာလများတွင် တိုးလာနေသည့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုများ စသည်တို့ကြောင့် စားရေရိက္ခာလိုအပ်ချက် ပိုမိုကြီးထွားလာသည်။ တစ်ဆက်တည်းမှာပင် လိုအပ်ချက်ကြီးမားလာမှုနှင့် ဝယ်လိုအားတိုးလာမှုတို့သည် ဈေးနှုန်းများကို မြင့်တက်လာစေပြီး နိုင်ငံအများစုတွင် စားသောက်ကုန်များ ပိုမိုထုတ်လုပ်လာစေရန် ဆွဲဆောင်နေပါသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အစိုးရများသည် လယ်ယာကဏ္ဍကို အရေးပါသည့် စီးပွားရေးကဏ္ဍအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ထို့အတူ လက်ရှိအစိုးရလက်ထက်တွင်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အခြေခံထားပြီး ၎င်းမှတစ်ဆင့် အခြားစီးပွားရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လယ်ယာကဏ္ဍတိုးတက်ရေး အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပြီ ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် Covid-19 ဆိုးကျိုးများ၊ နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သော အခက်အခဲများ စိန်ခေါ်မှုများ ကြုံတွေ့နေရသော်လည်း လက်ရှိကာလများတွင် လယ်ယာကဏ္ဍတိုးတက်ရေးသည် သာ အထိရောက်ဆုံး တိုးတက်မှုဗျူဟာပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးအခင်းအကျင်း၊ ကမ္ဘာ့စားရေရိက္ခာလိုအပ်ချက်၊ နှိုင်းယှဉ်လယ်ယာကဏ္ဍတိုးတက်မှု အခြေအနေကောင်းများ စသည်တို့မှာ လယ်ယာကဏ္ဍတိုးတက်စေရန် စွမ်းအားနှင့်တွန်းအားများပင် ဖြစ်သည်။ အဆိုပြုစူးစိုက် လယ်ယာတိုးတက်မှုမဟာဗျူဟာမှာ လက်ရှိစိန်ခေါ်မှုများ အကြပ်အတည်းများကို ကျော်လွှန်နိုင်ပြီး Covid-19 မတိုင်မီ စီးပွားရေးအခြေအနေမျိုး ပြန်လည်ရရှိနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ဤလေ့လာမှုတွင် လယ်ယာကဏ္ဍနှင့် ပတ်သက်ပြီး အရေးပါခဲ့သည့် သမိုင်းကြောင်းအကျဉ်းကို ကိုလိုနီခေတ်မှ စတင်ဖော်ပြပြီး ခေတ်အဆက်ဆက်နှင့် လက်ရှိကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အလားအလာများကိုလည်း ဖော်ပြထားပြီး လယ်ယာကဏ္ဍတိုးတက်မှု မဟာဗျူဟာကိုလည်း လက်ရှိကာလအကြပ်အတည်းများ ကျော်လွှန်နိုင်ရန်နှင့် Covid-19 မတိုင်မီ စီးပွားရေးအခြေအနေ ပြန်လည်ရရှိစေရန် အပြုသဘောဖြင့် တင်ပြထားပါသည်။

သမိုင်းနောက်ခံအကျဉ်း

သက်ဦးဆံပိုင် ဘုရင်စနစ်အုပ်စိုးစဉ်ကာလ နှစ်ပေါင်း ၈၀၀ ခန့် အချိန်မှာပင် လယ်ယာကဏ္ဍသည် တိုင်းပြည်စီးပွားရေးတွင် အရေးပါသည့်ကဏ္ဍ ဖြစ်ခဲ့သည်။ လယ်ယာသီးနှံများတွင် ဆန်စပါးစိုက်ပျိုးရေးသည် အဓိကဖြစ်ခဲ့ပြီး ဘီစီ-၁၆ ရာစု အစပိုင်းကတည်းက ဆန်တင်ပို့နိုင်ခဲ့သည်။ တနည်းအားဖြင့်ဆိုလျှင် ၁၈၂၄-၁၉၄၈ ခုနှစ်များအကြား ကိုလိုနီခေတ်တွင် ဆန်စပါးလုပ်ငန်း သိသိသာသာ အောင်မြင်ခဲ့ပြီး ဗြိတိသျှအစိုးရအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးနိုင်သည့် မြေဧရိယာနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် အာရှတွင် အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်စေရန် လိုအပ်သောပံ့ပိုးမှုများနှင့် လုပ်သားလိုအပ်ချက်များကို အထက်မြန်မာပြည်နှင့် အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်း

လုပ်သားများဖြင့် လုပ်ဆောင်ခဲ့သည်။ လွတ်လပ်သော လေဇေဖေယား ပေါ်လစီ၊ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်း စတင်ဖွင့်လှစ်ခြင်း၊ လိုအပ်သည့်ဆန်စက်များနှင့် ဆိပ်ကမ်းတည်ဆောက် ပေးခြင်းတို့ကြောင့် မြန်မာ့ဆန်များ ဥရောပသို့ အလွယ်တကူ တင်ပို့နိုင်ခဲ့သည်။ ထို့အတွက် မြန်မာအနေဖြင့် ကာလတိုအတွင်းမှာပင် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သူဖြစ်လာခဲ့ပြီး နှစ်စဉ် ဆန်တန်ချိန် (၃) သန်းကျော် တင်ပို့ခဲ့ပြီး နိုင်ငံပို့ကုန်၏ ၇၀% ဖြည့်စွမ်းခဲ့သည်။ ဆန်စပါးလုပ်ငန်းသည် မြန်မာ့စီးပွားရေးတွင် အရေးပါးဆုံး ဖြစ်ခဲ့ပြီး ဆန်စပါးလုပ်ငန်း တစ်မျိုးတည်းကို အားထားရသည့် နိုင်ငံဖြစ်လာခဲ့သည်။[1]

၁၉၄၈-၁၉၆၂ ခုနှစ် ပါတီစုံ ဒီမိုကရေစီကာလတွင်လည်း လယ်ယာကဏ္ဍသည် အရေးပါမှုရှိခဲ့ပြီး ဆန်ပို့ကုန်သည်လည်း အများဆုံးဖြစ်ခဲ့ကာ စုစုပေါင်းပို့ကုန်၏ ထက်ဝက်ကျော် ပါဝင်ခဲ့သည်။ သို့သော် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနည်းခြင်း၊ လယ်ယာချေးငွေ မလုံလောက်ခြင်း၊ ပြည်တွင်းဆန်ဝယ်လိုအားတက်လာခြင်း၊ ပြည်တွင်းဆန်ဝယ်ယူသည့် ဈေးနှုန်းနိမ့်ခြင်း စသည်တို့ကြောင့် ဆန်စပါးလုပ်ငန်း တိုးတက်မှုကို ထိခိုက်စေခဲ့သည်။ ထို့အတွက်လည်း ဤကာလတွင် လယ်ယာကဏ္ဍ၏ တိုးတက်မှု နှေးကွေးခဲ့သည်။

၁၉၆၂-၁၉၈၈ ခုနှစ် ဆိုရှယ်လစ်စနစ်တွင်မူ မြန်မာ့စီးပွားရေးတိုးတက်မှု ရပ်တန့်သွားခြင်းနှင့် ကျဆင်းမှုများရှိခဲ့ပြီး လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းနှင့် အစိုးရဝယ်ယူသည့် ဈေးနှုန်း နိမ့်ပါးခြင်းတို့ကြောင့် လယ်ယာကဏ္ဍ တောက်လျှောက်ကျဆင်းလာခဲ့သည်။ အစိုးရအနေဖြင့် လယ်ယာတိုးတက်ဖွံ့ဖြိုးရေး အစီအစဉ်များဖြစ်သည့် မြစိမ်းရောင်တော်လှန်ရေး၊ လယ်သမားအခွင့်အရေး ကာကွယ်ရေးဥပဒေ (၁၉၆၃)၊ သီးစားဥပဒေ (၁၉၆၅) စသည်တို့ကို လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် သွင်းအားစုများ ပံ့ပိုးပေးသည့် မြို့နယ်အထွက်တိုးမျိုး စိုက်ပျိုးမှုများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် လုပ်ဆောင်ခဲ့သည်။ လယ်သမားတိုင်း စိုက်ကေအပေါ်မူတည်ပြီး မဖြစ်အနေ ရောင်းချရသည့် အစိုးရဈေးနှုန်းသတ်မှတ်ချက်မှာ အလွန်နိမ့်ခဲ့သည်။ ဆန်စပါးမှလွဲ၍ အခြားအသီးအနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စသည်တို့မှာ ပြည်တွင်းဈေးကွက်အတွက်သာ ရည်ရွယ်စိုက်ပျိုးပြီး ပြည်ပတင်ပို့မှု နည်းပါးခဲ့ပါသည်။ ခြုံ၍ကြည့်သော် ဆန်စပါးအပါအဝင် လယ်ယာကဏ္ဍသည် တိုးတက်မှုမတွေ့ရဘဲ ဆန်ပို့ကုန်မှာလည်း ကျဆင်းလာခဲ့ပြီး ယခင်အဓိက တင်ပို့သူမှ အစွန်းထွက်တင်ပို့သူအဖြစ် ကျဆင်းလာခဲ့သည်။[2]

၁၉၈၈-၂၀၁၀ ခုနှစ် ဈေးကွက်စီးပွားရေးစနစ်တွင်မူ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍ၌ အစိုးရစပါးဝယ်ယူမှုကို ဖျက်သိမ်းခြင်း၊ ပဂ္ဂလိကများ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခြင်း၊ အရင်းနှီးရှိသူများကို ခွင့်ပြုခြင်း၊

[1] Aye Hlaing, Economic Growth of Burma (1924-1948)

[2] Agriculture sector (1948 to 1988) based on the Studies by Richer,H. V. , Fugita,K., Okamoto and Mya Than

နွေစပါးစိုက်ပျိုးစသည်တို့ကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် လယ်ယာချဲ့ထွင်ရေး နည်းလမ်းဖြစ်သည့် ရေနက်ကွင်း၊ ကန်းရိုးတန်း၊ ယခင်မစိုက်ပျိုးသည့် အပူပိုင်းဇုံမြေရိုင်းများ၊ တောင်ပေါ်လှေကားထက် စိုက်ပျိုးရေးတို့ကို လုပ်ဆောင်ခဲ့သည်။ တဆက်တည်းမှာပင် ဆန်စပါးလုပ်ငန်းနှင့် ဆန်ပို့ကုန် အပေါင်းလက္ခဏာတိုးတက်မှုများရှိလာခဲ့ပြီး အဓိက ဆန်တင်ပို့သူ ပြန်လည်ဖြစ်လာခဲ့သည်။ မှတ်သားဖွယ်ရာမှာ ပဲမျိုးစုံပို့ကုန်သည် လယ်ယာပို့ကုန်များအနက် ဆန်ပို့ကုန်ကို ကျော်လွန်ကာ အများဆုံးတင်ပို့ကုန် ဖြစ်လာခဲ့သည်။ အကြောင်းရင်းမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ဖြစ်သည်။ စျေးနှုန်းကောင်းလာမှုကြောင့်လည်း လယ်သမားများအတွက် စွမ်းဆောင်မှုလည်း ဖြစ်ခဲ့သည်။ ထို့အတူ ပြောင်း၊ ရာဘာပို့ကုန်များလည်း သိသိသာသာ ပေါ်ထွက်လာခဲ့သည်။

၂၀၁၀-၂၀၁၅ ခုနှစ် ပထမဒီမိုကရေစီကာလတွင် အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ခဲ့သည့်အတွက် လယ်ယာအပါအဝင် ကဏ္ဍတိုင်းတွင် သိသာသောတိုးတက်မှုများ ရှိခဲ့သည်။ လယ်ယာကဏ္ဍတွင် ဖြေလျော့မှုများနှင့် မြှင့်တင်မှုဆိုင်ရာ အစီအစဉ်များဖြစ်သည့် လယ်ယာပို့ကုန်များကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပိုမိုခွင့်ပြုပေးခြင်း ယခင်ပိတ်ပင်ထားသည့် ကုန်သွယ်ရေး အထူးအခွင့်အရေး ပြန်လည်ရရှိလာခြင်း၊ ကုန်သွယ်ရေးဆိုင်ရာ ဖြေလျော့မှုများနှင့် လျင်မြန်ချောမွေ့စေရေး လုပ်ဆောင်မှုများကြောင့် လယ်ယာပို့ကုန်များ သိသာစွာ တိုးတက်ခဲ့သည်။[3]

၂၀၁၆-၂၀၂၀ ခုနှစ် ဒုတိယဒီမိုကရေစီကာလတွင်မူ ရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်း ဖြစ်စေရန် လုပ်ဆောင်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများကို ကုန်စည် ၂၄ မျိုးတွင် ခွင့်ပြုခြင်း၊ နိုင်ငံခြားအရင်းအနှီးကို ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု၏ ၃၅% ၏ ခွင့်ပြုခြင်းစသည်တို့ကြောင့် စီးပွားရေးပေါ်လစီကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။ လယ်ယာကဏ္ဍတွင်လည်း မြင်သာသည့် တိုးတက်မှုများရှိခဲ့ပြီး အရည်အသွေးမြင့် ဆန်စပါးထုတ်လုပ်မှုနှင့် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ခဲ့သည်။ ယေဘုယျအားဖြင့် ဒီမိုကရေစီကာလ နှစ်ခုစလုံးတွင် လယ်ယာကဏ္ဍတိုးတက်မှုများ ဖော်ဆောင်နိုင်ခဲ့သည်။

၂၀၂၀ ခုနှစ်တွင်မူ ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လယ်ယာအပါအဝင် မြန်မာ့စီးပွားရေး ဆိုးရွားလာခဲ့သည်။ ယခုအခါ လယ်ယာသွင်းအားစုများ၏ စျေးနှုန်းများ တက်နေခြင်း၊ ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများတွင် နိုင်ငံရေးအခြေအနေ မကောင်းခြင်း၊ စစ်မှုထမ်းဥပဒေကြောင့် ပြောင်းရွှေ့မှုများ ပိုများလာခြင်း၊ ပို့ကုန်တင်ပို့မှု ထိမ်းချုပ်မှုများ တိုးလာခြင်း၊ ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်လာခြင်း၊ မြန်မာပြည်အလယ်ပိုင်းတွင် ဖြစ်ပေါ် ခဲ့သည့် ပြင်းထန်

[3] Agriculture sector (1988 to 2010) based on the studies by Tin Htut Oo, Myo Aung Kyaw, Pyae Sone Nyein and Mg Mg

သည့် မြေငလျင်ကြောင့် လယ်ယာအပါအဝင် ပျက်စီးဆုံးရှုံးခြင်း စသည်တို့မှာ မြန်မာ့စီးပွားရေး အတွက် အဓိကစိန်ခေါ်မှုများပင် ဖြစ်သည်။[4]

မြန်မာ့လယ်ယာအဓိကသီးနှံများ

ဆန်စပါးသည် မြန်မာ့လယ်ယာတွင် ယခုတိုင် လွှမ်းမိုးထားဆဲဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးကေ ၏ ထက်ဝက်ကျော်၊ အရေးပါသည့် လယ်ယာပို့ကုန်နှင့် မြန်မာလူမျိုးများ၏ အဓိကစားသောက်ကုန် ဖြစ်နေဆဲပင် ဖြစ်သည်။ ဆန်စပါးပြီးလျှင် ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ရာဘာ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အစဉ်လိုက် အရေးပါသည်။ လယ်ယာသီးနှံများထဲတွင် ဆန်စပါးစိုက်ပျိုးရေး လုပ်ငန်းသည် အစိုးရ၏ အဆောက်အအုံဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ပံ့ပိုးမှုအများဆုံး ရရှိနေဆဲ ဖြစ်သည်။ ပဲမျိုးစုံလုပ်ငန်းသည် မြန်မာ့လယ်ယာပို့ကုန်တွင် ပိုမိုအရေးပါလာခဲ့ပြီး ၁၉၉၀ ခုနှစ်များ နောက်ပိုင်းတွင် အများဆုံးလယ်ယာပို့ကုန် ဖြစ်လာခဲ့သည်။ ဆန်ပို့ကုန်နှင့် ကွာခြားသည့်အချက်မှာ ဈေးနှုန်းကန့်သတ်ချက် မရှိခြင်း၊ အိန္ဒိယ၏ ပုံမှန်ဝယ်လိုအား ရှိခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ် သက်သာခြင်း၊ နှိုင်းယှဉ်ဈေးနှုန်း မြင့်မားခြင်းတို့ကြောင့် ပဲမျိုးစုံလုပ်ငန်း သိသိသာသာ တိုးတက် လာခဲ့သလို လယ်သမားများအတွက် ငွေဝင်သီးနှံ ဖြစ်လာခဲ့သည်။ တတိယအရေးပါသည့် သီးနှံမှာ ပြောင်းဖြစ်ပြီး စိုက်ရိယာနှင့် ပို့ကုန် ၂၀၀၀ ခုနှစ်နောက်ပိုင်း သိသိသာသာ တိုးတက်လာရခြင်းမှာ အထွက်နှုန်းကောင်းသည့် CP မျိုးကို သုံးစွဲနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ စတုတ္ထသီးနှံမှာ ဆီထွက် သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာ စသည်တို့ဖြစ်ပြီး အများစုမှာ အပူပိုင်းဇုံတွင် စိုက်ပျိုးလေ့ ရှိသည်။ အခြားသီးနှံများနှင့် မတူသည့်အချက်မှာ ဆီထွက်သီးနှံထုတ်လုပ်မှုသည် ပြည်တွင်းစားသုံး မှုကို မလုံလောက်သည့်အတွက် မြန်မာအနေဖြင့် စားအုန်းဆီတင်သွင်းမှုကို ၁၉၉၀ ခုနှစ်များမှ စတင် လုပ်ဆောင်ခဲ့သည်။ ယခုအခါ အစိုးရအနေဖြင့် နေကြာတိုးချဲ့စိုက်ပျိုးရေးကို လုပ်ဆောင်နေပြီး စားသုံးမှု ဖူလုံစေရန်နှင့် တင်သွင်းမှု လျော့ကျစေရန် ဖြစ်သည်။ အစိုးရအနေဖြင့် နှမ်းနက်တင်ပို့မှုကို ဈေးနှုန်းကောင်းမှုကြောင့် ခွင့်ပြုထားခြင်း ဖြစ်သည်။ ရာဘာထုတ်လုပ်မှုနှင့် တင်ပို့မှုကို ကြည့်လျှင် အတင့်အတင့် တိုးတက်မှုရှိနေပြီး ရာဘာအများစုကို အောက်မြန်မာပြည်တွင် တွေ့ရသည်။ ထို့အတူ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကိုမူ လက်ရှိကာလများတွင် တင်ပို့မှုတိုးလာခဲ့သည်။ ၂၀၂၀ ခုနှစ်မတိုင်မီ သီးနှံအားလုံး၏ ထုတ်လုပ်မှု၊ တိုးတက်မှု မသိသာသော်လည်း ၂၀၂၀ ခုနှစ် နောက်ပိုင်း တွင်မူ ကိုဗစ်-၁၉နှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် အနည်းငယ်ကျဆင်းခဲ့သည်။

[4] World Bank, 'Unleashing Myanmar's Agriculture Potential, 2016

Table (1). Sown Acreage and Production of Main Agricultural Crops

(Million Acre and Million Ton)

Name	Unit	2015-16	2016-17	2017-18	2018-19	2019-20	2020-21	2021-22	2022-23	23-24
Paddy- Sown	Acre	17.82	17.69	17.93	17.86	17.31	17.20	17.42	17.53	17.74
Production	Ton	26.21	25.67	25.64	27.57	26.27	25.98	27.00	27.54	27.94
Maize Sown	Acre	1.17	1.21	1.24	1.20	1.28	1.38	1.50	1.48	1.60
Production	Ton	1.75	1.83	1.90	1.96	1.98	2.07	2.27	2.30	2.55
Black Gram- Sown	Acre	2.80	2.91	2.41	2.34	2.33	2.52	2.29	2.34	2.45
Production	Ton	1.14	1.16	0.94	0.93	0.93	0.92	0.92	0.93	1.22
Green Gram-Sown	Acre	2.99	3.02	3.07	2.89	2.87	2.85	2.93	2.97	3.27
Production	Ton	1.09	1.09	1.08	0.99	1.01	0.99	1.05	1.06	1.28
Pigeon Pea- Sown	Acre	1.60	1.65	1.63	1.10	1.09	1.07	1.06	1.05	1.08
Production	Ton	0.60	0.63	0.55	0.36	0.35	0.32	0.32	0.31	0.33
Chick Pea Sown	Acre	0.92	0.90	0.93	0.95	0.94	0.95	0.90	0.83	0.98
Production	Ton	0.57	0.56	0.53	0.53	0.50	0.48	0.46	0.43	0.52
Ground Nut- Sown	Acre	2.36	2.44	2.56	2.61	2.74	2.82	2.90	3.10	3.20
Production	Ton	1.52	1.57	1.58	1.56	1.62	1.59	1.61	1.75	1.90
Sesame – Sown	Acre	3.78	4.04	3.93	3.82	3.76	3.79	3.80	3.80	4.10
Production	Ton	0.83	0.91	0.62	0.72	0.74	0.66	0.74	0.73	0.89
Rubber – Sown	Acre	1.61	1.62	1.62	1.63	1.63	1.64	1.63	1.64	1.64
Production	Ton	0.21	0.22	0.24	0.28	0.26	0.27	0.28	0.31	0.33

Source: CSO, Statistical Yearbooks, 2024

ဧယား ၁ တွင် ၂၀၁၅-၁၆ ခုနှစ်မှ ၂၀၂၃-၂၄ ခုနှစ်များအတွင်း အဓိကလယ်ယာသီးနှံများ၏ စိုက်ပျိုးကေနှင့် ထုတ်လုပ်မှုများကို ဖော်ပြထားပြီး ဆန်စပါးတွင်မူ စိုက်ပျိုးရေိယာအပြောင်းအလဲ သိပ်မရှိဘဲ ထုတ်လုပ်မှုအနည်းငယ်တိုးတက်မှုရှိခြင်းမှာ မျိုးကောင်းများ ပို၍သုံးလာခြင်းကြောင့် ဖြစ်သည်။ ပြောင်း စိုက်ပျိုးရေိယာနှင့် ထုတ်လုပ်မှုမှာ အသင့်အတင့် တိုးတက်ခဲ့ပြီး ထို့အတူ ပဲမျိုးစုံ စိုက်ပျိုးရေိယာနှင့် ထုတ်လုပ်မှုမှာ ပြောင်းလဲမှုသိပ်မရှိသော်လည်း ပဲမျိုးစုံစိုက်ပျိုးရေိယာနှင့် ထုတ်လုပ်မှု တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ထို့အတူ ဆီထွက်သီးနှံထုတ်လုပ်မှု နောက်ပိုင်းကာလများတွင် အနည်းငယ်တိုးတက်လာသော်လည်း ရာဘာစိုက်ပျိုးရေိယာ မတိုးတက်သော်လည်း အထွက်နှုန်း တက်လာမှုကြောင့် ထုတ်လုပ်မှုတိုးလာခဲ့သည်။

အဓိကလယ်ယာပို့ကုန်များ

၁၉၈၈ ခုနှစ် စျေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာချိန်တွင် ပဲမျိုးစုံပို့ကုန်သည် ဆန်ပို့ကုန်အစား အများဆုံးပို့ကုန် ဖြစ်လာခဲ့သည်။ ပြောင်းပို့ကုန်မှာလည်း သိသိသာသာ များလာခဲ့သည်။ ပဲမျိုးစုံပို့ကုန်များတွင် မတ်ပဲပို့ကုန်သည် အများဆုံးဖြစ်ပြီး ပဲသီစိမ်း၊ ပဲစဉ်းငုံတို့ အသီးသီး အရေးပါခဲ့သည်။ ပဲမျိုးစုံပို့ကုန်ကို နိုင်ငံပေါင်း ၄၀ ကျော် တင်ပို့နေသော်လည်း အိန္ဒိယနိုင်ငံ၏ စျေးကွက်ကို အများဆုံးတင်ပို့ပြီး စုစုပေါင်းပို့ကုန်၏ ၇၀% ဝန်းကျင် တင်ပို့ဆဲဖြစ်သည်။ ထို့ပြင် အများဆုံး ဝယ်ယူသူများအနေဖြင့် တရုတ်၊ UAE ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ တူရကီ၊ အီဂျစ်၊ မလေးရှား၊

အင်ဒိုနီးရှား၊ ဂျပန်တို့ ဖြစ်၍ စျေးကွက်ချဲ့ထွင်နိုင်မှုနှင့် စျေးကွက်ပြောင်းလဲနိုင်မှုအတွက် ဖြစ်နိုင်ချေ ရှိပါသည်။ အထူးသဖြင့် ကိုဗစ်-၁၉ အလွန် လက်ငင်းကာလများတွင် ပဲမျိုးစုံ စျေးနှုန်းမြင့်တက်လာမှုသည် ဆန်စျေးနှုန်းမြင့်တက်လာမှုထက် ပိုများသောကြောင့် ပဲမျိုးစုံထုတ်လုပ်မှု မြင့်တက်စေရန် တွန်းအားပေးလျက် ရှိသည်။ ထို့အတူ မြန်မာ့လယ်ယာပို့ကုန်အများစုသည် သာမန်အရည်အသွေးရှိသည့် ပို့ကုန်များမှ အဆင့်မြင့်အရည်အသွေးရှိ ပို့ကုန်များအဖြစ် ပြောင်းလဲရမည့်အချိန် ဖြစ်သည်။ အကြောင်းမှာ အဆိုပါ ကုန်စည်များအကြား စျေးနှုန်းကွာဟမှု ပို၍ ကြီးမားလာသောကြောင့် ဖြစ်သည်။ အမှန်တကယ်မူ မြန်မာ့ပဲမျိုးစုံလုပ်ငန်းသည် ကမ္ဘာ့အဆင့် ဒုတိယအများဆုံး ထုတ်လုပ်နေသလို အိန္ဒိယပြီးလျှင် ဒုတိယအများဆုံး စားသုံးနေသည့် နိုင်ငံလည်း ဖြစ်သည်။ ပို့ကုန်အနေဖြင့် ကြည့်လျှင် ကနေဒါနိုင်ငံပြီးလျှင် ဒုတိယအများဆုံး တင်ပို့နေသည့် နိုင်ငံလည်းဖြစ်သည်။ ပဲမျိုးစုံ စျေးနှုန်းမြင့်တက်လာမှုသည် အနာဂတ်ကာလတွင် ပဲမျိုးစုံ ပိုမိုစိုက်ပျိုးလာစေမည် ဖြစ်သည်။[5] လက်ငင်းကာလများတွင် ဆန်စပါးသည် အဓိကသီးနှံဖြစ်သလို အရေးပါသည့် လယ်ယာပို့ကုန်လည်း ဖြစ်သည်။ ဆန်ပို့ကုန်နှင့်ပတ်သက်ပြီး ပြန်၍ကြည့်လျှင် ကိုလိုနီခေတ်တွင် အများဆုံး တင်ပို့သူ ဖြစ်ခဲ့ပြီး နှစ်စဉ်တန်ချိန် ၃ သန်းကျော် ဖြစ်ခဲ့ပြီး တိုင်းပြည်စီးပွားရေးမှာလည်း ဆန်စပါး စီးပွားရေးသာ ဖြစ်ခဲ့သည်။ ဆိုရှယ်လစ်စနစ်တွင် ဆန်ပို့ကုန်လုပ်ငန်း ကျဆင်းခဲ့ပြီး စျေးကွက်စီးပွားရေးစနစ်တွင်မူ ဆန်ပို့ကုန် ပြန်လည်မြင့်တက်ခဲ့သည်။ အဓိကအကြောင်းရင်းမှာ စနစ်နှစ်ခုအကြား စျေးနှုန်းထိန်းချုပ်မှုအပေါ် အဓိကမူတည်ပေသည်။ ယခုအခါ မြန်မာအနေဖြင့် ဆန်အဓိက တင်ပို့သူ ပြန်ဖြစ်လာခဲ့ပြီး နှစ်စဉ် တန်ချိန် ၁ သန်းမှ ၂ သန်း၀န်ကျင် တင်ပို့နေပြီး ဆန်တင်ပို့သူများအဆင့်တွင် အမှတ်စဉ် ၄ နှင့် ၆ ကြားတွင် ရှိပြီး အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်တို့နောက်တွင် ရှိနေပါသည်။ တစ်ချိန်က မူ ဆန်ပို့ကုန်အများစုသည် ဆန်ကွဲပါ၀င်မှုနှုန်း ၂၅% ရှိပြီး အရည်အသွေးနိမ့်ဆန်များသာ တင်ပို့နိုင်ခဲ့ပြီး စျေးကွက်မှာလည်း အရေအတွက်ကို ဦးစားပေးသည့် စျေးကွက်များသို့ စျေးအနိမ့်ဖြင့် ရောင်းချလေ့ရှိသည်။ ယခုအခါ အရည်အသွေးမြင့် ဆန်စပါးထုတ်လုပ်မှုနှင့် တင်ပို့မှု ပေါ်ပေါက်လာခဲ့ခြင်းမှာ အပူပိုင်းဇုံတွင် ရေသွင်းစိုက်ပျိုးသည့် နွေစပါး ပေါ်ပေါက်လာ၍ ဖြစ်သည်။ ကမ္ဘာ့ဘဏ် အစီရင်ခံစာဖော်ပြချက်အရ လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ဆန်ပို့ကုန်စျေးကွက်ဖြစ်သည့် တရုတ်နှင့် ဥရောပစျေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရန် အလားလာကောင်းများ ရှိနေကြောင်း ဖော်ပြသည်။[6]

မြန်မာ့ဆန်ပို့ကုန်စျေးကွက်သည် အခြားလယ်ယာပို့ကုန်များထက် စျေးကွက်ကျယ်ပြန့်သည့်အပြင် နိုင်ငံအများကို တင်ပို့နေသည်။ ယေဘုယျအားဖြင့် မြန်မာ့ဆန်ကို အာရှ၊ အာဖရိကနှင့် ဥရောပစျေးကွက်များသို့ တင်ပို့နေပြီး မှီခိုမှုနှုန်းအနေဖြင့် များစွာကွာခြားမှု မရှိပေ။ လက်ရှိ ၁၀ စုနှစ် ၂ ခုအတွင်း ကုန်သွယ်ရေးစာရင်းများအရ အာဖရိကန်နိုင်ငံများသည် သာမန်အရည်အသွေးရှိသည့် ဆန်များကို အများဆုံး ဝယ်ယူနေပြီး အာရှနှင့် အရှေ့တောင်အာရှစျေးကွက်များမှာမူ အရည်အသွေး

[5] IFPRI, Myanmar Agriculture Performance Survey (Monsoon), 2024
[6] World Bank, Myanmar: Capitalizing on rice export opportunities, 2023

နှစ်မျိုးစလုံး ဝယ်ယူနေပြီး ဥရောပဈေးကွက်ကမူ ဆန်ကွဲကိုသာ အများဆုံး ဝယ်ယူနေပေသည်။ အထူးသဖြင့် တရုတ်၊ ဘယ်ဂျီယံ၊ ဖိလစ်ပိုင်၊ အိုင်ဗရီကို့စ် နိုင်ငံများသည် ပျဉ်းမျှအနေဖြင့် မြန်မာ့ဆန် အများဆုံး ဝယ်ယူနေသည့် နိုင်ငံများ ဖြစ်သည်။ လယ်ယာကဏ္ဍသည် ဤကာလအတွင်း သိသာသည့်တိုးတက်မှု မရှိသော်လည်း စိုက်ပျိုးရေးယာနှင့် လယ်ယာပို့ကုန်သည် ကိုဗစ်-၁၉ မတိုင်မီ အသင့်အတင့် တိုးတက်မှု ရှိခဲ့သည်။ နောက်ပိုင်း ကမ္ဘာ့လိုအပ်ချက် မြင့်တက်လာမှုကြောင့် အခက်အခဲများ ကြားမှာပင် မြန်မာ့ဆန်တင်ပို့မှု အနည်းငယ် တက်လာခဲ့သည်။

ထို့အတူ ပြောင်းထုတ်လုပ်မှုနှင့် တင်ပို့မှုမှာ ၂၀၀၀ ခုနှစ်များနောက်ပိုင်း ထွက်နှုန်းမြင့်သည့် CP မျိုးကြောင့် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တက်လာခဲ့သည်။ ပြောင်း ပို့ကုန် ဈေးကွက်မှာ ဆန်နှင့် ပဲမျိုးစုံ ဈေးကွက်များလောက် မကျယ်ပြန့်သေးဘဲ အများစုကို ထိုင်းနှင့် တရုတ်နိုင်ငံကိုသာ တင်ပို့နေဆဲဖြစ်သည်။ ၁၀ စုနှစ် ၂ ခုအတွင်း ပြောင်းပို့ကုန်တိုးတက်မှု အခြားလယ်ယာပို့ကုန်များထက် မြင်သာခဲ့သည်။ သို့သော် ပြောင်းပို့ကုန်ဈေးနှုန်းမှာ အခြားလယ်ယာပို့ကုန် ဈေးနှုန်းများထက် နိမ့်သည့်အပြင် လက်ရှိကာလဈေးနှုန်းတက်မှုတွင်လည်း နှိုင်းယှဉ်ခြင်းအားဖြင့် နိမ့်ကျကြောင်း တွေ့ရသည်။

ဇယား ၂ တွင် လက်ငင်းနှစ်များအတွင်း အဓိကလယ်ယာပို့ကုန်များ၏ အခြေအနေကို ဖော်ပြထားပါသည်။

စုစုပေါင်းလယ်ယာပို့ကုန်တန်ဖိုးသည် ၂၀၂၀-၂၁ ခုနှစ်အထိ တိုးတက်မှုနှုန်း နိမ့်ခဲ့ပြီး လက်ရှိ (၂) နှစ်အတွင်း အသင့်အတင့် တိုးတက်မှု ရှိခဲ့သည်။ အကြောင်းမှာ အဓိကပို့ကုန်များဖြစ်သည့် ပဲမျိုးစုံ ဆန်နှင့် ဆန်ထွက်ပစ္စည်း ပြောင်း၊ နှမ်း၊ ရာဘာတို့ အပေါင်းလက္ခဏာပြခဲ့ပြီး အထူးသဖြင့် ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပို့ကုန်တန်ဖိုးများ တိုးတက်ခဲ့သည်။

Table. (2) Main Agricultural Exports **(Thousand Ton and Million Dollar)**

Year	Total agri. Export	Pulses		Rice&riceproduct		Maize		Sesame		Rubber	
	(Million Dollar)	vol.	val.	vol.	val.	vol.	val.	vol.	val.	vol.	val.
2005-06	456	865	322	180	37	90	11	22	18	29	35
2010-11	1228	829	800	536	198	45	11	30	45	47	154
2015-16	1204	1020	990	319	102	1	-	14	25	31	31
2016-17	1414	1033	1046	691	202	76	14	19	30	42	56
2017-18	1324	1002	627	1722	514	48	9	24	34	45	65
2018-19	1535	1272	696	1078	518	205	45	28	51	118	152
2019-20	1878	1044	770	2132	653	596	126	34	59	147	180
2020-21	1887	1243	966	1230	464	260	63	37	51	194	262
2022-23	2700	1638	1259	1662	653	1064	326	45	62	163	224
2023-24	2860	1602	1343	1644	824	1164	302	63	97	151	200

Source: CSO, Statistical Yearbook, 2024

ဇယား (၃) က ဖော်ပြနေသည်မှာ ၂၀၂၄ ဗဟိုစာရင်းအင်းအဖွဲ့ ဖော်ပြချက်အရ မြန်မာ့စုစုပေါင်းပို့ကုန်တွင် လယ်ယာပို့ကုန်၏ အရေးပါမှုဖြစ်ပြီး အစဉ်အလာအားဖြင့် လယ်ယာပို့ကုန်သည် တတိယအများဆုံး ပါဝင်နေပြီး အထည်ချုပ်ပို့ကုန်၊ သဘာဝဓာတ်ငွေ့ပို့ကုန်၏ နောက်တွင် ရှိသည်။ ထို့ပြင် လယ်ယာပို့ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ ဆန်နှင့် ဆန်ထွက်ပစ္စည်း၊ ပြောင်း၊ ရေထွက်ပို့ကုန်၊ ရာဘာအကြမ်း ပို့ကုန်များသည် မြန်မာ့ထိပ်ပိုင်း ပို့ကုန်များတွင် ပါဝင်နေကြောင်း တွေ့ရသည်။

Table. (3) Myanmar Top (10) Export Items

(Million Dollar)

Sr.No	Name of produ	Value	Percentage of total(%)
1.	Garment	4,154	28.37
2.	Natural Gas	3,310	22.61
3.	Pulses	1,343	9.17
4.	Rice and rice products	824	5.63
5.	Marine products	388	2.65
6.	Maize	302	2.06
7.	Raw rubber	200	1.37
	Total Export	14,640	

Source: CSO, Statistical Yearbook 2024

ပြဿနာများနှင့် အလားအလာများ[7]

၂၀၂၀ ခုနှစ်ကတည်းက ကျရောက်ခဲ့ပြီး သက်တမ်းရှည်လာသည့် ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေး မတည်ငြိမ်မှုသည် မြန်မာ့လယ်ယာကဏ္ဍအပါအဝင် မြန်မာ့စီးပွားရေး၏ အဓိက စိန်ခေါ်မှုကြီးပင် ဖြစ်သည်။ ထို့ပြင် လယ်ယာသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လောင်စာဆီဈေးနှုန်းများ တက်နေခြင်း၊ ကျပ်ငွေနှင့် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်းများ၊ ကုန်သွယ်ရေး တင်းကြပ်လာမှုနှင့် ထိန်းချုပ်မှုများ စသည်တို့သည် လယ်ယာကဏ္ဍကို ဆိုးရွားစွာဖြင့် အနုတ်လက္ခဏာပြ ထိခိုက်စေခဲ့သည်။ ထို့ပြင် လက်ရှိကာလတွင် စီးပွားရေးနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် တစ်တိုင်းပြည်လုံးအတိုင်းအတာအရ စိုက်ပျိုးဧရိယာ လျော့ကျနေပြီး ကမ္ဘာ့လိုအပ်ချက်နှင့် ဈေးနှုန်းမြင့်မားလာမှုများကြောင့် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးကို ထိန်းညှိလုပ်ဆောင်နေရသည့်ကာလ ဖြစ်သည်။ တခြားသောစိန်ခေါ်မှုများမှာ အောက်ပါအတိုင်း ဖြစ်သည်။

[7] MRF(Myanmar Rice Federation), USDA, UNCDF, IFPRI

လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နိမ့်ကျခြင်း

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် လယ်ယာကဏ္ဍသည် မြန်မာ့စီးပွားရေးတွင် အရေးပါသည့် ကဏ္ဍအဖြစ် အသိအမှတ်ပြုထားသော်လည်း လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ အမြဲတမ်း စက်မှုလက်မှုကဏ္ဍထက် အမြဲတမ်းလျော့နည်းခဲ့သည်။ ထို့အတွက် အဆောက်အအုံဆိုင်ရာ၊ ဖွဲ့စည်းမှုဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများလည်း ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများနှင့် နှိုင်းယှဉ်ပြီး များစွာလျော့နည်းနေမှုနှင့်အတူ လယ်ယာထုတ်လုပ်မှုနှင့် ပို့ကုန်သည်လည်း ကြီးမားသည့် ကွာဟမှုများ ရှိနေပေသည်။

လယ်ယာသွင်းအားစု သုံးစွဲမှုနိမ့်ကျခြင်း

ဈေးကွက်စီးပွားရေးစနစ်တွင် ယခင်ကျင့်သုံးခဲ့သည့် လယ်ယာသွင်းအားစု ထောက်ပံ့မှု အစီအစဉ်များကို ဖျက်သိမ်းပြီးနောက်ပိုင်း အစိုးရအနေဖြင့် လယ်ယာသွင်းအားစုများအနက် မျိုးကောင်းမျိုးသန့်နှင့် ပိုးသတ်ဆေးကိုသာ အကန့်အသတ်ဖြင့် ပံ့ပိုးပေးသည်။ ယခုအခါ တင်သွင်းရသည့် လယ်ယာသွင်းအားစုဈေးနှုန်းများ သိသာစွာတက်လာမှုကြောင့် သုံးစွဲမှုလည်း လျော့ကျလာမှုနှင့် အတူ ထုတ်လုပ်မှုပါ ကျစေခဲ့သည်။

လယ်ယာမြေအသုံးပြုမှုနှုန်း အနည်းဆုံးဖြစ်ခြင်း

မြန်မာအနေဖြင့် အရှေ့တောင်အာရှတွင် ကုန်းမြေတဆက်တည်း အကျယ်ဝန်းဆုံးဖြစ်သော်လည်း စိုက်ပျိုးမြေရာခိုင်နှုန်းမှာ အရှေ့တောင်အာရှတွင် ၁၉% ဖြင့် အနည်းဆုံး ဖြစ်နေပေသည်။ ထိုင်းနိုင်ငံက အဆိုပါနှုန်း ၄၀% ဖြင့် အမြင့်ဆုံးဖြစ်ပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်တို့က အစဉ်လိုက်ဖြစ်သည်။

ရေသွင်းစိုက်ပျိုးမှုနှုန်းနှင့် စူးစိုက် စိုက်ပျိုးမှုနှုန်း နိမ့်ကျခြင်း

မြန်မာအနေဖြင့် ရေသွင်းစိုက်ပျိုးမှုနှုန်း ၂၀ % ဝန်းကျင်မှာ အာရှနိုင်ငံများအနက် အနိမ့်ဆုံးဖြစ်ပြီး ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ တရုတ်၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင် မြင့်မားသည့် ရေသွင်းစိုက်ပျိုးမှုနှုန်း ရှိသည့်နိုင်ငံများ ဖြစ်သည်။ တဆက်တည်းမှာပင် သီးနှံစူးစိုက် စိုက်ပျိုးထုတ်လုပ်မှုနှုန်းမှာလည်း အာရှတွင် အနိမ့်ဆုံး ဖြစ်နေဆဲပင် ဖြစ်သည်။

စွမ်းဆောင်ရည်နိမ့်သည့် မိသားစုအခြေခံ လုပ်ကွက်ငယ်လယ်ယာလုပ်ငန်း

မြန်မာလယ်ယာအများစုသည် လုပ်ကွက်ငယ်များဖြစ်၍ ရင်းနှီးမြှုပ်နှံမှု နည်းပါးပြီး နည်းပညာ နိမ့်ကျသည့် မိရိုးဖလာစိုက်ပျိုးမှုပြုလုပ်နေဆဲဖြစ်ပြီး အစဉ်အလာမျိုးစေ့နှင့် နည်းစနစ်ကိုသာ လုပ်ဆောင်နေဆဲဖြစ်သည်။ စွန့်စားမှုကို မလုပ်လိုသည့်အတွက် မျိုးသစ်များ စိုက်ပျိုးနည်းသစ်များ

စသည်တို့လုပ်ဆောင်ရာ မလွယ်ကူပေ။ ထို့ထက် လယ်ယာသီးနှံများ၏ ထုတ်လုပ်မှု သွင်းအား အထွက်နှုန်း နိမ့်ကျနေပြီး ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးနှင့် ဈေးနှုန်းပါ နိမ့်ကျလျက် ရှိသည်။ စွဲမြဲနေသည့် စိန်ခေါ်မှုမှာ လက်ရှိမိရိုးဖလာစိုက်ပျိုးရေးမှ စီးပွားဖြစ် စိုက်ပျိုးရေးသို့ ပြောင်းလဲနိုင်ရေးသည် လယ်ယာကဏ္ဍ၏ ကြီးမားသည့် စိန်ခေါ်မှုပင် ဖြစ်သည်။

အလားအလာများ

အမှန်တကယ်မူ မြန်မာအနေဖြင့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသော်လည်း အကယ်၍ မှန်ကန်သည့် ဖြေရှင်းမှုများနှင့် လုပ်ဆောင်မှုများကို အချိန်မီ ပြုလုပ်နိုင်မည်ဆိုလျှင် အဆိုပါ စိန်ခေါ်မှုများသည် အခွင့်အလမ်းများဖြစ်သည့်အတွက် လယ်ယာတိုးတက်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။ ထင်ရှားသည်မှာ လက်ရှိလယ်ယာထုတ်လုပ်မှုနှင့် ပို့ကုန်မှာ တည်ရှိနေသည့် သွင်းအားစုနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းနေခြင်းပင် ဖြစ်သည်။ သိသာသော တိုးတက်မှုကို စိုက်ပျိုးနိုင်သည့် မြေဧရိယာ တိုးချဲ့ခြင်း၊ ရေသွင်းစိုက်ပျိုးမှုနှုန်း တိုးစေခြင်း၊ သီးထပ်စွမ်းအား မြှင့်တင်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် အခြားသွင်းအားစုတို့ ပိုမိုသုံးစွဲခြင်း၊ အစဉ်အလာစိုက်ပျိုးရေးမှ စီးပွားဖြစ် စိုက်ပျိုးရေးသို့ ပြောင်းလဲစေခြင်းတို့ ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့မဟာဗျူဟာကျသည့် တည်ရှိမှုမှာ လူဦးရေအများဆုံးရှိသည့် နိုင်ငံကြီး ၂ နိုင်ငံအကြားဖြစ်သလို လက်ရှိတွင်လည်း အများဆုံး လယ်ယာသီးနှံ ဝယ်ယူနေသည့်အတွက် လယ်ယာတိုးတက်မှုအတွက် အထူးအားပေးနေပါသည်။ ကမ္ဘာ့စားရေရိက္ခာ ဝယ်လိုအားများနေမှုနှင့် ဈေးနှုန်းမြင့်မားမှု လက်ရှိအချိန်တွင် စားရေရိက္ခာ ပြတ်လပ်မှုတို့က ကမ္ဘာအနေဖြင့် စားရေရိက္ခာ ပိုမိုထုတ်လုပ်ရေးကို ခေါင်းလောင်းတီးနေပြီ ဖြစ်သည်။ အခြားနိုင်ငံများနှင့် မတူသည့်အချက်မှာ မြန်မာအနေဖြင့် ဧရိယာချဲ့ထွင်သည့်နည်းလမ်း၊ စူးစိုက် စိုက်ပျိုးသည့် နည်းလမ်းနှစ်ရပ်စလုံး ရှိနေသေးခြင်း၊ အာဆီယံနှင့်ဆက်စပ်ပြီး အကောက်ခွန်လွတ် တင်ပို့နိုင်ခြင်း၊ ကုန်သွယ်ရေး အထူးအခွင့်အရေး ရရှိနေခြင်း၊ စသည်တို့မှာလည်း လယ်ယာပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တက်စေပြီး အထူးသဖြင့် လယ်သမားအများစုမှာ မြေပြင်အခက်အခဲများ ရင်ဆိုင်နေရသော်လည်း ဈေးနှုန်းများ မြှင့်တက်နေခြင်းက ပိုမိုထုတ်လုပ်ရန် အားသာနေခြင်း ဖြစ်သည်။ အရေးကြီးဆုံးမှာ လက်ရှိ တရုတ်နှင့်အိန္ဒိယတို့၏ ဝယ်လိုအား မြင့်တက်နေမှုက မြန်မာ့လယ်ယာကဏ္ဍ တိုးတက်မှုအရှိန်ကို မြှင့်တင်မည်ဖြစ်သည်။ အဆိုပြုတိုးတက်မှု မဟာဗျူဟာမှာ ယခုအခါ စားရေးရိက္ခာ မဖူလုံမှုနှင့် ဈေးနှုန်းမြင့်တက်နေမှုအချိန်တွင် မြန်မာအနေဖြင့် စူးစိုက်လယ်ယာတိုးတက်မှု နည်းဗျူဟာကို လယ်ယာပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံနှင့် ယှဉ်တွဲဖော်ဆောင်သင့်ပါသည်။ လယ်ယာတိုးတက်မှုဗျူဟာတွင် အပိုင်း(၃)ပိုင်း ပါဝင်မည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေခြင်း၊ လယ်ယာကုန်စည်တန်ဖိုး မြင့်လုပ်ဆောင်ခြင်းနှင့် လယ်ယာကုန်စည်တင်ပို့ခြင်း တို့ဖြစ်သည်။ စူးစိုက်လယ်ယာတိုးတက်မှု မဟာဗျူဟာကို အစိုးရ၏ပံ့ပိုးမှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည့် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြင့်

ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ပထမဆုံးအပိုင်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကို လက်ရှိမိရိုးဖလာ စိုက်ပျိုးရေးမှ စီးပွားရေးစိုက်ပျိုးရေးသို့ ကူးပြောင်းရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ထွက်ကောင်းနှင့် ထွက်တိုးမျိုးများ ပိုမိုအသုံးပြုခြင်း၊ အခြားသွင်းအားစုများ ပိုမိုအသုံးပြုခြင်း၊ ကမ္ဘာ့ဝယ်လိုအားကောင်းသည့် သီးနှံများ ပိုမိုစိုက်ပျိုးစေခြင်း၊ လယ်ယာဝန်ဆောင်မှုနှင့် သုတေသန လုပ်ငန်းများတိုးချဲ့ခြင်း မိသားစုလယ်ယာမှ ကန်ထရိုက်လယ်ယာ ပြောင်းလဲခြင်း၊ အစိုးရ၏ ပံ့ပိုးမှုများဖြစ်သည့် အဆောက်အအုံဆိုင်ရာ၊ ဖွဲ့စည်းမှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုများကို အချိန်ကိုက် တပြိုက်နက်စီမံပေးခြင်း၊ အထူးသဖြင့် စိုက်ပျိုးရေရရှိရေး စီမံပေးခြင်း၊ သီးထပ်စွမ်းအား မြင့်တင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာသစ်များ၊ လယ်ယာထုတ်ကုန် စျေးကွက်အခြေအနေများကို ဖြန့်ဝေပေးခြင်း၊ ကန်ထရိုက်လယ်ယာများ ဖွဲ့စည်းတည်ထောင်ခြင်း စသည်တို့ကို စိုက်ပျိုးရေးဇုံများ သတ်မှတ်ရွေးချယ် လုပ်ဆောင်ရမည်ဖြစ်သည်။ ဒုတိယပိုင်းတွင် လယ်ယာထုတ်ကုန်များသည် ထုတ်ကုန်များ ဆင့်တက်ပြုပြင်သည့် လုပ်ငန်းများကိုလည်း ခေတ်မီသည့်စက်များ၊ သိုလှောင်မှုများနှင့် သယ်ယူပို့ဆောင်မှု အပိုင်းများဖြစ်ပြီး လယ်ယာကုန်စည်များ၌ ဆင့်တက်တန်ဖိုး ပိုမိုစေရန် လုပ်ဆောင်နေရမည် ဖြစ်သည်။ အစိုးရအနေဖြင့် ဆင့်တက်ပြုပြင်လုပ်ငန်းများဖြစ်သည့် အခြောက်ခံခြင်း၊ အအေးခန်း တည်ဆောက်ခြင်း၊ စည်သွပ်ဘူးလုပ်ငန်းဆိုင်ရာစသည်တို့မှာ လယ်ယာကုန်စည်တို့၏ တန်ဖိုးကို မြင့်တက်စေသလို ဆုံးရှုံးမှုများကိုလည်း ကာကွယ်ပေးသည်။ ထို့အတူ လယ်ယာကုန်စည်များအတွက် ခေတ်မီသိုလှောင်ရုံများ တည်ဆောက်အသုံးပြုခြင်းဖြင့် လယ်ယာကုန်စည်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်သလို တန်ဖိုးကိုပါ မြင့်တက်စေပါသည်။ သယ်ယူပို့ဆောင်ရေးတွင်လည်း အရည်သွေးကို ထိန်းသိမ်းနိုင်သည့်ယာဉ်များ ပိုမိုအသုံးပြုရမည်ဖြစ်သည်။ တတိယပိုင်းတွင် လယ်ယာပို့ကုန် ပို့ဆောင်သည့်တိုးတက်မှုပုံမှာ လုပ်ဆောင်ရာဖြစ်ပြီး အကြောင်းမှာ လယ်ယာကုန်စည်များ၏ ကမ္ဘာ့ဝယ်လိုအား မြင့်တက်နေချိန်တွင် မြန်မာ့ကျပ်ငွေတန်ဖိုး ကျဆင်းသည့်အချိန်ဖြစ်သည့်အတွက် အထူးသင့်တော်သည့်အချိန် ဖြစ်သည်။ ထို့အတူ လက်ရှိဝယ်သူစျေးကွက်မှ ရောင်းသူစျေးကွက် ပြောင်းလဲနိုင်ရေးများ စဉ်းစားသင့်သည့်အချိန်ဖြစ်သည်။ အထူးသဖြင့် ပို့ကုန်မြင့်တင်ရေးနည်းလမ်းများကို တပြိုင်နက်တည်း လုပ်ရမည်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုကို ရောင်းသူဝယ်သူ နှစ်ဦးတည်း လုပ်ဆောင်လေ့ရှိပြီး အမြဲတမ်းဝယ်သူက အခွင့်အရေးသာနေပြီး ပွင့်လင်းမြင်သာမှုနည်းသလို အရည်အသွေး အာမခံမှု အားနည်းနေသည့်အတွက် ရောင်းသူစျေးကွက်ကို လယ်ယာကုန်စည် အုံနှင့်ကျင်းနှင့် ရှိသည့် ကုန်စည်ဒိုင်ရှိမှသာ အရည်အသွေးလည်း အာမခံမှုရှိသည့်အတွက် ပွင့်လင်းမြင်သာမှုရှိသည့် e Trading စနစ်ပေါ်ပေါက် လာမည်ဖြစ်သည်။ တခြားနိုင်ငံများကဲ့သို့ မြန်မာ့အနေဖြင့် အပြည်ပြည်ဆိုင်ရာကုန်စည်ဒိုင် ပေါ်ပေါက်လာလျှင် ဝယ်သူစျေးကွက်မှ ရောင်းသူစျေးကွက်သို့ ပြောင်းလဲနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပို့ကုန်တင်ပို့မှုဆိုင်ရာ ဖြေလျော့မှုများ ပြုလုပ်ခြင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေမည်။ ရှိနေသည့် ပို့ကုန်ဆိုင်ရာတင်းကြပ်မှုများနှင့် ထိန်းချုပ်မှု

များကိုလည်း အနည်းဆုံးဖြစ်အောင် ပြုလုပ်ခြင်း၊ ပို့ကုန်ရင်္ဒကို မျှတသည့်ခွဲဝေမှုလုပ်ဆောင်ခြင်း၊ ပို့ကုန်ကို ယှဉ်ပြိုင်နိုင်မှု မြင့်တက်လာစေရန်အတွက် ဆွဲဆောင်မှုများ စီမံပေးခြင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် လယ်သမားများ ဝင်ငွေမြင့်တက်လာစေမည် ဖြစ်သည်။ အခြားသော အဖွဲ့အစည်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာပံ့ပိုးမှုများဖြင့် မျိုးစေ့ဘဏ်၊ နိုင်ငံတကာကုန်စည်ဒိုင်၊ လယ်ယာတန်ဖိုးမြင့်ပို့ကုန်ဥပဒေ၊ ပို့ကုန်/သွင်းကုန်ဘဏ်၊ ကန်ထရိုက် လယ်ယာစနစ် စသည်တို့ကိုလည်း အချိန်ကာလအနည်းငယ်အတွင်း လုပ်ဆောင်ရမည် ဖြစ်သည်။

နိဂုံး

ကမ္ဘာ့စားရေရိက္ခာ မဖူလုံမှုနှင့် ပြတ်လတ်မှုပြဿနာသည် ကိုဗစ်-၁၉ ကြောရှည်နေခြင်း၊ စားရေရိက္ခာထုတ်လုပ်သည့်နိုင်ငံများတွင် စစ်ဖြစ်ပွားနေခြင်း၊ မကြာမကြာဖြစ်ပေါ်နေသည့် ရာသီဥတုဖောက်ပြန်ခြင်း စသည်တို့ကြောင့် ဆက်လက်ကြောရှည်ဦးမည်ဖြစ်သည်။ အာရှနိုင်ငံများအတွင်း နှိုင်းယှဉ်လျှင် မြန်မာအနေဖြင့် လယ်ယာသွင်းအားစုများ အသုံးပြုမှုနည်းနေသေးခြင်း၊ မြေယာကျယ်ဝန်းမှု စသည်တို့ကြောင့် အခြေခံအားဖြင့် အလားအလာများစွာ ရှိနေသေးသည်။ အကယ်၍ အစိုးရအနေဖြင့် မှန်ကန်သည့်ပေါ်လစီ လက်တွေ့ထိရောက်သော ပံ့ပိုးမှုများကို ဘက်ပေါင်းစုံတို့ဖြင့် အဆိုပြုထားသည့် လယ်ယာစူးစိုက်မှုတိုးတက်မှု မဟာဗျူဟာကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယခင်ကနှင့်မတူဘဲ မြန်မာ့အနေဖြင့် ကမ္ဘာ့ပူးပေါင်းဆောင်ရွက်မှုများ လျော့နည်းနေသည့်အချိန်တွင် လယ်ယာတစ်ခုတည်းကိုသာ ဇောင်းပေးလုပ်ဆောင်ရမည်ဖြစ်သည်။

ထို့အတွက် အစိုးရအနေဖြင့် အဆိုပြုထားသည့် လယ်ယာတိုးတက်မှု မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်မည်ဆိုလျှင် မြန်မာအနေဖြင့် ကိုဗစ်-၁၉ မတိုင်မီ စီးပွားရေးအခြေအနေကို ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်သလို ရေရှည်တည်တံ့သည့် တိုးတက်မှုကိုလည်း လယ်ယာဖွံ့ဖြိုးတိုးတက်မှုမှတဆင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

Transformation Attempts in the Late Konbaung Era

Zaw Pe Win
Senior Economist
Patron of Myanmar Economics Association (MEA)
zawpewin374@gmail.com

Abstract

A summary highlighted with the transformation attempts undertaken during King Mindon's and King Thibaw's reign, particularly in the field of banking, political, military, economic and social affairs. Also touched upon transformation efforts undertaken that were not so much beneficial, but to take note of some transformative ventures of leading personalities such as Prince Kanaung, Yaw Mingyi U Pho Hlaing and Kinwun Mingyi U Kaung.

In Burmese/Myanmar History, the period ruled by king Mindon and King Thibaw (1853-1885) was regarded as the Late Konbaung dynasty. During that period, Burmese people increasingly had to deal with the Europeans, especially with the British and the French.

At that time the British had reached the finance capitalism and the imperialism. As for the Burmese/Myanmar, it was still under the absolute monarchy. Observing that difference, some progressive persons started attempting to transform the outdated conditions of its country. The transformation attempts that should have been started during the reign of Badon Min (Bodaw Phaya) or at the latest after the end of the first Anglo- Burmese war, at the Tharawady Min's reign can be conducted only during the King Mindon's era.

Those who had led the transformation attempts during King Mindon's reign in the fields of political, military, economic and social affairs were the Crown Prince Kanaung, Kinwun Mingyi U Kaung, Yaw Mingyi U Pho Hlaing, etc., . Under the leadership of those persons, the attempts to introduce the constituent monarchy, establish factories and enterprises after sending scholars to abroad, improve the monetary system, publish the newspaper, form a modern regular army, establish banking system, distribute modern technology were conducted. In doing so, the Crown Prince Kanaung seemed to be the Chairman and Yaw Mingyi, the Secretary. (Nyo Mya, 2003).

Prince Kanaung and Yaw Mingyi ordered foreign newspapers and learned the European political and war affairs through the translators and established the 'Yadanapon Naypyitaw Newspaper', as well.

There were over ninety scholars sent abroad and by the help of those professionals, over fifty factories and enterprises were established. Deputies to the respective ministers: U Myu, expertise in iron making and U Shwe Oh, in glass making were the scholars who came back from England, mastering manufacturing process in their field of expertise.

In 1858, U Kyee Nyo and U Shwe Oh were sent to France to study the telegraphy. U Pho Hlaing invented the method of sending telegraph messages in Burmese/Myanmar alphabet and published a booklet in Burmese/Myanmar for everyone to study easily.

Centering the city Mandalay, telegraph offices were able to establish which included city like Bahmaw and right down to the Thayet Myo border, along the bank of Ayeyawaddy river, and so, the forts and offices can use them for military and administrative purposes. In addition, ordinary people can also make personal contacts, using telegram transfer.

In 1854, the mission sent to Bengal was directed to acquire a ship and if not, to hire a technician and to obtain machinery. However it was unsuccessful due to a circumstance caused by the British.

Coinage was established in Mandalay and in 1866 Burma silver peacock coins were produced and distributed. So the use of cash in transactions had improved. In 1872, weapons and an iron melting machine were bought after entering agreement with British companies at Rangoon. (the city Yangon was called Rangoon in those days during British Colonial rule).

The manufacturing plants established by Prince Kanaung included the coin production facility, the textile mill, the rice mill, the oil mill, the arms manufacturing plant and the saw mill. Altogether, there were over fifty factories and making of weapons was accomplished with French and Italian experts.

Ships were made at the Mandalay dockyard. A ship of 165 feet x 28 feet was constructed within five months and military trainings were given using it. In 1879, burmese people were able to make rifles and torpedoes. However, the order of King Mindon came down to suspend torpedo production.

Prince Kanaung was assassinated in August 2, 1866. However, weapon production and sending scholars abroad to study weapon-making technology kept going. During 1869 and 1872, twenty youths were sent to India's Fort William and Cossipore gun factories to study gun and accessories making technology. In 1874, old guns could be improved at Myanmar gun factories.

During King Thibaw's reign, the operations of weapon factories declined at its pace but they remain stable and operational. These factories were looked after by A. Scala and Civiati, the foreign technicians.

In 1879, King Thibaw appointed the Italian and French officers to train Burmese soldiers the ability to operate a firearm.

According to Hmawbi Saya Thein Gyi's undated records, Yawmingyi proposed at a royal meeting, to make laws for paying salaries to all civil servants including the king, the queen, royal sons and daughters and ministers, to keep the extra revenue at a bank so that the fund could be used in case of emergency and to establish a standard army for national defence.

The proposal included three main points such as

(a) to pay salaries to all civil servants including the king and the royal family.

(b) to establish a banking system and

(c) to create a regular army.

As a result of that proposal, four departments including the Treasury Department were established during the King Mindon's rule. However, it seemed that the Department of Treasury

did not have enough authority to manage financial matters. As Saya Maung Htin remarked, the said department had the capability only to record the revenues (income) and expenditures of the government and to submit the report to the king.

Although the nobels were alloted 'land' to collect taxes in the olden days, that mechanism was abolished in 1861 and the 'Thathameda' tax system was employed. According to that new tax system, cash amount 10 kyats was charged per household. Starting from that period, the civil servants were paid monthly salaries. The royal officials earned maximum kyats 1,000 and minimum kyats 30 per month. Non-officials earned kyats 5 to kyats 25 per month.

The system of paying salaries to the staff was unsuccessful. As the staff members were unable to get surplus incomes as in the old system, they pursued various types of bribery and corruption to obtain more money.

In AD 1878 (during King Mindon's reign), there was a proposal to establish a bank jointly with an Italian merchant J.T. Ralley. According to that proposal,

(a) J.T.Ralley or his agent was to invest k.10 million worth of silver coins in the bank as necessary.

(b) The Burmese/Myanmar Government was to pay 10 percent per annum of interest on that investment.

(c) Starting from the date of three years after investment, the Burmese/Myanmar Government was to repay the amount of invested money by 33 years instalment at 3.3% per annum.

(d) The Burmese/Myanmar Government should expend the local revenues after depositing it at the bank.

(e) Unless the 1/33 of the invested money was repaid annually, J.T.Ralley and his agent were to take the amount out of the deposited money at the bank.

(f) If the money loaned out for land reclamation, timber extraction and individual lending were profitable over 10% per annum, the profit should be shared out equally between the Burmese/Myanmar Government and J.T.Ralley.

(g) If the money loaned out from the bank for activities of railway industry, water way transportation, agriculture were profitable, that profit should be concerned only with the Burmese/Myanmar Government and not with J.T. Ralley or his agent.

(h) If necessary, another 10 million kyats of money must be deposited at the bank by entering a separate agreement.

(i) The Burmese/Myanmar Government should not nationalise the bank within 15 years starting from the date of entering agreement in AD 1878.

(j) The bank should employ the Burmese/Myanmar citizens as workers as many as possible.

If that agreement was successfully implemented, it would be very beneficial for the country. However, it was not implemented at all. Ten months after signing that Agreement,

King Mindon's death led to the ascension of King Thibaw (Mindon's young son). As there were instabilities in the royal court, the idea of establishing a banking system came to a halt.

In the trade transactions of Konbaung Era, three types of making transactions namely the barter system, using gold, silver and bronze pieces in payments and the use of gold and silver coins were functioned. However, the system of using coins in transactions was widely accepted throughout the capital city and large ports.

King Badon issued its own coinage and Rakhine coins, Vesali coins and Indian coins[1] were used in transactions, and in King Mindon's reign, coinage mint factory was established in the palace compound and starting from November, 1865 coins were produced and distributed. In 1873, the mint could produce 10,000 to 15,000 coins per day. During Kinwun Mingyi's visit to France, Burmese/Myanmar coins were exchangeable for British and French coins for the purchase of machinery there.

According to Bagan Mayor U Tin's records, fourteen departments were formed at the meeting held at the southern garden in October, 1878 (in King Thibaw's reign).

They were:

(1) Agriculture Department

(2) Handicrafts Department

(3) Department of Defence (Army)

(4) Department of Defence (Navy)

(5) Customs Department

(6) Department of Religion

(7) Department of Finance

(8) Revenue Department

(9) Department for Criminal Cases

(10) Department of Judiciary

(11) Department for Foreign Affairs

(12) Department of Joint Offices

(13) Department for Home Affairs

(14) Department of Industry

However, in 1880 the organized fourteen departments were reorganised into nine department arrangement and into ten departments in 1883.

In December, 1878, Yaw Min Gyi U Pho Hlaing submitted his famous "Raza Dhamma Thingaha Kyan" to King Thibaw. According to Yaw Min Gyi, that book highlighted the "Principles to be observed by the kings and the ruling authorities".

[1] Indian coins means coins of foreign countries.

The four principles (Thingaha Taya) featured in the book and to be observed by the monarchs were stated as follows:

1. Thathameda (Revenue)

   Collecting taxes exactly from the domestic product as prescribed by the law without the expense of the peoples' interest.

2. Purithameda (Expenditure on Defence and Administration)

   Distributing from the collected taxes to the government departments and armed forces who safeguard the country by the decending order.

Since these taxes were paid by the traders and farmers, spending these without safeguarding them should be regarded as a dishonest appropriation.

3. Thamapatha (Proper allocation of public expenditures)

As the potentiality of a country meant the strength of the armed forces, a part of tax revenue should be used for the expansion and improvement of the armed forces. To obtain more revenue, the govenment should expand the tax base by encouraging trading and farming activities. This would mean promoting the growth of the economy.

4. Nice Speech

As people like pleasant voices, the authorities should be respectful in their relations with the people.

It could be concluded from the above mentioned facts that

(i) the government should collect taxes in accordance with the law
(ii) spend the collected revenue to strengthen the power and wealth of the country.

To increase tax revenue, the government should encourage traders and farmers.

The book also contained the fact that, "Even if ordered by the government, no one would work well and willingly unless they were paid worthily. If the government made them work by force, they would probably revolt or run off, if possible." This was the evidence that Yaw Min Gyi had the idea against "forced labour", a well advanced idea for a feudal lord.

In his book, Yaw Min Gyi had suggested to establish a bank according to the western idea, all the revenue collected from various activities should be consolidated at the bank and all types of the government expenditures should be disbursed from the bank. The surplus cash should be loaned out to merchants and farmers at a lower rate of interest.

After British occupation of Lower Burma, the population of the Upper Burma had decreased due to a mass emigration to lower Burma. On that matter, Yaw Min Gyi wrote in his book as, "to improve prosperity of the country (upper Burma still under Myanmar King), we should try to increase the population by encouraging immigration (back to upper Burma).

The main reasons of depopulation are:

(1) Sexual misconducts

(2) Rapacity (desire to acquire property by improper way or taking by force)

(3) Improper act (weak obedience to the moral rules among the lords and the serfs, the teacher and pupils, husbands and wives, etc.)."

Yaw Min Gyi in his book, mentioned that these are the main reasons of a population decline of the country, and should be refrained.

The idea of giving priority of the role of population as a main factor of production is an advanced idea.

In the late feudal period of the country, the idea of the importance of population on production, and economic growth was an advanced thinking.

During King Thibaw's reign, there was an attempt to establish a bank to strengthen the economy. An agreement was entered to establish a bank as a joint venture between the Burmese/Myanmar government and the French capitalists. The initial capital of the bank was determined to be Myanmar currency kyat 25 million equivalent to (British pound 1.6 million).

According to the agreement, the bank was to:

(1) make loans at 12% interest to the Burmese/Myanmar King and 18% to the private individuals.
(2) issue bank notes and cheques
(3) administer the ruby land and
(4) monopolise the tea-leaf trade, etc.

and that the bank was to be managed jointly by the French and Burmese/Myanmar officials. However, as the British occupied upper Burma/Myanmar in 1885, the programme could not be carried through.

Conclusion

The above mentioned article is the summary of the transformation attempts undertaken in the late Konbaung (Mindon-Thibaw)era. Up until King Thibaw's downfall, country's political system was the absolute monarchy and so transformation attempts undertaken in that system were not so much beneficial. In the early period of King Mindon's reign, the transformation attempts of the Crown Prince Kanaung and Yaw Mingyi U Pho Hlaing in economic and military affairs were successful up to a certain extent. However, after the assassination of the Prince Kanaung, there was no poweful leader, as U Pho Hlaing had been taken action several times by King Mindon and his attempts failed to produce the desired results. Kinwan Mingyi's attempts to transform the absolute monarchy to constituent monarchy was also not successful due to various circumstances.

However, it should be noted that the transformation attempts of the Prince Kanaung, U Pho Hlaing and U Kaung were quite impressive and praiseworthy.

Note: The name 'Burma' is the more colloquial form of the country's name in British Collonial rule. So also the term Burmese people which refers to the people of the country of Burma(Myanmar).

Country 'Myanmar' was renamed in 1989 aimed to be more inclusive of all the country's ethnic people.

ကျမ်းကိုးစာရင်း

၁။ ညိုမြ - ကုန်းဘောင်ရှာပုံတော် (သတ္တမအကြိမ်)
ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်၊ ဒီဇင်ဘာ ၂၀၀၃

၂။ မောင်ထင်(တည်းဖြတ်) - ရာဇဓမ္မ သင်္ဂဟကျမ်း
Unity Publishing House ဒီဇင်ဘာ ၂၀၀၂

၃။ မောင်မောင်တင် -ဦး - ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊
တတိယတွဲ။
ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်၊ စက်တင်ဘာ ၂၀၀၄

၄။ မှော်ဘီဆရာသိန်း - မြန်မာပညာရှိကြီးများအကြောင်း
ပညာအလင်းပြ စာပုံနှိပ်တိုက်၊ နတ္တလင်းမြို့

၅။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း - ဒုတိယတွဲ၊ ဒုတိယပိုင်း (ပထမပုံနှိပ်ခြင်း)
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ မေ၊ ၁၉၇၈

ကုန်းဘောင်ခေတ်နှောင်းပိုင်း ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များ

ဦးဇော်ဖေဝင်း (ဝါရင့်ဘောဂဗေဒပညာရှင်)

စာတမ်းအကျဉ်းချုပ်

ဤစာတမ်းတွင် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်၌ ဆောင်ရွက်ခဲ့သော အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများ၊ အထူးသဖြင့် ဘဏ်လုပ်ငန်း၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တို့တွင် ဆောင်ရွက်ခဲ့သော ကြိုးပမ်းမှုများကို အကျဉ်းအားဖြင့် မီးမောင်းထိုးပြထားပါသည်။ အကျိုးအမြတ် မရှိလှသော်လည်း ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် ကနောင်မင်းသားကြီး၊ ယောမင်းကြီး ဦးဖိုးလှိုင်နှင့် ကင်းဝန်မင်းကြီး ဦးကောင်းတို့ကဲ့သို့ ထိပ်တန်းပုဂ္ဂိုလ်များ၏ အသွင်ကူးပြောင်းရေး လုပ်ငန်းတချို့ကို သတိပြုမိစေခဲ့ပါသည်။

မြန်မာ့သမိုင်းတွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်ချုပ်ခဲ့သည့် ၁၈၅၃–၁၈၈၅ ခုနှစ်များကာလကို ကုန်းဘောင်ခေတ်နှောင်းပိုင်းဟု သတ်မှတ်ကြပါသည်။ ထိုကာလအတွင်း၌ မြန်မာတို့သည် ဥရောပတိုက်သားများနှင့် ပိုမိုကျယ်ပြန့်စွာ ဆက်ဆံလာရသည်။ အထူးသဖြင့် ဗြိတိသျှ၊ ပြင်သစ်တို့နှင့် ပိုမိုထိတွေ့ဆက်ဆံလာရသည်။

ထိုအချိန်တွင် ဗြိတိသျှတို့သည် ဘင်္ဂလာအရင်းရှင်စနစ်၊ နယ်ချဲ့အရင်းရှင်စနစ်တို့သို့ ရောက်ရှိနေပေပြီ။ မြန်မာတို့မှာမူ သက်ဦးဆံပိုင် ပဒေသရာဇ်ပုံစံအတိုင်းသာ ရှိနေခဲ့သည်။ ထိုကွာဟချက်ကို သတိပြုမိသည့် တိုးတက်သော အမြင်ရှိသည့် ပုဂ္ဂိုလ်အချို့သည် ခေတ်နောက်ကျနေပြီဖြစ်သော မြန်မာနိုင်ငံ၏ အခြေအနေကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများ စတင်ပြုလုပ်ခဲ့ကြပေသည်။ ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက်ကတည်းက (သို့မဟုတ်) နောက်အကျဆုံး ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး သာယာဝတီမင်းလက်ထက်က ပြုပြင်သင့်သော လုပ်ငန်းများကို မင်းတုန်းမင်းလက်ထက် ရောက်မှသာ လုပ်ဆောင်နိုင်ခဲ့ကြသည်။

မင်းတုန်းမင်းလက်ထက် (၁၈၅၃-၁၈၇၈) ခုနှစ်တွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲစေမည့် အတွေးအခေါ်ပြောင်းလဲမှုများကို ဦးဆောင်ခဲ့ကြသူများမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောမင်းကြီးဦးဖိုးလှိုင် စသူတို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ၏ ဦးဆောင်မှုဖြင့် စည်းမျဉ်းခံဘုရင်စနစ်ကို ထူထောင်ရန်၊ နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်များ စေလွှတ်လျက် စက်ရုံအလုပ်ရုံများ တည်ထောင်ရန်၊ ငွေကြေးစနစ်ကိုပြုပြင်ရန်၊ သတင်းစာထုတ်လုပ်ဖြန့်ချိရန်၊ ခေတ်မီအမြဲတမ်းတပ်မတော်ဖွဲ့စည်းရန်၊ ဘဏ်တိုက်များတည်ထောင်ရန်၊ ခေတ်မီနည်းပညာများဖြန့်ဖြူးရန်တို့ကို ဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။ ထို့သို့ ဆောင်ရွက်ခဲ့ရာတွင် ကနောင်မင်းသားသည် ဥက္ကဋ္ဌသဖွယ်ဖြစ်၍ ယောမင်းကြီးသည် အတွင်းရေးမှူးသဖွယ်ဖြစ်သည်။ (ညိုမြ ၊ ၂၀၀၃ ခုနှစ်)

ကနောင်မင်းသားနှင့် ယောမင်းကြီးတို့သည် နိုင်ငံခြားသတင်းစာများမှာယူကာ ဘာသာပြန်ဆိုသူများမှတစ်ဆင့် ဥရောပနိုင်ငံရေး၊ စစ်ရေးတို့ကို လေ့လာခဲ့သည်။ ရတနာပုံနေပြည်တော်သတင်းစာကိုလည်း ထူထောင်ခဲ့ကြသည်။

နိုင်ငံခြားသို့ စေလွှတ်သော မြန်မာပညာတော်သင်ပေါင်း ၉၀ ကျော်ရှိခဲ့ပြီး ထိုပညာရှင်များ၏ အကူအညီဖြင့် စက်အမျိုးပေါင်း ၅၀ ကျော် ထူထောင်နိုင်ခဲ့သည်။ သံချက်ဝန်ထောက်ဦးမြူး၊ ဖန်ချက်ဝန်ဦးရွှေအိုးတို့မှာ အင်္ဂလန်နိုင်ငံမှ ပြန်လာသည့် ပညာရှင်များဖြစ်ကြသည်။

၁၈၅၈ ခုနှစ်တွင် ဦးကျိုးညိုနှင့်ဦးရွှေအိုးတို့ကို ပြင်သစ်နိုင်ငံသို့စေလွှတ်ပြီး ကြေးနန်းရိုက်သည့်အတတ်ပညာကို သင်စေသည်။ မြန်မာအက္ခရာဖြင့် ကြေးနန်းရိုက်နည်းကို ယောမင်းကြီး ဦးဖိုးလှိုင်က တီထွင်ခဲ့သည်။ လူအများ နားလည်နိုင်စေရန် မြန်မာဘာသာဖြင့် ကျမ်းပြုခဲ့သည်။

မန္တလေးကို ဗဟိုပြု၍ အထက်ပိုင်း ဗန်းမော်မြို့အထိ၊ အောက်ပိုင်း သရက်မြို့နယ်ခြားအထိ ရောဝတီမြစ်ရိုးတစ်လျှောက်တွင် ကြေးနန်းရုံးများ ဖွင့်လှစ်နိုင်ခဲ့ရာ စစ်ရေး၊ အုပ်ချုပ်ရေးအတွက် ခံတပ်များ၊ ရုံးများ၌ အသုံးပြုနိုင်သည်သာမက ပြည်သူလူထုအချင်းချင်း ဆက်သွယ်ရေး၌ပါ သုံးစွဲနိုင်လာသည်။

၁၈၅၄ ခုနှစ်၌ ဘင်္ဂလားသို့သွားသောသံအဖွဲ့အား သဘော်ရလျှင် ဝယ်ခဲ့ရန်၊ မရလျှင် စက်ဆရာနှင့် စက်ကိရိယာများ ငှားရမ်းဝယ်ယူခဲ့ရန် ညွှန်ကြားခဲ့သည်။ သို့သော် ဖြိတိသျှတို့၏ အဟန့်အတားပြုမှုကြောင့် မအောင်မြင်ခဲ့ပေ။

ဒင်္ဂါးစက်ကို မန္တလေးနန်းတွင်း၌ ဆောက်လုပ်ပြီး ၁၈၆၆ ခုနှစ်တွင် ဒေါင်းတံဆိပ်ဒင်္ဂါးများ ထုတ်လုပ်ဖြန့်ချိနိုင်ခဲ့ရာ ငွေကြေးသုံးစွဲမှု ပိုမိုတိုးတက်လာသည်။ ၁၈၇၂ တွင် ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုကာ လက်နက်များနှင့် သံရည်ကြိုစက်တို့ ဝယ်ယူခဲ့သည်။

ကနောင်မင်း တည်ဆောက်သော စက်ရုံများတွင် ဒင်္ဂါးစက်၊ အထည်စက်၊ ဆန်စက်၊ ဆီစက်၊ လက်နက်စက်ရုံ၊ လွှစက် စသည်ဖြင့် အမျိုးပေါင်း ၅၀ ကျော် ပါဝင်ခဲ့သည်။ စစ်လက်နက် ထုတ်လုပ်ရေးကို ပြင်သစ်၊ အီတလီဆရာများနှင့် လုပ်ကိုင်ခဲ့သည်။

မန္တလေးသဘော်ကျင်းမှ သဘော်များ တည်ဆောက်နိုင်ခဲ့သည်။ အလျား ၁၆၅ ပေ၊ အနံ ၂၈ ပေရှိသော စစ်သဘော်တစ်စင်းကို ၅ လအတွင်း အပြီးဆောက်လုပ်နိုင်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ၁၈၇၉ ခုနှစ်တွင် မြန်မာတို့သည် ရိုင်ဖယ်သေနတ်များ၊ ရေမြှုပ်ဗုံးများကို ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် မင်းတုန်းမင်း၏ အမိန့်အရ ရေမြှုပ်ဗုံးထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည်။

၁၈၆၆ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ကနောင်မင်း လုပ်ကြံခံရသည်။ သို့သော် ကနောင်မင်းနတ်ရွာစံသွားပြီးနောက် လက်နက်ထုတ်လုပ်မှုအပိုင်း၊ လက်နက်ထုတ်လုပ်နည်း ပညာသင်များ စေလွှတ်မှုအပိုင်းတို့မှာ လျော့မသွားဘဲ ပို၍ပင် တိုးတက်များပြားလာခဲ့သည်။ ၁၈၆၉ ခုနှစ်မှ ၁၈၇၂ ခုနှစ်

အထိ အိန္ဒိယပြည် ဖို့ဝီလျံ (Fort William) နှင့် ကော်စီပူ (Cossipore) သေနတ်စက်ရုံတို့တွင် မြန်မာလူငယ် ၂၀ တို့ကို စစ်လက်နက်ခဲယမ်းမီးကျောက် လုပ်ကိုင်နည်းပညာများ ဆည်းပူးရန် စေလွှတ်ခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် သေနတ်ဟောင်းများကို အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ခဲ့သည်။

သီပေါမင်းလက်ထက်ရောက်သောအခါ မြန်မာလက်နက်စက်ရုံများ၏ လည်ပတ်နှုန်းမှာ ယခင်ကလောက် မသွက်တော့ပေ။ သို့သော် ပုံမှန်လည်ပတ်နိုင်ခဲ့သည်။ လက်နက်စက်ရုံများကို နိုင်ငံခြားသားပညာရှင် စကာလာ(A.Scala) နှင့် စီဗီယာတီ (Civiati) တို့က ကြီးကြပ်ခဲ့ကြသည်။

၁၈၇၉ ခုနှစ်တွင် သီပေါမင်းသည် မိမိ၏အမှုထမ်းတို့အား သေနတ်အပစ်အခတ် ကျွမ်းကျင်စေရန် အီတလီ အရာရှိ၊ ပြင်သစ်အရာရှိများဖြင့် သင်ကြားစေခဲ့သည်။

မှော်ပီဆရာသိန်းကြီး၏ သက္ကရာဇ်မတပ်သော အမှတ်အသားတစ်ရပ်တွင် **"တစ်ခါသော် ဖြဲတိုက်အစည်းအဝေး၌ ယောမင်းကြီးက ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဝန်စု၊ မှူးစု၊ မှူထမ်း၊ ရာထမ်းတို့ကို လစာပေးရန် ဥပဒေပြုသင့်ကြောင်း၊ လစာပေးပြီး ပိုသောရန်ပုံငွေကို ဘဏ်တိုက်ဖွင့်ထားရှိသင့်ကြောင်း၊ ထိုရန်ပုံငွေကို အရေးကြုံသောအခါ အလွယ်တကူ သုံးစွဲနိုင်ကြောင်း၊ သို့မှသာလျှင် လက်နက်ကိုင်စစ်တပ်များဖွဲ့စည်း၍ လိမ္မာကျွမ်းကျင်သော စစ်သည်အင်အားတို့ဖြင့် တိုင်းပြည်ကို ခုခံကာကွယ်နိုင်ကြောင်း တင်ပြသည်ဟု ဆိုသည်။"**

ဤတင်ပြချက်တွင် **(က) ဘုရင်မှစ၍ ဝန်ထမ်းအားလုံးကို လစာပေးရန် (ခ) ဘဏ်တိုက်ဖွင့်ရန် (ဂ) အမြဲတမ်းစစ်တပ်ထားရှိရန်** ဟူသော အဓိကအချက်ကြီးသုံးရပ်ပါဝင်ကြောင်း တွေ့ရပေသည်။

ဤတင်ပြချက်၏ ရလဒ်ကြောင့်ပင်ဟု ဆိုနိုင်သည်။ မင်းတုန်းမင်းလက်ထက် ဝေပုံလေးဌာန၌ **"ရွှေတိုက်ဌာန"**ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ထိုရွှေတိုက်ဌာနသည် ဘဏ္ဍာတော်ငွေကို ခန့်ခွဲသုံးစွဲရေး၌ အာဏာရှိပုံမရကြောင်း၊ အလွန်ဆုံး **ထိုရွှေတိုက်ဌာနသည် အခွန်တော်ဝင်ငွေနှင့် အသုံးစရိတ်တို့ကို စာရင်းတင်ပေးရုံမျှသာရှိလိမ့်မည်ဟု မိမိခန့်မှန်းကြောင်း ဆရာမောင်ထင်က ရေးသားခဲ့ပေသည်။**

ရှေးက မှူးကြီးမတ်ကြီးများကို စားကျေးနယ်မြေ ချီးမြှင့်ခဲ့သော်လည်း မင်းတုန်းမင်းလက်ထက် ၁၈၆၁ ခုနှစ် ထိုအစဉ်အလာကို ဖျက်သိမ်းပြီး သဿမေဓ အခွန်တော်ခွဲဝေသောစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုစနစ်သစ်အရ တစ်အိမ်ထောင်လျှင် ငွေ ၁၀ ကျပ် အခွန်တော် စည်းကြပ်ရသည်။ ထိုသို့ သဿမေဓ အခွန်တော်ခွဲဝေသည်မှစ၍ မင်းမှူထမ်းများကို လစာပေးသောစနစ်ကို ကျင့်သုံးခဲ့ရာ လွှတ်ရုံးငါးရပ်အရာထမ်းများသည် အများဆုံး လစာကျပ် ၁၀၀၀၊ အနည်းဆုံး ကျပ် ၃၀ ရရှိကြသည်။ အမှူထမ်းများမှာမူ အများဆုံး လစာ ၂၅ ကျပ်၊ အနည်းဆုံး လစာ ၅ ကျပ် ရရှိကြသည်။

မင်းမှူထမ်းများအား လစာပေးသောစနစ်သည် မအောင်မြင်ခဲ့ပေ။ မင်းမှူထမ်းများသည် ရှေးကကဲ့သို့ စားပေါက်စားလမ်း မများတော့သည့်အတွက် လာဘ်ပေးလာဘ်ယူ နည်းမျိုးစုံကို ကျင့်သုံးလာကြကြောင်း တွေ့ရပေသည်။

မင်းတုန်းမင်းလက်ထက် (AD-၁၈၇၈)တွင် အီတလီကုန်သည်ကြီး ဂျေတီရေလီနှင့် ဘဏ်တိုက်ထူထောင်ရန် စာချုပ်ချုပ်ဆိုရေးအတွက် အဆိုပြုချက်တစ်ရပ် တင်ပြခဲ့သည်။ ထိုစာချုပ်အရ

(က) ဂျေတီရေလီကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ ၁ ကျပ်သုံးဒင်္ဂါးပြားရေ တစ်ကုဋေကို အရင်းစိုက်ထုတ်ပြီး ဘဏ်တိုက်တွင် လိုအပ်သလို ထည့်သွင်းပေးရန်။

(ခ) ထိုထည့်သွင်းငွေအပေါ်တွင် တစ်နှစ်လျှင် အတိုး ၁၀ ရာခိုင်နှုန်းကို မြန်မာဘုရင့်အစိုးရက ပေးဆောင်ရန်။

(ဂ) မတည်ရင်းနှီးငွေကို ဘဏ်သို့စတင်ပေးသွင်းသည့်နေ့မှ သုံးနှစ်ပြည့်လျှင် တစ်နှစ်လျှင် ၃.၃ ရာခိုင်နှုန်းဖြင့် ဘုရင့်အစိုးရက ၃၃ နှစ်အတွင်း အကျပေးဆပ်ရန်။

(ဃ) နိုင်ငံတော်အတွင်း ကောက်ခံရရှိသည့် အခွန်တော်ငွေများကို ဘဏ်တိုက်တွင် ထည့်သွင်းထားပြီးမှ အသုံးပြုရန်။

(င) မတည်ရင်းနှီးထည့်ဝင်ထားငွေကို ၃၃ ပုံ ၁ ပုံကျ နှစ်စဉ်မပေးဆပ်နိုင်ပါက ဂျေတီရေလီနှင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူတို့က အခွန်တော်၊ အကောက်တော်များဘဏ်သို့ ပေးသွင်းထားငွေမှ ရယူသုံးစွဲနိုင်ရန်။

(စ) ဘဏ်တိုက်တွင် ထည့်သွင်းထားငွေမှ မြေတော်များ တူးဖော်လုပ်ဆောင်ခြင်း၊ သစ်တောခုတ်ထွင်ခြင်း၊ ဆင်းရဲသားတို့အား ထုတ်ချေးခြင်းတို့ကြောင့် ၁၀ ရာခိုင်နှုန်း အတိုးထက် ပိုမိုအကျိုးဖြစ်ထွန်းလာလျှင် အမြတ်ငွေကို မြန်မာအစိုးရနှင့် ဂျေတီရေလီတို့က ထက်ဝက်စီ ရယူနိုင်ရန်။

(ဆ) မီးရထား၊ မီးသင်္ဘောမှစ၍ အလုပ်အဆောင်နှင့် စပ်ဆိုင်သည့် စက်ကိရိယာ ဝယ်ခြမ်းရန်အမှု၊ လယ်ယာကိုင်းကျွန်းလုပ်ဆောင်ရန် အမှုမှစ၍ အရပ်ရပ်အလိုရှိရာ သုံးဆောင်ရန် ဘဏ်တိုက်က ချေးယူထုတ်သုံးသည့်ငွေများမှာ စီးပွားဖြစ်ထွန်းသော်လည်း အမြတ်ကို ဂျေတီရေလီ၊ ကိုယ်စားလှယ်တို့နှင့် မသက်ဆိုင်၊ မြန်မာအစိုးရကသာ သက်ဆိုင်ရန်။

(ဇ) လိုအပ်ပါက ပထမထည့်သွင်းငွေကျပ် တစ်ကုဋေအပြင် ဒုတိယငွေတစ်ကုဋေကိုလည်း သီးခြားစာချုပ်ဖြင့် ထည့်သွင်းနိုင်ရန်။

(ဈ) ငွေတိုက်ကို စာချုပ်စတင်ချုပ်ဆိုသည့် (AD-၁၈၇၈) မှ (၁၅) နှစ်အတွင်း မြန်မာအစိုးရက မသိမ်းယူရ။

(ည) ငွေတိုက်တွင် လိုအပ်သောဝန်ထမ်းများအနက် တတ်နိုင်သမျှ မြန်မာဝန်ထမ်းများကို သာ ခန့်အပ်ရန် စသောအချက်များ ပါဝင်ပေသည်။

ဤစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုအကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပေသည်။ သို့သော် ထိုဘဏ်မှာ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ထိုအစီအစဉ်များ ရေးဆွဲပြီး ၁၀ လခန့်အကြာတွင် မင်းတုန်းမင်း နတ်ရွာစံပြီး သီပေါမင်း နန်းတက်ခဲ့ရာ နန်းတွင်းအရှုပ်အထွေးများ ပေါ်ပေါက်နေသဖြင့် ဘဏ်တည်ထောင်ရေးကိစ္စမှာ ရပ်ဆိုင်းသွားခဲ့ရပေသည်။

ကုန်းဘောင်ခေတ် ရောင်းဝယ်မှုတွင် ကုန်ပစ္စည်းချင်း ဖလှယ်သောစနစ်၊ ရွှေ၊ ငွေ၊ ကြေးတို့ကို အတုံးအခဲ ဖြတ်တောက်၍ သုံးစွဲသောစနစ်နှင့် ဒင်္ဂါးကိုသုံးစွဲသော စနစ်ဟူ၍ သုံးမျိုးရှိခဲ့သည်။ သို့သော် ဒင်္ဂါးသုံး၍ ကုန်ရောင်း ဝယ်သောစနစ်သည် နေပြည်တော်တစ်ဝိုက်နှင့် သင်္ဘောဆိပ်မြို့ကြီးများ၌သာ ကျယ်ပြန့်စွာရှိခဲ့သည်။

ဗဒုံမင်းလက်ထက်တွင် မြန်မာဒင်္ဂါး၊ ရခိုင်ဒင်္ဂါး၊ ဝေသာလီဒင်္ဂါးနှင့် ကုလားဒင်္ဂါး[1]တို့ကို အသုံးပြုခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် ၁၈၆၅ ခုနှစ်၌ ဒင်္ဂါးစက်ရုံကို နန်းတော်သစ်တပ်အတွင်းတည်ဆောက်ကာ ၁၈၆၅ ခုနှစ် နိုဝင်ဘာလမှစ၍ ဒင်္ဂါးများ သွန်းလုပ်သုံးစွဲခဲ့သည်။ ထိုစက်ရုံသည် ၁၈၇၃ ခုနှစ်တွင် တစ်နေ့လျှင် ဒင်္ဂါးကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ထုတ်လုပ်နိုင်ခဲ့သည်။ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသို့ သွားခဲ့စဉ်က စက်ကိရိယာများ ဝယ်ယူရာတွင် မြန်မာကျပ်ဒင်္ဂါးကို အင်္ဂလိပ်ဒင်္ဂါး၊ ပြင်သစ်ဒင်္ဂါးတို့နှင့် လဲလှယ်ပေးချေနိုင်ကြောင်း သိရသည်။

ပုဂံဝန်ထောက်မင်း ဦးတင်၏ မှတ်တမ်းအရ သီပေါမင်းလက်ထက် ၁၈၇၈ ခုနှစ် အောက်တိုဘာလ၊ တောင်ညာဉ်အစည်းအဝေးက ဝေပုံကျ(၁၄)ဌာနကို ပိုင်းခြားသတ်မှတ်ခဲ့သည်။ ထို (၁၄) ဌာနတို့မှာ -

(၁) လယ်ယာဌာန

(၂) လက်မှုအလုပ်ဌာန

(၃) ကုန်းကြောင်းစစ်ဌာန

(၄) ရေကြောင်းစစ်ဌာန

(၅) အကောက်ခွန်ဌာန

(၆) သာသနာပညာဌာန

[1] ကုလားဒင်္ဂါးဆိုသည်မှာ နိုင်ငံခြားမှ လာသော ဒင်္ဂါးများကို ဆိုလိုသည်။

(၇) ပုရိသမေဓာန (ဘဏ္ဍာရေးဌာန)

(၈) သဿမေဓာန

(၉) ရာဇဝတ်ဌာန

(၁၀) တရားရေးဌာန

(၁၁) နိုင်ငံခြားရေးဌာန

(၁၂) တွဲဘက်ရုံးဌာန

(၁၃) မြို့ရေးရွာမှုဌာန

(၁၄) စက်အလုပ်ဌာန တို့ဖြစ်ကြသည်။

သို့သော် ထို ၁၄ ဌာန အုပ်ချုပ်ရေးစနစ်ကို ငါးလအကြာတွင် ဖျက်သိမ်းလိုက်ပြီး ၁၈၈၀ ပြည့်နှစ် ဩဂုတ်လတွင် ကိုးဌာနအုပ်ချုပ်ရေးကို ဖွဲ့စည်းခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် တရားရေးဌာနကို တရားရေးဌာနနှင့် ရာဇဝတ်ဌာန နှစ်ခုခွဲခဲ့သဖြင့် စုစုပေါင်း ၁၀ ဌာနအုပ်ချုပ်ရေးစနစ် ဖြစ်လာသည်။ ၁၈၇၈ ခုနှစ် ဒီဇင်ဘာလတွင် ယောမင်းကြီး ဦးဘိုးလှိုင်က ရာဇမမ္မသင်္ဂဟကျမ်းကို သီပေါမင်းသို့ ဆက်သွင်းခဲ့သည်။ ထိုကျမ်းသည် **"မင်း အစရှိသော အစိုးရသူကြီးတို့ ကျင့်အပ်သော ကျမ်းဖြစ်သည်"** ဟု ကျမ်းပြုသူက ဆိုပေသည်။

အဆိုပါကျမ်းတွင် တစ်နိုင်ငံလုံး ချီးမြှောက်သူကောင်းပြုသော သင်္ဂဟတရားလေးပါးကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) သဿမေဓ - တိုင်းပြည်၌ ပေါ်ပေါက်ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှ မှူးမတ်၊ ပြည်သူတို့ညှိနှိုင်းပြီးလျှင် မည်ရွေ့မည်မျှ ကောက်ခံမည် ထားသည့် ဥပဒေအတိုင်း အုပိုအလိုမရှိ **မနာမကြည်းရအောင် အခွန်အတုတ်ခံယူခြင်း။**

(၂) ပူရိသမေဓ - မင်း၊ မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်စသော နိုင်ငံကိုစောင့်ရှောက်ထိန်းသိမ်းသောသူတို့ကို ကြီးစဉ်ငယ်လိုက် **ဤကောက်ခံ၍ရသော အခွန်ကို စားသုံးလောက်အောင် ပေးကမ်းခြင်း။**

နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ပေးသည့်အခွန်အတုတ်တို့ကိုယူ၍ စားသောက်သုံးဆောင်သော **မင်း၊ မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်တို့သည် ကုန်သည်လယ်လုပ်တို့ ဘေးရန်မရှိ၊ ကူးသန်းရောင်းဝယ် လုပ်ဆောင်နိုင်အောင် ဧကန်စောင့်ရှောက်သင့်သည်။ မစောင့်မရှောက်၊ အလို**

ရှိရာ လူဒါန်းပေးကမ်း၊ စားသုံးကုန်လျှင် ခိုးခြင်း(၂၅)ပါးတို့တွင် လိမ်လည်လှည့်စား၍ ယူသော ကုဋ္ဌာဝဟာရ နှိပ်စက်ယူသော ပသယှာဝဟာရတို့မှ လွတ်နိုင်ရန်အကြောင်းမရှိဟု ဖော်ပြထားသည်။

(၃) သမ္မာပါသ - နိုင်ငံကို တိုးတက်စေလိုသော်၊ အခြားနိုင်ငံကို လွှမ်းမိုးအုပ်စိုးလိုသော် **ရဲမက် လက်နက်ကိုင် အင်အားကြီးမှသာလျှင် ဖြစ်နိုင်ရာသည်။ ရဲမက်လက်နက် အင်အားကြီးအောင်ကိုလည်း အခွန်အတုတ်များစွာရမှ ရဲမက် လက်နက်အင်အားကြီးအောင် လုပ်ဆောင်နိုင်သည်။**

အခွန်အတုတ် တိုးပွားအားကြီးအောင်ကိုလည်း **ကုန်သည်၊ တောင်သူတို့ကို အကူးအသန်း၊ အလုပ်အဆောင် အင်အားကြီးအောင် မ,စကြည့်ရှု၍** ထိုသူတို့ အလုပ်အဆောင် အကူးအသန်း အားကြီးရာတွင် အခွန်အတုတ် ကောက်ခံရမှ များစွာရမည်ဖြစ်၍ နိုင်ငံကို အုပ်စိုးစောင့်ရှောက်ကုန်သော မင်းမှူးမတ်တို့သည် ထိုကုန်သည် လယ်လုပ်တို့ကိုချည်း မပြတ်ကြည့်ရှု၍ အားပေးရလိမ့်မည်။ ဤသို့အားပေးခြင်းသည်ပင် တိုင်းပြည်နိုင်ငံကို တိုးတက်အောင် ပြုလုပ်ခြင်းမည်သည်။

(၄) ဝါစာပေယျ - လောကဥ္စ လူတို့သည် ချိုသာနာပျော် ချစ်ဖွယ်သောစကားကို ပြောမှသာ ကြိုက်နှစ်သက်သည်။ ဤသို့ချိုသာစွာ ပြောဆိုခြင်းသည်ပင် ဝါစာပေယျဟုဆိုသည်ဟု ဖော်ပြထားသည်။

ဤဖော်ပြချက်များအရ အစိုးရသည် တရားဥပဒေနှင့်အညီ တရားမျှတစွာ အခွန်စည်းကြပ်သင့်သည်။ အခွန်အကောက်မှ ရငွေတို့ကို နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် အသုံးပြုနိုင်ရန်၊ အခွန်ငွေတိုးတက်ရရှိရေးအတွက် ကုန်သည်၊ လယ်လုပ်တို့ကို အားပေးရန် ဆိုသော အတွေးအခေါ်များပါဝင်နေသည်ကို တွေ့မြင်ရပေသည်။

သူတော်ကောင်းတရားများတွင်ပါဝင်သော **"စာဂ"တရားနှင့်စပ်လျဉ်း၍ "လောကဥ္စ အလုပ်အဆောင်မှုခင်းပြုဖွယ် ကိစ္စရှိသမျှကို အစိုးရပင်ဖြစ်စေကာမူ တန်လောက်အောင်ပေး၍ မခိုင်းလျှင် မည်သည့်အရာကိုမျှ နေရာကျအောင် လုပ်ဆောင်မည့်သူမရှိ၊ အကယ်၍ အစိုးရဂုဏ်နှင့် နှိပ်စက်၍ ခိုင်းလျှင် လှန်ပြန်နိုင်လျှင် လှန်ပြန်လိမ့်မည်။ မလှန်နိုင်လျှင် ထွက်ပြေးတိမ်းရှောင်လိမ့်မည်"**ဟူ၍ ဖော်ပြထားသည်မှာ **အတင်းအကျပ်လုပ်အားပေးခိုင်းခြင်း (Forced Labour) ကို ဆန့်ကျင်သည့် အတွေးအခေါ် ဖြစ်ပေရာ ပဒေသရာဇ်အရာရှိတစ်ဦးအဖို့ အလွန်ခေတ်ရှေ့ပြေးသော အတွေးအခေါ် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။**

ယောမင်းကြီးသည် ရာဇမဓမ္မသင်္ဂဟကျမ်းတွင် ငွေတိုက်(ဘဏ်)ကို အနောက်နိုင်ငံများပုံစံအတိုင်း တည်ထောင်သင့်ကြောင်း၊ နိုင်ငံက ထွက်သမျှအခွန်တို့ကိုလည်းကောင်း၊ မင်းမှူးမတ်တို့ အထိုက်အလျောက်ရသော ဥစ္စာပစ္စည်းတို့ကိုလည်းကောင်း ဘဏ်တိုက်၌ စုပေါင်းထားရှိပြီး အသုံးလိုအပ်သမျှကို ထိုဘဏ်တိုက်မှ ထုတ်ယူသုံးစွဲသင့်ကြောင်း၊ ပိုသည့်ငွေများကို ကုန်သည်၊ လယ်လုပ်တို့အား အတိုးအနည်းငယ်ဖြင့် ထုတ်ချေးသင့်ကြောင်း တင်ပြခဲ့ပေသည်။

ဖြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် အထက်မြန်မာနိုင်ငံတွင် လူဦးရေ ဆုတ်ယုတ်လာသည်။ ရာဇဓမ္မသင်္ဂဟကျမ်းတွင် ထိုကိစ္စနှင့်ပတ်သက်၍ **"တိုင်းပြည်နိုင်ငံ၌ အစား အသောက်၊ အသုံးအဆောင်၊ တိုက်အိမ်၊ မြို့ပြတို့ကို အများအပြား၊ အကြီးအကျယ်ဖြစ်စေလိုလျှင် လူကိုများပြားအောင်၊ လူတိုးပွားစည်ပင်အောင်ကိုသာ နှလုံးထား၍ နိုင်ငံအတွင်း လူအများအပြား ဝင်နေလာရောက်ရန်အကြောင်းကို အလွန်သတိထားပြီး လုပ်ဆောင်ကြရလိမ့်မည်။"**ဟု ဖော်ပြ ထားသည်။

နိုင်ငံလူဦးရေ လျော့ပါးစေသော အကြောင်းများမှာ -

(၁) အဓမ္မရာဂ

(၂) ဝိသမလောဘ (မိမိယူထိုက်၊ ရထိုက်၊ ရသင့်သည်သာမက မယူသင့်၊ မရသင့်သည်ကို ကောက်ကျစ်စဉ်းလဲ၍သော်လည်းကောင်း၊ နှိပ်စက်လွှမ်းမိုး၍သော်လည်းကောင်း ရယူလို ခြင်း)

(၃) မိစ္ဆာဓမ္မ (သခင်ဝတ်၊ ကျွန်ဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ လင်ဝတ်၊ မယားဝတ် အစ ရှိကုန်သော လူတို့ကျင့်အပ်၊ ကျင့်ကောင်းသော ကျင့်ဝတ်သိက္ခာပုဒ်တို့ကို မကျင့်မှားခြင်း)

ဤအချက်များသည် လူကိုလျော့ပါးစေသော အကြောင်းများဖြစ်သောကြောင့် ထိုအချက် များကို ရှောင်ကြဉ်သင့်သည်ဟု ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဖော်ပြထားသည်။

ဤဖော်ပြချက်အရ ရာဇဓမ္မသင်္ဂဟကျမ်းတွင် နိုင်ငံ၏ အဓိကကုန်ထုတ်အင်အားစုဖြစ်သော လူဦးရေ၏အခန်းကဏ္ဍကို ထည့်သွင်းဖော်ပြထားသည်မှာ အလွန်ကောင်းမွန်သော အတွေးအခေါ် တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သီပေါမင်းလက်ထက်တွင် စီးပွားရေးတိုးချဲ့နိုင်ရန်အတွက် ဘဏ်စနစ်တစ်ခုကို စတင်တည် ထောင်ရန် ကြိုးပမ်းကြောင်း တွေ့ရပြန်သည်။ မန္တလေး၌ ပြင်သစ်အရင်းရှင်တို့နှင့် ပူးပေါင်းဖွင့်လှစ် ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ ဘဏ်၏ မ,တည်ငွေရင်းမှာ မြန်မာကျပ်ငွေ နှစ်ဆယ့်ငါးသန်း (ဖြိတိသျှ ပေါင်တစ်သန်းခြောက်သိန်း)ဖြစ်သည်။ သဘောတူညီချက်အရ ထိုဘဏ်သည် -

(က) မြန်မာဘုရင်သို့ အတိုး ၁၂ ရာခိုင်နှုန်း၊ အခြားသူများသို့ အတိုး ၁၈ ရာခိုင်နှုန်းဖြင့် ငွေထုတ်ချေးရန်

(ခ) ငွေစက္ကူများ၊ ချက်လက်မှတ်များ ထုတ်ဝေရန်

(ဂ) ပတ္တမြားမြေကို အုပ်ချုပ်ရန်

(ဃ) လက်ဖက်လုပ်ငန်းကို လက်ဝါးကြီးအုပ် ရောင်းဝယ်ခွင့်ပေးရန်

စသည်တို့ ပါဝင်သည်။

ထိုဘဏ်ကို ပြင်သစ်နှင့် မြန်မာအရာရှိများ ပူးပေါင်းအုပ်ချုပ်ရန် အစီအစဉ်ရှိသည်။ သို့သော် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် ထိုဘဏ်ကို အကောင်အထည် မဖော်နိုင်ခဲ့တော့ပေ။

အထက်တွင် တင်ပြခဲ့သည်များမှာ ကုန်းဘောင်ခေတ်နှောင်းပိုင်း (မင်းတုန်း'သီပေါ)ခေတ်တွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များအကြောင်း အကျဉ်းချုပ်ဖြစ်ပါသည်။ သီပေါမင်း ပါတော်မူသည့်ကာလအထိ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်မှာ သက်ဦးဆံပိုင် ဘုရင်စနစ်ဖြစ်ရာ ထိုစနစ်အတွင်း၌ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းချက်များမှာ များစွာထိရောက်မှု မရှိခဲ့ပေ။ မင်းတုန်းမင်းလက်ထက် အစပိုင်းတွင် အိမ်ရှေ့စံ ကနောင်မင်းသားနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်တို့၏ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ ကြိုးပမ်းမှုများမှာ အထိုက်အလျောက် အောင်မြင်မှု ရှိခဲ့ပါသည်။ သို့သော် ကနောင်မင်းသား လုပ်ကြံခံရပြီးသည့် နောက်ပိုင်းတွင် ထိရောက်စွာ ဦးဆောင်နိုင်သူ မရှိတော့ပေ။ ယောအတွင်းဝန် ဦးဖိုးလှိုင်မှာလည်း မကြာခဏ ရာထူးချထားခြင်း ခံရသဖြင့် ထိရောက်စွာ မကြိုးပမ်းနိုင်ခဲ့ပေ။ ကင်းဝန်မင်းကြီး၏ သက်ဦးဆံပိုင် ဘုရင်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်သို့ ပြောင်းလဲရန် ကြိုးပမ်းချက်များမှာလည်း အခြေအနေအရ အောင်မြင်မှု မရခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ကနောင်မင်း၊ ဦးဖိုးလှိုင်နှင့် ဦးကောင်းတို့၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များသည် လေးစားဂုဏ်ပြုအပ်သော ကြိုးပမ်းချက်များဖြစ်ကြောင်းကိုမူ အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။

An Overview to understand the consequential impact of earthquake loss[1]


Khin Pwint Oo

Senior Economist

Research and Development Committee, Myanmar Economics Association (MEA)

khinpwint@gmail.com

I. General Conceptual Framework to Assess the Post-earthquake Loss:



[1] It is intended to understand the impacts that discuss the economic and social impacts of earthquake disaster, analyzing how important technologies such as conceptual framework and theoretical framework help achieve targeted solutions on understanding the impacts. Systematic Conceptual Framework and Theoretical Framework or road maps are utilized to analyze and implement actions leading to get desired impact outcomes.

II. The circumstances to understand the consequential impact of earthquake: a conceptual framework or a road map is structured to define each research stage from the analysis up to evaluating the findings. It therefore needs to take into considerations of the following three circumstances to understand the consequential impact of earthquake:-

1. Pre-earthquake circumstance
2. Earthquake at current circumstance
3. Post-earthquake circumstance

What to consider in details are:-

At pre-earthquake condition/circumstance it is required to look into

(a) Pre-existing social, economic and environmental situations, which are to assess vulnerabilities of the population and region affected i.e. to look at the negative consequences of earthquake such as population density of the affected area/region; socio-economic conditions including quality of life and access to opportunities: basic necessities like health care, education, occupation (which reflects skills, training, social standing), financial resource, housing; infrastructures (public utilities.. roads, waterways, bridges, buildings, markets (local and beyond), transportation within its community, within its region and with other regions; and environmental factors such as lack of clean water and sanitation.

(b) Resilience / DRR: disaster risk reduction measures, which is to assess capacity of a community /region to stand and recover from further disaster (earthquake in this case) - factors like social networks, access to resources, any preparedness/pro-active or practical measures e.g. early warning systems considered?

At current earthquake circumstance, the prerequisites are

(a) Characteristics such as earthquake location(s), magnitudes (for instance, 7.7 richter scale at epicenter (approximately 16km north and north west of Sagaing city and 19km north west of Mandalay city), depth (10 km), duration of quake (at 12:50 MST and 12 minutes later 6.4 magnitude aftershock), event date (28th March, 2025) …all that can impact damages directly.

(b) Likely secondary hazards such as landslides, fire outbreaks, torrential rainfalls, storms, destructions of dams, failures at the source of electricity power transmission, etc., all those follow with earthquake???

At post-earthquake circumstance, the undertakings are as follows.

(a) Immediate consequences such as damages and casualties - loss of lives, injuries; infrastructure destruction/collapse; significant internal displacement of population (estimated numbers); telecommunication and road access severely disrupted. Urgent needs include shelter, food, clean water, medical supplies, and emergency healthcare.

(b) Economic consequences such as significant loss of properties; disruptions of businesses, industries, livelihoods; disruptions of essential services such as water, electricity, communication, access to potential opportunities; costs to recover (aftermath earthquake and long term recovery if possible).

(c) Social consequences such as psychological trauma; displacement and social dependability, social challenges; and likely social unrest.
(d) Reconstructions such as efforts to restore like rebuilding infrastructure; essential and/or continuity supports such as international aid/support especially for long term recovery of the affected population and/or affected area/communities.

Variables that cause earthquake impacts are the significant evidences to understand the impacts, such as:-

(a) Magnitude: Richter scale of an earthquake

(b) Proximity to epicenter: areas closer to the epicenter

(c) Depth of focus: Shallow depth or deep depth

(d) Population density: densely populated or sparsely populated

(e) Geology: loose or unconsolidated sediment

(f) Time factor: during day time or night time

(g) Level of preparedness: disaster preparedness e.g. evacuation drill, trained rescue workers, action plan

III. Attributes needed for disaster preparedness:-some key considerations to note for recommendations based on framework are

(a) Information gathering:- data on past event(s) and present situation. Normally the study should rely on reliable data source/official records but due to current circumstance, it is necessary to gather as much as possible from conducting interviews through participant observation means/methods, conversations with households, local authorities, and businesses , industries, and livelihoods if doable?, collection of maps, photos, video clips; posts coming up on social media. Compilations- regarding past events, hazards, vulnerabilities from secondary sources, desk reviews that can have long term socio-economic consequences.

(b) Stakeholders involvement:- should engage with all relevant stakeholders such as government authorities at local and township levels (or regional level if possible); local NGOs including Red Cross Society (or International Organizations like UNOCHA, NGOs if any); and businesses (Micro Small and Medium Enterprises: MSMEs as well) - to find out any potential capacities to respond earthquake incidence.

(c) Universal approach:- to consider interconnected factors such as social, economic, environmental and political aspects that can be considered in advance for the planning (and implementation situation) of earthquake response measures.

(d) Mitigation:- *Building standards* to ensure building designs and construction to withstand earthquake forces. *Early warnings* to provide advance potential disasters (for earthquake in this study, if Not have early warning systems for any other disasters yet). *DPP: disaster preparedness plans and response* to develop e.g. communication necessities (food, drinking water, medicine supplies, emergency kits; evacuation plans, trained personnel….for minimizing casualties…?? *Public awareness* to give talks in schools, conducting awareness campaigns about likely hazards and response practices.

IV. Post-earthquake micro-economic impacts: Further to take into consideration of post-earthquake micro-economic impacts, it is essential to set objectives by examining the direct and indirect economic consequences resulting from the earthquake; assessing, if possible, the government plans, programs and potential capacities of National and International Organizations; and to provide evidence based recommendations aimed at economic recovery.

POST-EARTHQUAKE MICRO ECONOMIC IMPACTs

I	**Direct Economic Impact**	**Indirect Economic Impact**	**Spillover Impact**	
	↓	↓	↓	
	Damages	Reductions	Economic Activity	
	Disruptions	Employment	Social Activity	
	Increased Costs	Supply Chains	Environment Activity	
	Effects At			
II	**Businesses**	**Households**	**Businesses**	**Households**
	Supply Chains Disruptions	Individual displacement	Employment	Delays
	Economic Slowdown	Vulnerability	Consumption	Inputs
	↕	↕	↕	↕
	Increased Production Costs	Low Population	Increased Production Costs	Decrease in Real Income
	Decreased Outputs	Decrease in Labor Force	Low Productivity	
	↓		↓	
III	**Demand and Supply Effects**			
	Loss: total production/output, households' income/businesses income/revenue, costs (households/businesses), employment			

Citation: Special Seminar to MJIBA. The Earthquakes in Myanmar and their Economic Impacts. Powerpoint presentation byDr.Myint San. MJC. 17 May 2025

Detail description of earthquake impacts as mentioned in the above table.

Direct Economic impact: ***Damages*** **-** property and infrastructure damages, Example destruction such as buildings, roads, bridges, waterways, railways, etc.; immediate loss that requires repairs and reconstruction adding to economic burden. ***Disruptions*** **-** disrupted business operations that have to close down temporarily for repairs and maintenances; Example- disruptions due to damage of physical premises and equipment such as machinery and inventory; disruption of basic necessities like WASH-water supply and sanitation and hygiene practices, health care; transportation and communication facilities. ***Increased Costs:*** increase in costs impacting individuals and households budget, Example- increased housing

costs due to increase spending in repair and maintenance of housing, buying emergency supplies for household) loss in businesses revenues and profitability; strain on government's budget due to increased budget spending on repairs/reconstructions and relief and resettlement efforts.

Indirect Economic impact: ***Reductions*** **-** production and distribution hindrances. Example- due to failure of electricity/power outages; transportation and network disruptions; decline in tourism business impacting related industries; leading to temporarily economic slowdown. ***Employment*** **-** decreasing labor force due to individuals and households displaced or moved out or engaged in recovery efforts. Example-short term labor market disruption impact (job loss, wages reduced, increased labor demand, increased unemployment…). ***Supply Chains disruptions*** **-** Example-damages/destructions in infrastructure and businesses leading to price hikes (especially consumers goods, raw materials, construction materials, transportation and communication..) reduced demand i.e. decrease in consumers spending and investment, business sales drop, profit loss because of fear of disasters, and economic uncertainty…causing changes in consumers spending, investment pattern changes, instable economic consequences, temporary closure, reduced customers in restaurant/food courts, for instance.

Spill over impact: ***Economic activity*** **-** Example-impact on time and resources (land, labor, capital) to address economic potential; to address business stability (if significant); unprepared businesses like (operational inefficiencies, misallocated resources, no detail business plan, leading to difficulty in attracting investment); bad reputation and client confidence. ***Social activity*** **-** Example-increased mortality and morbidity, social challenges such as inaccessibility to health care and education needs; .social unrest- crimes (lootings, theft/robbery, killing, fights); people internally displaced/moved out. ***Environment activity*** **-** Example-eco-system damages due to destructions of dams, reservoirs, water source; likely hazards aftermath such as floods, landslides, fire outbreaks…that can further affect economic activity in the long run.

Effects at businesses under direct and indirect impact: ***Supply chains disruptions:***- damages/ destructions in infrastructure and business leading to price hikes, especially consumer goods, raw materials, construction materials, transportation and communication; reduced demand i.e. decrease in consumer spending and investment, business sales drop, profit loss due to fear of disasters, economic uncertainty that cause changes, investment pattern changes, instable economic consequences, temporary closure, reduced customers- for instance in restaurants/ food courts. ***Economic Slowdown:*** In economics, an economic slowdown refers to a period where the rate of economic growth declines, typically measured by a decrease in the growth rate of the Gross Domestic Product (GDP). While a slowdown is a decline in the rate of growth, it doesn't necessarily mean the economy is contracting (or in recession). A lengthy or continued slowdown can sometimes lead to a recession. Example: disrupted business operations (physical damage of building/premises, and equipment damages like machinery, inventory) temporarily have to close for repair/maintenance and it is characterized by slower economic activity, unquestionably affecting consumer spending, business investment, and employment; decrease in investment plan because of uncertain economic situation/economic hardship. ***Decreased output*** generally refers to a reduction in the volume of the output of e.g. machine, factory, or economy being produced or released over a period of time. ***According to***

the International Monetary Fund (IMF) ***and*** ***Investopedia*** it means that the actual economic output (measured by real GDP) is below the potential output of the economy. Example- an inefficient use of resources and which is often associated with recessions; essential input disruptions like electricity/power outages, difficulties in delivery of raw materials, transportation and communication network disruptions, ***Increased production costs*** refer to higher expenses a company/business faces when producing goods or services. Example- factors like rising raw material prices, higher labor costs, or increased energy (electricity, gas, solar power) expenses, increased costs leading to higher prices for consumers and may impact production and sales, and business's profitability.

Effects at households under direct and indirect impacts: ***Individuals Displaced*** Example- primarily refers to the concept of internally displaced persons (IDPs), who are forced to leave their homes or places of habitual residence due to conflict, violence, human rights violations, or natural and/or man-made disasters (but do not cross an international border in this case). This displacement has significant economic implications, affecting not only the displaced individuals but also the communities and economies they leave behind. ***Vulnerability*** refers to a business's or individuals constraint to external shocks that can hinder its households or economic development. These shocks can be unforeseen events, like natural disasters or economic crises that disrupt normal economic activity and threaten stability. Example- personal belongings damage (furniture, household appliances, other assets); disruption of basic essential services like water outages, power outages; interrupted transportation and communication networks…impacting households activities and access to essential resources e.g. (natural resources-land, water source; capital resources- fuel, machines/equipment supplies; and human resources – labor, skills, knowledge). ***Low population*** or under population, refers to a situation where a country's population is too small to support its current economic system or potential for growth. This can lead to various negative economic consequences Example - decrease in workforce/employment leading to decreased demand for goods and services, and reduced production. ***Decrease in labor force*** Example-a reduction in the number of people who are either employed or actively seeking employment leading to decreased demand for goods and services, and reduced production. This can lead to a slowdown in economic growth as fewer individuals only are contributing to the production of goods and services.

Effects at business under spillover impacts: ***Employment*** refers to individuals holding jobs and providing labor in exchange for compensation including wages, salaries, or other forms of payment. It's the state of having a job and actively contributing to an economy's workforce. Example-short term labor market impacted, decrease in labor force, job loss, wages reduced ***Consumption*** refers to the utilization of goods and services by households to satisfy their needs and wants. It's a key component of aggregate demand and a major factor in determining a country's Gross Domestic Product (GDP). Example-reduced consumption reduced spending on non-essential goods and services such as dining out, leisure, enjoyment, entertainment, and discretionary purchases like jewelry or electronics because of financial constraints. ***Increased production costs*** refer to higher expenses a business meets when producing goods or services. Example-factors like rising raw material prices, higher labor

costs, or increased energy (e.g. electricity, gas, fuel) expenses. These increased costs can lead to higher prices for consumers and may impact a business's profitability meaning how efficient business can make expenses into profits. ***Low productivity*** refers to a situation where output is low relative to the inputs used in production. This means that the resources being used to produce goods or services are not being utilized efficiently, leading to a smaller output than is possible with the available resources. Example-low productivity meaning a company/business or economy is not maximizing its output from its resources such as tangible- like finances and equipment, or intangible- like knowledge and intellectual property; labor/workers forced to take time-off leading to reduced productivity.

Effects at households under spillover impacts: ***Delays*** refer to the time it takes for a policy change or economic event to be recognized, implemented, and felt throughout the economy. These delays can hinder the effectiveness of policies and make it challenging to stabilize the economy. Example: delays in financial supports/ assistances, limited resources (capital resource like machinery/equipment…back-hoe loader, crane, bulldozer…to get rid of destructed buildings, evacuate debris, dead bodies) to deliver to households recover essential infrastructure reconstruction like roads, water system, electricity grids for economic recovery. ***Inputs*** refer to the resources, or factors of production, that are used to create goods and services. Inputs are what go into the production process to generate outputs- which are the final products or services. Example- physical assets such as- labor (workers time/ labor hour) capital (raw materials like fuel, machinery and equipment) and land (agriculture land, land for raising animals, water) to earn household income. ***Decrease in real incomes*** means an individual or economy's ability to purchase goods and services has diminished, even if their nominal income (the amount of money earned) remains the same. Example-increase in prices (inflation) that effectively reducing the value of their money, and making that same negligible income buy less or buy fewer goods or services i.e. paying MMK 3500 for a litre of diesel at gas filling station for MMK 3000 earlier (a decline in purchasing power in economic sense).

Demand and Supply Effects: ***Total production loss:*** reduction in goods and services an economy produces, resulting in a decrease in overall economic output. This loss can have significant negative consequences, impacting the standard of living, economic growth, and overall welfare. ***Total output loss:*** refers to the decline in an economy's potential production and its impact on various sectors. This loss can result from various factors, including economic crises, pandemics, or policy changes, and can lead to unemployment, reduced consumption, and long-term shocking effects on the economy. ***Household income loss:*** due to the pandemic-induced *economic* crisis, self-employed individuals suffer considerable *income losses*. ***Business income loss:*** can lead to reduced profits, decreased employee confidence, and even indebtedness if not addressed promptly. Business income loss has far-reaching effects on the economy, impacting businesses, individuals, and the overall market. A loss of business income can lead to reduced profits, decreased employee morale-disengagement, job dissatisfaction, and frustration, no commitment to business goals; and even insolvency if not addressed promptly. ***Loss of revenue:*** can indicate things like reduced market demand or interest impacting businesses and economies. It includes a decline in consumer spending due to recession, a shift in consumer preferences away from a product, or a decrease in investment activity due to high interest rates or uncertainty. These changes can lead to lower sales, excess

inventory, and even job losses. ***Household costs effects:*** a key focus, particularly regarding household spending, consumer behavior, and macroeconomic stability. Rising costs, such as those related to price rises or increased taxes, can significantly impact a household's spending power, forcing them to cut back on non-essential items or maybe leading to difficulty in meeting basic living expenses particularly food, clothing and shelter. ***Rising business costs:*** can negatively impact various economic indicators, including GDP, wage growth, employment, and even international trade. Higher costs can lead to reduced earnings and business valuations. Businesses may respond by increasing prices, clearly impacting consumer spending. ***Employment Effects:*** A higher level of employment generally indicates a stronger, more resilient economy, while unemployment suggests a noticeable slowdown. Employment also impacts consumption, investment, and government revenue.

Assessment of post-earthquake micro-economic impact

Stage	Quantitative information gathering	Qualitative information gathering
Pre Survey Stage	Design Questionnaire	Design RNA-Rapid Needs Assessment forms
	1. Households Livelihood / Consumption, 2.MSMEs / Retailers, 3. Tourism, 4.Agriculture/Fishery, 5.Financial Institutions, 6. Local Government /Administrative Authorities	Relevant stakeholders: local authorities at sub-national level; township, and village tract, Local NGOs and/or International NGOs
Processing Stage: Field Research	Conduct Survey: Collection of data with structured questionnaire interviews	Conduct Rapid Needs Assessment; Collection of photos, video clips, posts on social media platform, maps; desk research/reviews
	Random Sampling Method: Households = 50-60 Hhs x 5 villages; village tract 250-300 Hhs; MSMEs / Retailers ~30 per village; village tract ~150; Tourism ~60; Farmers / Fishers = 80-100	Key Informant Interviews: 5-10 key Informants: Local/International NGOs; Authorities-Village tract, Township; Banks 5-8 managers of branch banks; Respective persons from schools, health centers
Output Stage	**Empirical Findings** considering interconnected factors to examine micro economic direct and indirect consequences resulting from earthquake incidence	**Policy recommendations and suggestions** - to provide evidence based economic recovery seeking for potential capacities like assistance (financial support to households), infrastructure recovery (roads, electricity, WASH, etc.); business support like micro-finance, loans, tax relief…); and long term resilience like DRR- disaster risk reduction measures such as early warning system estab-lished, public awareness program/ public talks/campaigns)

BACKGROUND READINGS

1. **https://documents.worldbank.org › en › publication › documents-reports › document detail › 09906112520501465 "The World Bank. Economic Aftershocks: Myanmar Economic Monitor Report". June, 2025**

2. **https://www.adb.org/sites/default/files/publication/27890/disaster-management-handbook.pdf "Asian Development Bank. Disaster Management; A Disaster Manger's Handbook" by W. Nick Carter.**

3. **https://myanmarengc.info › reports__thesis › myanmar-earthquake-shan-pre-crisis-profile-acaps-10-a acaps.org. Myanmar Earthquake: Shan pre-crisis profile. Thematic Report, 10 April, 2025.**

4. **https://www.undp.org › myanmar › press-releases › yangon-region-government-launches-earthquak UNDP, Yangon Region Earthquake Preparedness and Response Plan, 2019.**

5. **Aun Htoo. Note on things to consider in the research**

6. **Thurein Nyein. Power-point presentation: "Post-Earthquake Economic Impact Study. Inle Region. Assessing the Economic Impacts of the 2025 Earthquake on Inle Region Communities and Livelihoods"**


လျင်အန္တရာယ် ပျက်စီးဆုံးရှုံးမှု၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ခြင်း

ခင်ပွင့်ဦး (ဝါရင့်ဘောဂဗေဒပညာရှင်)

စာတမ်းအကျဉ်းချုပ်

လျင်အန္တရာယ် **earthquake disaster** ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆိုးကျိုးများ **economic and social impacts** ကို သိနိုင်ရန် အရေးပါသောမူဘောင်/နည်းပညာများ **frameworks** ဖြင့် ရည်မှန်းသတ်မှတ်ထားသည့်အဖြေသို့ ရောက်ရှိနိုင်ရန် သုံးသပ်ထားပါသည်။ သုတေသနတွေ့ရှိချက်များမှ ရှင်းလင်းလွယ်ကူသော စနစ်တစ်ရပ်အခြေခံသော **conceptual framework** နှင့် **theoretical framework** ဟုဆိုသော လမ်းပြမြေပုံများ - **road maps** ဖြင့် ဆန်းစစ်အသုံးပြုစေခြင်းတို့ကို ဆောင်ရွက်၍ ကွင်းဆက်အကျိုးဆက်ရရှိရေးကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ထားသည့် အကျိုးသက်ရောက်မှု ရည်မှန်းချက်သို့ ရောက်ရှိနိုင်ခြင်းကို သုံးသပ်တင်ပြထားပါသည်။

၁။ လျင်အန္တရာယ်ကြုံပြီးနောက် ဆုံးရှုံးမှုကို အကဲဖြတ်ရန် သဘောထား အယူအဆမူဘောင်



၂။ ငလျင်၏ နောက်ဆက်တွဲ အကျိုးဆက်များကို နားလည်ရန် အခြေအနေများ

သဘောထားအယူအဆမူဘောင်မှာ ခွဲခြမ်းစိတ်ဖြာမှုမှ တွေ့ရှိချက်များကို အကဲဖြတ်သည့် အထိ သုတေသနအဆင့်တစ်ခုစီကို သတ်မှတ်ရန် တည်ဆောက်ထားသည့် လမ်းပြမြေပုံ ဖြစ်သည်။ ထို့ကြောင့် မြေငလျင်၏ နောက်ဆက်တွဲသက်ရောက်မှုကို နားလည်ရန် အောက်ပါအခြေအနေ သုံးခုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

(၁) ငလျင်အကြိုအခြေအနေ

(၂) လက်ရှိ ငလျင်အခြေအနေ

(၃) ငလျင်လွန်အခြေအနေ

အသေးစိတ်စဉ်းစားရမည့်အရာများမှာ-
ငလျင်မလှုပ်မီအခြေအနေတို့ကို ဆန်းစစ်ရန် လိုအပ်ချက်များ

demand are being matched. However, the same experts note that converting unsold or delayed mangoes into value-added products can significantly reduce losses—sometimes to as low as 5%. Investments in small and medium-scale enterprises (SMEs) can enable producers to transform surplus mangoes into long-shelf-life products, such as frozen mango pulp, frozen mango slices, dried mango, and mango puree. These products not only stabilize markets and reduce seasonal losses, but also create new opportunities for domestic and export sales. Furthermore, they can target emerging sectors such as health-conscious consumers and the food service industry. Strengthening the value-added mango processing sector is therefore essential for upgrading the entire supply chain, reducing waste, increasing farmer and processor income, and unlocking new export potential.

Achieving this transformation will require **Public–Private Partnerships (PPPs)**, capacity building, access to finance, and alignment with international standards. Targeted interventions and coordinated action can lead to a supply chain that generates higher profits, withstands shocks, and evolves from a traditional agricultural system into a more resilient and differentiated agro-industrial model.

Quality Enhancement and Challenges in Myanmar's Mango Sector

The quality of Myanmar's mango industry is gradually improving, particularly through the adoption of **Good Agricultural Practices (GAP)**. With the increasing number of mango orchards applying for and obtaining GAP certification, farmers are able to produce safer, higher-quality products that meet market standards. GAP-certified practices promote positive agricultural methods that align with food safety, environmental conservation, and worker health, while also enhancing access to value-added export markets. Recognizing these benefits, Myanmar's agricultural authorities are expanding the promotion of GAP not only for mangoes but also for other crops, aiming to improve domestic food quality and increase international market competitiveness. For mangoes, GAP certification is essential to strengthening export competitiveness, especially for markets with stringent import requirements such as the **European Union and Russia**.

Despite these positive developments, mango farmers continue to face significant **operational challenges**. One of the most pressing issues is the **rising cost of agricultural inputs**. In recent years, the prices of fertilizers, pesticides, and farm machinery have increased substantially, reducing profit margins for smallholder farmers. Many farmers also lack access to training in cost-effective and efficient practices, such as organic or integrated farming methods, the proper application of essential agrochemicals, and the use of modern equipment. Limited **financial support** further exacerbates the problem. Many rural farmers, particularly those in remote and logistically challenging areas, cannot access government-backed loans or affordable credit. In addition to financial constraints, **inadequate rural infrastructure** poses a major barrier to the mango value chain. Poor road conditions and difficult access to markets delay the timely delivery of mangoes, leading to quality degradation and post-harvest losses. Cold-chain-dependent products like frozen mango pulp or chilled fresh mango often spoil due to insufficient temperature control and the lack of refrigerated transport.

A key structural weakness of the fruit sector is the **absence of crop insurance and climate-risk mitigation measures**. Farmers are frequently exposed to extreme weather events such as heavy rainfall, droughts, and, most critically, cyclonic storms, which can devastate orchards within minutes. Without early warning systems, these events create severe income instability for farmers and threaten the long-term viability of mango production in some regions. As climate variability increases, the need for **climate-resilient practices, insurance programs, and disaster preparedness systems** has become urgent.

In the **export sector**, Myanmar continues to face trade-related challenges that limit its ability to fully access international markets. Unstable trade routes, logistical delays, and slow customs clearance processes undermine both the freshness of exported mangoes and the potential for market expansion. These delays, particularly damaging for highly perishable fruits, can result in significant financial losses. Furthermore, the absence of smooth export protocols and full alignment with the standards of major trading partners restricts the competitiveness of Myanmar's exporters.

Monthly Price Trends of Mango in China Market (CNY/kg)

2020-2023

Month	2020	2021	2022	2023
Jan	15	14	21	16
Feb	14	17	18	15
Mar	13	14	16	13
Apr	12	11	15	12
May	12	8.5	13	15
Jun	13	9	16	12
Jul	9	10	14	9
Aug	12	12	12	10
Sep	11	12	15	10
Oct	12	13	17	11
Nov	13	14	16	9
Dec	17	22	16	13

Source: Mango Price variation record in Chana:
Vietnamese Mango Value Chain Analysis from Farm to Market, 2024

This chart compares monthly wholesale mango prices in China (CNY/Kg) for 2020-2023, showing a recurring seasonal trend of high prices in January-February, falling to the lowest in May-July during peak harvest, and rising again towards year-end. In 2020, prices started at around 16CNY/kg, dripped to 10 in mid-year, and ended above 17 in December. In 2021, prices peaked early ~18CNY/kg in February, dropped sharply to below 9 in May-June; the lowest among all years, then surged to about 22 CNY/kg in December; the highest recorded.

In 2022, prices were more stable, starting above 20 in January and maintaining moderate fluctuations with a mild late-year rise. In 2023, prices were generally lower and more volatile, with a short peak in May; ~16CNY/kg, a sharp drop to 9 in October, and a modest recovery in December. Overall, 2021 had the largest fluctuations, 2022 was the most stable with a strong start, and 2023 had the showed weaker price performance, likely influenced by supply, demand, or trade factors (Hung Vu Nguyen et. Al., Kurdish Studies, Vol. 12, Jan 2024)

In recent years, farmers and agricultural specialists have observed **changes in mango flowering and fruiting patterns**. Many mango varieties now bloom later than usual due to shifting seasonal patterns, slower transitions between seasons, and climatic variability. While these biological changes may affect harvest timing and market alignment, experts believe that production volumes remain relatively stable when appropriate adaptive practices and region-specific varieties are employed. To **fully capitalize on export opportunities and ensure long-term sustainability**, Myanmar's mango sector must enhance quality management from **farm to table**. This includes strict adherence to GAP standards, expanded capacity-building programs, integrated pest and nutrient management, and the adoption of modern logistics. Improved transport and road connectivity, installation of cold-chain systems along supply routes, and the effective use of digital platforms for market access will be critical. Additionally, crop insurance, climate-resilient practices, and reliable early warning systems will strengthen farmer confidence and risk management.

Through **coordinated interventions, stakeholder support, and collective action**, these challenges can be systematically addressed. A robust, quality-driven mango sector will not only reduce losses and stabilize farmer incomes but also position **Myanmar mangoes** as a competitive and reputable product in international markets.

Market Opportunities for Myanmar's Mango Sector

Myanmar's mango industry, particularly the highly popular **Sein Ta Lone** variety, presents promising export potential. However, sustaining a strong and competitive presence in international markets remains challenging. China continues to serve as the primary export destination, yet in **2024** mango exports to China fell to **one-third** of the previous year's volume. This decline was largely caused by regional instability, resulting in frequent transportation disruptions and reduced export capacity. Such delays not only damage fruit quality but also raise concerns among buyers, undermining the reputation of Myanmar exporters.

The absence of a **fast-track agricultural export clearance system**, such as a **Green Channel**, further exacerbates these delays. Prolonged customs procedures and transport interruptions accelerate product deterioration, reduce freshness, and weaken the sector's international competitiveness. In response to these challenges, many supply chain actors have shifted focus toward the **domestic market**. This shift has helped absorb part of the surplus supply, but domestic prices remain insufficient to fully offset the high production and logistics costs compared to export earnings. This imbalance highlights the urgent need for **upgraded transport infrastructure**, greater support for **value-added product development**, and **strategic export market diversification**.

Despite these obstacles, Myanmar's mango sector retains significant **opportunities in both regional and global markets**. Reducing dependency on a single market such as China is a strategic priority. Expanding trade routes and developing new market linkages with **Thailand, India, and the European Union** are crucial. Achieving this will require closer **trade negotiations**, **alignment with international quality and safety certifications**, and stronger **trade partnerships** under frameworks such as the **ASEAN Economic Community (AEC)** and the **Regional Comprehensive Economic Partnership (RCEP)**. Meanwhile, the **value-added mango processing sector** shows strong growth potential. Converting surplus mangoes into dried slices, jams, purees, or baking ingredients has already reduced post-harvest losses from **40% to as low as 5%** in some areas. Investments in rural **small and medium enterprises (SMEs)** create local jobs, raise rural incomes, and encourage **circular economy practices** by reusing by-products such as peels and seeds for animal feed or organic fertilizers, contributing to long-term sustainability.

The **domestic market** is also expanding due to urbanization and changing consumer preferences. Demand for the Sein Ta Lone variety is rising among the urban middle class, supported by the growth of **modern retail outlets, supermarkets, and digital marketplaces**. Developing **local branding, quality grading systems, and improved packaging** can strengthen consumer confidence and capitalize on this growing demand. To fully seize these opportunities, Myanmar must invest in **modern agricultural practices** and **quality certification systems**. Expanding **GAP and organic certification** will open access to high-value, health-conscious export markets. Simultaneously, upgrading **cold storage facilities, packing houses, and advanced warehouses** is critical to reduce post-harvest losses and preserve fruit quality for long-distance exports.

Public–Private Partnerships (PPPs) are essential to driving sectoral transformation. Financial support, crop insurance, sustainable input supply mechanisms, and infrastructure investments can reduce farmer vulnerability and enhance long-term competitiveness. Policy measures such as **tax incentives for certified producers** and **streamlined export procedures** will further strengthen Myanmar's position in global mango trade. By **overcoming current challenges** and strategically expanding both product offerings and market access, Myanmar's mango sector can transition from a primarily **fresh fruit export model** to a **diversified, value-added agro-industry**. This transformation will not only boost export revenue but also **enhance rural livelihoods** and contribute to **national economic development**.

Required Certifications for Myanmar Mango Exports

Importance of Compliance with International Standards: To access international markets, Myanmar's mango exports must ensure **product quality, food safety, and full traceability**. Exported mangoes are required to comply with the **Mango Codex Standard (CODEX STAN 184-1993, Rev.1-2009)**, which covers requirements for **grading, maturity, packaging, and labeling**.

Good Agricultural Practices (GAP) and Global GAP: While Myanmar currently applies its **Myanmar GAP** standard, **Global GAP certification** is often required to enter high-value

Western markets. Global GAP involves **rigorous documentation, risk assessments, and verification of environmental and social responsibility** throughout the production process.

Food Safety Management Systems (HACCP & ISO 22000): Post-harvest processing and packaging facilities must apply **Hazard Analysis and Critical Control Points (HACCP)** to ensure food safety. **ISO 22000**, which builds on HACCP principles, further enhances international market confidence in Myanmar's mangoes. However, **high compliance costs** remain a major challenge for many producers and processors.

GACC Certification for the Chinese Market: Exporters targeting China must comply with the **General Administration of Customs of China (GACC)** regulations. All products must be **registered under the GACC CIFER system** and meet **China's safety and phytosanitary standards**. Only mangoes sourced from **approved orchards and certified packing houses** are eligible for export to China.

Key Barriers and Requirements

Myanmar faces significant **resource and capacity constraints** in obtaining the required certifications. Limited infrastructure, low certification uptake, and gaps in production capacity aligned with **international market requirements**—even for the highly popular **Sein Ta Lone mango**—remain major obstacles to market integration.

To unlock international opportunities, Myanmar must prioritize:

- Infrastructure development to support certification and export logistics
- Wider adoption of certification systems (Myanmar GAP, Global GAP, HACCP, ISO 22000)
- Enhanced market linkages with both regional and global buyers
- Strategic branding and proactive market promotion to strengthen global visibility and competitiveness

Certification, market access, and value-added processing together form the **foundation for positioning Myanmar mangoes as premium products in the international marketplace**.

Policy Recommendation for Strengthening Myanmar's Mango Sector

To enhance the competitiveness of Myanmar's mango industry and strengthen its position in the global market, a **coordinated set of policy measures** is essential. Central to this transformation is **strong collaboration between the government and the private sector**. Establishing a **National Mango Development Taskforce** or a public–private partnership platform can improve coordination of **investments, technical assistance, and trade facilitation** across the entire mango value chain. Regular consultations between farmers, exporters, value-added processors, and government agencies will ensure that policies are relevant, inclusive, and responsive to industry needs.

Financial support and risk mitigation are equally critical. Most smallholder farmers lack access to affordable credit at government-backed interest rates and face constraints in investing in technology upgrades. The government should introduce **low-interest loan schemes** for certified producers and exporters. Complementary measures, such as **crop insurance**

programs, climate-risk early warning systems, and market information-sharing networks, can protect farmers from income shocks and improve financial resilience. Promoting **sustainable input use**—including organic fertilizers and environmentally friendly pesticides—will not only reduce production costs but also support the transition toward **eco-friendly, long-term agricultural systems**.

Infrastructure development remains a top priority. Inadequate transport networks, limited cold-storage capacity, and weak rural connectivity are major contributors to post-harvest losses and quality deterioration. Investments in **cold-chain infrastructure**, including mobile cold-storage units and refrigerated trucks, along with **modern packing and handling facilities** in mango-producing regions, will extend shelf life and preserve fruit quality for both domestic and export markets. Improved rural connectivity will allow farmers to deliver fresher produce faster, reduce dependency on intermediaries, and increase their bargaining power.

To **encourage high-quality production and value addition**, the government should provide **tax incentives and other benefits** for producers and exporters who comply with **international standards** such as **GAP, Global GAP, HACCP, and ISO 22000**. Streamlining **customs procedures** and introducing a **"Green Channel" for perishable agricultural exports** would expedite shipments and reduce costly delays. At the same time, providing **financial and technical support for processed mango products**—such as dried mango, frozen pulp, and other value-added items—would increase export revenue and reduce post-harvest waste.

Market diversification is another key strategic pillar. Heavy reliance on a single market exposes Myanmar's mango sector to significant risk. Developing export agreements and market access to **India, Thailand, the EU, and Russia** can stabilize income and enhance resilience. A **national branding initiative**, highlighting premium varieties such as **Sein Ta Lone**, will position Myanmar as a reliable supplier of **high-quality, traceable, and sustainable mangoes** in global markets. Active participation in **international trade fairs, virtual expos, and B2B matchmaking events** will increase visibility and strengthen connections with foreign buyers.

Expanding **certification and compliance** capacity is also vital. Training and capacity-building programs for smallholders to adopt **Myanmar GAP (MGAP)** will lay the foundation for broader **quality alignment**. To ease the financial burden of achieving **Global GAP and HACCP certification**, the government should offer **targeted subsidies and technical assistance**. Establishing a **national digital traceability system** will meet buyer requirements, improve transparency along the value chain, and reinforce international confidence in Myanmar mangoes.

In summary, by advancing **public–private collaboration, financial support, infrastructure investment, trade facilitation, market linkages, and certification adoption**, Myanmar's mango industry can transition from a **fresh fruit export model** to a **diversified, value-added agro-industrial sector** that competes globally. This transformation will not only **boost export revenue** but also **strengthen rural livelihoods, create jobs, and contribute significantly to national economic development**.

တန်ဖိုးမြှင့် မြန်မာ့သရက်ထုတ်ကုန်များ ဈေးကွက်ချိတ်ဆက်ခြင်းနှင့် သစ်သီးဝလံကဏ္ဍ စီးပွားရေး အခြေအနေ

မြလွင်လွင်အောင်
တွဲဘက်ဒါရိုက်တာ
Economy and Environment Institute for Lower Mekong Sub-Region (EEI-LMS)

စာတမ်းအကျဉ်းချုပ်

မြန်မာနိုင်ငံ၏ သရက်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသည် အလွန်ကောင်းမွန်သော အခွင့်အလမ်းများ ရှိသည်။ သရက်စိုက်ပျိုးမှုသည် ပြည်တွင်း/ပြည်ပဈေးကွက်များကို ပံ့ပိုးပေးနေသော်လည်း ဈေးကွက် တိုက်ရိုက် ချိတ်ဆက်နိုင်မှု နည်းပါးသည်။ စိုက်ပျိုးမှု အရည်အသွေးကို မြှင့်တင်ရန် GAP စံနှုန်းများကို စနစ်တကျ လိုက်နာ ကျင့်သုံးလာသော်လည်း စိုက်ပျိုးကုန်ကျစရိတ်မြင့်တက်ခြင်း၊ အခြေခံအဆောက်အအုံ မလုံလောက်ခြင်း၊ သီးနှံ အာမခံမရှိခြင်း စသည့် အခက်အခဲများကြောင့် ထပ်မံတိုးတက်မှုကို ထိခိုက်စေသည်။ ထို့အပြင် သယ်ယူပို့ဆောင် ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အကန့်အသတ်များကြောင့် ပြည်ပတင်ပို့မှု ကျဆင်းလာသဖြင့် စိုက်ပျိုး တောင်သူအများစုသည် ပြည်တွင်းဈေးကွက်ကို ဦးစားပေးလာရသည်။ အကြောင်းအရာအမျိုးမျိုးကို ရင်ဆိုင် ကြုံတွေ့နေရသော်လည်း မြန်မာသရက်စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ထဲတွင် တည်မြဲလာနိုင်ရန် အခွင့်အလမ်းများ ရှိနေဆဲဖြစ်သည်။ တရုတ်နိုင်ငံအပြင် အခြားဈေးကွက်များသို့ တိုးချဲ့ပို့ဆောင် ခြင်း၊ ကုန်သွယ်ရေးစာချုပ်များကို ကောင်းမွန်စေခြင်းနှင့် ပြည်ပတင်ပို့မှုများကို တန်ဖိုးတိုးမြှင့် ထုတ်ကုန်လုပ်ငန်း တိုးချဲ့ခြင်းတို့သည် စိုက်ပျိုးပြီးနောက် အခက်အခဲများကို လျော့နည်းစေပြီး အမြတ်အစွန်းတိုးစေမည် ဖြစ်သည်။ ခေတ်မှီဈေးကွက်များ တိုးချဲ့လာခြင်းကြောင့် ရောင်းဝယ်မှုပုံစံအသစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ အဆိုပါ ဈေးကွက်အားသာချက်များနှင့် ချိတ်ဆက်နိုင်ရန် နည်းပညာ၊ ဆက်စပ်ပံ့ပိုးစက်ကိရိယာနှင့် ဆက်သွယ်ရေးလမ်း ကြောင်း၊ အသိအမှတ်ပြုလက်မှတ်တို့ လိုအပ်မည်ဖြစ်သည်။ ထို့အပြင် အစိုးရနှင့် ပုဂ္ဂလိကအဆင့်မှ ငွေကြေး အကူအညီ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူဝါဒပြင်ဆင်မှုများ ပံ့ပိုးနိုင်ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝ ပိုမိုကောင်းမွန်နိုင်မှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း ရပ်တည်ချက်ကို ပိုမို ခိုင်မာလာစေမည် ဖြစ်သည်။

နိဒါန်း

ကမ္ဘာတဝှမ်း သရက်၊ မာလကာနှင့်မင်းဂွတ်စိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် (၅၇) မီလီယံတန်မှ ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် (၅၉) မီလီယံတန်သို့ တိုးမြှင့်ရောက်ရှိခဲ့ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ သရက်ဈေးကွက်သည် ထုတ်လုပ်မှုနှင့်အညီ စားသုံးမှုသည်လည်း တိုးမြှင့်လာလျက် ရှိပါသည်။ အာရှနိုင်ငံအများအပြားသည် နိုင်ငံတကာ သရက်ဈေး

ကွက်အတွက် အရည်အသွေးကောင်းမွန်သော အမျိုးအစားများစွာကို ထုတ်လုပ်တင်ပို့နိုင်သည့် အချက်အခြာဒေသများ ဖြစ်ကြပါသည်။

အိန္ဒိယနိုင်ငံသည် သရက်တင်ပို့ရောင်းချသည့် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သော်လည်း ၂၀၂၃ ခုနှစ်တွင် တင်ပို့ခဲ့သည့် အမေရိကန်ဒေါ်လာ (၁၄၈.၃၆) မီလီယံခန့်မှာ ယခင်နှစ် တင်ပို့ မှု၏ ၃၈.၉၆% ခန့် ကျဆင်းခဲ့သည်။ ထိုင်းနိုင်ငံမှ ရေပန်းစားနေသည့် နန်းတော်မိုင်း 'Nam Dok Mai' သရက်မျိုးကို ၂၀၂၄ ခုနှစ်တွင် ပြောင်းလဲမြှင့်တင်ထားသော စိုက်ပျိုးနည်းစနစ်များဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ မီလီယံ (၅၀၀) ခန့်အထိ တင်ပို့နိုင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံသည်လည်း သရက်စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများမှ နာမည်ရနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၎င်းတို့၏ 'Chaunsa' နှင့် 'Sindhri' တို့သည် နိုင်ငံတကာမှ ကြိုက်နှစ်သက်ကြပြီး အမေရိကန်ဒေါ်လာ မီလီယံ (၃၀၀) အထိ တင်ပို့နိုင်ပါသည်။ တရုတ်နိုင်ငံသည်လည်း သရက်တင်ပို့မှုတွင် တိုးတက်လာနေပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၆၁.၉၁) မီလီယံ တင်ပို့ထားပါသည်။ ဖိလစ်ပိုင်၏ ကမ္ဘာ့အချိုဆုံးသရက်အဖြစ် နာမည်ကြီးနေသော 'Carabao' သရက် သည်လည်း ၂၀၂၄ ခုနှစ် မှတ်တမ်းတွင် အမေရိကန်ဒေါ်လာ (၂၀၀) မီလီယံ တင်ပို့ထားကြောင်း ဖော်ပြထားပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့အဆင့် (၇) သရက်စိုက်ပျိုး ထုတ်လုပ်သူ စာရင်းဝင်ဖြစ်ပြီး နှစ်စဉ် ပုံမှန်ထုတ်လုပ်တင်ပို့နေသော်လည်း ကောင်းမွန်သော စိုက်ပျိုးရေးကျင့်ထုံးများ Agricultural Practices (GAP) လိုက်နာမှုအားနည်းနေသဖြင့် ဈေးကွက်ရရှိမှု အနည်းငယ်သာ ရရှိနေပါသည်။

ကမ္ဘာကျော်သရက်အမျိုးအများစုသည် အာရှတိုက်မှ ထွက်ရှိပြီး အမျိုးအစားအလိုက် ကွဲပြားခြားနားသည့် အရောင်အဆင်း၊ အနံ့အရသာနှင့် နူးညံ့ခြင်း၊ ကြွပ်ဆတ်ခြင်းတို့က မတူညီသည့် စားသုံးသူများ အကြိုက်လိုက်ကာ ရွေးချယ်စားသုံးနိုင်ကြပါသည်။ အိန္ဒိယနိုင်ငံမှ ထွက်ရှိသော သရက်တို့၏ ဘုရင်ဟု တင်စားခေါ်ဝေါ်ကြသည့် "Alphonso" တွင် မွှေးပြန့်သောအနံ့နှင့် ရွှေဝါရောင်အသား ရှိသည်။ ထိုင်းမျိုး နန်းတော်မိုင်းတွင် ချောမွေ့ပြီး ချိုမြသောအရသာ ခံစားနိုင်ပြီး ပါကစ္စတန်မှ "Chaunsa" သည် ပျားရည်နှင့်တူသော အချိုကို ပေးစွမ်းသည်။ ဖိလစ်ပိုင်မှ "Carabao" သည် ဂရင်းနစ်စံချိန်တင် အချိုဆုံးသော သရက်မျိုးစိတ် ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၏ "Himsagar" သည် အမျှင်ပါဝင်မှုနည်းခြင်းနှင့် အရည်ရွှမ်းပြီး နူးညံ့သည့်အတွက် နှစ်သက်ကြသည်။ ဗီယက်နမ်၏ 'Xoài Cát Hòa Lộc' တွင် ထူးခြားသည့် ပန်းရနံ့ရှိသည်။ တရုတ်၊ မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံများတွင် "Jinhuang" နှင့် "Harumanis" တို့ ကဲ့သို့သော ပရီမီယံမျိုးကွဲများ သည် ပြည်တွင်းနှင့် နိုင်ငံတကာတင်ပို့မှုများအတွက် အသိအမှတ်ပြုခံနေရဆဲ ဖြစ်သည်။ နိုင်ငံတကာမှ ဝယ်လိုအား

မြင့်တက်လာခြင်း၊ နည်းပညာတိုးတက်မှုများနှင့် စိုက်ပျိုးရေးအလေ့အကျင့်များ တိုးတက်ကောင်းမွန်လာခြင်းတို့နှင့်အတူ အဆိုပါနိုင်ငံများသည် နိုင်ငံတကာ သရက်သီးထုတ်လုပ်တင်ပို့ရောင်းချမှုများကို ဆက်လက်ဖော်ဆောင်နေကြပြီး ကမ္ဘာလုံးဆိုင်ရာ သရက်သီးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍတွင် အာရှ၏ရပ်တည်ချက်ကို အားကောင်းစေပါသည်။

မြန်မာ့သရက် အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် သရက်သီးမျိုးစိတ် (၂၀၀) ကျော်ရှိပြီး အမျိုးအစားများအလိုက် အနံ့၊ အရသာနှင့် အသွင်အပြင်တို့ ကွဲပြားခြားနားကြသည်။ သရက်ကို သမပိုင်းရာသီဥတုမှ အပူပိုင်းဒေသအထိ ကောင်းစွာ ဖြစ်ထွန်းစိုက်ပျိုးနိုင်သည်။ တောင်နှင့်မြောက် လတ္တီတွဒ် ၃၀ ဒီဂရီ အတွင်းရှိ အပူပိုင်းရာသီဥတုရှိသော ဒေသများတွင် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၀၀၀ အထိ စိုက်ပျိုးနိုင်သည်။ ထို့ထက်မြင့်မားသော နေရာများတွင် အအေးဒါဏ်ကြောင့် အပင်ကြီးထွားမှုမရှိဘဲ သေကြေပျက်စီးနိုင်ပါသည်။ မည်သည့်မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်သော်လည်း မြေသားထုများပြီး ရေစီးရေလာ ကောင်းမွန်သော မြေမျိုးကို ပိုမိုနှစ်သက် ဖြစ်ထွန်းသည်။ ရေစပ်မြေ၌ ရှင်သန်သော်လည်း အပင်မဖြစ်ထွန်းပါ။ သရက်ပင် ကြီးထွားဖြစ်ထွန်း အသီးသီးစေရန်အတွက် မိုးရွာသွန်းမှုပမာဏထက် မိုးရွာသွန်းမှုကာလသည် ပို၍ အရေးကြီးပါသည်။ ခြောက်သွေ့၍ အေးမြနေခြင်းသည် အသီးသီးမှုအတွက် ပိုမိုလှုံ့ဆော်မှုကို ရရှိစေသည်။

မြန်မာ့သရက်သီး ခူးဆွတ်သည့်ကာလနှင့် ဖွံ့ဖြိုးတိုးတက်မှု

သရက်သီးခူးဆွတ်သည့်ရာသီသည် အီကွေတာအနီးအဝေးပေါ်မူတည်၍ မြန်မာပြည် တောင်ပိုင်းမှ မြောက်ပိုင်းဒေသများသို့ သဘာဝအတိုင်း ရွေ့လျားလာပြီး ကမ်းရိုးတန်းဒေသများမှ ကုန်းမြင့်ပိုင်းဒေသများသို့ ပြောင်းလဲရွေ့လျားလာပါသည်။ ယေဘူယျအားဖြင့် ကမ်းရိုးတန်းဒေသများဖြစ်သော တနင်္သာရီနှင့် ဧရာဝတီတိုင်းတို့တွင် နှစ်စဉ်မတ်လမှ စတင်ခူးဆွတ်နိုင်ပြီး နောက်ဆုံးထွက်ရှိရာ ကုန်းမြင့်ဒေသဖြစ်သော ရှမ်းပြည်နယ်တွင် စက်တင်ဘာလအထိ ရရှိနိုင်ပါသည်။ ဤကဲ့သို့ သရက်သီးရရှိနိုင်မှု ကာလမတူညီသဖြင့် ဆွတ်ခူးနိုင်ချိန် ရှည်လျားလာပြီး ပြည်တွင်းပြည်ပ စျေးကွက်နှစ်မျိုးလုံးအတွက် အကျိုးကျေးဇူးရရှိနိုင်ပြီး ပို့ကုန်တင်ပို့ရန် ကုန်ပစ္စည်း ရရှိနိုင်မှုအခြေအနေကို ကောင်းမွန်စေပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သူများအသင်း (MFVP) သည် စိုက်ပျိုးတောင်သူများအတွက် ခေတ်မှီနည်းပညာများ ရရှိစေရေး၊ အထွက်နှုန်း တိုးတက်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း/ပြည်ပ ဈေးကွက် ရရှိရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေး ဦးစီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ FAO ၊ GIZ ၊ USAID ၊ Winrock ၊ SAFT တို့နှင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄/၂၀၁၅ မှ စတင်၍ သရက်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေ ရေး၊ မြန်မာ့သရက်များ ထိန်းသိမ်းစုဆောင်းနိုင်ရေးသာမက ရာသီဥတုပြောင်းလဲမှုများတွင် ကြံ့ကြံ့ ခိုင်နိုင်ရေးတို့ကို ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ဆွေးနွေးအကြံပြုမှုများ ပြုလုပ်ပေးသည့်အပြင် မြန်မာ့သရက်သီးပွဲတော် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ စာတမ်းဖတ်ခြင်း၊ အလုပ်ရုံဆွေးနွေး ပွဲများ ပြုလုပ်ခြင်း၊ နိုင်ငံတကာစိုက်ပျိုးရေး အခြေခံကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် စီးပွားရေး ချိတ်ဆက်ခြင်း Business Matching များကိုလည်း စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ့သရက်သီး အမျိုးအစားများ

စိန်တလုံး - ကောင်းမွန်သော သရက်သီးအမျိုးအစား များစွာထဲမှ နာမည်ကျော် လူကြိုက် များနေသည့် အမျိုးအစားမှာ "စိန်တလုံး" သရက်အမျိုးအစား ဖြစ်ပါသည်။ စိန်တလုံးသရက်၏ ထူးခြားသည့် မွှေးရနံ့၊ ချောမွတ်သော သရက်သီးအသားတို့ကြောင့် ကျော်ကြားသည်။ ၁၉၉၀ ခုနှစ် နောက်ပိုင်း၌ လူသိများလာပြီး စိုက်ပျိုးမှု တဟုန်ထိုးတိုးတက်လာသည့် သရက်မျိုးဖြစ်သည်။ မူလ မျိုးရင်းမှာ မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ရပ်ဖြစ်သည်။ မန္တလေးတိုင်း၊ စစ်ကိုင်း တိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြသည်။ အခြားသရက်သီးများထက် အထားအသို ခံသောကြောင့် ထုတ်ပိုးမှု၊ သယ်ယူမှုပြုလုပ်ရာတွင် အပျက်အစီးနည်းပါးသည့်အတွက် ပြည်ပပို့ကုန် အဖြစ် အထူးသင့်လျော်သည်။ သို့သော်လည်း တစ်ကေအသီးထွက်နှုန်း နည်းပါးသည်။ ရောဂါပိုးမွှား ဒဏ်ကို အထိုက်အလျောက် ခံနိုင်ရည်ရှိသည်။

မြကျောက် - စီးပွားဖြစ် ထုတ်လုပ်ရောင်းချသော သရက်မျိုးများတွင် အစောဆုံးထွက်ရှိ သည့် သရက်မျိုးဖြစ်သည်။ အရွယ်အစားကြီးမားပြီး အသီးထွက်နှုန်းလည်း ကောင်းမွန်သည်။ အသီး၏ အရသာမှာ ချိုမြမြနှင့် အချဉ်ခါတ် အနည်းငယ်ပါဝင်သဖြင့် ကြိုက်နှစ်သက်သူ များပြား သည်။ အသီးအရွယ်အစား ကြီးမားသဖြင့် ဝယ်ယူသူများကို ဆွဲဆောင်နိုင်သော်လည်း ထိခိုက်လွယ် ခြင်း၊ အထားအသိုမခံခြင်းတို့ကြောင့် အဝေးသို့ ပို့ဆောင်ရောင်းချနိုင်မှု အားနည်းသည်။ မူရင်းဒေသ

မှာ ပဲခူးတိုင်း၊ ပြည်၊ ပေါက်ခေါင်းအနီးတဝိုက်ဖြစ်သည်။ မိုးနည်းပြီး လေထုစိုထိုင်းဆနည်းပါးသော ဒေသများတွင် စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းပြီး ရောဂါကျရောက်မှု နည်းပါးနိုင်သည်။

ရွှေဟင်္သာ - မန္တလေးတိုင်းမှ ထွက်ရှိသည့် သရက်မျိုးဖြစ်သည်။ အပင်ဖြစ်ထွန်းမှု၊ ကြီးထွားမှုနှင့် အသီးထွက်နှုန်း ကောင်းမွန်သည်။ အသီးပုံသဏ္ဌာန်မှာ ထူးခြားသည့် ငှက်နှုတ်သီးပုံ ရှိသည်။ အောက်မြန်မာပြည်တွင် စိုက်ပျိုးမှုနည်းပါးပြီး အထက်မြန်မာပြည်တွင် စိုက်ပျိုးမှု များပြားသလို ပြည်တွင်းစားသုံးမှုထက် ပြည်ပ-တရုတ်ပြည်သို့ တင်ပို့ရောင်းချမှု ပိုမိုများပြားသည်။ စိန်တလုံး သရက် ပေါပေါများများ မပေါ်ထွက်မှီကစ၍ ယနေ့တိုင် တရုတ်ပြည်စျေးကွက်တွင် နေရာရနေဆဲ ဖြစ်သည်။

ပတ္တမြားငမောက် - မန္တလေးတိုင်း ပေါ်တော်မူအရပ်သည် မျိုးရင်းဒေသဖြစ်သည်။ ၂၀၀၅ ခုနှစ်နောက်ပိုင်းတွင် လူသိများလာပြီး မြန်မာပြည်အနှံ့အပြားတွင် စိုက်ပျိုးအောင်မြင်သည်။ အသီးမှာ ရင်ကွဲသရက်နှင့် ပုံသဏ္ဌာန်ဆင်တူသော်လည်း အရွယ်အစား ကြီးမားသည်။ ရင့်မှည့်သည့်အခါ နေရောင်ရရှိမှု အပေါ်မူတည်၍ အနီရောင်နှင့် အဝါ၊ အစိမ်း သုံးရောင်ခြယ်သို့ ပြောင်းလဲသွားပြီး အသွင်အပြင်ဆွဲဆောင်မှု အားကောင်းသည်။ အခြားသရက်မျိုးများနှင့် ပန်းပွင့်ချိန် တူညီသော်လည်း အသီးထွက်ချိန် နောက်ကျတတ်သည်။

ရင်ကွဲ - ရင်ကွဲသရက်တွင် အရသာ ထူးခြားကောင်းမွန်ပြီး အမျှင်ဓါတ်ကြွယ်ဝသည်။ ရာသီဥတုနှင့် မြေအမျိုးအစား မရွေးစိုက်ပျိုးဖြစ်ထွန်းသော အကြမ်းခံသည့် အမျိုးအစား ဖြစ်သဖြင့် မြန်မာပြည်တဝှမ်း စိုက်ပျိုးထုတ်လုပ်ကြပြီး စိုက်ဧက အများဆုံးဖြစ်သည်။ သီးထွက်နှုန်း ကောင်းမွန်ပြီး သီးထွက်ကာလ ကြာရှည်သည်။ ဇွန်လမှ စက်တင်ဘာလတိုင်အောင် ရရှိနိုင်သည်။ အသီးထွက်နှုန်း များပြားခြင်း၊ နေရာဒေသမရွေး အလွယ်တကူ ရရှိနိုင်ခြင်းနှင့် စျေးနှုန်းသက်သာမှုများကြောင့် အသီးစားသုံးခြင်းအပြင် တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးအစားများစွာအနေဖြင့်လည်း ဝယ်ယူရရှိနိုင်သည်။ ဥပမာ - သရက်ချဉ်၊ သရက်ပြင်၊ သရက်သီးအနှစ်၊ သရက်သီး ခြောက်၊ သရက်ယို။

မချစ်စု - မချစ်စုကို ငယ်စဉ်ကစပြီး အရွယ်အစားအစုံတွင် စားသုံးနိုင်ပါသည်။ သီးကင်းမှစ၍ သရက်သီးစိမ်း ကြွပ်ကြွပ်နှင့် ရင့်မှည့်သည့်အခါ အရသာ အချိုဓါတ်ပြင်းပြင်း နူးညံ့သည့်သရက်သီးကို စားသုံးနိုင်မည်ဖြစ်ပါသည်။ လူအများ နှစ်သက်ကြခြင်း၏ အဓိကအကြောင်းရင်းမှာ ဝင်းမွတ်သည့် အသားထူထူပါရှိခြင်းနှင့် ထူးခြားသောမွှေးရနံ့ လုံလုံလောက်လောက်ရှိခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း မချစ်စုသည် နူးညံ့လွန်းသဖြင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များအတွင်း အလွယ်တကူ ပျက်စီးနိုင်သည့် အားနည်းချက်ကြောင့် စျေးကွက်ချိတ်ဆက်မှု အခွင့်အလမ်းများ နည်းပါးနေပါ

သည်။ များသောအားဖြင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလေ့ရှိပါသည်။ ထို့အပြင် မချစ်စုသည် မြန်မာနိုင်ငံ၏ အထင်ကရ သရက်သီးမျိုးများဖြစ်သည့် စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြား၊ ရင်ကွဲသီးမျိုးများနှင့်အတူ ဒေသထွက်ကုန်အဖြစ် ထိန်းသိမ်းသင့်သော မျိုးစိတ်အနက် တစ်မျိုး ဖြစ်ပါသည်။

မြန်မာ့သရက် တန်ဖိုးမြှင့် ထုတ်ကုန်များ

လတ်ဆတ်သည့် သရက်သီးများကို စားသုံးခြင်းအပြင် ၎င်း၏ သဘာဝချိုမြိန်မှုကို ထိန်းသိမ်းပေးထားသည့် သရက်သီးခြောက်များလည်း ရရှိနိုင်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်သည့် နှုတ်မြိန်စားစရာအဖြစ် ထင်ရှားပါသည်။ အအေးခန်းတွင် သိုလှောင်ထားရသည့် သရက်သီးအနှစ်များကိုလည်း တနှစ်ပတ်လုံး ရရှိနိုင်ပြီး အသီးဖျော်ရည်များ၊ အအေးနှင့် ကိတ်မျိုးစုံတို့တွင် ထည့်သွင်းအသုံးပြု၍ သရက်သီးအချိုပွဲများကို တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။ ထို့အပြင် အေးခဲထားသော သရက်သီးအနှစ်များကို မုန့်နှင့် မုန့်ဖုတ်ခြင်းများ၊ ကျန်းမာရေးဆိုင်ရာ ဖြည့်စွက်စာများတွင် သဘာဝအရသာ ပါဝင်ပစ္စည်းအဖြစ် ထည့်သွင်းအသုံးပြုခြင်းများ များပြားရေပန်းစားနေပါသည်။ ဤတန်ဖိုးမြှင့် ထုတ်ကုန်များသည် သရက်သီး၏ သိုလှောင်နိုင်မှုသက်တမ်းကို တိုးမြှင့်ပေးရုံသာမက ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားသုံးသူများကို ဖြည့်ဆည်းပေးသည့် စျေးကွက်အလားအလာကောင်းကို မြှင့်တင်ပေးပါသည်။

ပြည်တွင်း စျေးကွက်များတွင် လတ်ဆတ်သော သရက်သီးများကို ရရှိနိုင်ရုံမျှမက သရက်ပြင်၊ သရက်သီးယို၊ သရက်သီးခြောက်၊ သရက်သီးဆားရေစိမ်၊ သရက်သီးသနပ်၊ သရက်မဆလာနှင့် အခြားသော အမျိုးအမည် များစွာရရှိနိုင်ပါသည်။ ဤသို့သော တန်ဖိုးမြှင့်ထုတ်ကုန်များသည် သရက်သီး၏ ရရှိနိုင်မှုသက်တမ်းကို တိုးမြှင့်ထားရုံသာမက စျေးနှုန်းရရှိမှုနှင့် လေလွင့်ဆုံးရှုံးမှုများ လျော့ချနိုင်ရန် အတွက်တွင်လည်း အထောက်အကူ ဖြစ်စေသည်။ ထို့အပြင် တန်ဖိုးမြှင့်ကဏ္ဍသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို တိုးမြင့်လာစေပြီး ဒေသတွင်း စိုက်ပျိုးရေးအခြေခံအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးပါသည်။ အဆိုပါ သရက်သီးပြုပြင်ထုတ်လုပ်သည့် ထုတ်ကုန်များသည် ပြည်တွင်းတွင်သာမက နိုင်ငံတကာစျေးကွက်တွင်ပါ ဝယ်လိုအား ကြီးထွားလျက်ရှိသည့်အတွက် မြန်မာ့သရက်တင်ပို့မှုကို မြှင့်တင်နိုင်ရုံသာမက စိုက်ပျိုးရေးလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်း တိုးမြင့်လာစေရန် လမ်းစတစ်ခု ဖြစ်ပါသည်။

သို့သော်လည်း အဆိုပါ တန်ဖိုးမြှင့်ထုတ်ကုန်ကဏ္ဍသည် နည်းပညာပံ့ပိုးမှု အဓိကကျသည့် အတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာများနှင့် စားသုံးသူတို့မှ ရွေးချယ် ဝယ်ယူလိုသော စျေးကွက်လိုအပ်ချက်များ လိုက်လျောညီထွေ ဖြစ်နေစေရန်လည်း လိုအပ်ပါသည်။ ဥပမာ - ရုရှားနိုင်ငံမှ သရက်သီးခြောက် ဝယ်လိုအား များပြားနေသော်လည်း မြန်မာနိုင်ငံမှ လက်ရှိ ထုတ်လုပ်နေသော အရည်အသွေးနှင့် ကိုက်ညီမှုမရှိပါ။ မြန်မာ့စျေးကွက်တွင် ရရှိနိုင်သည့် သရက် ခြောက်များသည် ယေဘူယျအားဖြင့် သရက်ယို၊ သရက်သီးသနပ်နှင့် အခြားသော စားသောက်ကုန် များကို တနှစ်ပတ်လုံး ထုတ်လုပ်နိုင်ရန် သဘာဝအခြောက်ခံနည်းဖြင့် ကြာရှည်စွာ ထိန်းသိမ်းထား နိုင်သည့်ပုံစံသာ ဖြစ်သည်။ ရုရှားနိုင်ငံမှ ဝယ်ယူလိုသော သရက်သီးခြောက်အမျိုးအစားသည် သရက်သီး၏ သဘာဝ အရောင်၊ အနံ့၊ အရသာတို့ကို ထိန်းသိမ်းထားနိုင်ပြီး သရက်သားအလွှာ အနည်းငယ်ထူထဲကာ ပျော့ပြောင်းနူးညံ့သည်။ ထိုကဲ့သို့ ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းစဉ် များနှင့် အသေးစား အငယ်စား တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းရှင်များအတွက် နည်းပညာအထောက် အပံ့များ လိုအပ်လျက် ရှိပါသည်။

စျေးကွက် ချိတ်ဆက်မှုနှင့် အထောက်အပံ့များ

မြန်မာနိုင်ငံမှ စိန်တလုံးသရက်သီးများကို အဓိကအားဖြင့် တရုတ်၊ ထိုင်း၊ စင်္ကာပူ၊ မလေးရှား နှင့် ယူအေအီးနိုင်ငံများသို့ တင်ပို့နေပါသည်။ စိန်တလုံးသရက်သီးသည် အဆင့်အတန်းမြင့် အရည် အသွေးကောင်း စျေးကွက်ဝင် ဝယ်လိုအားမြင့်မားမှုကြောင့် ကမ္ဘာ့စျေးကွက်တွင် အခွင့်အလမ်း များစွာကို ဖော်ဆောင်နေပါသည်။ ၎င်း၏ ထူးခြားသောချိုမြိန်မှုနှင့် အနံ့၊ အရသာတို့သည် ဥရောပနှင့် အရှေ့အလယ်ပိုင်းသို့ ပို့ကုန်တိုးမြှင့်ရန်အတွက် ခိုင်မာအားကောင်းသော အလားအလာရှိသည့် ကုန် ပစ္စည်း အမျိုးအစားဖြစ်ပါသည်။ ထို့အပြင် အော်ဂဲနစ်စိုက်ပျိုးရေးအတွက် သင့်လျော်သော တန်ဖိုး မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး စျေးကွက်တန်ဖိုးမြှင့်တင်ပေးနိုင်သည့် အခွင့်အလမ်းကောင်း လည်း ဖြစ်ပါသည်။

သို့ရာတွင် အလားအလာကောင်းများကို မြှင့်တင်ရန်အတွက် စိန်ခေါ်မှုများစွာလည်း ရှိနေပါ သေးသည်။ သစ်သီးများ၏ သက်တမ်းကို ပိုမိုကောင်းမွန်သော အအေးခန်းသိုလှောင်ရုံများ အသုံးပြု ရန်နှင့် တင်ပို့စဉ် လမ်းခရီးအတွင်း လတ်ဆတ်မှုကို ထိန်းသိမ်းရန် ထိရောက်သော ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ် လိုအပ်ပါသည်။ ထို့အပြင် ရာသီအလိုက် ပို့ကုန်ကန့်သတ်ချက်များနှင့် ကုန်သွယ်မှုအတားအဆီးများသည် ထောက်ပံ့ပို့ဆောင်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ

အတားအဆီးများကို ဖြစ်စေသည်။ သရက်သီးခြောက်များနှင့် အေးခဲသရက်နှစ်များကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန်များကို အကန့်အသတ်ဖြင့် စီမံဆောင်ရွက်ပေးနိုင်သည့် အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်စေရေး၊ ထောက်ပံ့ရေး ကွင်းဆက်စီမံခန့်ခွဲမှုနှင့် မူဝါဒပံ့ပိုးမှုများကို ဆောင်ရွက်ခြင်းနှင့် ၎င်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများမှတဆင့် အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားခြင်းသည် နိုင်ငံတကာဈေးကွက်ရှိ စိန်တလုံးသရက်သီးများ၏ အလားအလာကောင်းများကို ဖွင့်လှစ်ပေးနိုင်မည့် သော့ချက်ဖြစ်ပါသည်။


အေးခဲထားသော သရက်သီးအနှစ်၊ သရက်အသားများနှင့် သရက်သီးခြောက်များ တင်ပို့ခြင်းသည် ပို့ကုန်အလားအလာကောင်းများကို ပေးစွမ်းနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာကို ကိုင်တွယ်ဖြေရှင်းရန် ရှိနေပါသည်။ အဓိက အတားအဆီးများထဲမှ တစ်ခုမှာ ခေတ်မှီတန်ဖိုးမြှင့်ထုတ်ကုန်များ လုပ်ဆောင်နိုင်သည့် အခြေခံအဆောက်အအုံများ မရှိခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့်အညီ ပြောင်းလဲတိုးတက်နေသော နည်းပညာတို့ဖြစ်ကြပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာပို့ကုန် စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်သော အဆင့်မြင့်အအေးခန်းနှင့် အခြောက်ခံစက်များ ရှားပါးနေပါသည်။ ဤစိန်ခေါ်မှုကို ကျော်လွှားရန်မှာ IQF (Individually Quick Frozen) နည်းပညာနှင့် ခေတ်မှီအခြောက်ခံ နည်းစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးသည် သရက်သီး၏ အရည်အသွေးနှင့် အနံ့၊ အရသာတို့ကို သဘာဝအတိုင်း ကောင်းမွန်စွာ ထိန်းသိမ်းထားရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။

မြန်မာ့သရက် ထုတ်လုပ်မှု ထောက်ပံ့ရေးကွင်းဆက်

မြန်မာ့သရက်သီး ထောက်ပံ့ရေး ကွင်းဆက်သည် ကြားခံကုန်သည်များနှင့် ထုတ်လုပ်သူများမှ ဈေးကွက်သို့ တိုက်ရိုက် သို့မဟုတ် တဆင့်ခံဖြင့် အရောင်းအဝယ်ပြုလုပ်သည့် ရှုပ်ထွေးသော ကွန်ယက်တခုဖြစ်သည်။ ကျေးလက်ဒေသနှင့် မြို့ပြအနီးအနားမှ ဒေသအများစုသည် သရက်သီးထုတ်လုပ်မှုကဏ္ဍ၏ ကျောရိုးဖြစ်လာပြီး တောင်သူငယ်များနှင့် စိုက်ပျိုးရေးခြံအများစုတို့၌ မိမိတို့ဥယျာဉ်ခြံများမှ ထွက်ရှိသောသီးနှံများကို ခြံတွင်လာရောက် ခူးဆွတ်ဝယ်ယူသူ ကုန်သည်များကို မှီခိုနေရပြီး ၎င်းတို့မှတဆင့် ဈေးကွက်အတွင်းသို့ ဖြန့်ချီလေ့ ရှိကြသည်။ ထိုသို့ မှီခိုအားထားမှုသည် ဈေးကွက်နှင့်ပတ်သက်သည့် အချက်အလက်များကို လက်လှမ်းမမှီနိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုလမ်းကြောင်းအတွက် ပို့ဆောင်ရေးကဏ္ဍသည် တစ်ဦးတစ်ယောက်ချင်းအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ခက်ခဲခြင်း၊ စုပေါင်းဆောင်ရွက်ရန် အသင်းအဖွဲ့စနစ်ကို အစုအဖွဲ့များအဖြစ်

တည်ထောင်သော်လည်း သီးနှံများ တစ်နေရာထဲတွင်စုစည်းပြီး တင်ပို့နိုင်ရန် လိုအပ်သည့်အဆင့် ဆင့်သော ရိတ်သိမ်းချိန်လွန် ဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ရေးအတွက် စုပုံထားရှိရန် နေရာ အခက်အခဲ၊ အခြေခံအဆောက်အအုံနှင့် အခြား အကြောင်းအရာများစွာတို့ကြောင့် ဖြစ်သည်။

အချို့သော အလယ်အလတ်အဆင့်ရှိသည့် စိုက်ပျိုးတောင်သူများသည် မိမိတို့၏ အစီအစဉ် ဖြင့် ကိုယ်တိုင်ခူးဆွတ်ခြင်း၊ အရည်အသွေးနှင့် အရွယ်အစား ခွဲခြားခြင်း၊ သယ်ယူပို့ဆောင်ရေးတို့ကို စီစဉ်၍ ဈေးကွက်အတွင်းသို့ တိုက်ရိုက်ဖြန့်ချိနိုင်ရန် ကြိုးပမ်းကြသော်လည်း ကုန်သည်များ၏ ဈေး ကွက်အတွင်း လွှမ်းမိုးမှုနှင့် ဈေးကစားမှုများကြောင့် နစ်နာမှုများ မကြာခဏ တွေ့ကြုံကြရသည်။




Source: Own Compilation

သို့သော်လည်း မြို့ပြဒေသများ၏ ခေတ်မှီရောင်းဝယ်ရေး စနစ်များဖြစ်ကြသော အိမ်တိုင် ရာရောက် ပို့ဆောင်ရေးစနစ်နှင့် ဒစ်ဂျစ်တယ်နည်းပညာသုံး ရောင်းဝယ်ရေးစနစ်များနှင့် ချိတ်ဆက် နိုင်ကြသည့် တောင်သူများသည် ပိုမိုကောင်းမွန်သော အရင်းအမြစ်များနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ခြင်းဖြင့် ပြည်တွင်း လက်လီ/လက်ကား ရောင်းဝယ်သူများနှင့် ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်သူများကို ချိတ်ဆက်ဆောင်ရွက်နိုင်လာကြသည်။

ထိုကဲ့သို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်မှုများသည် အမြတ်အစွန်းကို ပိုမိုမြင့်မားစေပြီး မိမိတို့၏ ကုန်ပစ္စည်းအရည်အသွေး၊ လတ်ဆတ်မှုများကို ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းဆောင် ရွက်နိုင်စေပါသည်။ ကောင်းမွန်စွာလည်ပတ်ပြီး ထိရောက်မှုရှိသည့် တန်ဖိုးကွင်းဆက်လမ်းကြောင်း သည် မြန်မာ့သရက်သီးကဏ္ဍကို တိုးတက်ကောင်းမွန်စေမည့် အရေးကြီးအချက် ဖြစ်ပါသည်။ ရိတ်သိမ်းချိန်လွန် နည်းပညာစီမံခန့်ခွဲမှုတွင် အမျိုးအစား ခွဲခြားခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ သန့်စင် ခြင်း၊ ထုတ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်း အထိပါဝင်ပြီး ဆုံးရှုံးမှုနှင့် အလေအလွင့်နည်းပါးစေရန် လျှော့ချ

ခြင်း၊ စျေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ကွင်းဆက်အတွင်းရှိ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ရပါမည်။ တန်ဖိုးကွင်းဆက်အတွင်းမှ အဓိကပါဝင်သူများမှာ စိုက်ပျိုးသူများ၊ ကုန်ပစ္စည်း စုဆောင်းသူများ၊ ကုန်သည်များ၊ တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများနှင့် ပြည်တွင်းလက်လီ/လက်ကား ရောင်းချသူများ ပါဝင်ပါသည်။ ထုတ်ကုန်အရည်အသွေး၊ ဘေးကင်းမှုနှင့် နောက်ကြောင်းပြန် ခြေရာခံနိုင်မှုဆိုင်ရာ တင်းကြပ်သည့် စံနှုန်းများ ကျင့်သုံးသည့် ပို့ကုန်စျေးကွက်များသို့ ချိတ်ဆက်ဝင်ရောက်နိုင်ရန် အတွက် ဤကွင်းဆက်၏ ထိရောက်မှုမှာ အထူးအရေးကြီးပါသည်။

ဗီယက်နမ်နိုင်ငံ သရက်စျေးကွက် ချိတ်ဆက်မှုကို လေ့လာကြည့်ရာတွင် အဓိကအားဖြင့် သွင်းအားစုများမှ စတင်၍ တောင်သူများစိုက်ပျိုးထုတ်လုပ်မှုကို ပြသထားပြီး ထုတ်လုပ်နိုင်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် သီးနှံကောက်ခံဝယ်ယူသူများထံသို့ ရောက်ရှိသွားပြီး ၆၅ ရာခိုင်နှုန်းခန့်မှာ လက်ကားရောင်းဝယ်သူများထံသို့ ထပ်ဆင့်ရောက်ရှိ၍ ၆၀.၄% သည် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည်။



Source: Diagram of Vietnamese Mango Marketing Channels, Vietnamese Mango Value Chain Analysis from Farm to Market, Hung Vu Nguyen, et al., Kurdish Studies, Volume 12, Jan 2024

ပြည်တွင်းစားသုံးမှုမှာ စုစုပေါင်း ထုတ်လုပ်မှု၏ ၁၉.၂% သည် အဆင့်မြင့်စျေးများနှင့် စူပါမားကတ်များမှ တဆင့်ဝင်း ၇.၃% သည် လက်လီရောင်းချသော စျေးငယ်များမှဝင်း ဝယ်ယူစားသုံးကြသည်။ အနည်းငယ်သော ပမာဏသည်သာ တောင်သူများထံမှ လက်ကားရောင်းချသူများထံသို့ ဝင်း၊ အသင်းအဖွဲ့များမှ တစ်ဆင့်သော်ဝင်း၊ အိမ်တိုင်ရာရောက် ရောင်းဝယ်ခြင်းဖြင့်ဝင်း တိုက်ရိုက်

ဖြန့်ဖြူးနိုင်ကြသည်။ ဒေသခံအစိုးရ၊ သုတေသန သင်ကြားရေးအဖွဲ့များနှင့် တိုးချဲ့ဝန်ဆောင်မှုများမှ ထောက်ပံ့ကူညီပေးနေသော်လည်း ဤချိတ်ဆက်မှု ဖွဲ့စည်းပုံသည် ကုန်သည်/ပွဲစားများနှင့် ပြည်ပသို့ တင်ပို့နေသော တရုတ်ပြည်စျေးကွက် အခြေအနေပေါ်တွင် များစွာမှီခိုနေရသည်။

အခြားနိုင်ငံများ၏ တိုးတက်ပြောင်းလဲမှုများကို လေ့လာခြင်းမှ မြန်မာ့သရက်သီး ထောက်ပံ့ရေးကွင်းဆက်ကို အမှန်တကယ် မြှင့်တင်နိုင်ရန်အတွက် ပြောင်းလဲတိုးတက်မှုများစွာ လိုအပ်ပါသည်။ ၎င်းတို့တွင် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန် ဆက်သွယ်ရေးလမ်းကြောင်းများ၊ သယ်ယူ ပို့ဆောင်ရေးကာလအတွင်း ပျက်စီးမှုနည်းပါးစေရန် အအေးခန်းယာဉ်များကို အသုံးပြုခြင်းများနှင့် ကောင်းမွန်သည့် နည်းစနစ်များကို မှန်ကန်စွာအသုံးချခြင်းများ ပါဝင်ပါသည်။ စွမ်းရည်တိုးတက်စေရန် သက်ဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် စျေးကွက်ချိတ်ဆက်၍ Global Agri-Trade platform များတွင် ဝင်ရောက်ရောင်းဝယ်နိုင်ခြင်း၊ အစုအဖွဲ့များ အားကောင်းလာအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အခြားသူများအပေါ်တွင် မှီခိုမှုလွန်ကဲခြင်းတို့ကို လျှော့ချပေးနိုင်ခြင်း၊ အလေအလွင့် လျော့နည်းစေနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများကို အခြားနည်းလမ်းဖြင့် ဝင်ငွေရရှိနိုင်အောင် ဆောင်ရွက်ခြင်း၊ တန်ဖိုးမြှင့်လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်တိုးတက်စေနိုင်ခြင်း၊ ကွင်းဆက်တလျှောက် ထောက်ပံ့ခြင်းများ ပိုမိုကောင်းမွန်စေခြင်း၊ ခေတ်မှီစက်ကိရိယာများ ပိုမိုအသုံးပြုနိုင်ခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးမြှင့်ကောင်းမွန်လာစေခြင်းတို့သည် သရက်သီးပို့ကုန်ဆောင်ရွက်မှုတွင် ရှေ့ပြေးများဖြစ်သော ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ကို အမှီလိုက်နိုင်မည့် အဓိကလိုအပ်ချက်များ ဖြစ်ပါသည်။

မြန်မာ့သရက်သီးကဏ္ဍမှ ထိပ်တန်းကျွမ်းကျင်သူများ၏ ပြောကြားချက်အရ အထင်ရှားဆုံးပြဿနာမှာ ရိတ်သိမ်းချိန်လွန် သရက်သီးများကို လတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်သည့် အနေအထားဖြင့် စျေးကွက်သို့ အချိန်မှီတင်ပို့လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စုစုပေါင်း သရက်သီးထွက်ရှိမှုပမာဏ၏ ၄၀% ခန့်သည် နှစ်စဉ် ပျက်စီးဆုံးရှုံးမှုကို ကြုံတွေ့ခဲ့ရသည်။ ရိတ်သိမ်းချိန်လွန် နည်းပညာမလုံလောက်ခြင်း၊ အပူချိန် ထိန်းချုပ်နိုင်မှုအခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် ရောင်းလိုအားနှင့် ဝယ်လိုအား ညှိနှိုင်းနေစဉ်ကာလအတွင်း ပျက်စီးဆုံးရှုံးမှု ကြီးမားသည်။ သို့သော် တူညီသောကျွမ်းကျင်သူက အဆိုပါစျေးကွက်သို့ အချိန်မှီမရောက်ရှိနိုင်သော ခူးဆွတ်ပြီး သရက်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ခဲ့ခြင်းဖြင့် အဆိုပါဆုံးရှုံးမှုများကို ၅% သို့တိုင်အောင် သိသိသာသာ လျှော့ချနိုင်ခဲ့သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ထုတ်လုပ်သူများသည် ပိုလျှံသော သရက်သီးများကို အေးခဲထားသော သရက်သီးအနှစ်များ၊ အေးခဲထားသော သရက်သီး အသားများ၊ သရက်သီးခြောက်များနှင့် သရက်ပြင်များကဲ့သို့ ကြာရှည်အထားခံသည့် ထုတ်ကုန်များ အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်။ ဤထုတ်ကုန်များသည် စျေးကွက်ပိုမိုတည်ငြိမ်ပြီး လေလွင့် ဆုံးရှုံးမှု သက်သာစေရုံမက ပြည်တွင်းနှင့် နိုင်ငံတကာစျေးကွက်သို့ တင်ပို့ရောင်းချနိုင်သော အခွင့် အလမ်းကို ပိုမိုရရှိစေပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် နှုတ်မြိန်စာစျေးကွက်နှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော ကဏ္ဍသစ်များသို့ ချဉ်းနှင်းဝင်ရောက်နိုင်စေ ပါသည်။ မြန်မာ့သရက်သီး တန်ဖိုးမြှင့်ထုတ်ကုန်ကဏ္ဍအား ကောင်းစေခြင်းသည် ထောက်ပံ့ရေး ကွင်းဆက်တစ်ခုလုံးကို မြှင့်တင်ရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ ဤနည်းလမ်းသည် စွန့်ပစ် ပစ္စည်းများကို လျော့ပါးစေပြီး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် စက်မှုကုန်ထုတ်သူများ အတွက် ဝင်ငွေတိုးစေကာ ပို့ကုန်ကဏ္ဍသစ်အတွက် ခြေလှမ်းချဲ့ထွင်နိုင်မှာ ဖြစ်ပါသည်။

Public – Private Partnerships (PPP)၊ စွမ်းဆောင်ရည် တည်ဆောက်မှု၊ ငွေကြေးဆိုင်ရာ လက်လှမ်းမှီမှု၊ နိုင်ငံတကာ စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်မှု စသည်တို့သည် အသွင်ကူး ပြောင်းရေးတွင် အမှန်တကယ် လိုအပ်ပါသည်။ တိကျသော ကြားဝင်ဆောင်ရွက်ပေးမှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများသည် မြန်မာ့သရက်သီး ထောက်ပံ့မှုကွင်းဆက်တလျှောက်တွင် ကုန်ကြမ်း အခြေခံစနစ်မှ အမြတ်အစွန်း ပိုမိုရရှိသော၊ ကွင်းဆက်တလျှောက် ဖြစ်ပေါ်လာသည့် အခက်အခဲ များကို ပိုမိုကြံ့ကြံ့ခံနိုင်သော၊ ကွဲပြားခြားနားသည့် စိုက်ပျိုးရေးအခြေခံ ထွက်ကုန်လုပ်ငန်းပုံစံသို့ ပြောင်းလဲသွားနိုင်သည်။

မြန်မာ့သရက်သီးကဏ္ဍ၏ အရည်အသွေး မြှင့်တင်ရေးနှင့် စိန်ခေါ်မှုများ

အထူးသဖြင့် Good Agricultural Practices (GAP) အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာ့ သရက်သီးကဏ္ဍသည် အရည်အသွေး စံနှုန်းများ တိုးတက်ကောင်းမွန်လာစေရန် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပါသည်။ နိုင်ငံတဝှမ်းရှိ သရက်ခြံများ GAP လက်မှတ်လျှောက်ထား ရယူမှုများ တိုးတက်လာခြင်းကြောင့် အပြုသဘောဆောင်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် လိုက်လျောညီထွေစွာ ဘေးကင်းလုံခြုံစိတ်ချရသည့်၊ စျေးကွက်ခိုင်မာသည့်၊ ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်လာနိုင်ပါသည်။ အသိအမှတ်ပြု လက်မှတ်များသည် အစားအစာ ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် အလုပ်သမားများ ကျန်းမာရေးကို မြှင့်တင်သည့်

နည်းလမ်းများဖြင့် စိုက်ပျိုးကြောင်း သေချာစေကာ တန်ဖိုးမြှင့်ပို့ကုန် ဈေးကွက်ကို ရရှိစေနိုင်ပါသည်။ ထိုကဲ့သို့သော အကျိုးကျေးဇူးများကို အသိအမှတ်ပြုခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေး အာဏာပိုင်များသည် သရက်သီးအပြင် အခြားသီးနှံများတွင်လည်း အသုံးပြုကြရန် ချဲ့ထွင်ဆောင်ရွက်နေကြပါသည်။ ပြည်တွင်း စားနပ်ရိက္ခာအရည်အသွေးနှင့် နိုင်ငံတကာဈေးကွက် မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်ပါသည်။ အထူးသဖြင့် သရက်သီးများအတွက် GAP လက်မှတ်သည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရာတွင် အထူးသဖြင့် ဥရောပသမဂ္ဂနှင့် ရုရှားတို့ကဲ့သို့ တင်းကြပ်သော သွင်းကုန်စည်းမျဉ်းစည်းကမ်းများအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါသည်။

အပြုသဘောဆောင်သော စနစ်တကျ တိုးတက်မှုများရှိသော်လည်း သရက်စိုက်တောင်သူများသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ အရေးအကြီးဆုံး ပြဿနာတခုမှာ စိုက်ပျိုးရေး သွင်းအားစုများ ကုန်ကျစရိတ်များ မြင့်တက်လာခြင်းပင်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများ၏ ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်လာခဲ့ပြီး အသေးစားတောင်သူများအတွက် အမြတ်အစွန်းကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာခဲ့ပါသည်။ တောင်သူအများစုသည် ကုန်ကျစရိတ်သက်သာပြီး ထိရောက်သော ထုတ်လုပ်မှုအလေ့အကျင့် ကောင်းများဖြစ်သည့် ဓါတုကင်းလွတ် ထုတ်လုပ်သည့် နည်းစနစ်၊ မပါမဖြစ်သော ဓါတုများကို နည်းစနစ်မှန်ကန်စွာ အသုံးပြုရမည့် နည်းစနစ်နှင့် ခေတ်မှီကိရိယာများ အသုံးပြု၍ လေ့ကျင့်သင်ကြားမှုများကိုလည်း အခွင့်အလမ်းမရရှိနိုင်ကြပါ။ ငွေကြေးပံ့ပိုးမှုနှင့် အစိုးရနှုန်းထားဖြင့် ချေးငွေများ မရရှိနိုင်ခြင်းသည် အထူးသဖြင့် ဝေးလံပြီး ကုန်စည်ပို့ဆောင်ရေး ခက်ခဲသောဒေသများရှိ စိုက်ပျိုးသူများအတွက် စိန်ခေါ်မှုမှာ ကြီးမားသည်။ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများအပြင် ကျေးလက်အခြေခံအဆောက်အအုံများ အားနည်းခြင်းသည် သရက်သီးတန်ဖိုးကွင်းဆက်၏ အဓိက အတားအဆီးတစ်ခု ဖြစ်ပါသည်။

အောက်ပါဇယားတွင် ၂၀၂၀ မှ ၂၀၂၃ အထိ တရုတ်နိုင်ငံရှိ သရက်သီးဈေးနှုန်း ပြောင်းလဲမှုမှတ်တမ်းကို နှစ်အလိုက် ဖော်ပြထားပါသည်။ နှစ်တစ်နှစ်၏ သရက်ရာသီမစတင်မီ ဇန်နဝါရီလ-ဖေဖော်ဝါရီလများတွင် ဈေးနှုန်းမြင့်မားနေပြီး ထုတ်လုပ်မှုအမြင့်မားဆုံးအချိန်ဖြစ်သည့် မေလမှ ဇူလိုင်လများတွင် ဈေးနှုန်းများစွာ ကျဆင်းလာတတ်ပြီး ရာသီချိန်လွန်ကာလဖြစ်သည့် ဩဂုတ်လ နောက်ပိုင်းကာလများတွင် ဈေးနှုန်းပြန်လည် မြင့်မားလာတတ်ပါသည်။ ၂၀၂၀ခုနှစ် နှစ်အစပိုင်းတွင် သရက်သီးဈေးနှုန်းသည် တစ်ကေဂျီကို ၁၆ယွမ်ရှိနေသော်လည်း၊ သရက်သီး ပေါ်ချိန်ကာလတွင် ၁၀ ယွမ်အထိ ကျဆင်းခဲ့ပြီး သရက်သီးတုန်းချိန်တွင် ၁၇ ယွမ်ထက် ပြန်လည်မြင့်မားခဲ့သည်။ ၂၀၂၁

ခုနှစ်တွင် သရက်သီးထွက်ရှိချိန်၌ ဧ ယွမ်ထက် နည်းပါးခဲ့ကာ အနိမ့်ဆုံးဈေးနှုန်းကို ရောက်ရှိခဲ့သော်လည်း နှစ်ကုန်ပိုင်းတွင် ၂၂ ယွမ်အထိ မှတ်တမ်းဝင် အမြင့်ဆုံးဈေးနှုန်းကို ရောက်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဈေးနှုန်းများ ပိုမိုတည်ငြိမ်လာကာ ၂၀၂၃ ခုနှစ်တွင် ဈေးနှုန်းအနိမ့်အမြင့် လှုတ်ခတ်မှုများ ရှိခဲ့သည်။ ခြုံငုံသုံးသပ်ကြည့်လျှင် ၂၀၂၁ခုနှစ်တွင် ဈေးနှုန်းပြောင်းလဲမှု အများဆုံးဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ် အစပိုင်းကာလတွင် ဈေးနှုန်းတည်ငြိမ်၍ ဈေးကွက်ကောင်းစွာ ရရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် လိုအပ်ချက်နှင့် တင်ပို့လိုသောပမာဏများ မကိုက်ညီမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများက ဈေးနှုန်းရရှိမှု အားနဲစေခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။

တရုတ်နိုင်ငံ သရက်သီးဈေးကွက်တွင် တစ်ကီလိုဂရမ် အပေါ်ယွမ်ဈေးနှုန်းပြောင်းလဲမှုမှတ်တမ်း (၂၀၂၀-၂၀၂၃)

Month	2020	2021	2022	2023
Jan	15	14	21	16
Feb	14	17	18	15
Mar	13	14	16	13
Apr	12	11	15	12
May	12	8.5	13	15
Jun	13	9	16	12
Jul	9	10	14	9
Aug	12	12	12	10
Sep	11	12	15	10
Oct	12	13	17	11
Nov	13	14	16	9
Dec	17	22	16	13

Source: Mango Price variation record in Chana:

Vietnamese Mango Value Chain Analysis from Farm to Market, 2024

သရက်သီးထွက်ရှိသော ဒေသအများအပြားမှ ဈေးကွက်သို့ အချိန်မှီရောက်ရှိစေရန် လမ်းခရီး အခက်အခဲများက သယ်ယူပို့ဆောင်ရေးစနစ်ကို ရှုပ်ထွေးခက်ခဲစေသည်။ ပြည်တွင်း/ပြည်ပ စားသုံးသူများ၏ လက်ဝယ်သို့ ပို့ဆောင်ချိန်တွင် အရည်အသွေးနှင့် သိုလှောင်မှုသက်တမ်း ကျဆင်းနေသဖြင့် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် အေးခဲထားရှိရသည့် သရက်သီးအသားများ

နှင့် သရက်သီးအနှစ်များသည် လမ်းခရီးတွင် လိုအပ်သည့်အအေးဒီဂရီ မလုံလောက်ခြင်း၊ အအေးခန်းမပါဘဲ ပို့ဆောင်ခြင်းများကြောင့် အချိန်မတန်မီ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။

သစ်သီးဝလံကဏ္ဍကြီး၏ အရေးကြီးသော အားနည်းချက်မှာ သီးနှံအာမခံနှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်လျော့ပါးရေး ဆောင်ရွက်ချက်များ မရှိခြင်းပင် ဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးခေါင်ခြင်းနှင့် အထူးသဖြင့် မိုးသီးမုန်တိုင်းများကဲ့သို့သော ရာသီဥတုဆိုင်ရာ အန္တရာယ်များနှင့် ရံဖန်ရံခါ ကြုံတွေ့နေရဆဲဖြစ်ပြီး သီးနှံအားလုံးကို မိနစ်ပိုင်းအတွင်း ပျက်စီးစေနိုင်သည်။ အန္တရာယ်ကြိုတင်အသိပေး ကွန်ယက်မတည်ထောင်ထားနိုင်ပါက ဤကဲ့သို့သော ပြင်းထန်ရာသီဥတု ဖြစ်စဉ်များသည် စိုက်ပျိုးသူများအတွက် ဝင်ငွေမတည်ငြိမ်မှုကို ကြီးမားစွာ ဖြစ်ပေါ်စေပြီး အချို့သောဒေသများတွင် သရက်စိုက်ပျိုးခြင်း ရေရှည်ရှင်သန်နိုင်မှုကို ခြိမ်းခြောက်နေသည်။ ရာသီဥတုဖောက်ပြန်မှု တိုးပွားလာသည်နှင့်အမျှ ရာသီဥတုဒဏ်ခံနိုင်သော အလေ့အကျင့်ကောင်းများ၊ အာမခံအစီအစဉ်များနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများအတွက် လိုအပ်လာမှုသည် အရေးတကြီး ဖြစ်လာပါသည်။

ပြည်ပပို့ကုန်ကဏ္ဍတွင်မူ မြန်မာနိုင်ငံသည် နိုင်ငံတကာစျေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရန် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း အတားအဆီးများကို ဆက်လက်ရင်ဆိုင်နေရသည်။ ကုန်သွယ်မှုလမ်းကြောင်းများတွင် မတည်ငြိမ်ခြင်း၊ နှောင့်နှေးစေခြင်းနှင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များ နှေးကွေးခြင်းတို့ကြောင့် သရက်သီးတင်ပို့မှု၏ လတ်ဆတ်မှုနှင့် စျေးကွက်ချဲ့ထွင်နိုင်မှုကို လျော့ကျစေပါသည်။ ဤနှောင့်နှေးမှုများသည် အထူးသဖြင့် သရက်သီးကဲ့သို့သော အလွန်ပျက်စီးလွယ်သည့် သစ်သီးဝလံများကို ဝယ်လိုအားရှိသော စျေးကွက်များသို့ တင်ပို့သည့် အခါ သိသာထင်ရှားသော ငွေကြေးဆုံးရှုံးမှုများအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ထို့အပြင် ချောမွေ့သော ပို့ကုန်လုပ်ထုံးလုပ်နည်းများနှင့် အဓိကကုန်သွယ်ဖက်များအနေနှင့် လိုက်လျောညီထွေရှိသော စံချိန်စံညွှန်းများ မပြည့်စုံခြင်းကြောင့် မြန်မာနိုင်ငံဘက်မှ ကြိုးစားရပ်တည်နေသော ပို့ကုန်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အကန့်အသတ်များ ဖြစ်စေသည်။

မကြာသေးမီနှစ်များအတွင်း တောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များသည် သရက်ပင်များ၏ အပွင့်နှင့် အသီးအနှံများ လည်ပတ်မှုပြောင်းလဲမှုများကို လေ့လာခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယခုအခါ သရက်မျိုးကွဲ အများအပြားသည် ပုံမှန်ထက်နောက်ကျ၍ ပန်းပွင့်ခြင်း၊ ရာသီဥတုပုံစံများပြောင်းလဲခြင်းနှင့် ရာသီအကူးအပြောင်းများ နှောင့်နှေးခြင်းတို့ ဖြစ်ပေါ်လာသည်။ ဇီဝဗေဒဆိုင်ရာ ပြောင်းလဲမှုသည် ခူးဆွတ်ချိန်နှင့် စျေးကွက်လိုအပ်ချက် အချိန်ကိုက်မှုကို ထိခိုက်စေနိုင်သော်

လည်း လိုက်လျောညီထွေ ပြောင်းလဲနိုင်မှုများနှင့် ဒေသအလိုက် မျိုးကွဲများထွက်ရှိနိုင်သည့် ပမာဏမှာ တည်ငြိမ်နေသည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

ပို့ကုန် အလားအလာကောင်းများကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် ရေရှည်တည်တံ့မှု ရှိစေရန်အတွက် မြန်မာ့သရက်သီးကဏ္ဍသည် အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းစဉ်များကို စိုက်ခင်းမှသည် စားသုံးသူ၏ စားပွဲပေါ် အရောက်အထိအောင် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ GAP စနစ်ကို လိုက်နာကျင့်သုံးခြင်း၊ စွမ်းရည်မြင့်သင်တန်းများ တိုးမြှင့်ပေးခြင်း၊ ပိုးမွှားကင်းစင်စေရေးနှင့် အာဟာရဆိုင်ရာ စီမံခန့်ခွဲမှုများကို အားပေးခြင်းတို့ပါဝင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့ အဆင်ပြေစေခြင်း၊ သယ်ယူပို့ဆောင်ရာ ခရီးလမ်းတလျှောက်တွင် အပူချိန် ထိန်းသိမ်းခြင်းစနစ် တပ်ဆင်အသုံးပြုခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာသုံး ဈေးကွက်ချိတ်ဆက်ခြင်းများကို ထိရောက်စွာအသုံးချခြင်းနှင့် စွန့်ပစ်ပစ္စည်းများ လျော့ချနိုင်စေခြင်းတို့သည် အရေးကြီးပါသည်။ သီးနှံအာမခံစနစ်၊ ရာသီဥတုဒါဏ်ခံနိုင်သော အလေ့အကျင့်များနှင့် ပိုမိုကောင်းမွန်သော ကြိုတင်သတိပေးစနစ်များသည် စီမံခန့်ခွဲမှု မဟာဗျူဟာအတွက် အရေးကြီးပြီး တောင်သူများထိတွေ့ဆောင်ရွက်နိုင်စေခြင်းဖြင့် ၎င်းတို့၏ စိုးရိမ်ကြောင့်ကြ ထိတ်လန့်မှုများကို ကာကွယ်ပေးပြီး ခံနိုင်ရည်အားကောင်းလာစေမည် ဖြစ်သည်။ ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကို ညှိနှိုင်းမှုများ၊ ပံ့ပိုးကူညီမှုများဖြင့် အစုအဖွဲ့များအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်စွာ ဖြေရှင်းနိုင်ပြီး နိုင်ငံတကာဈေးကွက်တွင် မြန်မာ့သရက်ကို ဂုဏ်သတင်း ကြော်ကြားစေနိုင်ပါသည်။

မြန်မာ့သရက်သီးကဏ္ဍအတွက် ဈေးကွက်အခွင့်အလမ်းများ

မြန်မာ့ သရက်သီး လုပ်ငန်းသည် အထူးသဖြင့် လူကြိုက်များသော စိန်တလုံးမျိုးစိတ်ဖြင့် အလားအလာ ကောင်းသောပို့ကုန်အခြေအနေကို ပြသနေသော်လည်း နိုင်ငံတကာဈေးကွက်ကို တသမတ်တည်း ထိန်းသိမ်းထားနိုင်ရန် အရေးကြီးသောစိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ တရုတ်နိုင်ငံသည် တင်ပို့မှုအများစုအတွက် အဓိကကျသော ပို့ကုန်အဖြစ် ဆက်လက်တည်ရှိနေသော်လည်း ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ယခင်နှစ်ပမာဏ၏ သုံးပုံတပုံအထိ ကျဆင်းသွားခဲ့သည်။ ဒေသတွင်း မတည်ငြိမ်မှုများကြောင့် သယ်ယူပို့ဆောင်ရေး ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တင်ပို့ရောင်းချနိုင်မှု သိသိသာသာ ကျဆင်းခဲ့သည်။ ယင်းနှောင့်နှေးမှုများသည် သီးနှံများ၏ အရည်အသွေးကို ထိခိုက်စေခဲ့ပြီး ဝယ်ယူသူများအကြား စိုးရိမ်မှုများဖြစ်ပေါ်ကာ ကုန်ပစ္စည်းတင်သွင်းသူ၏ ဂုဏ်သတင်းကို ထိခိုက်စေပါသည်။ အကောက်ခွန် ရှင်းလင်း

မှုများအတွက် အမြန်ဆောင်ရွက်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ အထူးအခွင့် အရေးပေး လမ်းကြောင်း အစိမ်းရောင်လမ်းကြောင်းစနစ် - Green Channel မရှိခြင်းကြောင့်လည်း နှောင့်နှေး ကြန့်ကြာမှုများကို ပိုမိုတိုးပွားစေပြီး ကုန်ပစ္စည်းအရည်အသွေး ပိုမိုယိုယွင်းပျက်စီးကာ စျေးကွက် ယှဉ်ပြိုင်နိုင်မှုကို လျော့ကျစေပါသည်။

အဆိုပါ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကြောင့် နယ်ပယ် အသီးသီးမှ ပါဝင်ပတ်သက်သူ အများအပြားသည် ပြည်တွင်းစျေးကွက်သို့ ပြောင်းလဲအာရုံစိုက်လာ ကြသည်။ ဤမဏ္ဍိုင်သည် ထောက်ပံ့ရေး ပိုလျှံမှုအချို့ကို ချိတ်ဆက်ရာတွင် အထောက်အကူ ဖြစ်စေသော်လည်း၊ ပို့ကုန်စျေးရရှိမှုနှင့် ကွာဟမှုများကြောင့် သွင်းအားစုအတွက် ကုန်ကျထားသည့် စရိတ်များကို အပြည့်အဝထေမိခြင်း မရှိပေ။ ဤအခက်အခဲများသည် ပြည်တွင်း စျေးကွက်နှင့် ပြည်ပပို့ကုန်တို့၏ ကွဲပြားခြားနားမှုကို ညွှန်းဆိုနေပြီး လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်မှု လိုအပ်ချက်များ ပံ့ပိုးပေးရန်နှင့် ပို့ကုန် ကဏ္ဍအောင်မြင်စေရန် တန်ဖိုးထပ်တိုးထည့်ဝင်ထားသည့် ထုတ်ကုန်များအပေါ် ပိုမိုခိုင်မာသော အလေးပေးမှုများ ပြုလုပ်ရန် အရေးတကြီးလိုအပ်ကြောင်း ထင်ရှားနေပါသည်။

ထိုသို့သော အခက်အခဲများအကြားမှ မြန်မာ့သရက်သီးကဏ္ဍသည် ဒေသတွင်းနှင့် နိုင်ငံ တကာစျေးကွက်များတွင် အလားအလာကောင်းများ ရှိနေသည်ကိုလည်း တွေ့ရှိရသည်။ တရုတ် နိုင်ငံကဲ့သို့သော စျေးကွက်တခုတည်းပေါ်တွင် မှီခိုမှုကိုလည်း လျှော့ချရန်မှာ အရေးကြီးသော ဦးစား ပေး လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံသည် ထိုင်း၊ အိန္ဒိယနှင့် အီးယူနိုင်ငံများနှင့် ကုန်သွယ်မှုလမ်း ကြောင်းသစ်များကို ရှာဖွေပြီး စျေးကွက်အသစ်များကို ချဲ့ထွင်ရန် အရေးကြီးသည်။ ကုန်သွယ်မှု ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ၊ နိုင်ငံတကာအရည်အသွေးနှင့် ဘေးကင်းရေး အသိအမှတ်ပြု လက်မှတ် များနှင့် ကိုက်ညီမှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကဲ့သို့သော မူဘောင်များအောက်တွင် သံတမန်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေး မိတ်ဖက်များ ခိုင်မာစေရေး လိုအပ်ပါသည်။

ထိုမှတစ်ဖန် ပြုပြင်ပြီး သရက်သီးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုသည် အလားအလာ မြင့်မားသောလမ်းကြောင်းကို ဖော်ဆောင်နေပါသည်။ ပိုလျှံနေသော သရက်သီးများကို အခြောက် လှန်းထားသောအချပ်များ၊ သရက်ယို၊ မီးဖိုချောင်သုံးနှင့် မုန့်ဖုတ်လုပ်ငန်းသုံး ပစ္စည်းများအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် လက်ရှိအချိန်တွင် ခူးဆွတ်ပြီးနောက် ဆုံးရှုံးမှုကို ၄၀ ရာခိုင် နှုန်းမှ ၅ ရာခိုင်နှုန်း အထိ သိသိသာသာ လျှော့ချနိုင်သည်။ လယ်ယာစိုက်ပျိုးရေးဇုန်များနှင့် အသေးစားကျေးလက်

လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းသည် ဒေသတွင်းအလုပ်အကိုင်များကို မြှင့်တင်နိုင်ပြီး ကျေးလက်ဝင်ငွေများ တိုးပွားစေပါသည်။ ထို့အပြင် အခွံနှင့်အစေ့များကဲ့သို့သော သရက်သီးမှ စွန့်ပစ်ပစ္စည်းများသည် တိရိစ္ဆာန်အစာများ သို့မဟုတ် အော်ဂဲနစ်မြေဩဇာများအဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် စက်ဝိုင်းစီးပွားရေးစနစ် - Circular Economy ကို အထောက်အကူပြုပြီး ရေရှည်တည်တံ့မှုကိုလည်း မြှင့်တင်ပေးပါသည်။

မြို့ပြလူဦးရေ တိုးမြင့်လာခြင်းနှင့် စားသုံးသူအကြိုက် တိုးမြင့်ပြောင်းလဲလာခြင်းကြောင့် ပြည်တွင်းစျေးကွက်သည်လည်း ကျယ်ပြန့်လာသည်။ အထူးသဖြင့် စိန်တလုံးသရက်သီး အမျိုးအစားကို ဝယ်လိုအားသည် မြို့နေလူလတ်တန်းစားတို့ အကြားတွင် များပြားလာသည်။ ခေတ်မှီလက်လီအရောင်းဆိုင်များ၊ စူပါမားကတ်များနှင့် ဒစ်ဂျစ်တယ်စျေးကွက် ကြီးထွားကျယ်ပြန့်လာခြင်းသည် တောင်သူများနှင့် ဖြန့်ဖြူးသူများအား ပိုမိုကောင်းမွန်သော အနာဂါတ်များနှင့်အတူ လက်လီအရောင်း စျေးကွက်သစ်များကို ဖွင့်လှစ်ပေးသည်။ ဒေသတွင်း အမှတ်တံဆိပ်၊ အရည်အသွေး အဆင့်သတ်မှတ်ခြင်းနှင့် ထုတ်ပိုးမှုစနစ်များကို ဖော်ဆောင်ခြင်းသည် ကြီးထွားလာသော ဝယ်လိုအားကို ကောင်းမွန်စေရန် ကူညီပေးနိုင်ပါသည်။

အဆိုပါ အခွင့်အလမ်းများကို အပြည့်အဝ အသုံးချနိုင်ရန် မြန်မာနိုင်ငံသည် ခေတ်မှီစိုက်ပျိုးရေး အလေ့အကျင့်များကိုချမှတ်ကာ အရည်အသွေး အသိအမှတ်ပြုလက်မှတ်များတွင် ရင်းနှီးမြှုပ်နှံရမည် ဖြစ်သည်။ GAP နှင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ကို ချဲ့ထွင်ခြင်းဖြင့် တန်ဖိုးမြင့်ကျန်းမာရေးအတွက် သင့်လျော်သော ပို့ကုန်စျေးကွက်များသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ တပြိုင်တည်းတွင် အအေးခန်းအဆောက်အအုံများ၊ ထုတ်ပိုးစက်ရုံများနှင့် အဆင့်မြင့်သိုလှောင်ရုံများကို မြှင့်တင်ခြင်းသည် ခူးဆွတ်ပြီးနောက် လေလွင့်ဆုံးရှုံးမှုများကို လျှော့ချရန်နှင့် ခရီးဝေးသို့ ပို့ဆောင်မှုများအတွက် သစ်သီးအရည်အသွေးကို ထိန်းသိမ်းရန် မရှိမဖြစ် လိုအပ်ချက်များ ဖြစ်သည်။

သရက်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကကျသည်။ ငွေကြေးအကူအညီ၊ သီးနှံအာမခံ၊ ရေရှည်တည်တံ့သော သွင်းအားစုများအတွက် ထောက်ပံ့မှုများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် တောင်သူများအတွက် အန္တရာယ်ကျရောက်မှုများကို လျှော့ချနိုင်ပြီး ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေပါသည်။ လက်မှတ်ရ ထုတ်လုပ်သူများအတွက် အခွန်သက်သာခွင့်နှင့် အဆင်ပြေချောမွေ့သော အကောက်ခွန်လုပ်ငန်းစဉ်များအပါအဝင် ပို့ကုန်လုပ်ငန်းရှင်များအတွက် မူဝါဒဆိုင်ရာမက်လုံးများသည် နိုင်ငံတကာ သရက်သီးကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို မြှင့်တင်ပေးနိုင်မည်

ဖြစ်သည်။ လက်ရှိစိန်ခေါ်မှုများကို ကျော်လွှားပြီး ထုတ်ကုန်ကမ်းလှမ်းမှုများနှင့် ဈေးကွက်လက်လှမ်းမှီမှု နှစ်ခုစလုံးကို ဗျူဟာမြောက်ချဲ့ထွင်ခြင်းဖြင့် မြန်မာ့သရက်သီးလုပ်ငန်း၏ လတ်ဆတ်သော အသီးအနှံပို့ကုန်လုပ်ငန်းမှ ကွဲပြားသော တန်ဖိုးမြှင့်ထုတ်ကုန်များကို ကမ္ဘာနှင့်အဝှမ်း ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးအခြေခံ ကုန်စည်များသို့ ပြောင်းလဲတိုးမြှင့်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော အသွင်ကူးပြောင်းမှုသည် ပို့ကုန်ဝင်ငွေကို မြှင့်တင်ပေးနိုင်ရုံသာမက ကျေးလက်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုပါ အားကောင်းလာစေပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လည်း အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာ့သရက်သီးများအတွက် လိုအပ်သည့် အသိအမှတ်ပြု လက်မှတ်များ

နိုင်ငံတကာ စံချိန်စံညွှန်းလိုက်နာခြင်းအရေးပါမှု - မြန်မာ့သရက်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရန်အတွက် ထုတ်ကုန်အရည်အသွေး၊ စားသုံးရန်ဘေးကင်းမှုနှင့် နောက်ကြောင်းပြန်ခြေရာခံနိုင်မှုများမှာ အဓိကဖြစ်သည်။ ထုတ်ကုန်သည် Mangoes Codex Standard (CODEX STAN 184-1993, Rev.1-2009) နှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ အဆင့်သတ်မှတ်ခြင်း၊ ရင့်မှည့်မှု၊ ထုတ်ပိုးနည်းနှင့် တံဆိပ်ဖော်ပြချက်များအပါအဝင် စံနှုန်းများကို လိုက်နာရမည်။

Good Agricultural Practices (GAP) နှင့် Global GAP - မြန်မာနိုင်ငံသည် Myanmar GAP စံချိန်စံညွှန်းကို အသုံးပြုသော်လည်း၊ ဈေးကွက်သို့ ဝင်ရောက်လိုသော အနောက်နိုင်ငံများအတွက် Global GAP လက်မှတ်သည် ပိုမိုလိုအပ်သည်။ Global GAP သည် စိုက်ပျိုးရေး စာရွက်စာတမ်းများ၊ အန္တရာယ်အကဲဖြတ်မှုများ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးတာဝန်ယူမှုများ အပါအဝင်အကဲဖြတ်စဉ်များကို တိကျစွာ လိုအပ်သည်။

အစားအစာ ဘေးကင်းရေးစနစ် (HACCP & ISO 22000) - ရိတ်သိမ်းပြီးနောက် ထုတ်လုပ်မှု၊ ထုတ်ပိုးမှုအဆင့်များတွင် HACCP စနစ်ကို အသုံးပြုရမည်။ ထို့အပြင် HACCP (Hazard Analysis Critical Control Point) အပေါ်အခြေခံ၍ ဖွဲ့စည်းထားသည့် ISO 22000 စနစ်သည် သရက်သီးများ၏ နိုင်ငံတကာအဆင့် ယုံကြည်မှုကို တိုးမြှင့်ပေးသည်။ သို့သော် ကုန်ကျစရိတ်မြင့်မားခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။

တရုတ်ဈေးကွက်အတွက် GACC လက်မှတ် - တရုတ်နိုင်ငံသို့ တင်ပို့လိုသူများသည် GACC (General Administration of Customs of China) မှ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများကို လိုက်နာရမည်။ ထုတ်ကုန်များသည် GACC ၏ CIFER စနစ်အောက်တွင် မှတ်ပုံတင်ထားရပြီး တရုတ်၏

ဘေးကင်းရေးနှင့် ဇီဝဓာတုဗေဒဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ တင်ပို့နိုင်ရန် အရည်အချင်းပြည့်မီသော အသိအမှတ်ပြုဥယျာဉ်ခြံများနှင့် ထုတ်ပိုးစက်ရုံများမှသာ ထုတ်လုပ်ရမည်။

မြန်မာနိုင်ငံတွင် အရင်းအမြစ် အကန့်အသတ်ကြောင့် အသိအမှတ်ပြုလက်မှတ် ရယူမှု အခက်အခဲများ၊ စိန်တလုံးသရက်သီးအကြောင်း နိုင်ငံတကာစျေးကွက်တွင် ရင်းနှီးမှု၊ စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်လုပ်နိုင်စွမ်းလိုအပ်ချက်တို့သည် စျေးကွက်ချိတ်ဆက်မှုအတွက် အဓိကအတားအဆီးများဖြစ်သည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ စျေးကွက်ချိတ်ဆက်မှုများတိုးမြှင့်ရေးတို့သည် မြန်မာ့သရက်သီးကို ကမ္ဘာ့စျေးကွက်သို့ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအဖြစ် ဝင်ရောက်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းများဖြစ်သည်။ ထို့အပြင် ဗျူဟာမြောက်ကုန်အမှတ်တံဆိပ် ဖန်တီးမှု၊ စျေးကွက်မိတ်ဆက်လုပ်ငန်းများအား တက်ကြွစွာဆောင်ရွက်ခြင်းသည်လည်း မရှိမဖြစ် လိုအပ်သည်။

မြန်မာ့ သရက်ကဏ္ဍ အားကောင်းစေရေး မူဝါဒ အကြံပြုချက်များ

မြန်မာ့သရက်သီးကဏ္ဍကို အားကောင်းစေပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ညှိနှိုင်းထားသော မူဝါဒရေးရာ ဆောင်ရွက်ချက်များသည် မရှိမဖြစ် လိုအပ်ပါသည်။ ဤအသွင်ကူးပြောင်းမှု၏ အဓိကအချက်မှာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေပါသည်။ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းအဖွဲ့ကို တည်ထောင်ပြီး အမျိုးသားသရက်သီးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် သက်ဆိုင်သူများကို ညှိနှိုင်းပေးခြင်းဖြင့် မြန်မာနိုင်ငံသည် သရက်သီးတန်ဖိုးကွင်းဆက်တလျှောက် ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာ အကူအညီများနှင့် ကုန်သွယ်မှုပံ့ပိုးကူညီမှုများကို ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးတောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်သူများနှင့် အစိုးရအဖွဲ့ဝင်များအကြား ပံ့မှန်ဆွေးနွေးညှိနှိုင်းမှုများသည် မူဝါဒများနှင့် သက်ဆိုင်ကြောင်း၊ အားလုံးပါဝင်ပြီး လုပ်ငန်းလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း သေချာစေမည် ဖြစ်သည်။ ငွေကြေးပံ့ပိုးမှုနှင့် စွန့်စားရမှု လျော့ပါးရေးတို့သည် တူညီစွာ အရေးကြီးပါသည်။ သေးငယ်သော စိုက်ပျိုးတောင်သူ အများအပြားသည် အစိုးရသတ်မှတ်နှုန်းထားဖြင့် ချေးငွေရရှိရန် လက်လှန်းမီမှု နည်းပါးကြပြီး နည်းပညာတိုးတက်ပြောင်းလဲမှုများကိုလည်း လိုက်မှီနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံနိုင်စွမ်းများတွင် ကန့်သတ်ချက်များရှိနေသည်။

အစိုးရသည် အသိအမှတ်ပြုလက်မှတ်ရ ကုန်ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အတွက် အဆင်ပြေစေရန် အတိုးနည်းသော ချေးငွေအစီအစဉ်များကို မိတ်ဆက်ပေးသင့်သည်။ ထို့အပြင် သီးနှံအာမခံ အစီအစဉ်များ၊ ရာသီဥတုဆိုင်ရာ အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စေ ရန် ကွန်ယက်များ၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်မျှဝေရန် ကွန်ယက်များ တည်ထောင် ပေးခြင်းဖြင့် တောင်သူများ၏ ဝင်ငွေလျော့ပါးခြင်းကို အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။ အော်ဂဲနစ်ခါတ်မြေဩဇာများနှင့် ဂေဟစနစ်ကို သဟဇာတဖြစ်စေသော ပိုးသတ်ဆေးများကဲ့သို့ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းကို ဦးတည်သည့် သွင်းအားစုများအတွက် ထောက်ပံ့မှု များသည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို သက်သာစေရုံသာမက သဘာဝပတ်ဝန်းကျင် ကောင်းမွန်စေ သော စိုက်ပျိုးရေးစနစ်ကို အားပေးမည် ဖြစ်သည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကဦးစားပေး ဖြစ်နေဆဲ ဖြစ်သည်။ ထောက်ပံ့ပို့ဆောင်မှု မလုံလောက်ခြင်း၊ အအေးခန်းသိုလှောင်နိုင်မှုနည်းပါးခြင်းနှင့် ကျေးလက်လမ်း များချိတ်ဆက်မှုအားနည်းခြင်းတို့သည် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုနှင့် ထုတ်ကုန်အရည်အသွေး ကျဆင်းခြင်းတို့ကို အဓိကဖြစ်ပွားစေသည်။ မိုဘိုင်းအအေးခန်းများ၊ အအေးခန်းကားဖြင့် သယ်ယူပို့ ဆောင်ရေးအပါအဝင် အအေးခန်း အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်းအပြင် သရက် သီးထွက်သည့်ဒေသများတွင် ခေတ်မီထုပ်ပိုးမှုများနှင့် စီမံဆောင်ရွက်ပေးသည့်နေရာများ ထူထောင် ခြင်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်အတွက် ရည်ရွယ်ထားသော သရက်သီးများ၏ အရည် အသွေးနှင့် သိုလှောင်မှုသက်တမ်းကို မြှင့်တင်ပေးမည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ကျေးလက် ချိတ်ဆက်မှုသည် တောင်သူများ၏ ထုတ်ကုန်များကို ပိုမိုမြန်ဆန်စွာနှင့် ပိုမိုလတ်ဆတ်စွာ ပေးပို့နိုင် စေရန် ကူညီပေးမည်ဖြစ်ပြီး ၎င်းတို့၏ ညှိနှိုင်းနိုင်စွမ်းအားကို တိုးမြှင့်ပေးပြီး တစ်ဆင့်ခံကုန်သည် များအပေါ် မှီခိုအားထားမှုကို လျှော့ချပေးမည် ဖြစ်သည်။

အရည်အသွေးမြင့် ထုတ်လုပ်မှုနှင့် တန်ဖိုးထပ်တိုးရန် လှုံ့ဆော်ရန်၊ အစိုးရသည် GAP ၊ Global GAP ၊ HACCP နှင့် ISO 22000 ကဲ့သို့သော နိုင်ငံတကာစံနှုန်းများနှင့် ပြည့်မီသော ပို့ကုန် လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများအတွက် အခွန်သက်သာခွင့်နှင့် အခြားအကျိုးခံစားခွင့်များကို ပေးဆောင်သင့်သည်။ အကောက်ခွန် လုပ်ထုံးလုပ်နည်းများကို ချောမွေ့စေပြီး ပျက်စီးလွယ်သော လယ်ယာထွက်ကုန်များအတွက် “ဦးစားပေးလမ်းကြောင်း-Green Channel” ကို ထူထောင်ခြင်းဖြင့် တင်ပို့မှုပိုမိုမြန်ဆန်စေပြီး နှောင့်နှေးမှုကို သက်သာစေမည်ဖြစ်သည်။ ထို့အပြင် သရက် သီးခြောက်၊ သန့်စင်သော သရက်သီးများအပါအဝင် ပြုပြင်ပြီးသော သရက်သီးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်

ရေးအတွက် ထောက်ပံ့ငွေနှင့် နည်းပညာပံ့ပိုးမှုများ ပံ့ပိုးပေးခြင်းဖြင့် ပို့ကုန်တန်ဖိုး သိသိသာသာ တိုးလာပြီး ရိတ်သိမ်းပြီးနောက်ပိုင်း စွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်မည် ဖြစ်သည်။

ဈေးကွက်ဝင်ရောက်ခွင့်ကို ချဲ့ထွင်ခြင်းသည် မူဝါဒလုပ်ဆောင်ချက်အတွက် နောက်ထပ် သော့ချက်တစ်ခု ဖြစ်သည်။ ဈေးကွက်တခုထဲအပေါ်တွင် အလွန်အမင်း မှီခိုအားထားမှုက ၎င်း၏ သရက်သီးလုပ်ငန်းကို သိသိသာသာ အန္တရာယ်များ ဖြစ်စေသည်။ အိန္ဒိယ၊ ထိုင်း၊ အီးယူနှင့် ရုရှား စသည့် နိုင်ငံများနှင့် သဘောတူညီချက်များမှတစ်ဆင့် တင်ပို့သည့်နေရာများကို ကွဲပြားစေခြင်း သည် ဝင်ငွေတည်ငြိမ်စေပြီး ခံနိုင်ရည်အား မြှင့်တင်ပေးနိုင်သည်။ မြန်မာ့သရက်သီးများ အထူး သဖြင့် စိန်တလုံးကဲ့သို့သော ပရီမီယံမျိုးကွဲများကို မြှင့်တင်ပေးသည့် အမျိုးသားတံဆိပ်ဖြင့် တီထွင် မှုတစ်ခုသည် အရည်အသွေးမြင့်၊ ခြေရာခံနိုင်သော၊ ရေရှည်တည်တံ့သော စိုက်ပျိုးမှုအဖြစ် နိုင်ငံ အား ကမ္ဘာ့ဈေးကွက်တွင် ယုံကြည်စိတ်ချရသော ပေးသွင်းသူအဖြစ် ရပ်တည်နိုင်ရန် အထောက် အကူ ဖြစ်စေပါသည်။ ကုန်စည်ပြပွဲများ၊ virtual expos နှင့် B2B matchmaking ပွဲများတွင် ပါဝင်ခြင်းသည် နိုင်ငံတကာ မြင်နိုင်စွမ်းကို တိုးတက်စေပြီး ပို့ကုန်လုပ်ငန်းရှင်များကို ဝယ်သူများနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ လိုအပ်ချက်နှင့် ကိုက်ညီစေရန် အသိအမှတ်ပြုလက်မှတ်နှင့် လိုက်နာမှုအား အတိုင်းအတာအထိ ချဲ့ထွင်ရပါမည်။ အသေးစားလုပ်ငန်းရှင်များအတွက် လေ့ကျင့်ရေးနှင့် စွမ်းရည် တည်ဆောက်ရေး စီမံချက်များမှတစ်ဆင့် Myanmar GAP (MGAP) ၏ လက်လှမ်းမီမှုကို ချဲ့ထွင်ခြင်းသည် ပိုမိုကျယ်ပြန့်သော အရည်အသွေးနှင့် လိုက်လျောညီထွေဖြစ်စေရန် အခြေခံ အချက်များဖြစ်သည်။ Global GAP နှင့် HACCP ကဲ့သို့သော နိုင်ငံတကာ အသိအမှတ်ပြု လက် မှတ်များ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို ဖြေလျှော့ရန် အစိုးရသည် ပစ်မှတ်ထားသော ထောက်ပံ့ ကြေးများနှင့် နည်းပညာအကူအညီများကို ပံ့ပိုးပေးသင့်သည်။ အမျိုးသားဒစ်ဂျစ်တယ်ခြေရာခံ နိုင်မှု စနစ်တစ်ခုဖော်ဆောင်ခြင်းသည် ဝယ်သူလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ထောက်ပံ့ရေးကွင်း ဆက်တစ်လျှောက် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

ခြံငုံကြည့်လျှင် ဤမဟာဗျူဟာကျသောနယ်ပယ်များကို အစိုးရ - ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ခြင်း၊ ငွေကြေးပံ့ပိုးမှု၊ အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုစနစ်လွယ်ကူမှု၊ ဈေးကွက် ချိတ်ဆက်မှု၊ အသိအမှတ်ပြုလက်မှတ်တို့ဖြင့် မြန်မာ့သရက်သီးလုပ်ငန်းသည် အဓိကအားဖြင့် လတ်ဆတ်သောပို့ကုန်လုပ်ငန်းမှ ကွဲပြားခြားနားသော တန်ဖိုးမြင့်ပြီး ကမ္ဘာနှင့်အပြိုင် ယှဉ်ပြိုင်နိုင် သော စိုက်ပျိုးရေးအခြေခံ စီးပွားရေးကဏ္ဍသို့ ကူးပြောင်းနိုင်သည်။ ဤအသွင်ကူးပြောင်းမှုသည်

ပို့ကုန်ဝင်ငွေကို မြှင့်တင်ပေးရုံသာမက ကျေးလက်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း အားကောင်းစေကာ အလုပ်အကိုင်များဖန်တီးပေးကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုမည်ဖြစ်သည်။

An Empirical Study on the Determinants of Manufacturing SMEs Development in Yangon Region

Dr. Thin Thin Yu
Professor, Department of Economics,
University of Co-operative and Management, Thanlyin
thinthinyu2013@gmail.com

Abstract

This study examines the manufacturing SMEs in the industrial zones in Yangon. It has the objective to investigate the effect of influencing factors on the development of these SMEs. In order to fulfill the objective of the study, multiple regression analysis is used. The required information was acquired from the 296 manufacturing SMEs selected by a simple random sampling method from the total registered 1104 manufacturing SMEs at the Directorate of Industrial Supervision and Inspection. The result of the study revealed that the gender and managerial skills of owner/manager, firm size, financial resource, the regulatory environment, technology and information, and infrastructure positively affected SMEs development. Improving these factors will accelerate the development of SMEs. According to the result, the development of SMEs should be facilitated by providing skills development training programs for improving the capacity of male owners and managerial skills, providing the needed supports for accessing financial resource, relaxing restrictions and stabilizing the laws and regulations for supportive regulatory environment, facilitating and accessing the advanced technology and information, upgrading infrastructure such as electricity and storage facilities. For supporting the businesses to survive and develop in a competitive environment, policies should be adopted for SMEs development, that will promote managerial skills, access to financial resource, adoption of technology and information, carrying out the needed changes in the regulatory environment, and developing infrastructure.

Key Words: small and medium enterprises, SMEs development, age of owner/manager, gender of owner/manager, education level of owner/manager, managerial skills of owner/manager, previous work experience, firm size, firm age, ownership structure, financial resource, regulatory environment, technology and information, infrastructure, market access

I. INTRODUCTION

The transformation from an agrarian to an industrial nation is one of the crucial objectives for development in many developing countries. In the late 1970s and early 1980s, small and medium enterprises (SMEs) became the major vehicle of industrialization that led to the economic growth. The development of economies toward industrialization begins with SMEs. Thus, SMEs are crucial for industrial development as well as the economic development of countries. On the other hand, SMEs also represent the majority of businesses operating around the world.

The manufacturing sector is the backbone of Myanmar's economic development. In the longer term, there is the potential for manufacturing sector development since Myanmar is moving towards industrialization. Bernhardt and Dickenson-Jones (2016) stated that SMEs in Myanmar are still less competitive since their ability to export is a measure of their ability to compete in regional and global markets. Moreover, SMEs also face other important problems in their operations, like SMEs in other developing countries.

Most SMEs in Myanmar are located in industrial zones of Yangon Region. Thus, the development of manufacturing firms within industrial zones in Yangon Region is crucial for economic development with their significant contribution to the economy. The development of SMEs is important for competitiveness since the development of SMEs in the manufacturing sector can increase industrial competitiveness. For the further development of SMEs, they need to overcome obstacles rather than reduce obstacles throughout their development process. SMEs can start, survive, and develop their businesses only if they resist and overcome the challenges. Since Myanmar essentially needs to solve the problems in order to gain SMEs development, this study intends to investigate the influencing factors for SMEs development in Myanmar, especially in the Yangon Region. This study mainly focuses the 2022 as a study period.

II. LITERATURE REVIEW

One of the first attempts to provide a definition of SMEs can be found in the Bolton Report of 1971. Although the importance of micro, small, and medium enterprises (MSMEs) is well recognized worldwide, the universally accepted definition of MSMEs is absent. In Myanmar, the last definition was developed according to the Pyidaungsu Hluttaw Law No. 23/2015. Small manufacturing enterprises have operated with fewer than 50 permanent employees, and their capital investments have not exceeded 500 million kyats. Labor-intensive manufacturing enterprises are considered small if they have fewer than 300 permanent employees or if their capital investment does not exceed 500 million kyats. Medium manufacturing enterprises that operate with more than 50 but not more than 300 permanent employees or capital investment that is between 500 and 1000 million kyats.

2.1 Factors Affecting the SMEs Development

The study examined the effects of firm characteristics and the characteristics of the entrepreneurs as internal factors. In the study, firm characteristics include firm age, firm size, ownership structure, and entrepreneur characteristics which include age, gender, level of education, previous work experience, managerial skills. The study examined financial resources, the regulatory environment, technology and information, infrastructure, and market access as external factors.

(i) Age of Owner: The study of Sinha (1996) found that entrepreneurs who were younger in age were more successful. According to Chiliya (2012), the owner's age has a significantly negative impact on the profitability of the business. The study of Sajilan, Hadi and Tehseen (2015) has revealed a positive relationship between age and a firm's performance. However, Abeh (2017) indicated that there is no significant relationship between the age of the owner and the performance of a small business.

(ii) Gender: In the studies of Kassa 2021, gender has no effect on firm performance. On the other hand, Fairlie and Robb (2009) found that female-owned businesses are less successful than male-owned businesses. However, Scarborough (2011) indicated that the gender of the owner/manager is a significant influencing factor for a successful business's performance.

(iii) Level of Education: In the study of the effect of educational level on SMEs development, a greater degree of education can be expected to give better results in business. Hall (2000) argued that owner/managers of SMEs who had degrees generally had less achievement compared to those who were less well educated. In the findings of Kassa, 2021 found that the level of education of owner/managers has no significance for the performance of SMEs. On the other hand, Ndlovu, Shumba and Vakira (2018) explored that there was a strong relationship between education and SME performance.

(iv) Previous Work Experience: Owner's work experience refers to the experience gained by the SME's owner in previous occupations. In the studies of Amarteifio and Agbeblewu (2017), they revealed that there is no relationship between prior experience and firm survival. In addition, Mazzarol, Volery, Doss, and Thein (1999) also pointed out that respondents were less likely to succeed in businesses if they previously worked as government staff. Tuan and Takahashi (2009) also indicated that there is a negative relationship between prior sector experience and firm success. However, Ndlovu, Shumba and Vakira (2018) argued that there was a strong relationship between experience of owner-managers and SME performance.

(v) Managerial Skills: Managerial skills are the abilities, motivations, and attitudes that are required for effective job performance. According to the study of Terpstra and Olson (1993), a lack of management abilities or competencies causes business failures. Ruhiu, Ngugi and Waititu (2014) also explored the positive effect of managerial skills in SMEs. Olowu and Aliyu, 2015 also presented that managerial skill is one of the most important factors contributing to SMEs development.

(vi) Firm Size: Firm size is measured in terms of total assets, total sales, market capitalization, and the number of employees. Bala (2016) pointed out that SMEs with a larger number of full-time employees can be more successful in terms of sales and profitability. However, Margaretha and Supartika (2016) argued that firm size has a negative effect on profitability. In the study of Hung, Vinh and Thai (2021) related to manufacturing SMEs, the firm size is also significantly related to the SMEs.

(vii) Firm Age: In the findings related to the effect of firm age, Yasuda (2005) found that firm age has a negative impact on firm development. Conversely, as stated by Coad, Segarra and Teruel (2013), firms improve their performance with age. Kassa (2021) described that the firm's age had no effect on the enterprise.

(viii) Ownership Structure: The ownership structure could be defined as the means of controlling the enterprise. Ownership systems include sole proprietorship, partnership, limited partnership, limited liability company (LLC), and corporation (profit and non-profit). As the effect of ownership structure on SMEs development, Lema (2013) explored that ownership structure has no effect on the performance of SMEs, while Worlu, Evioghenesi, Ajagbe and Okoye (2015) indicated that there is a significant relationship between ownership structure and the performance of small and medium firms.

(ix) Financial Resource

SMEs need to have both internal and external financial resources in order to grow, expand, develop, and succeed. In the findings of Abrar-ul-haq, Jali and Islam, 2015; access to

finance is one of the most important factors for SMEs development. As a result of the study of Msoka (2013), business capital is necessary for SMEs development. Amadasun and Mutezo (2022) found that collateral, access to financial information, and bank significantly affect the competitiveness of SMEs.

(x) Regulatory Environment

The regulatory environment is the set of taxes, rules, and laws or regulations that must be followed by the businesses. In addition, Olatunji (2013) pointed out the importance of stability of the legal, political, and policy framework, publicity of the rules and laws, and clarity and certainty of the legal framework in promoting SMEs. According to Chamberlain and Smith (2006), overregulation hinders the success of the small business sector. On the other hand, Nyarku and Oduro (2017) found that simplifying loan conditions, easing the registration processes for SMEs, reforming the tax systems, having an effective price stabilization policy, and having flexible customs and port regulations developed enterprises. According to the findings of Belghitar, Clark, Dropsy and Mefteh-Wali (2021), exchange rate fluctuations have a strongly negative effect on SME performance.

(xi) Technology and Information

The study of Lybaert (1998) explored the positive relationship between information use and the performance of SME. According to Thatcher and Oliver (2001), investments in technology can maintain existing capacity as well as improve production quality and productivity. According to the Asia Foundation (2013), access to information is important for a business. Kiveu and Ofafa (2013) pointed out that access to information is positively related to market access. According to the study of Islam and Nasira (2017), there is positive relationship between SME development. and introduction to new technology and technological acquiring.

(xii) Infrastructure

Infrastructure for businesses includes such factors as transportation, water supply, roads, bridges, telecommunication, sewers, power grids, and other factors needed for the effective operation of the enterprise. In the studies of Sitharam and Hoque, 2016, it was indicated that a lack of electricity or an adequate power supply may hinder the operation of a business or be very expensive to operate. Similarly, Obokoh and Goldman (2016) pointed out that a deficiency in infrastructure negatively impacts the profitability and performance of SMEs. Taiwo, Esther, Daniel (2016) also pointed out that there is a significant positive relationship between good infrastructure and SME performance.

(xiii) Market Access

Market access refers to a person's capacity to reach out to consumers in order to sell their products or services. According to the Narver and Slater (1990), market orientation influences firm performance. The studies of Nwokah, 2008 found that there is no relationship between market orientation and business performance. According to the studies of Kiveu and Ofafa, 2013, market access is a major impediment to SME development, particularly in developing nations.


2.2 Measurements of the Development and Growth of SMEs

The development and growth of SMEs are measured by using broadly different indicators. Govori, 2013; Nay Lin Oo, 2014; Munizu, Sumardi and Armayah, 2016 used sales growth or turnover growth, asset growth, profitability, market share, capital growth, and employment, increase in employment, asset value and output growth to measure the SMEs development. In the study of Galadachi and Umar (2022), SMEs development was measured by growth. According to the previous studies, literatures used growth measures in studying the SMEs development. Based on the previous literature, this study used sales revenue, profitability, and asset growth as the measurements for SMEs development. In the study of Shaikh (2019), SMEs development was identified by the mean value of the combination of four variables namely growth of sales, profitability, productivity, and market share, which are data received from Likert scale questions. This study also used a combination of three variables as one measure for SMEs development.

2.3 Conceptual Framework of the Study

Figure (1) describes the conceptual framework for factors affecting the SMEs development.

Figure (1) Conceptual Framework



Source: Own Compilation

According to the conceptual framework, the study mainly focuses on the effect of influencing factors on the development of manufacturing SMEs. As independent variables, the entrepreneur characteristics, the firm characteristics, the financial resources, the regulatory environment, technology and information, infrastructure, and market access are examined. The financial resources, the regulatory environment, technology and information, infrastructure, and market access are the external factors. SMEs development is considered as the dependent variable, that is measured in terms of sales revenue, profitability, and asset growth.

III. THE AIM OF THE STUDY

The study has the aim to investigate the effect of influencing factors on the development of manufacturing SMEs in Yangon Region.

IV. METHODOLOGY

The required data and information are collected from primary as well as secondary sources. The primary data have been collected from owners/managers of selected firms by using a face-to-face interviewing method with a questionnaire. Firms included in the survey are chosen by simple random sampling. Secondary data is collected from books, articles, internet sources, and relevant organizations. In order to examine the factors affecting the development of manufacturing SMEs in Yangon Region, multiple regression analysis is used.

Since the number of SMEs was already known, the study applied Yamane (1973) formula to determine the representative sample size from the (1104) manufacturing SMEs within the industrial zones in Yangon Region. The required sample size was at least 294 manufacturing SMEs. However, in this study, 296 of the total SMEs were used as samples in order to cover all SMEs producing (22) commodity groups.

V. RESEARCH RESULTS

(i) Profile of Respondents

In order to identify the profile of respondents (owners/managers) from surveyed SMEs, data related to the gender of the owner/manager, age of the owner/manager, educational level of the owner or manager, and their position are collected from the respondents. The study described the profile of owners/managers of the surveyed manufacturing SMEs as shown in Table (1).

Table (1) Profile of Owners/Managers in Sample SMEs

Items	Category	No. of Owners/Managers	Percent (%)
Gender of Owner/Manager	Female	63	21.3
	Male	233	78.7
Total		**296**	**100.0**
Age of Owner/Manager (Years)	Less than 30	6	2.0
	Between 30 and 40	37	12.5
	Between 41 and 50	124	41.9
	Between 51and 60	98	33.1
	Above 60	31	10.5
Total		**296**	**100.0**
Level of Education of Owner/Manager	High School	52	17.6
	Undergraduate	50	16.9
	Graduate	172	58.1
	Postgraduate	22	7.4
Total		**296**	**100.0**
Position	Owner and Manager	53	17.9
	Owner	193	65.2
	Manager	50	16.9
Total		**296**	**100.0**

Source: Survey data, 2022

In this study, out of the 296 sample SMEs, 233 are male respondents, representing 78.7% of the total respondents, and only 63 are female respondents, with 21.3%. Thus, the share of male participants in SMEs is higher than the share of female respondents. It is indicated that the skills of male entrepreneurs should be improved through training, and female entrepreneurs should also be encouraged in order to promote the participation of female entrepreneurs in SMEs.

With regards to age structure, six (2.0%) respondents are below 30 years of age, and 37 (12.5%) are between 30 and 40 years of age. 124 respondents are between 41 and 50 years of age, with the highest share (41.9%), 98 respondents are between 51 and 60 years of age (33.1%), and the remaining 31 (10.5%) respondents are over 60 years of age. Most owner/managers of SMEs fall in the age bracket of 41–50 years. It is possible that middle aged people are interested in getting involved in businesses.

Regarding educational level, out of 296 respondents, 52 (17.6%) received high school education, while 50 (16.9%) attained undergraduate level. However, 172 (58.1%) respondents were graduates, with the highest share, and postgraduates total 22 (7.4%) respondents. Thus, most SME owners and managers are found to be well educated. The result confirmed that the education level of entrepreneurs is quite high. Therefore supporting activities such as education and training, the transfer of technology, and activities related to R&D for SMEs development may be concluded as successful.

According to the positions of respondents in their businesses, 53 (17.9%) respondents are responsible both as owners and managers. 193 respondents are responsible only as owners, with the highest share (65.2%), while the remaining 50 (16.9%) respondents are responsible as managers. Thus, most of the respondents are owners of their enterprises.

(ii) Profile of Sample SMEs

This section describes the profile of sample SMEs, such as their age, ownership structure, and firm size (number of employees). The Table (2) shows the profile of the sample SMEs.

Regarding the years of operation of the sample SMEs, 144 (48.6%) firms are between 5 and 9 years, while 67 (22.6%) firms are between 10 and 14 years. On the other hand, 47 (15.9%) firms are between 15 and 19 years, and 38 (12.8%) firms are more than 19 years. Thus, most of the firms included in the study were between five and nine years. As a result, the surveyed firms were established before the COVID-19 pandemic, but their operating years are too short, so they may have limited experience in their current business operations. Among the 296 sample SMEs, 280 are sole proprietorships (94.6%) with the highest percentage, 13 are partnerships (4.4%), one is a private limited enterprise (0.3%), and 2 (0.7%) are other types of firms.

Regarding the use of employees, 215 (72.6%) firms employed not more than 50 employees, while the remaining 81 (27.4%) firms employed between 51 and 300 employees. Since most firms operate with not more than fifty employees, most of the firms included in the study are firm in size.

Table (2) Profile of Sample SMEs

Descriptions	Category	Respondents	Percent
Age of Enterprise (Years)	Between 5 and 9	144	48.6
	Between 10 and 14	67	22.6
	Between 15 and 19	47	15.9
	Above 19	38	12.8
Total		**296**	**100.0**
Ownership Structure	Sole Proprietorship	280	94.6
	Partnership	13	4.4
	Private Limited Enterprise	1	0.3
	Others	2	0.7
Total		**296**	**100.0**
Firm Size (Number of employees)	Up to 50	215	72.6
	Between 51 and 300	81	27.4
Total		**296**	**100.0**

Source: Survey data, 2022

(iii) Analysis of Factors Affecting on SMEs Development

The dependent variable was SMEs development. The following Table (3) shows the result of the analysis of factors affecting the development of the sample SMEs.

According to the findings, gender and SMEs development have a positive relationship. It is possible that male owners/managers can perform better in developing enterprises than females, since they are more willing to take risks and have the ability to make the right decisions, depending on the business environment. The result also noted that there is a positive relationship between the managerial skills of owners and managers and SMEs development. Thus, owners and managers who have managerial skills such as possessing skills in technical or functional areas, creating a positive work climate, having human resource management skills, and having good communication skills may develop the enterprises. In addition, as a result, firm size and SMEs development are positively related. The result indicated that the bigger the business with a large number of employees, the more successful it can be.

Moreover, since there is a positive relationship between financial resource and SMEs development, sufficient working capital, easy access to loans with low interest rates and favorable repayment terms, and a well- functioning banking system can stimulate enterprise development. In addition, since the regulatory environment is positively related to SMEs development, a supportive regulatory environment can encourage the development of SMEs. Thus, reducing restrictions, stabilizing laws and regulations, reducing difficulty in registering, getting permits, and applying for licensing, having clear rules and regulations, and having a favorable tax rate, exchange rate, and tariff can encourage starting the business and its survival as well as its operations.

Table (3) Regression Analysis of Factors Affecting on SMEs Development

Independent Variable	Unstandardized Coefficients		t	Sig.	VIF
	B	Std. Error			
(Constant)	-.454	.572	-.793	.428	
Age of Owner	-.026	.036	-.729	.467	1.118
Gender of Owner/Manager	.115**	.078	2.108	.036	1.073
Level of Education of Owner/ Manager	.027	.070	.392	.695	1.098
Previous Work Experience of Owner/Manager	-.029	.034	-.850	.396	1.088
Managerial Skills of Owner/ Manager	.222***	.062	3.556	.000	1.374
Ownership Structure	.146	.148	.991	.323	1.170
Firm Age	-.015	.030	-.506	.614	1.099
Firm Size (Number of Employees)	.336***	.086	3.931	.000	1.525
Financial Resource	.337***	.062	3.670	.000	2.158
Regulatory Environment	.339***	.062	5.446	.000	1.472
Technology and Information	.139**	.056	2.482	.014	1.477
Infrastructure	.128***	.048	2.663	.008	1.598
Market Access	.071	.099	.719	.473	1.694
R	0.744				
R^2	0.554				
Adjusted R^2	0.533				
F-Value	23.867***				
***, ** statistically significant at (1%) level and (5%) level respectively.					

Dependent Variable: SMEs Development
Source: Survey data, 2022

As a result, since information and technology also have a positive relationship with SMEs development, increasing skills to adopt new technology, the ability to create new products, and accessing supportive information can help SMEs development. Also, infrastructure is positively related to SMEs development. It means that good infrastructure can assist SMEs development. Thus, good road conditions, communication facilities, a stable electricity supply, cost savings for energy, sufficient warehouses and storage facilities, an efficient waste management and drainage system, and the availability of business development services can improve the operation of businesses and accelerate the development of SMEs.

This study found that the age of the owner/manager, educational level of the owner/manager, previous work experience of the owner/manager, ownership structure of the firm, age of the firm, and market access do not relate to SMEs development. Thus, these factors

do not have an effect on the development of SMEs. Owners/managers who have different age and educational levels may not have any significant capacity to make decisions for firm development. It may be possible that owners/managers who have education related to the businesses will have a significant role in the development of the firm.

Additionally, previous work experience may not contribute to their enterprise's development if the work experience of owners and managers is not related to their current job or that they do not directly apply experience to their current job. Thus, it is possible that there is no relationship between the previous work experience of owners and managers. In addition, the ownership structure does not significantly change the firm's development. The length of the firm and market access are not also related to the enterprise's development. It is possible if it could not effectively perform the business during the operating period.

VI. CONCLUSION

To fulfill the objective of this study, the study analyzed the effect of entrepreneur characteristics, firm characteristics, financial resource, the regulatory environment, technology and information, infrastructure, and market access on SMEs development.

With respect to the analysis of the effect of entrepreneur characteristics on SMEs development, it is found that the effect of the gender of the owner/manager is significant and has a positive relationship with SMEs development. It reveals that, male entrepreneurs can perform better in business development than female entrepreneurs. In addition, the results of the study also revealed that managerial skills have a significant and positive relationship with SMEs development. Thus, it is possible to conclude that an entrepreneur who has managerial skills can lead SMEs to develop.

It was also found that there is a positive effect of firm size in terms of the number of employees on SMEs development, showing enterprises with more employees may do better business than those with fewer employees. Some SMEs may develop by rapidly fulfilling demand due to a sufficient number of employees, while firms with fewer employees are facing difficulties in fulfilling customers' needs.

According to the results of the study, financial resources significantly and positively affected SMEs development, which can be stated that enterprises with fewer financial difficulties can run better businesses than enterprises that are facing many difficulties in financing. Based on the result of the analysis, it also indicated that a supportive regulatory environment can develop SMEs. This means that reducing restrictions in rules and regulations, having favorable exchange rate systems, and taxation and tariff systems encourage the SMEs development.

In studying the effect of technology and information, the study recognized that the ability to adopt technology and access to information can increase sales revenue, profitability, and asset growth, thus contributing to the enterprise's development. Moreover, the result of analyzing the effect of infrastructure showed that infrastructure development facilitates SMEs development. This can be concluded that improved road conditions, a well-developed communication system, and a stable electricity supply leads to the development of SMEs.

According to the results of the study, work experience of owners and managers does not affect the development of SMEs. It is possible that previous work experience of the owner/manager is not related to the current job, or it could be that the owners and managers are less able to directly apply their experience in the current job.

Regarding the ownership structure, it has not significantly influenced the development of SMEs. This means that any ownership structure cannot contribute to sales revenue, profitability, or asset growth. Additionally, the result also indicated that the age of the firm as well as market access are not related to the SMEs development. It implies that the operation year of a firm as well as market access may not significantly contribute to the development of the enterprise.

To sum up, based on the findings, it can be concluded that the study provides important implications for practitioners who are business owners, relevant organizations, and others to some extent. In this regard, this study provided the following suggestions in order to encourage the competitiveness of SMEs and to support their development.

Since the participation of male entrepreneurs in SMEs may develop SMEs, it should accelerate the capacity of male entrepreneurs by providing supports such as providing the required training and, arranging and planning foreign trips for acquiring international experiences. On the other hand, it also needs to consider to improve the capacity of female entrepreneurs and their interest in businesses.

In order to fulfill and improve managerial skills, the study suggests that opportunities should be created for the participation of owners and managers of SMEs in skills development training programs, seminars and workshops through collaboration and coordination with stakeholders. This study pointed out that increase use of workers by firms will develop the business, and suggested that SMEs should create an attractive work environment, provide rewards for hard work, and create opportunities for learning and development.

Since financial resources facilitate the SMEs development, the study suggestion is that accessing finance should be supported by reducing the collateral requirement, having a suitable interest rate and repayment term, cooperating among various financial institutions and relevant organizations, and easily accessing the required information. Regarding the regulatory environment, the study suggests on reducing the restrictions on applying for business permits and registration, stabilizing the laws and regulations, developing the supportive taxation system and educating the owners and managers of SMEs.

For improving the adoption of technology and information, it should be supported by transferring the technology among businesses, accelerating the diffusion of advanced technology, encouraging R&D activities, holding competitions for improving business ideas and business plans, and establishing technological development centers and incubation centers and facilitating to disseminate the information related to the market and technology.

Concerning infrastructure for SMEs development, the suggestion of the study was that it should develop transport infrastructure, ensure stable and sufficient electricity supplies, provide business development services (BDS), and facilitate warehouses and storage facilities for SMEs.

In making efforts to develop SMEs, policymakers should also provide support for the businesses to survive and compete in a competitive environment. Thus, policies that should be central to promoting managerial skills, access to financial resources, adoption of technology and information, carrying out the needed reforms in rules and regulations, and developing infrastructure should be formulated and implemented. Besides, it should treat SMEs as clusters to get the benefits of economies of scale, easy management and administration, lower production costs, transfer technology, and to disseminate information.

REFERENCES

Abeh, O. (2017). The Problems and Prospects of Small and Medium Scale Enterprises (SMEs) Growth and Development in Nigeria: A Study of Selected SMEs in Delta State. *International Journal of Scientific Research in Education, 10* (3), 278-294.

Amadasun, D.O.E., & Mutezo, A.T. (2022). Influence of Access to Finance on the Competitive Growth of SMEs in Lesotho. *Journal of Innovation and Entrepreneurship*, *11* (56).

Amarteifio, E.N.A., & Agbeblewu, S. (2017). Level of Education, Business Experience and Small and Medium Enterprise Performance in the Accra Metropolis of Ghana. *International Journal of Multidisciplinary and Current Research, 5.*

Bala, H. (2016). *Small and Medium Enterprises (SMEs) In Myanmar: Success Factors and Future Outlooks*. the United States Agency for International Development (USAID).

Belghitar, Y., Clark, E., Dropsy, V., & Mefteh-Wali, S. (2021). The Effect of Exchange Rate Fluctuations on the Performance of Small and Medium sized Enterprises: Implications for Brexit. *The Quarterly Review of Economics and Finance*, *Elsevier, 80* (C), 399-410.

Bernhardt, T., De, S. K., & Dickenson-Jones, G. (2016). *Myanmar SMEs' Participation in ASEAN and East Asian Regional Economic Integration – with a Focus on Processed Food and Apparel Manufacturing*. Center of Economics and Social Development.

Chamberlain, D., & Smith, A. (2006). Recent Findings on Tax-Related Regulatory Burden on SMMEs in South Africa. *Working Paper 06/105, Development Policy Research Unit, University of Cape Town.*

Coad, A., Segarra, A., & Teruel, M. (2013). Like milk or wine: Does firm performance improve with age? *Structural Change and Economic Dynamics, 24*(1), 173-189.

Fairlie, R. W. & Robb, A. M. (2009).Gender Differences in Business Performance: Evidence from the Characteristics of Business Owners Survey. *Small Bus Econ, 33,* 375–395.

Govori, A. (2013). Factors Affecting the Growth and Development of SMEs: Experiences from Kosovo. *Mediterranean Journal of Social Sciences, 4*(9).

Hall, G. (2000). *Factors Associated with the Performance of Small British Firms*. Paper presented at the 45th International Council of Small Business, Brisbane, Australia.

Islam, M. & Nasira, S. (2017). Role of Technology on Development of SME: Bangladesh Perspective. *Journal of Entrepreneurship and Management, 6* (1).

Kassa, E.T. (2021). Socioeconomic Determinants of Micro and Small Enterprise Growth in North Wollo and Waghimira Zone Selected Town. *Journal of Innovation and Entrepreneurs*, *28*.

Kiveu, M., & Ofafa, G. (2013). Enhancing Market Access in Kenyan SMEs Using ICT. *Global Business and Economics Research Journal*, *2*(9), 29-46.

Lema, J.P. (2013). *Assessment of the Factors Affecting Performance of Small and Medium Enterprises; The Case of Kilimanjaro Region*. (Master Thesis). Mzumbe University.

Lybaert, N. (1998). The Information Use in A SME: Its Importance and Some Factors of Influence. *Small Business Economics, 10*(2), 171-191.

Margaretha, F., & Supartika, N. (2016). Factors Affecting Profitability of Small Medium Enterprises (SMEs) Firm Listed in Indonesia Stock Exchange. *Journal of Economics, Business and Management, 4*(2).

Msoka, E.M. (2013). Do Entrepreneurship Skills Have an Influence on the Performance of Women Owned Enterprises in Africa? Case of Micro and Small Enterprises in Dar es Salaam, Tanzania. *Journal of Business, Humanities and Technology*. *3*(3), 52-62.

Munizu, M., Sumardi, & Armayah (2016). Study on Determinant Factors of Micro and Small Enterprises Development in South Sulawesi of Indonesia. *Mediterranean Journal of Social Sciences, 7* (6).

Narver, J.C., Slater, S.F., 1990, The Effect of Market Orientation on Business Profitability. *Journal of Marketing, 54*(4), 20-35.

Nay Lin Oo (2014). *The Implementation of Small and Medium-Sized Enterprise Development in the Rice Sector of Myanmar*. (Doctoral Dissertation). School of Public Administration, National Institute of Development Administration.

Ndlovu, N., Shumba, V., & Vakira, E. (2018). The Influence of Experience and Owner-Managers Education on SME Performance: Case of Motor Spares Enterprises at Kelvin Light Industries in Bulawayo. *Journal of Economics and Behavioral Studies*,*10*(4),22-31.

Obokoh, L.O., & Goldman, G. (2016). Infrastructure Deficiency and the Performance of Small and Medium Enterprises in Nigeria. *Acta Commercii*, 16(1).

Olatunji, T.E., (2013), The Impact of Accounting System on the Performance of Small and Medium Scale Enterprises in Nigeria- A Survey of SMEs in Oyo State- Nigeria. *International Journal of Business and Management Invention, 2*(9). 13-17.

Olowu, M.D.Y., & Aliyu, I. (2015). Impact of Managerial Skills on Small Scale Businesses Performance and Growth in Nigeria. *European Journal of Business and Management, 7*(5).

Reshid, F.A. (2022). Effect of Market Orientation on Performance of Small and Medium Enterprise (SMEs) in Kirkos Sub-City. *Developing Country Studies, 12*(7).

Ruhiu, R. W., Ngugi, P. K., & Waititu, G. A. (2014). Effects of Managerial Skills on The Growth of Incubated Micro and Small Enterprises in Kenya. *International Journal of Social Sciences and Entrepreneurship, 1*(12), 474-485.

Scarborough, N.M. (2011). *Essentials of Entrepreneurship and Small Business Management.* (6th ed.). Global Edition. London: Pearson.

Sinha, T. N. (1996). Human Factors in Entrepreneurship Effectiveness. *The Journal of Entrepreneurship, 5*(1), 23-39.

Sitharam, S., & Hoque, M. (2016). Factors Affecting the Performance of Small and Medium Enterprises in Kwazulu-Natal, South Africa. *Problems and Perspectives in Management*, *14*(2-2), 277-288.

Taiwo, A.S., Esther, A.F., & Daniel, A.O. (2016). Infrastructural Development as Predictor to Small & Medium Enterprises Performance in Nigeria. *Kuwait Chapter of Arabian Journal of Business and Management Review, 6*(3).

Terpstra, D. E., & Olson, P. D. (1993). Entrepreneurial Start-Up and Growth: A Classification of Problems. *Entrepreneurship Theory and Practice*, *17*(3), 5-20.

Thatcher, M.E. & Oliver, J.R. (2001). The Impact of Technology Investments on a Firm's Production Efficiency, Product Quality, and Productivity. *Journal of Management Information Systems*, *18*(2),17-45.

Thin Thin Yu, (2023). *Factors Affecting the Development of SMEs in Yangon Region*, (Ph.D.), Yangon University of Economics.

Worlu, R, E., Evioghenesi, M., Ajagbe, M.A., & Okoye, L.U. (2015). Ownership Structure and Performance of Entrepreneurial Firms in Nigeria. *International Journal of Economics and Business Management*, *1*(3).

Yasuda, T. (2005). Firm Growth, Size, Age and Behavior in Japanese Manufacturing. *Small Business Economics*, *24*(1), 1-15.

Zakari, A. A. & Ibrahim, U.A. (2021). Impact of Customer Satisfaction on Business Performance of SMEs in Nigeria. *International Journal of Research in Business and Social Science (2147- 4478)*, *10*(5), 46–51.

ရန်ကုန်တိုင်းဒေသကြီးရှိ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားသောအချက်များအား လေ့လာဆန်းစစ်ခြင်း

ဒေါက်တာသင်းသင်းယု

ပါမောက္ခ၊ ဘောဂဗေဒဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

စာတမ်းအကျဉ်းချုပ်

ဤစာတမ်းသည် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုဇုန်များရှိ အသေးစား၊အလတ်စား ထုတ်လုပ်မှုလုပ်ငန်းများကို လေ့လာထားခြင်းဖြစ်ပါသည်။ စာတမ်း၏ ရည်ရွယ်ချက်မှာ အဆိုပါ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် လွှမ်းမိုးသောအချက်များ၏ သက်ရောက်မှုကို လေ့လာရန်ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၌ မှတ်ပုံတင်ထားသော အသေးစားနှင့် အလတ်စား ထုတ်လုပ်မှုလုပ်ငန်း (၂၉၆) ခုကို သာမန်ကျပန်း နမူနာရွေးချယ်မှုနည်းလမ်းဖြင့် ရွေးချယ်ထားပါသည်။ လိုအပ်သော သတင်းအချက်အလက်များကို ကောက်ယူပြီး Multiple Regression Analysis ကို အသုံးပြု၍ ဆန်းစစ်ထားပါသည်။ လေ့လာတွေ့ရှိ ချက်များအရ လုပ်ငန်းပိုင်ရှင်နှင့် မန်နေဂျာများ၏ အရည်အချင်းနှင့်စီမံခန့်ခွဲမှု၊ ကျား၊မ ကွဲပြားမှု၊ လုပ်ငန်းအရွယ်အစား၊ ငွေကြေးအရင်းအနှီးရရှိမှု၊ ဥပဒေပြဋ္ဌာန်းချက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာနှင့် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား၊ လျှပ်စစ်မီးရရှိမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံဉာဏ်ပေးခြင်းတို့သည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများပေးခြင်း၊ အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ တာဝန်ခွဲဝေပေးခြင်း၊ ငွေကြေးအရင်းအမြစ်များ ရရှိအောင် ပံ့ပိုးမှုများပေးခြင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ပြဋ္ဌာန်းခြင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တည်ငြိမ်အောင်ဆောင်ရွက်ခြင်း၊ ကန့်သတ်ချက်များ လျှော့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သတင်းအချက်အလက်များရရှိအောင် ပံ့ပိုးပေးခြင်း၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးခြင်းများ ပြုလုပ်သင့်ကြောင်း အကြံပြုတင်ပြထားပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် မူဝါဒများကိုလည်း ချမှတ်သင့်ကြောင်း တင်ပြထားပါသည်။

၁။ နိဒါန်း

စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ စက်မှုနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အရေးပါသော ရည်ရွယ်ချက်တစ်ခုဖြစ်သည်။ ၁၉၇၀ ခုနှစ် နောက်ပိုင်းနှင့် ၁၉၈၀ ခုနှစ် အစောပိုင်းကာလများ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုအသွင်ပြောင်းလဲရာတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အဓိကအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လာခဲ့ပါသည်။

ထို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အတွက်သာမက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသောလုပ်ငန်းများ ဖြစ် လာပါသည်။

မြန်မာနိုင်ငံတွင် စက်မှုထွန်းကားရေးကို ဦးတည်ဆောင်ရွက်နေခြင်းသည် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာကောင်းတစ်ခု ဖြစ်လာသည်။ မြန်မာ့ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် ဒေသဆိုင်ရာစီးပွားရေးပူးပေါင်းမှုကို လေ့လာခဲ့ကြသော Bernhardt နှင့် Dickenson-Jones တို့က ဒေသတွင်းနှင့် ကမ္ဘာ့စျေးကွက်တွင် မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားသည် နည်းနေဆဲပင်ဖြစ်သည်ဟု ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသောစာတမ်း၌ ရေးသားခဲ့ပါသည်။ ထို့ပြင် မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများ သည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ အရေးကြီးသည့်ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရလျက် ရှိသည်။

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းအများစုသည် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များတွင် တည်ရှိကြသည်။ ထို့ကြောင့်လည်း မြန်မာ့စီးပွားရေးအဆောက်အအုံတွင် အသေး စားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုဇုန်များ အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် အဓိကဖြစ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်မူ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ် တလျှောက် ကြုံတွေ့ရသည့် အတားအဆီးများကို လျှော့ချရုံသာမက ထိုအတားအဆီးများကို ကျော်လွှားနိုင်ရန် လည်း လိုအပ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများကို ကြုံကြိုခံ၊ ကျော်လွှားနိုင်မှသာ လုပ်ငန်းများ စတင်ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံအနေ ဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်နေရသော ပြဿနာ များကို ဖြေရှင်းရန် လိုအပ်နေသောကြောင့် ၎င်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှမ်းမိုး ထားသောအချက်များကို လေ့လာရခြင်း ဖြစ်ပါသည်။ ဤလေ့လာမှုသည် ၂၀၂၂ ခုနှစ်တွင် ကောက်ယူ ထားသော အချက်အလက်များအရ လေ့လာရေးသားထားပါသည်။

၂။ လေ့လာမှုဆိုင်ရာသုံးသပ်ချက် (Literature Review)

အသေးစား၊ အလတ်စားလုပ်ငန်းများနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရန် ပထမဆုံး ကြိုးပမ်း မှုများထဲက တစ်ခုကို ၁၉၇၁ ခုနှစ်၊ ဘော့လ်တန်အစီရင်ခံစာတွင် တွေ့နိုင်သည်။ အသေးစား၊

အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (MSMEs)၏ အရေးပါမှုကို ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုကြသော်လည်း တစ်ကမ္ဘာလုံးက လက်ခံထားသော MSMEs ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာမူ မရှိသေးပေ။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ ၂၃/၂၀၁၅ အရ လက်ရှိအသုံးပြုနေသော အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ပေါ်ပေါက်လာခဲ့သည်။ ယင်းဥပဒေအရ အမြဲတမ်းဝန်ထမ်း (၅၀) ဦးထက်နည်းပြီး ရင်းနှီးမြှုပ်နှံ ငွေကျပ်သန်း (၅၀၀) ထက်မပိုသော လုပ်ငန်းများကို အသေးစားထုတ်လုပ်မှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်။ လုပ်သားအခြေပြုထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် အမြဲတမ်း ဝန်ထမ်း (၃၀၀) အောက် သို့မဟုတ် ရင်းနှီးမြှုပ်နှံငွေကျပ်သန်း (၅၀၀) ထက်မပိုသော လုပ်ငန်းဖြစ်လျှင် အသေးစားလုပ်ငန်းများအဖြစ် စဉ်းစားသည်။ အမြဲတမ်းဝန်ထမ်း (၅၀)ဦး ထက်ပိုပြီး (၃၀၀)ဦး ထက်မပိုသော ရင်းနှီးမြှုပ်နှံငွေ ကျပ်သန်း (၅၀၀) နှင့် (၁၀၀၀) ကြား လုပ်ငန်းများကို အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းများအဖြစ် သတ်မှတ်ကြသည်။

(၂.၁) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးသက်ရောက်စေသည့် အချက်များ

ဤလေ့လာမှုတွင် internal factors များအဖြစ် လုပ်ငန်းနှင့် လုပ်ငန်းရှင်၏ လက္ခဏာရပ်များ အကျိုးသက်ရောက်မှုကို လေ့လာထားပါသည်။

(က) လုပ်ငန်းရှင်၏အသက်အရွယ်

Sinha ၏ ၁၉၉၆ ခုနှစ် လေ့လာမှုတွင် အသက်ငယ်သော စီးပွားရေးလုပ်ငန်းရှင်များသည် ပိုမိုအောင်မြင်ကြောင်း တွေ့ရှိခဲ့ပါသည်။ Chiliya ၏ ၂၀၁၂ ခုနှစ်၊ လေ့လာမှုအရ ပိုင်ရှင်၏ အသက်သည် လုပ်ငန်း၏ အမြတ်အစွန်းအပေါ်သိသာစွာ ပြောင်းပြန်သက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့ပါသည်။ Sajilan, Hadi နှင့် Tehseen တို့က ၎င်းတို့၏ ၂၀၁၅ ခုနှစ် လေ့လာမှုတွင် လုပ်ငန်းရှင်/မန်နေဂျာ၏ အသက်အရွယ်နှင့် လုပ်ငန်း၏ စွမ်းဆောင်ရည်အကြား အပြုသဘောဆောင်သော ဆက်စပ်မှုရှိကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော် Abeh က လုပ်ငန်းရှင်၏ အသက်အရွယ်သည် အငယ်စားလုပ်ငန်းတစ်ခု၏ စွမ်းဆောင်ရည်ကိုမူ သိသာစွာ ပြောင်းလဲစေနိုင်ခြင်းမရှိကြောင်း ၂၀၁၇ ခုနှစ်တွင် လေ့လာဖော်ပြခဲ့သည်။

(ခ) ကျား၊မကွဲပြားခြင်း

၂၀၂၁ ခုနှစ်၊ Kassa ၏ လေ့လာမှုအရ ကျား၊မ ကွဲပြားခြင်းသည် လုပ်ငန်း၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုမရှိကြောင်း တွေ့ရှိခဲ့သည်။ Fairlie နှင့် Robb တို့က အမျိုးသမီးများ ပိုင်ဆိုင်

သောလုပ်ငန်းများသည် အမျိုးသားများပိုင်ဆိုင်သော လုပ်ငန်းများထက် အောင်မြင်နိုင်ခြေ ပိုနည်းကြောင်း ၂၀၀၉ ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် Scarborough ကလည်း ပိုင်ရှင်/မန်နေဂျာသည် အမျိုးသားဖြစ်ခြင်း၊ အမျိုးသမီးဖြစ်ခြင်းပေါ်မူတည်၍ လုပ်ငန်း၏ စွမ်းဆောင်ရည်ကွာခြားနိုင်ကြောင်း လေ့လာခဲ့ပါသည်။

(ဂ) ပညာရေးအဆင့်

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပညာရေးအဆင့်၏ သက်ရောက်မှုနှင့်ပတ်သက်၍ ၂၀၀၀ ပြည့်နှစ်၊ Hall ၏ လေ့လာမှုတွင် ဘွဲ့ရရှိထားသော လုပ်ငန်းပိုင်ရှင်/မန်နေဂျာများသည် ပညာနည်းသောလုပ်ငန်းပိုင်ရှင်/မန်နေဂျာများထက် အောင်မြင်မှုနည်းကြောင်း ပြောဆိုခဲ့သည်။ ပညာရေးအဆင့်ဆိုရာတွင် Formal Education ကို ဆိုလိုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ Kassa ၏ လေ့လာတွေ့ရှိမှုတွင် ပိုင်ရှင်/မန်နေဂျာ၏ ပညာရေးအဆင့်သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် သိသာသော သက်ရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ပါသည်။ Ndlovu, Shumba နှင့် Vakira တို့၏ ၂၀၁၈ ခုနှစ်က လေ့လာမှုတွင်မူ ပိုင်ရှင်/မန်နေဂျာ၏ ပညာရေးနှင့် လုပ်ငန်း၏ စွမ်းဆောင်ရည်အကြား သိသာသော ဆက်စပ်မှုရှိကြောင်း ဖော်ပြခဲ့ပါသည်။

(ဃ) ယခင်လုပ်ငန်းအတွေ့အကြုံ

ပိုင်ရှင်၏ လုပ်ငန်းအတွေ့အကြုံသည် အသေးစားနှင့် အလတ်စားလုပ်ငန်း ပိုင်ရှင်၏ ယခင်အလုပ်များမှရရှိသော လုပ်ငန်းအတွေ့အကြုံများကို ရည်ညွှန်းသည်။ Amartelfio နှင့် Agbeblewu တို့၏ ၂၀၁၇ ခုနှစ် လေ့လာမှုတွင် ယခင်အတွေ့အကြုံ နှင့် လုပ်ငန်းရှင်သန်နိုင်မှုအကြား ဆက်စပ်မှုမရှိကြောင်း ဖော်ပြခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Mazzarol, Volery, Doss နှင့် Thein တို့က အစိုးရဝန်ထမ်းများအဖြစ် အလုပ်လုပ်ခဲ့ဖူးသူများသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်နိုင်ခြေနည်းကြောင်း ဆက်စပ်မှုကို ဖော်ပြခဲ့သည်။ အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများ သဘောသဘာဝမတူခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၉ ခုနှစ်တွင် Tuan နှင့် Takahashi တို့ကလည်း ယခင်ကအတွေ့အကြုံနှင့် လုပ်ငန်းအောင်မြင်မှုအကြား ပြောင်းပြန်ဆက်စပ်မှုရှိကြောင်း ဖော်ထုတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် Ndlovu, Shumba နှင့် Vakira တို့ကမူ ပိုင်ရှင်/ မန်နေဂျာ၏ အတွေ့အကြုံနှင့် လုပ်ငန်း၏ စွမ်းဆောင်ရည်သည် သိသာစွာဆက်စပ်မှုရှိကြောင်း ဖော်ထုတ်ခဲ့သည်။

(c) စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ

စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများသည် ထိရောက်စွာ အလုပ်လုပ်ဆောင်နိုင်ခြင်းအတွက် လိုအပ်သောစွမ်းရည်များ၊ လှုံ့ဆော်မှုများနှင့် သဘောထားများကို ရည်ညွှန်းသည်။ ၁၉၉၃ ခုနှစ်၊ Terpstra နှင့် Olson တို့၏ လေ့လာမှုတွင် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်မရှိခြင်းသည် လုပ်ငန်းကျရှုံးမှုကို ဖြစ်စေကြောင်း ရေးသားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် Ruhiu, Ngugi နှင့် Waititu တို့က စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေကြောင်း လေ့လာဖော်ထုတ်ခဲ့သည်။ Olowu **နှင့်** Aliyu **တို့ကလည်း ၂၀၁၅ ခုနှစ်တွင်** စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုသည် **အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်** အရေးကြီးဆုံးတစ်ခုအဖြစ် ပါဝင်ကြောင်း တင်ပြခဲ့သည်။

(စ) လုပ်ငန်း၏အရွယ်အစား

လုပ်ငန်းအရွယ်အစားကို ပိုင်ဆိုင်မှုစုစုပေါင်း၊ ရောင်းအားစုစုပေါင်း၊ ဈေးကွက်တန်ဖိုးနှင့် အလုပ်သမားအရေအတွက်တို့ဖြင့် တိုင်းတာလေ့ရှိသည်။ ၂၀၁၆ ခုနှစ်တွင် Bala က အချိန်ပြည့် အလုပ်သမားအရေအတွက် ပိုများသော အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ရောင်းအား နှင့် အမြတ်အစွန်းတွင် ပိုမိုအောင်မြင်နိုင်ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် Margaretha နှင့် Supartika တို့က လုပ်ငန်းအရွယ်အစားသည် အမြတ်အစွန်းရရှိမှုအပေါ် ပြောင်းပြန် သက်ရောက်မှုရှိကြောင်း ချေပခဲ့သည်။ ၂၀၂၁ ခုနှစ်၊ Hung, Vinh နှင့် Thai တို့၏ လေ့လာမှုတွင် လုပ်ငန်းအရွယ်အစားသည် SMEs နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။

(ဆ) လုပ်ငန်း၏သက်တမ်း

လုပ်ငန်းသက်တမ်း၏ သက်ရောက်မှုကိုလေ့လာရာတွင် ၂၀၀၅ ခုနှစ်၌ Yasuda က လုပ်ငန်း သက်တမ်းသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ပြောင်းပြန်သက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့ သည်။ လုပ်ငန်းတစ်ခု၏ အောင်မြင်မှုသည် သက်တမ်းတစ်ခုတည်းပေါ်တွင်သာ မူတည်မှုမရှိဘဲ အခြားသက်ရောက်သောအချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ Coad, Segarra နှင့် Teruel တို့၏ ၂၀၁၃ ခုနှစ် လေ့လာမှုတွင်မူ လုပ်ငန်းများသည် သက်တမ်းကြာလာသည် နှင့်အမျှ စွမ်းဆောင်ရည်တိုးတက်လာကြောင်း ဖော်ပြခဲ့သည်။ ၂၀၂၁ ခုနှစ် တွင် Kassa က လုပ်ငန်း သက်တမ်းသည် လုပ်ငန်းတိုးတက်မှုအပေါ်သက်ရောက်မှုမရှိကြောင်း လေ့လာရေးသားခဲ့သည်။

(၉) ပိုင်ဆိုင်မှုပုံစံ

ပိုင်ဆိုင်မှုပုံစံဆိုသည်မှာ လုပ်ငန်းကို ထိန်းချုပ်သည့်နည်းလမ်းဖြစ်သည်။ ပိုင်ဆိုင်မှုစနစ်များတွင် တစ်ဦးတည်းပိုင်လုပ်ငန်း၊ အစုစပ်လုပ်ငန်း၊ အကန့်အသတ်ရှိသော အစုစပ်လုပ်ငန်း၊ အကန့်အသတ်ဖြင့် တာဝန်ယူမှုရှိသော ကုမ္ပဏီ (LLC) နှင့် ကော်ပိုရေးရှင်း (အမြတ်နှင့် အမြတ်မယူသော) တို့ပါဝင်သည်။ ၂၀၁၃ ခုနှစ်တွင် Lema က ပိုင်ဆိုင်မှုပုံစံသည် SMEs ၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုမရှိကြောင်း ထုတ်ဖော်ခဲ့သည်။ Worth, Evioghenesi, Ajagbe နှင့် Okoye တို့၏ ၂၀၁၅ ခုနှစ် လေ့လာမှုတွင် ပိုင်ဆိုင်မှုပုံစံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် သိသာစွာ ဆက်စပ်မှုရှိကြောင်း ထုတ်ဖော်ခဲ့သည်။

(၁၀) ဘဏ္ဍာရေးအရင်းအမြစ်

အသေးစားနှင့် အလတ်စားလုပ်ငန်းများကြီးထွားဖွံ့ဖြိုးရန်၊ တိုးချဲ့ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အောင်မြင်ရန်အတွက် လုပ်ငန်းအတွင်းနှင့် လုပ်ငန်းပြင်ပမှ ငွေကြေးအရင်းအမြစ်များ လိုအပ်သည်။ ၂၀၁၅ ခုနှစ်၊ Abrar-ul-haq, Jali နှင့် Islam တို့က ဘဏ္ဍာရေးအရင်းအမြစ်ရရှိမှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်၊ Msoka ၏လေ့လာမှုတွင် လုပ်ငန်းအရင်းအနှီးသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလိုအပ်ကြောင်း တွေ့ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် Amadasun နှင့် Mutezo တို့က ငွေချေးရာတွင် အပေါင်ပစ္စည်းလိုအပ်မှု၊ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်ရရှိမှု၊ ဘဏ်လုပ်ငန်းတို့သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပြိုင်ဆိုင်နိုင်စွမ်းအပေါ်သိသာစွာ သက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်။

(၁၁) ဥပဒေရေးရာဝန်းကျင်

ဥပဒေရေးရာဝန်းကျင်တွင် လုပ်ငန်းများအတွက် လိုက်နာရမည့် အခွန်ပေးဆောင်ခြင်းများ၊ စည်းမျဉ်းများ၊ ဥပဒေများ (သို့မဟုတ်) စည်းကမ်းချက်များပါဝင်သည်။ ၂၀၁၃ ခုနှစ် တွင် Olatunji က ဥပဒေရေး၊ နိုင်ငံရေးနှင့် မူဝါဒရေးရာ တည်ငြိမ်ခြင်း၊ စည်းမျဉ်းများနှင့် ဥပဒေများထုတ်ပြန်ခြင်း၊ ဥပဒေရေးရာရှင်းလင်းသေချာမှုတို့သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို မြှင့်တင်ရာတွင် အရေးကြီးကြောင်း ရေးသားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် Chamberlain နှင့် Smith တို့က တင်းကြပ်သောစည်းမျဉ်း၊ စည်းကမ်းများထားရှိခြင်းသည် အောင်မြင်မှုအတွက် အဟန့်အတားဖြစ်စေကြောင်း ထောက်ပြရေးသားခဲ့သည်။

(၄) နည်းပညာနှင့် သတင်းအချက်အလက်

၁၉၉၈ ခုနှစ်တွင် Lybaert က အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် သတင်းအချက်အလက်အသုံးပြုခြင်းဖြင့် စွမ်းဆောင်ရည်ကို ပြောင်းလဲစေနိုင်ကြောင်း လေ့လာဖော်ပြခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် Thatcher နှင့် Oliver တို့က နည်းပညာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လက်ရှိ စွမ်းဆောင်ရည်ကို ထိန်းသိမ်းနိုင်ရုံသာမက ထုတ်လုပ်မှုအရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအားကိုပါ မြှင့်တင်နိုင်ကြောင်း ရေးသားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် Asia Foundation က လုပ်ငန်းအတွက် သတင်းအချက်အလက်ရရှိမှုသည် အရေးကြီးကြောင်း ဖော်ပြခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် Kiveu နှင့် Ofafa တို့က အချက်အလက်ရရှိမှုသည် စျေးကွက်သို့ ဝင်ရောက်နိုင်မှုကို အထောက်အကူ ဖြစ်စေကြောင်း ရေးသားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ Islam နှင့် Nasira တို့၏ လေ့လာမှုတွင် နည်းပညာအသစ်များ အသုံးပြုခြင်း၊ နည်းပညာရယူခြင်းသည် SMEs ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေကြောင်း တွေ့ရှိခဲ့သည်။

(၅) အခြေခံအဆောက်အအုံ

လုပ်ငန်းများအတွက် အခြေခံအဆောက်အအုံတွင် သယ်ယူပို့ဆောင်ရေး၊ ရေပေးဝေရေး၊ လမ်းများ၊ တံတားများ၊ ဆက်သွယ်ရေး၊ မိလ္လာစနစ်၊ လျှပ်စစ်မောတ်အားပေးစနစ်နှင့် အခြားလိုအပ်သည်များ ပါဝင်သည်။ ၂၀၁၆ ခုနှစ်၊ Sitharam နှင့် Hoque တို့၏ လေ့လာမှုတွင် လျှပ်စစ်မောတ်အား မလုံလောက်ခြင်းသည် လုပ်ငန်းလည်ပတ်မှုကို ဟန့်တားနိုင်ကြောင်း ထောက်ပြခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် Obokoh နှင့် Goldman တို့က အခြေခံအဆောက်အအုံမပြည့်စုံမှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အမြတ်အစွန်းရရှိမှုနှင့် စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ကြောင်း လေ့လာဖော်ပြခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် Taiwo, Esther နှင့် Daniel တို့က ကောင်းမွန်သော အခြေခံအဆောက်အအုံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကိုတိုးစေကြောင်း ရေးသားခဲ့သည်။

(၃) စျေးကွက်ရရှိမှု

စျေးကွက်ရရှိမှုသည် ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ စားသုံးသူများထံ ရောက်ရှိရောင်းချနိုင်စွမ်းကို ရည်ညွှန်းသည်။ ၁၉၉၀ ခုနှစ်၊ Narver နှင့် Slater တို့၏ လေ့လာမှုတွင် စျေးကွက်ဦးတည်ချက်သည် လုပ်ငန်း၏စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့သည်။ ၂၀၀၈ ခုနှစ်၊ Nwokah တို့၏ လေ့လာမှုတွင် စျေးကွက်ဦးတည်ချက်နှင့် လုပ်ငန်း၏ စွမ်းဆောင်ရည် အကြားဆက်စပ်မှုမရှိကြောင်း တွေ့ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် Kiveu နှင့် Ofafa တို့က စျေးကွက်ရရှိမှုသည်

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အဟန့်အတားဖြစ်ကြောင်း ဖော်ပြခဲ့သည်။


(၂.၂) အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) ၏ ဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာများ

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာမှုအမျိုးမျိုးဖြင့် တိုင်းတာကြသည်။ ၂၀၁၃ ခုနှစ်တွင် Govori၊ ၂၀၁၄ ခုနှစ်တွင် နေလင်းဦး၊ ၂၀၁၆ ခုနှစ်တွင် Munizu, Sumardi နှင့် Armayah တို့သည် အရောင်းတိုးတက်မှု သို့မဟုတ် လည်ပတ်ငွေတိုးတက်မှု၊ ပိုင်ဆိုင်မှု တိုးတက်မှု၊ အမြတ်အစွန်းရရှိမှု၊ ဈေးကွက်ဝေစု၊ အရင်းအနှီးတိုးတက်မှု၊ အလုပ်အကိုင် တိုးတက်မှု၊ ပိုင်ဆိုင်မှုတန်ဖိုးနှင့် ထုတ်လုပ်မှုတိုးတက်မှုတို့ကို အသုံးပြု၍ အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာခဲ့သည်။ ၂၀၂၂ ခုနှစ်၊ Galadachi နှင့် Umar တို့၏ လေ့လာမှုတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု (Development) ဖြစ်၊ မဖြစ်ကို တိုးတက်မှု (Growth) ဖြစ်၊မဖြစ် တိုင်းတာသော အတိုင်းအတာများဖြင့်သာ တိုင်းတာခဲ့သည်။ ယခင်လေ့လာမှု များကို အခြေခံ၍ ဤလေ့လာမှုတွင်လည်း အရောင်းဝင်ငွေ၊ အမြတ်အစွန်းရရှိမှုနှင့် ပိုင်ဆိုင်မှု တိုးတက်မှုတို့ကို အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာအဖြစ် အသုံးပြုထားပါသည်။ ၂၀၁၉ ခုနှစ်၊ Shaikh ၏ လေ့လာမှုတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရောင်းတိုးတက်မှု၊ အမြတ်အစွန်းရရှိမှု၊ ထုတ်လုပ်မှုနှင့် ဈေးကွက် ဝေစုစသည့် ကိန်းရှင်လေးခု၏ ပျမ်းမျှတန်ဖိုးကို အသုံးပြုထားသည်။ ယခုလေ့လာမှုတွင်လည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိန်းရှင်သုံးခုကို ပေါင်းစပ်၍ တစ်ခုတည်းသော အတိုင်းအတာအဖြစ် အသုံးပြုခဲ့သည်။

(၂.၃) Conceptual Framework of the Study

ပုံ (၁) တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အကျိုး သက်ရောက်စေသော အကြောင်းအရင်းများကို လေ့လာဆန်းစစ်ထားပါသည်။

ပုံ (၁) Conceptual Framework



Source: Own Compilation

Conceptual Framework အရ လေ့လာမှုသည် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်သက်ရောက်စေသည့် အကြောင်းအရင်းများကို လေ့လာထားပါသည်။ ကင်းလွတ်ကိန်းရှင်များ (Independent Variables) အဖြစ် လုပ်ငန်းရှင်၏ လက္ခဏာများ၊ လုပ်ငန်း၏ လက္ခဏာရပ်များ၊ ဘဏ္ဍာရေးအရင်းအမြစ်များ၊ ဥပဒေရေးရာဝန်းကျင်၊ နည်းပညာနှင့် သတင်းအချက်အလက်၊ အခြေခံအဆောက်အအုံနှင့် စျေးကွက်ရရှိမှုတို့ကို ဆန်းစစ်ထားပါသည်။ ဘဏ္ဍာရေးအရင်းအမြစ်များ၊ ဥပဒေရေးရာဝန်းကျင်၊ နည်းပညာနှင့် သတင်းအချက်အလက်၊ အခြေခံအဆောက်အအုံနှင့် စျေးကွက်ရရှိမှုတို့သည် လုပ်ငန်းပြင်ပမှ လွှမ်းမိုးသည့်အချက်များဖြစ်သည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မှီခိုကိန်းရှင်များ (Dependent Variables) ဖြစ်သော ရောင်းရငွေ၊ အမြတ်အစွန်းရရှိမှုနှင့် ပိုင်ဆိုင်မှုတိုးတက်မှုတို့ဖြင့် တိုင်းတာထားသည်။

၃။ လေ့လာမှု၏ရည်ရွယ်ချက်

အဆိုပါလေ့လာမှုသည် ရန်ကုန်တိုင်းဒေသကြီးရှိ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် လွှမ်းမိုးသောအချက်များ၏ သက်ရောက်မှုကို လေ့လာရန် ရည်ရွယ်ပါသည်။

၄။ လေ့လာသည့်နည်းလမ်း

လိုအပ်သောဒေတာနှင့် အချက်အလက်များကို မူလအရင်းအမြစ်များနှင့် ဆင့်ပွားအရင်းအမြစ်များမှ စုဆောင်းပါသည်။ ရွေးချယ်ထားသောလုပ်ငန်းများ၏ ပိုင်ရှင်များ၊ မန်နေဂျာများကို မေးခွန်းလွှာဖြင့် မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းခြင်းနည်းလမ်းကို အသုံးပြု၍ မူလအချက်အလက်များကို စုဆောင်းပါသည်။ စစ်တမ်းတွင် ပါဝင်သောလုပ်ငန်းများကို သာမန်ကျပန်းနမူနာဖြင့် ရွေးချယ်သည်။ ဆင့်ပွားအချက်အလက်များကို စာအုပ်များ၊ ဆောင်းပါးများ၊ အင်တာနက်ရင်းမြစ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ စုဆောင်းပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ရောက်စေသည့်အချက်များကို ဆုံးဖြတ်ရန်အတွက် Multiple Regression Analysis ကို အသုံးပြုထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များရှိ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်း(၁၁၀၄)ခု၏ ကိုယ်စားပြု နမူနာအရွယ်အစားကို ဆုံးဖြတ်ရန် Yamane (1973) ဖော်မြူလာကို အသုံးပြုထားသည်။ လိုအပ်သော နမူနာအရွယ်အစားမှာ အသေးစား၊ အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းအနည်းဆုံး (၂၉၄)ခု ဖြစ်သော်လည်း ကုန်ထုတ်လုပ်သည့် အုပ်စု (၂၂) ခုကို လွှမ်းခြုံနိုင်စေရန် လုပ်ငန်း (၂၉၆)ခုကို နမူနာအဖြစ် အသုံးပြုခဲ့ပါသည်။

၅။ သုတေသနရလဒ်များ

(၅.၁) ဖြေဆိုသူ၏ကိုယ်ရေးအချက်အလက်

စစ်တမ်းကောက်ယူထားသော အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများမှ ပိုင်ရှင်များ/မန်နေဂျာများ၏ ကိုယ်ရေးအချက်အလက်ကို ဖော်ထုတ်ရန်အတွက် ပိုင်ရှင်/မန်နေဂျာသည် ကျား/မ၊ ငင်း၏အသက်အရွယ်၊ ပညာရေးအဆင့်နှင့် ရာထူးတို့ကို စုဆောင်းပါသည်။ ဇယား(၁)တွင် စစ်တမ်းကောက်ယူထားသော အသေးစား၊အလတ်စား ကုန်ထုတ်စီးပွားရေးလုပ်ငန်းများရှိ ပိုင်ရှင်များ/မန်နေဂျာများ၏ ကိုယ်ရေးအချက်အလက်ကို ဖော်ပြခဲ့သည်။

ဇယား(၁) အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများရှိ ပိုင်ရှင်/မန်နေဂျာများ၏ ကိုယ်ရေးအချက်အလက်

	အမျိုးအစား	ပိုင်ရှင်၊မန်နေဂျာများ၏အရေအတွက်	ရာခိုင်နှုန်း(%)
ပိုင်ရှင်/မန်နေဂျာ၏ ကျား၊မ	မ	၆၃	၂၁.၃
	ကျား	၂၃၃	၇၈.၇
စုစုပေါင်း		**၂၉၆**	**၁၀၀.၀**
ပိုင်ရှင်/မန်နေဂျာ၏ အသက်အုပ်စု	၃၀နှစ်အောက်	၆	၂.၀
	၃၀နှစ်နှင့်၄၀နှစ်ကြား	၃၇	၁၂.၅
	၄၁နှစ်နှင့်၅၀နှစ်ကြား	၁၂၄	၄၁.၉
	၅၁နှစ်နှင့်၆၀နှစ်ကြား	၉၈	၃၃.၁
	၆၀နှစ်အထက်	၃၁	၁၀.၅
စုစုပေါင်း		**၂၉၆**	**၁၀၀.၀**
ပိုင်ရှင်/မန်နေဂျာ၏ ပညာရေးအဆင့်	အထက်တန်းပညာရေး	၅၂	၁၇.၆
	တက္ကသိုလ်ပညာရေး	၅၀	၁၆.၉
	ဘွဲ့ရ	၁၇၂	၅၈.၁
	ဘွဲ့လွန်ဒီပလိုမာ	၂၂	၇.၄
စုစုပေါင်း		**၂၉၆**	**၁၀၀.၀**
ရာထူး(တာဝန်)	ပိုင်ရှင်နှင့်မန်နေဂျာ	၅၃	၁၇.၉
	ပိုင်ရှင်	၁၉၃	၆၅.၂
	မန်နေဂျာ	၅၀	၁၆.၉
စုစုပေါင်း		**၂၉၆**	**၁၀၀.၀**

ဇစ်မြစ်။ စစ်တမ်းဒေတာ၂၀၂၂ခုနှစ်။

ဤလေ့လာမှုတွင်ပါဝင်သည့် နမူနာအသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်း (၂၉၆)ခုတွင် ဖြေဆိုသူ(၂၃၃) ဦး(၇၈.၇%)သည် အမျိုးသားများဖြစ်ပြီး ဖြေဆိုသူ(၆၃)ဦး(၂၁.၃%)သာ အမျိုးသမီး

များဖြစ်သည်။ ဖြေဆိုသူများအနက် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများသဖြင့် ပိုင်ရှင်/ မန်နေဂျာများတွင် အမျိုးသားဦးရေများကြောင်း တွေ့ရှိရသည်။

ဖြေဆိုသူများ၏ အသက်အပိုင်းအခြားနှင့်ပတ်သက်၍ လေ့လာရာတွင် ဖြေဆိုသူခြောက်ဦး (၂.၀%) သည် အသက် (၃၀)နှစ်အောက်ဖြစ်ပြီး (၃၇)ဦး (၁၂.၅%) သည် အသက် (၃၀)နှစ် နှင့် (၄၀) နှစ်ကြားဖြစ်သည်။ ထို့နောက် ဖြေဆိုသူ (၁၂၄) ဦး (၄၁.၉%)သည် အသက် (၄၁) နှစ် မှ (၅၀) နှစ်ကြားဖြစ်ပြီး ဖြေဆိုသူ (၉၈)ဦး (၃၃.၁%)မှာ အသက်(၅၁)နှစ် မှ (၆၀) နှစ်ကြား၊ ကျန် (၃၁) ဦး (၁၀.၅%) သည် အသက် (၆၀)နှစ် ကျော်သူများ ဖြစ်သည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပိုင်ရှင်/ မန်နေဂျာအများစုသည် အသက် (၄၁) နှစ်မှ (၅၀) နှစ်ကြားတွင် ဖြစ်ကြသည်။ လူလတ်ပိုင်း အရွယ်များသည် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ရန်အတွက် စိတ်ဝင်စားကြကြောင်း သိရှိနိုင်သည်။

ပညာရေးအဆင့်နှင့်ပတ်သက်၍ လေ့လာရာတွင် ဖြေဆိုသူ (၂၉၆) ဦးအနက် (၅၂) ဦး (၁၇.၆%)သည် အထက်တန်းပညာရေးကို ရရှိခဲ့ပြီး (၅၀)ဦး (၁၆.၉%) သည် ဘွဲ့ကြိုအဆင့်သို့ တက်ရောက်ခဲ့သည်။ ဖြေဆိုသူ (၁၇၂)ဦး (၅၈.၁%) သည် ဘွဲ့ရများဖြစ်ပြီး ဘွဲ့လွန်ပညာ တတ်မြောက်သူဦးရေ (၂၂)ဦး (၇.၄%) လည်း ပါဝင်သည့်အတွက် အများစုမှာ ဘွဲ့ရပညာတတ်များ ဖြစ်သည်။ ထို့ကြောင့် စွန့်ဦးတီထွင် လုပ်ငန်းဆောင်ရွက်သူများ၏ ပညာရေးအဆင့်သည် မြင့်မားကြောင်း အတည်ပြုနိုင်သောကြောင့် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေး၊ နည်းပညာလွှဲပြောင်းခြင်းနှင့် Research & Development နှင့် ပတ်သက်သည့် ပံ့ပိုးမှုများလုပ်ဆောင်လျင် အောင်မြင်နိုင်မည်ဟု ကောက်ချက်ချနိုင်ပါသည်။

ဖြေဆိုသူများ၏ ရာထူးတာဝန်များကို လေ့လာရာတွင် ဖြေဆိုသူ (၅၃)ဦး (၁၇.၉%) သည် ၎င်းတို့၏လုပ်ငန်းများတွင် ပိုင်ရှင်နှင့်မန်နေဂျာများအဖြစ် တာဝန်ယူထားကြသည်။ ဖြေဆိုသူ (၁၉၃) ဦး(၆၅.၂%)သည် ပိုင်ရှင်များအနေဖြင့်သာ တာဝန်ယူထားကြပြီး ကျန်ဖြေဆိုသူ (၅၀)ဦး (၁၆.၉%) မှာ မန်နေဂျာများအနေဖြင့် တာဝန်ယူထားသည်ဖြစ်ရာ ဖြေဆိုသူအများစုမှာ ၎င်းတို့လုပ်ငန်းများ၏ ပိုင်ရှင်များ ဖြစ်ကြသည်။

(၅.၂) နမူနာအသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ၏ အချက်အလက်များ

ဤအပိုင်းတွင် လေ့လာမှုခ္ဍပါဝင်သည့်လုပ်ငန်းများ၏ သက်တမ်း၊ ပိုင်ဆိုင်မှုပုံစံ၊ လုပ်ငန်းအရွယ်အစား (ဝန်ထမ်းအရေအတွက်)စသည်တို့ကို လေ့လာထားပြီး လုပ်ငန်းများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဇယား (၂) တွင် ဖော်ပြထားသည်။

ဇယား(၂) အသေးစား၊အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ အချက်အလက်များ

အကြောင်းအရာ	အမျိုးအစား	လုပ်ငန်းအရေအတွက်	ရာခိုင်နှုန်း
လုပ်ငန်း၏သက်တမ်း	၅နှစ်နှင့်ဓနှစ်ကြား	၁၄၄	၄၈.၆
	၁၀နှစ်နှင့်၁၄နှစ်ကြား	၆၇	၂၂.၆
	၁၅နှစ်နှင့်၁ဓနှစ်ကြား	၄၇	၁၅.ဓ
	၁ဓနှစ်အထက်	၃၈	၁၂.၈
စုစုပေါင်း		**၂ဓ၆**	**၁၀၀.၀**
ပိုင်ဆိုင်မှုပုံစံ	တစ်ဦးတည်းပိုင်	၂၈၀	ဓ၄.၆
	အစုစပ်	၁၃	၄.၄
	ပုဂ္ဂလိကလီမိတက်လုပ်ငန်း	၁	၀.၃
	အခြား	၂	၀.၇
စုစုပေါင်း		**၂ဓ၆**	**၁၀၀.၀**
လုပ်ငန်းအရွယ်အစား (ဝန်ထမ်းအရေအတွက်)	၅၀ဦးနှင့်အထက်	၂၁၅	၇၂.၆
	၅၁ဦးနှင့်၃၀၀ဦးကြား	၈၁	၂၇.၄
စုစုပေါင်း		**၂ဓ၆**	**၁၀၀.၀**

ဇစ်မြစ်။ စစ်တမ်းဒေတာ၊ ၂၀၂၃ခုနှစ်။

လေ့လာမှုတွင်ပါဝင်သော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုသက်တမ်းအနေဖြင့် လုပ်ငန်း (၁၄၄)ခု (၄၈.၆%) သည် လုပ်ငန်းသက်တမ်း (၅) နှစ်မှ (၉) နှစ်ကြားရှိပြီး လုပ်ငန်း၆၇ခု (၂၂.၆%) လုပ်ငန်းသက်တမ်း (၁၀) နှစ်နှင့် (၁၄) နှစ်ကြားရှိသည်။ လုပ်ငန်း (၄၇) ခု (၁၅.၉%) သည် လုပ်ငန်းသက်တမ်း (၁၅) နှစ်မှ (၁၉) နှစ်ကြားဖြစ်ပြီး လုပ်ငန်း(၃၈)ခု (၁၂.၈%)သည် လုပ်ငန်းသက်တမ်း (၁၉)နှစ်အထက် ဖြစ်သည်။ ထို့ကြောင့် လေ့လာမှုတွင် ပါဝင်သည့် လုပ်ငန်းအများစုသည် လုပ်ငန်းသက်တမ်း (၅) နှစ်မှ (၉) နှစ် ကြားဖြစ်သည်။ ရလဒ်အနေဖြင့် စစ်တမ်းကောက်ယူထားသောလုပ်ငန်းများသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုမတိုင်မီ ကာလကပင် တည်ထောင်ထားသော်လည်း ၎င်းတို့၏လုပ်ငန်း လည်ပတ်သည့်သက်တမ်းသည် တိုတောင်းလွန်းသောကြောင့် ၎င်းတို့၏လက်ရှိလုပ်ငန်း ဆောင်ရွက်မှုများတွင် အတွေ့အကြုံ အကန့်အသတ်ရှိနိုင်သည်။ လုပ်ငန်း (၂၉၆) ခုအနက် (၂၈၀) ခု (၉၄.၆%)သည် တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်ပြီး (၁၃) ခု သည် အစုစပ်လုပ်ငန်း (၄.၄%)၊ (၀.၃%)သည် ပုဂ္ဂလိကပိုင်လုပ်ငန်း၊ (၀.၇%)သည် အခြားလုပ်ငန်းအမျိုး အစားများ ဖြစ်သည်။

ဝန်ထမ်းအသုံးပြုမှုပေါ်မူတည်၍ လုပ်ငန်းအရွယ်အစားကို လေ့လာရာတွင် လုပ်ငန်းပေါင်း (၂၁၅) ခု (၇၂.၆%) သည် ဝန်ထမ်း (၅၀)ဦး အထိသာ အများဆုံးအသုံးပြုထားပြီး ကျန် (၈၁) ခု (၂၇.၄%) သည် ဝန်ထမ်း (၅၁) ဦးနှင့် (၃၀၀)ဦးကြားဖြင့်သာ လုပ်ငန်းလည်ပတ် လုပ်ကိုင်လည်ပတ်လျက်ရှိသည်။ လုပ်ငန်းအများစုသည် ဝန်ထမ်း(၅၀)ဦးအများဆုံးဖြင့်သာ လုပ်ငန်းလည်ပတ်နေသောကြောင့် လေ့လာမှုတွင် ပါဝင်သည့်လုပ်ငန်းအများစုသည် အသေးစားလုပ်ငန်းများဖြစ်သည်။

(၅.၃) အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်သော အချက်များကို လေ့လာသုံးသပ်ခြင်း

လေ့လာမှုတွင် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မှီခိုကိန်းရှင် အဖြစ်လေ့လာထားပါသည်။ အောက်ဖော်ပြပါ ဇယား (၃) သည် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ရောက်စေသည့်အချက်များ လေ့လာဆန်းစစ်မှုရလဒ်ကို ဖော်ပြထားသည်။

ဇယား (၃) အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုရှိသော အချက်များကိုလေ့လာခြင်း

ကင်းလွတ်ကိန်းရှင်	Unstandardized Coefficient		t	Sig.	VIF
	B	Std.Error			
(ကိန်းသေ)	(-.၄၅၄)	(.၅၇၂)	(-.၇၉၃)	(.၄၂၈)	
ပိုင်ရှင်၊မန်နေဂျာ၏အသက်	-၀.၂၆	.၀၃၆	-.၇၂၉	.၄၆၇	၁.၁၁၈
ပိုင်ရှင်၊မန်နေဂျာ၏ ကျား၊မ	.၁၁၅**	.၀၇၈	၂.၁၀၈	.၀၃၆	၁.၀၇၃
ပိုင်ရှင်၊မန်နေဂျာ၏ ပညာရေးအဆင့်	.၀၂၇	.၀၇၀	.၃၉၂	.၆၉၅	၁.၀၉၈
ပိုင်ရှင်၊မန်နေဂျာ၏ ယခင်လုပ်ငန်းအတွေ့အကြုံ	-.၀၂၉	.၀၃၄	-.၈၅၀	.၃၉၆	၁.၀၈၈
ပိုင်ရှင်၊ မန်နေဂျာ၏ စီမံခန့်ခွဲမှုစွမ်းရည်	.၂၂***	.၀၆၂	၃.၅၅၆	.၀၀၀	၁.၃၇၄
ပိုင်ဆိုင်မှုပုံစံ	.၁၄၆	.၁၄၈	.၉၉၁	.၃၂၃	၁.၁၇၀
လုပ်ငန်းသက်တမ်း	-.၀၁၅	.၀၃၀	-.၅၀၆	.၆၁၄	၁.၀၉၉
လုပ်ငန်းအရွယ်အစား (ဝန်ထမ်းအရေအတွက်)	.၃၃၆***	.၀၈၆	၃.၉၃၁	.၀၀၀	၁.၅၅၅
ဘဏ္ဍာရေးအရင်းအမြစ်	.၃၃၇***	.၀၆၂	၃.၆၇၀	.၀၀၀	၂.၁၅၈
ဥပဒေရေးရာပတ်ဝန်းကျင်	.၃၃၉***	.၀၆၂	၅.၄၄၆	.၀၀၀	၁.၄၇၂
နည်းပညာနှင့်သတင်းအချက်အလက်	.၁၃၉**	.၀၅၆	၂.၄၈၂	.၀၁၄	၁.၄၇၇
အခြေခံအဆောက်အအုံ	.၁၂၈***	.၀၄၈	၂.၆၆၃	.၀၀၈	၁.၅၉၈
စျေးကွက်ရရှိမှု	.၀၇၁	.၀၉၉	.၇၁၉	.၄၇၃	၁.၆၉၄

မှီခိုကိန်းရှင်။ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု

ဇစ်မြစ်။ စစ်တမ်းဒေတာ၊ ၂၀၂၂ခုနှစ်။

လေ့လာတွေ့ရှိချက်များအရ ကျား၊မ နှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်မှုရှိသည်။ ပိုင်ရှင်/မန်နေဂျာအမျိုးသားများသည် စွန့်စားလိုစိတ်ပိုများပြီး လုပ်ငန်းပတ်ဝန်းကျင်ပေါ်မူတည်၍ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်သောကြောင့် အမျိုးသမီးများထက် ဖွံ့ဖြိုးဆဲလုပ်ငန်းများတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်ဟု ကောက်ချက်ချနိုင်သည်။ ရလဒ်အနေဖြင့် ပိုင်ရှင်များနှင့် မန်နေဂျာများ၏ စီမံခန့်ခွဲမှုစွမ်းရည်နှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အကြား တိုက်ရိုက်ဆက်စပ်မှုရှိကြောင်းကိုလည်း သတိပြုမိပါသည်။ ထို့ကြောင့် နည်းပညာနယ်ပယ် သို့မဟုတ် လုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်မှုရှိခြင်း၊ ကောင်းမွန်သောအလုပ်ခွင်ကို ဖန်တီးနိုင်ခြင်း၊ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု, ကျွမ်းကျင်မှုရှိခြင်း၊ ဆက်ဆံရေးကောင်းမွန်ကျွမ်းကျင်ခြင်းစသည့် စီမံခန့်ခွဲမှုစွမ်းရည်ရှိသော ပိုင်ရှင်များ/မန်နေဂျာများသည် လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းအရွယ်အစား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်မှု ရှိသည်ကို တွေ့ရှိရသောကြောင့် ဝန်ထမ်းဦးရေများသော လုပ်ငန်းများသည် ပိုပြီးအောင်မြင်မှု ရှိကြသည်။

ထို့အပြင် ဘဏ္ဍာရေးအရင်းအမြစ်နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအကြား တိုက်ရိုက်ဆက်စပ်မှုရှိသောကြောင့် လုံလောက်သော လုပ်ငန်းအရင်းအနှီး၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အဆင်ပြေပြီး အတိုးနှုန်းသက်သာခြင်းနှင့် ချေးငွေလွယ်ကူစွာရရှိခြင်း၊ ကောင်းမွန်စွာလည်ပတ်နိုင်သော ဘဏ်လုပ်ငန်းစနစ်တို့သည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော်ပေးနိုင်ပါသည်။ ထို့အပြင် ဥပဒေရေးရာဝန်းကျင်သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသောကြောင့် လုပ်ငန်းများဖွံ့ဖြိုးမှုကိုပံ့ပိုးသော ဥပဒေများသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဥပဒေရေးရာနှင့် ပတ်သက်၍ ကန့်သတ်ချက်များကို လျှော့ချခြင်း၊ ဥပဒေနှင့်စည်းမျဉ်းများ တည်ငြိမ်စေခြင်း၊ မှတ်ပုံတင်ခြင်း၊ ပါမစ်ရယူခြင်းနှင့် လိုင်စင်လျှောက်ထားရာတွင် အခက်အခဲများလျှော့ချခြင်း၊ ရှင်းလင်းသောစည်းမျဉ်းစည်းကမ်းများထားရှိခြင်း၊ ငွေလဲနှုန်းတည်ငြိမ်ခြင်း၊ အကောက်ခွန်နှုန်းများလျှော့ချခြင်းတို့သည် လုပ်ငန်းကိုစတင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်ငန်းရှင်သန်ခြင်းအတွက် အထောက်အပံ့ဖြစ်စေနိုင်သည်။

သတင်းအချက်အလက်နှင့် နည်းပညာသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသောကြောင့် နည်းပညာအသစ်များကို အသုံးပြုရန် ကျွမ်းကျင်မှုတိုးလာခြင်း၊ ထုတ်ကုန်အသစ်များဖန်တီးနိုင်ခြင်းနှင့် သတင်းအချက်အလက်များ ရယူခြင်း

ဖြင့် ပံ့ပိုးကူညီမှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ ထို့နောက် အခြေခံအဆောက်အအုံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း တိုက်ရိုက်ဆက်စပ်မှုရှိသည်။ အခြေခံအဆောက်အအုံကောင်းများရှိခြင်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် လမ်းများကောင်းမွန်ခြင်း၊ ဆက်သွယ်ရေးအထောက်အကူပစ္စည်းများ၊ လျှပ်စစ်မီးရရှိခြင်း၊ စွမ်းအင်အတွက် ကုန်ကျစရိတ်သက်သာခြင်း၊ လုံလောက်သော သိုလှောင်ရုံများနှင့် သိုလှောင်ရေးအထောက်အကူပစ္စည်းများရှိခြင်း၊ ထိရောက်သော အမှိုက်စီမံခန့်ခွဲမှု၊ ရေနုတ်မြောင်းစနစ်နှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများရရှိနိုင်မှုသည် စီးပွားရေးလုပ်ငန်းများ၏လည်ပတ်မှုကို တိုးတက်စေပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ပေးနိုင်သည်။

သို့ရာတွင် ပိုင်ရှင်/မန်နေဂျာ၏ အသက်၊ ပညာရေးအဆင့်၊ ယခင်လုပ်ငန်း အတွေ့အကြုံ၊ လုပ်ငန်း၏ ပိုင်ဆိုင်မှုပုံစံ၊ လုပ်ငန်း၏သက်တမ်းနှင့် ဈေးကွက်ရရှိမှုတို့သည် SMEs လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်မှုမရှိကြောင်း တွေ့ရှိရခြင်းကြောင့် ၎င်းအချက်များသည် SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှုမရှိဟု ကောက်ချက်ချနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်သောပညာရေး ပိုင်ဆိုင်ထားမှသာ ပိုင်ရှင်/မန်နေဂျာများသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်မည်ဟု သုံးသပ်နိုင်ပါသည်။

ထို့အပြင် ပိုင်ရှင်/ မန်နေဂျာ၏ လုပ်ငန်းအတွေ့အကြုံသည် ၎င်းတို့၏ လက်ရှိအလုပ်နှင့် မသက်ဆိုင်ပါက သို့မဟုတ် ၎င်းတို့သည် ရှိထားသောအတွေ့အကြုံကို လက်ရှိအလုပ်တွင် တိုက်ရိုက်အသုံးချခြင်းမရှိပါက ယခင်လုပ်ငန်းအတွေ့အကြုံသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူမပြုနိုင်ပါ။ ထို့ကြောင့် ပိုင်ရှင်/မန်နေဂျာ၏ ယခင်လုပ်ငန်းအတွေ့အကြုံသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်မှုမရှိခြင်းဖြစ်နိုင်ကြောင်း ကောက်ချက်ချနိုင်သည်။ ထို့အပြင် လေ့လာတွေ့ရှိချက်အရ လုပ်ငန်းပိုင်ဆိုင်မှုပုံစံသည် လုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ ပြောင်းလဲခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ရရှိမှု မဆက်စပ်ခြင်းကလည်း လုပ်ငန်းလည်ပတ်ချိန်အတွင်း လုပ်ငန်းကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့လျှင် ဈေးကွက်ရရှိမှုအတိုင်းအတာသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆက်စပ်မှုမရှိနိုင်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

၆။ နိဂုံး

ဤလေ့လာမှု၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းရန်အတွက် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လုပ်ငန်းရှင်များ၏ လက္ခဏာရပ်များ၊ လုပ်ငန်း၏လက္ခဏာများ၊ ဘဏ္ဍာရေးအရင်းအမြစ်များ၊ ဥပဒေရေးရာဝန်းကျင်၊ နည်းပညာနှင့် သတင်းအချက်အလက်၊ အခြေခံအဆောက်အအုံနှင့် စျေးကွက်ရရှိမှုတို့၏ အကျိုးသက်ရောက်မှုတို့ကို ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်လုပ်ငန်းရှင်၏ လက္ခဏာများ၏ အကျိုးသက်ရောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်/ မန်နေဂျာသည် အမျိုးသားဖြစ်ခြင်း၊ အမျိုးသမီးဖြစ်ခြင်း၏ အကျိုးသက်ရောက်မှုသည် သိသာထင်ရှားပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် လုပ်ငန်းပိုင်ရှင်ဖြစ်သော အမျိုးသားများသည် လုပ်ငန်းပိုင်ရှင်ဖြစ်သော အမျိုးသမီးများထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်။ ထို့အပြင် လေ့လာမှုရလဒ်များအရ စီမံခန့်ခွဲရေးစွမ်းရည်သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် သိသာထင်ရှားပြီး တိုက်ရိုက်ဆက်စပ်မှုရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် စီမံခန့်ခွဲမှုကျွမ်းကျင်သော လုပ်ငန်းရှင်များသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဦးဆောင်နိုင်သည်ဟု ကောက်ချက်ချနိုင်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ငန်းအရွယ်အစားကသက်ရောက်မှုရှိနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဝန်ထမ်းများသော လုပ်ငန်းများသည် ဝန်ထမ်းနည်းသော လုပ်ငန်းများထက် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်ကို တွေ့ရှိသုံးသပ်ရပါသည်။ အချို့သော အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ဝန်ထမ်းအရေအတွက် လုံလောက်မှုရှိသောကြောင့် ဖောက်သည်များ၏ လိုအပ်ချက်ကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်ပြီး ဝန်ထမ်းနည်းပါးသော လုပ်ငန်းများသည် ဖောက်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

လေ့လာမှုရလဒ်များအရ ဘဏ္ဍာရေးအရင်းအမြစ်များသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို သိသိသာသာ အကျိုးသက်ရောက်မှုရှိပါသည်။ ထို့ကြောင့် ငွေကြေးအခက်အခဲနည်းပါးသောလုပ်ငန်းများသည် ဘဏ္ဍာငွေအခက်အခဲများစွာ ကြုံတွေ့နေရသော လုပ်ငန်းများထက် စီးပွားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်သည်ဟု ဆိုနိုင်သည်။

လုပ်ငန်းများကို အထောက်အကူပြုသောဥပဒေရေးရာဝန်းကျင်သည် အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ စည်းမျဉ်း၊စည်းကမ်းများတွင် ကန့်သတ်ချက်များကို လျှော့ချခြင်း၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော ငွေလဲနှုန်းစနစ်၊ အခွန်နှုန်းထားနှင့် အခွန်စနစ်များသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးနိုင်မည် ဖြစ်သည်။

နည်းပညာနှင့် သတင်းအချက်အလက်များ၏ အကျိုးသက်ရောက်မှုကို လေ့လာရာတွင် နည်းပညာနှင့် သတင်းအချက်အလက် ရယူနိုင်စွမ်းသည် လုပ်ငန်း၏ရောင်းရငွေ၊ အမြတ်အစွန်းရရှိမှုနှင့် ပိုင်ဆိုင်မှုတိုးတက်မှုတို့ကို တိုးမြင့်စေပြီး လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း လေ့လာမှုမှ သိရှိရပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများ၏ အကျိုးသက်ရောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်းရလဒ်များအရ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကြောင်း ပြသခဲ့သည်။ ထို့ကြောင့် လမ်းအခြေအနေကောင်းခြင်း၊ ကောင်းမွန်သောဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်မော်တာအားရရှိရေးတို့သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်စေသည်ဟု ကောက်ချက်ချနိုင်ပါသည်။

လေ့လာမှုရလဒ်များအရ ပိုင်ရှင်များနှင့်မန်နေဂျာများ၏ ယခင်လုပ်ငန်းအတွေ့အကြုံများသည် ၎င်းတို့၏ လက်ရှိ၏လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးသက်ရောက်မှုမရှိကြောင်း တွေ့ရပါသည်။ ပိုင်ရှင်/မန်နေဂျာ၏ ယခင်လုပ်ငန်းအတွေ့အကြုံသည် လက်ရှိအလုပ်နှင့် ဆက်စပ်မှုမရှိခြင်း သို့မဟုတ် ၎င်းတို့၏ အတွေ့အကြုံကို လက်ရှိအလုပ်တွင် တိုက်ရိုက်အသုံးချနိုင်မှု နည်းပါးသွားခြင်းကြောင့် ဖြစ်နိုင်ပါသည်။

လေ့လာမှုရလဒ်အရ လုပ်ငန်းပိုင်ဆိုင်မှုပုံစံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို သိသိသာသာ လွှမ်းမိုးမှုမရှိကြောင်းလည်း တွေ့ရပါသည်။ လုပ်ငန်းပိုင်ဆိုင်မှုပုံစံသည် လုပ်ငန်း၏ ရောင်းရငွေ၊ အမြတ်အစွန်းရရှိမှု သို့မဟုတ် ပိုင်ဆိုင်မှုတိုးတက်မှုကို အထောက်အကူမပြုနိုင်သောကြောင့်ဖြစ်နိုင်ပါသည်။ ထို့အပြင် လုပ်ငန်း၏သက်တမ်းနှင့် စျေးကွက်ရရှိမှုတို့သည်လည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်မှုမရှိကြောင်းကိုလည်း ညွှန်ပြနေသည်။ လုပ်ငန်းတစ်ခု၏ လည်ပတ်သည့်သက်တမ်းနှင့် စျေးကွက်ရရှိမှုတို့သည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူမပြုနိုင်ဟု သုံးသပ်နိုင်ပါသည်။

လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ အနှစ်ချုပ်ရလျှင် လေ့လာမှုသည် လက်တွေ့လုပ်ဆောင်နေသူ လုပ်ငန်းပိုင်ရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသူများအတွက် အတိုင်းအတာတခုအထိ အရေးကြီးသော သက်ရောက်မှုများဖြစ်စေနိုင်ကြောင်း ကောက်ချက်ချနိုင်သည်။ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တွန်းအားပေးရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ဤလေ့လာမှုမှ အောက်ပါ အကြံပြုချက်များကို ပေးခဲ့ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် လုပ်ငန်းပိုင်ရှင်ဖြစ်သောအမျိုးသားများ၏ ပူးပေါင်းပါဝင်မှုသည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာနိုင်သဖြင့် လိုအပ်သောသင်တန်းများပေးခြင်းနှင့် နိုင်ငံတကာအတွေ့အကြုံများအတွက် နိုင်ငံခြားခရီးစဉ်များ စီစဉ်ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းပိုင်ရှင်အမျိုးသားများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်သင့်သည်။ တစ်ဖက်တွင်လည်း လုပ်ငန်းပိုင်ရှင်အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် စီးပွားရေးလုပ်ငန်းများတွင် ၎င်းတို့၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန် သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာအတွေ့အကြုံများအတွက် နိုင်ငံခြားခရီးစဉ်များ စီစဉ်ပံ့ပိုးပေးခြင်း စသည့် အစီအစဉ်များလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်စေရန်အတွက် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်သော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းအစီအစဉ်များ (Skills Development Training Programmes)၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းပိုင်ရှင်များ/မန်နေဂျာများ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးသင့်ကြောင်း လေ့လာမှုမှ အကြံပြုထားပါသည်။ လုပ်ငန်းများမှ လုပ်သားအင်အား အသုံးပြုမှုတိုးလာခြင်းသည် လုပ်ငန်းကိုတိုးတက်စေသည်ဟု လေ့လာတွေ့ရှိမှုက ညွှန်ပြထားသည်။ ထို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ဆွဲဆောင်မှုရှိသော အလုပ်ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ အလုပ်ကြိုးစားမှုအတွက် ဆုလာဘ်များပေးရန်၊ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်တို့ကို လေ့လာမှုမှ အကြံပြုထားပါသည်။

ငွေကြေးအရင်းအမြစ်များသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေသောကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ချေးငွေရယူရာတွင် အပေါင်ပစ္စည်းလိုအပ်ချက်ကို လျော့ချခြင်း၊ သင့်လျော်သောအတိုးနှုန်းနှင့် သင့်လျော်သော ပြန်ဆပ်ကာလဖြစ်ခြင်း၊ ငွေကြေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သောအချက်အလက်များကို အလွယ်တကူရရှိခြင်းတို့ဖြင့် ငွေကြေး

ရရှိမှုကိုပံ့ပိုးပေးသင့်သည်ဟု လေ့လာမှုက အကြံပြုထားသည်။ ဥပဒေရေးရာဝန်းကျင်နှင့် ပတ်သက်၍ လေ့လာမှုတွင် လုပ်ငန်းပါမစ်နှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချရန်၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ တည်ဆေဖြိမ်ရန်၊ အခွန်ကောက်ခံမှုစနစ် တိုးတက်စေရန်နှင့် ပိုင်ရှင်/ မန်နေဂျာများကို ဥပဒေရေးရာပညာပေးခြင်းများဆောင်ရွက်ရန် အကြံပြုထားသည်။

နည်းပညာနှင့် သတင်းအချက်အလက်များ ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေး လုပ်ငန်းများအကြား နည်းပညာလွှဲပြောင်းခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုမှုကို အရှိန်မြှင့်တင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များကို အားပေးခြင်း၊ လုပ်ငန်းအကြံဉာဏ်များနှင့် လုပ်ငန်းအစီအစဉ်များ တိုးတက်စေရန် ပြိုင်ပွဲများကျင်းပခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးစင်တာများ တည်ထောင်ခြင်းနှင့် ဈေးကွက်နှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာဖြန့်ဝေပေးနိုင်ရန် ပံ့ပိုးပေးသင့်ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ လျှပ်စစ်မောတ်အား လုံလောက်စွာ ရရှိစေရန်၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများ (Business Development Service)၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် သိုလှောင်ရုံများနှင့် သိုလှောင်ရေးဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးရန်တို့ကိုလည်း အကြံပြုခဲ့သည်။

စွန့်ဦးတီထွင်မှုသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိက မောင်းနှင်အားတစ်ခုပင် ဖြစ်ပါသည်။ စွန့်ဦးတီထွင်သူများသည် ဆန်းသစ်တီထွင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်း၊ ချမ်းသာကြွယ်ဝခြင်းတို့ကို ဖန်တီးပေးခြင်းဖြင့် စီးပွား ရေးကို မြှင့်တင်သည့်နေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထွန်းသစ်စဈေးကွက်များတွင် စွန့်ဦးတီထွင်မှုသည် အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းသစ်များကို ဖန်တီးပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ပါသည်။ စွန့်ဦးတီထွင်မှုလုပ်ငန်းများနှင့်အပြန်အလှန်ပံ့ပိုးပေးသည့် စွန့်ဦးတီထွင်မှုဂေဟစနစ်သည် အောင်မြင်

နေသည့် စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်ပါသည်။ အဆိုပါဂေဟစနစ်တွင် ငွေကြေးပံ့ပိုးရရှိမှု၊ စွန့်ဦးတီထွင်မှုဆိုင်ရာမူဝါဒများ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ ဈေးကွက်ရရှိမှုနှင့် စီးပွားရေးဝန်းကျင်ထောက်ပံ့နိုင်မှုတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် လွန်ခဲ့သည့် ဆယ်စုနှစ်က ကျင့်သုံးခဲ့သည့် နိုင်ငံရေးနှင့်စီးပွားရေး တုန့်ဆိုင်းမှုများကို ကျော်လွှားနိုင်ပါသည်။ စွန့်ဦးတီထွင်သူများသည် အလားအလာရှိပြီး အားလုံးပါဝင်သည့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း စီးပွားရေးစနစ်တွင်လည်း ပါဝင်ဆောင်ရွက်ပါသည်။ အဆိုပါ အလားအလာများ ရှိသော်လည်း မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်သည့်ဂေဟစနစ်သည် ဖွံ့ဖြိုးမှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုများသည် ငွေကြေးကန့်သတ်ချက်၊ လုံလောက်သည့် အခြေခံအဆောက်အအုံ မပြည့်စုံမှု၊ လူစွမ်းအားအရင်းအမြစ် အားနည်းခြင်းစသည့် အတားအဆီးများကို ရင်ဆိုင်နေရပါသည်။

၁.၁ ပြဿနာဖော်ထုတ်ချက်

မြန်မာ့စီးပွားရေးအတွက် စွန့်ဦးတီထွင်မှုသည် သိသာသည့်အချက်များ ရှိနေသော်လည်း နိုင်ငံ၏ စွန့်ဦးတီထွင်သူများ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများနှင့် အောင်မြင်သည့် စွန့်ဦးတီထွင်မှု လုပ်ငန်းများအား လွှမ်းမိုးသည့် သီးခြားကဏ္ဍများအား ဖော်ထုတ်ရန် ပြီးပြည့်စုံသည့် သုတေသနပြုမှုမှာ အားနည်းနေပါသည်။ မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ဂေဟစနစ်သည် မဖွံ့ဖြိုးသေးသည့် ဘဏ္ဍာရေးကဏ္ဍ၊ ကိုက်ညီမှုမရှိသည့် အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်လုပ်သား ရှားပါးမှုစသည့် အားနည်းချက်များစွာ ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများရှိနေသော်လည်း စွန့်ဦးတီထွင်မှုလုပ်ငန်းများ ကြုံတွေ့နေရသည့် အတားအဆီးများအား သိရှိရန် လက်တွေ့ကျသည့် သုတေသနများမှာ ကန့်သတ်ထားပါသည်။ စာတမ်းရှိကွာဟချက်သည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုအသိုက်အဝန်းများ၏ လိုအပ်သော သဘောတူညီချက်များနှင့် သုံးသပ်ချက်များ မရှိခြင်းကြောင့် မူဝါဒချမှတ်သူများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်စေပါသည်။

၁.၂ ရည်ရွယ်ချက်များ

ဤစာတမ်း၏ အဓိကရည်ရွယ်ချက်မှာ စွန့်ဦးတီထွင်ဂေဟစနစ်၏ မဏ္ဍိုင်(၆)ခုဖြစ်သည့် ငွေကြေးပံ့ပိုးပေးနိုင်မှု၊ စွန့်ဦးတီထွင်မှုဆိုင်ရာမူဝါဒများ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ ဈေးကွက်ရရှိမှုနှင့် စီးပွားရေးဝန်းကျင်တို့ကို အဓိကထား၍ မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ တိုးတက်မှုအလားအလာများကို လေ့လာထားခြင်း ဖြစ်ပါသည်။

ထို့ပြင် အဆိုပါစာတမ်းသည် အောက်ပါရည်ရွယ်ချက်များကို လေ့လာထားပါသည်–

(က) မြန်မာနိုင်ငံရှိ အောင်မြင်နေသည့် စွန့်ဦးတီထွင်သူများ၏ ကြုံးပမ်းခဲ့မှုများအား သိရှိနိုင်ရန်၊

(ခ) စွန့်ဦးတီထွင်ဂေဟစနစ်၏ အဓိကအခက်အခဲများကို ဖော်ထုတ်သုံးသပ်ရန်၊

(ဂ) ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်းများဖြစ်လာရန် ကောင်းမွန်သည့် အကြံပြုချက်များကို ပံ့ပိုးနိုင်ရန်။

၁.၃ သုတေသနစာတမ်း၏မေးခွန်းများ

သုတေသန၏ ရည်ရွယ်ချက်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အောက်ပါ သုတေသနမေးခွန်းများကို ဤစာတမ်းမှ မေးမြန်းထားပါသည်–

(က) မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်ရန်နှင့် တိုးတက်ရန်အတွက် မည်သည့်အချက်များက အရေးပါပါသလဲ၊

(ခ) စွန့်ဦးတီထွင်မှုဂေဟစနစ်ဖြစ်သည့် ငွေကြေး၊ အခြေခံဆောက်အအုံ၊ လူသားအရင်းအနှီးတို့နှင့် စွန့်ဦးတီထွင်မှု၊ တိုးတက်မှုတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိပါသလဲ၊

(ဂ) မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်နိုင်ရန် မူဝါဒများချမှတ်နိုင်ရန် အရေးပါသည့် မည်သည့်အချက်များက အရေးပါပါသလဲ။

၁.၄ သုတေသနစာတမ်းအား တည်ဆောက်ထားပုံ

စာတမ်း၏ ဒုတိယအပိုင်းတွင် စွန့်ဦးတီထွင်မှုနှင့် စွန့်ဦးတီထွင်မှုဂေဟစနစ်တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်၍ ကမ္ဘာပေါ်ရှိ စွန့်ဦးတီထွင်မှုများနှင့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုများကို အဓိကထား ဖော်ပြထားပါသည်။ တတိယအပိုင်းတွင် အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းစဉ်များ၊ ကျိုးကြောင်းဖော်ပြချက်များနှင့် သုတေသန၏ နည်းစနစ်များကို ဖော်ပြထားပါသည်။ စတုတ္ထအပိုင်းတွင် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ဂေဟစနစ်၏ မဏ္ဍိုင်(၆)ခုစီမှ လေ့လာတွေ့ရှိချက်များကို အသေးစိတ်ဖော်ပြထားပါသည်။ ပဉ္စမအပိုင်းတွင် လေ့လာထားပြီးသော စာတမ်းများ၏ ဆက်နွယ်သည့် ဖော်ထုတ်ချက်များနှင့် မူဝါဒချမှတ်သူများအတွက် စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်အောင် အကြံပြုချက်များကို ဖော်ပြထားပါသည်။ စာတမ်း၏ နောက်ဆုံးအပိုင်းတွင် စာတမ်းမှ အဓိကတွေ့ရှိချက်များကို အကျဉ်းချုံးဖော်ပြထားပြီး နောင်လေ့လာနိုင်မည့် အကြောင်းအရာများကို ဖော်ပြထားပါသည်။

၂။ လေ့လာမှုဆိုင်ရာသုံးသပ်ချက် (Literature Review)

၂.၁ သီအိုရီအပိုင်းအား လေ့လာခြင်း

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းရှိ စွန့်ဦးတီထွင်မှုအား လေ့လာရမည်ဆိုပါက စွန့်ဦးတီထွင်မှုကို အားပေးသည့် အကြောင်းအရာများကို နားလည်ရန် အမျိုးမျိုးသော လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ စွန့်ဦးတီထွင်မှုဂေဟစနစ်နှင့် သက်ဆိုင်သည့် သီအိုရီသည် သိသာထင်ရှားသည့် လေ့လာမှုတစ်ခုပင် ဖြစ်ပါသည်။ အဆိုပါ သီအိုရီကို သီးခြားလေ့လာခဲ့ခြင်းမျိုး မဟုတ်ဘဲ စွန့်ဦးတီထွင်မှုသည် ငွေကြေးထောက်ပံ့ရရှိမှု၊ စွန့်ဦးတီထွင်မှုဆိုင်ရာမူဝါဒများ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်နှင့် စျေးကွက်ရရှိမှုတို့နှင့် အပြန်အလှန်ဆက်နွယ်ချက်များကို လေ့လာ၍ သိရှိလာခြင်းပင် ဖြစ်ပါသည်။ အဆိုပါအကြောင်းအရာများသည် ဂေဟစနစ်တစ်ခုကို ဖန်တီးပေးပြီး စွန့်ဦးတီထွင်မှုလုပ်ငန်းစဉ်များကို ထောက်ပံ့ပေးပါသည်။ ပညာရှင်တို့၏ လေ့လာထားချက်အရ စွန့်ဦးတီထွင်မှုဂေဟစနစ်သည် တီထွင်ဆန်းသစ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။

အောင်မြင်သည့် စွန့်ဦးတီထွင်သူများ၏ စွမ်းရည်၊ ဗဟုသုတနှင့် အတွေ့အကြုံများ ဖြစ်သည့် လူသားအရင်းအမြစ်ဆိုင်ရာသီအိုရီသည် အရေးပါသည့်သီအိုရီပိုင်းဆိုင်ရာ လေ့လာမှုတစ်ခုပင် ဖြစ်ပါသည်။ လူသားအရင်းအမြစ်သည် စွန့်ဦးတီထွင်သူများ၏စွမ်းရည်ပိုင်းကို စျေးကွက်ထိုးဖောက်နိုင်မှု၊ တီထွင်ဆန်းသစ်မှုနှင့် အခွင့်အရေးများ ဖန်တီးပေးနိုင်မှုတို့ဖြင့် သတ်မှတ်နိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျွမ်းကျင်လုပ်သားများ ရရှိမှု၊ လေ့လာသင်ကြားနိုင်မည့် အခွင့်အရေးများသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများတိုးတက်ရန် ကန့်သတ်ထားမှုလည်း ရှိပါသည်။

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာသီအိုရီသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ အတားအဆီးများကို လေ့လာနိုင်ရန် အကောင်းဆုံးသောအရာပင် ဖြစ်ပါသည်။ အဆိုပါသီအိုရီတွင် ပါရှိသည့် အစိုးရ၏လုပ်ထုံးလုပ်နည်းများ၊ ရိုးရာယဉ်ကျေးမှုများနှင့် လူမှုရေးအဖွဲ့အစည်းများသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ပုံရိပ်ကို သိသာစွာ ထောက်ပံ့ပေးပါသည်။ မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်သူများအနေဖြင့် ခေတ်နှင့်လိုက်လျောညီထွေမှုမရှိသည့် မူဝါဒများ၊ ဗျူရိုကရေစီ အတားအဆီးများ၊ ဌာနဆိုင်ရာများမှ ကန့်သတ်ထားချက်များစသည့် အဖွဲ့အစည်းဆိုင်ရာရှုပ်ထွေးမှုများနှင့် ကန့်သတ်ချက်များကို ရင်ဆိုင်ရပါသည်။

ဖော်ပြပါ သီအိုရီပိုင်းဆိုင်ရာလေ့လာမှုများသည် ဖွံ့ဖြိုးမှုအားနည်းနေသည့် စွန့်ဦးတီထွင်မှုဂေဟစနစ်တွင် စိန်ခေါ်မှုများဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ ပြောင်းလဲလာမှုအခြေအနေများကို နားလည်စေရန် ထောက်ပံ့ပေးပါသည်။

၂.၂ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုတိုးတက်မှုအပေါ် မဏ္ဍိုင်(၆)ခု၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ယခင်လေ့လာထားမှုများ

စီးပွားရေးတိုးတက်မှုအတွက် စျေးကွက်ချဲ့ထွင်မှုတွင် အရေးပါသည့် စွန့်ဦးတီထွင်မှု၏ အခန်းကဏ္ဍကို များစွာလေ့လာထားကြပါသည်။ ဥပမာအနေဖြင့် Naude မှ ဝင်ငွေနိမ့်ပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့်နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏အရေးပါမှုကို လေ့လာခဲ့ပါသည်။ Naude ၏ လေ့လာမှုတွင် စွန့်ဦးတီထွင်မှုဂေဟစနစ် ကောင်းမွန်သည့်နိုင်ငံများသည် ဆန်းသစ်တီထွင်မှု မြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ခြင်းတို့ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုတွင် အရေးပါကြောင်း ဝေဖြိုး၏ စာတမ်းမှ လေ့လာထားပါသည်။ ဝေဖြိုး၏ လေ့လာမှုတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၌ တီထွင်ဆန်းသစ်မှုများ ပေးစွမ်းနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ စွန့်ဦးတီထွင်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေသော်လည်း လုပ်ငန်းတိုးတက်ရန်ဟန့်တားနေသည့် လုပ်ထုံးလုပ်နည်းများ၊ အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့် ငွေကြေးရရှိရန်ထိန်းချုပ်ထားမှုများ အပါအဝင် သိသာထင်ရှားသည့် စိန်ခေါ်မှုများကို လေ့လာမှုတွင် ဖော်ပြထားပါသည်။

Aspen Network of Development Entrepreneurs မှ Entrepreneurial Ecosystem Diagnostic Toolkit ကို မိတ်ဆက်ခဲ့ပြီး အဆိုပါ Toolkit သည် ငွေကြေး၊ မူဝါဒ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်၊ စျေးကွက်နှင့် လုပ်ငန်းခွင်အခြေအနေတို့ဖြစ်သည့် မဏ္ဍိုင်(၆)ခုတို့၏ စွန့်ဦးတီထွင်မှုဂေဟစနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အရေးပါကြောင်း ဖော်ပြထားပါသည်။ အဆိုပါ Toolkit ကို စွန့်ဦးတီထွင်မှုလုပ်ငန်းနယ်ပယ် မူဝါဒချမှတ်သူများ လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနိုင်ရန် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။

ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်မှုလုပ်ငန်းများကို စောင့်ကြည့်သည့်အဖွဲ့ (GEM) မှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများအခြေအနေအား လေ့လာထားပါသည်။ (GEM) ၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ စွန့်ဦးတီထွင်သူများသည် ကျွမ်းကျင်လုပ်သားရှားပါးမှု၊ စျေးကွက်အခြေအနေသိရှိမှုအားနည်းမှုနှင့် ငွေကြေးထောက်ပံ့ပေးမှုအားနည်းခြင်းများကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားပါသည်။ အဆိုပါအစီရင်ခံစာတွင် အမျိုးသမီး စွန့်ဦးတီထွင်သူများသည် အဆိုပါအခက်အခဲများအပြင် လူမှုဆက်ဆံရေးကွာဟချက်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ ကွာခြားချက်များကို ကြုံတွေ့နေရပါကြောင်း ဖော်ပြထားပါသည်။

၂.၃ ယခင်လေ့လာခဲ့သည့် စာတမ်းများနှင့် ယခုစာတမ်း၏ ကွာဟချက်

ယခင်လေ့လာထားသည့်စာတမ်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စွန့်ဦးတီထွင်မှု၏အခန်းကဏ္ဍကို များစွာဖော်ပြထားပြီး မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သီခြားဖော်ပြထားမှု ကွာဟချက်များ ရှိပါသည်။ ပထမအချက်အနေဖြင့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် သီးခြားကဏ္ဍများ သို့မဟုတ် ဒေသတစ်ခုကိုသာ ဖော်ပြထားပြီး နိုင်ငံတစ်ဝှမ်းရှိ စွန့်ဦးတီထွင်မှု ဂေဟစနစ်ကို ခြုံငုံမှုမရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာအနေဖြင့် ဝေဖြိုးစာတမ်း၏လေ့လာမှုသည် စိုက်ပျိုးရေးကဏ္ဍကိုသာ ဦးစားပေးဖော်ပြထားပါသည်။

ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုဂေဟစနစ်၏ မတူညီသည့်မဏ္ဍိုင်များအကြား ဆက်နွယ်မှုအပေါ် လေ့လာမှုအား ကန့်သတ်ဖော်ပြထားပါသည်။ Aspen Network's toolkit တွင် ဂေဟစနစ်တွင် ပါရှိသည့်အချက်များကို ဖော်ပြထားသော်လည်း မြန်မာနိုင်ငံအတွက် အဆိုပါ အချက်တစ်ခုချင်းစီ၏ အပြန်အလှန်ဆက်နွယ်မှု ဖော်ပြထားခြင်း မရှိပါ။ အဆိုပါ ဆက်နွယ်မှုများကို သိရှိနိုင်မှသာ တိုင်းပြည်ရှိ စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့်အခက်အခဲများကို ဖြေရှင်းနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သည့်မူဝါဒများကို ချမှတ်နိုင်မည် ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် လေ့လာထားသည့်စာတမ်းများသည် မြန်မာနိုင်ငံတွင် အောင်မြင်နေသည့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၌ လူသားအရင်းအနှီး၏ အရေးပါမှုအခန်းကဏ္ဍကို ဖော်ပြရာတွင် ပြည့်စုံမှုမရှိသည်ကို တွေ့ရှိရပါသည်။ လူသားအရင်းအနှီးသီအိုရီသည် ပညာရေးနှင့်စွမ်းဆောင်ရည်တို့၏ စွန့်ဦးတီထွင်မှုအတွက် မရှိမဖြစ်အရေးပါသည့်အချက်များဖြစ်ကြောင်း ဖော်ပြထားသော်လည်း စွန့်ဦးတီထွင်မှုဂေဟစနစ်ကို အကျိုးရှိစေမည့် မြန်မာနိုင်ငံ၏ပညာရေးစနစ်များ၊ သင်တန်းများအကြောင်း ဖော်ပြမှုသည် အနည်းငယ်သာရှိပါသည်။ ထို့ပြင် ကျေးလက်ဒေသတွင် စွန့်ဦးတီထွင်မှုများ အောင်မြင်စေရန် မိသားစုထောက်ပံ့မှုနှင့် ၎င်း၏ လူမှုပတ်ဝန်းကျင်ထောက်ပံ့မှုတို့ကဲ့သို့သော လူမှုရေးချိတ်ဆက်ဆောင်ရွက်မှုများကို ဖော်ပြမှုမရှိကြောင်း တွေ့ရှိရပါသည်။

နောက်ဆုံးအချက်အနေဖြင့် စွန့်ဦးတီထွင်သူများအတွက် လက်တွေ့ဖြေရှင်းသည့်နည်းလမ်းများမဖော်ပြနိုင်ဘဲ ကြုံတွေ့ရသည့်ပြဿနာများကိုသာ ဖော်ပြထားပါသည်။ စွန့်ဦးတီထွင်သူများတွင် အခြေခံအဆောက်အအုံမလုံလောက်မှုနှင့် ငွေကြေးမလုံလောက်မှုစသည့် အခက်အခဲများရှိနေသည်ကို ဖော်ပြထားသော်လည်း မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများအတွက် အဆိုပါ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် အကြံပြုချက်များ ဖော်ပြထားခြင်းမရှိပါ။ ယခုလေ့လာမည့်စာတမ်းသည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုဂေဟစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာခြင်းနှင့် လေ့လာမှုရလဒ်များကို အခြေခံပြီး ကောင်းမွန်သည့် အကြံပြုချက်များပေးခြင်းဖြင့် ယခင်လေ့လာထားသည့် စာတမ်းများနှင့် ကွာဟချက်များကို ဖြေရှင်းပေးသွားမည် ဖြစ်ပါသည်။

၃။ သုတေသနပြုလုပ်ရာတွင် အသုံးပြုသည့်နည်းလမ်း

၃.၁ သုတေသန၏ ဒီဇိုင်း

ယခုလေ့လာသည့်စာတမ်းသည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုဂေဟစနစ်အား ကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင်ရန် အရေအတွက်အားဖြင့်လည်းကောင်း၊ အရည်အသွေးအားဖြင့်လည်းကောင်း ပေါင်းစပ်လေ့လာမည့် (ရောထွေး) နည်းလမ်းကို အသုံးပြုထားပါသည်။ စာတမ်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အောင်မြင်နေသည့်အကြောင်းအရာများကို နားလည်စေရန် သုံးသပ်တင်ပြထားပါသည်။ စစ်တမ်းများပြုလုပ်၍ မေးခွန်းများ မေးခြင်းဖြင့် မတူညီသည့်ဒေသနှင့် မတူညီသည့်ကဏ္ဍများရှိ စွန့်ဦးတီထွင်သူများ၏ အတွေ့အကြုံများကို သိရှိရမည် ဖြစ်ပါသည်။ စွန့်ဦးတီထွင်မှုဂေဟစနစ်၏ မဏ္ဍိုင် (၆) ခုဖြစ်သည့် ငွေကြေးပံ့ပိုးမှု၊ မူဝါဒပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ စျေးကွက်ရရှိမှုနှင့် လုပ်ငန်းခွင်တို့အား အဓိကထား လေ့လာထားပါသည်။ ရောထွေးသည့်နည်းလမ်းကို အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများ၏ စိတ်နေစိတ်ထားနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ ကြုံတွေ့ရသည့် အခက်အခဲများကို သိရှိနိုင်မည် ဖြစ်ပါသည်။

၃.၂ စာတမ်းအတွက် အချက်အလက်များ ကောက်ယူသည့်နည်းလမ်း

စာတမ်းအတွက်အချက်အလက်များကို ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အကြား မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှ စွန့်ဦးတီထွင်သူ (၂၆၀) ဦးအား နမူနာထား၍ စစ်တမ်းကောက်ယူထားပါသည်။ အဆိုပါ နမူနာစစ်တမ်းတွင် ဝန်ဆောင်မှုကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် ရောင်းဝယ်ရေးကဏ္ဍတို့တွင် လုပ်ငန်းဆောင်ရွက်နေသည့် စွန့်ဦးတီထွင်သူများအား ကောက်ယူထားပါသည်။ စစ်တမ်းတွင် ပါဝင်သူများသည် မြန်မာအမျိုးသမီးစွန့်ဦးတီထွင်သူများအသင်း (Myanmar Women Entrepreneur Association)၊ မြန်မာ့လူငယ်စွန့်ဦးတီထွင်သူများအသင်း (Myanmar Young Entrepreneur Association) နှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့တွင် အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

စစ်တမ်းမေးခွန်းလွှာကို အပိုင်း (၃) ပိုင်းခွဲ၍ မေးမြန်းထားပါသည်–

(က) စွန့်ဦးတီထွင်သူများ၏ လုပ်ငန်းအကြောင်းအရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ၊

(ခ) စွန့်ဦးတီထွင်သူများ၏ ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ လုပ်ငန်းအတွက် လှုံ့ဆော်မှုများ၊ စိတ်နေစိတ်ထားများ၊

(ဂ) စွန့်ဦးတီထွင်မှုဂေဟနစ်၏ မဏ္ဍိုင် (၆) ခု။

စစ်တမ်းမေးခွန်းလွှာသည် စွန့်ဦးတီထွင်သူများ၏ အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို သိရှိနိုင်ရန် လွတ်လပ်စွာဖြေကြားနိုင်မည့်မေးခွန်းများ (Open-ended questions) နှင့် တစ်ခုတည်းသာ

ရွေးချယ်ရသည့် မေးခွန်းများ (Closed-ended questions) ပါရှိပါသည်။ ထို့ပြင် စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအား ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများနှင့် ၎င်းတို့ရင်ဆိုင်ရသည့် အခက်အခဲများကို နက်နက်နဲနဲ သိရှိနိုင်ရန် နောက်ဆက်တွဲမေးခွန်းများတွင် ထည့်သွင်းထားပါသည်။

စစ်တမ်းအား Google Form အသုံးပြု၍ အီးမေးလ်နည်းလမ်းနှင့် လူကိုယ်တိုင် မေးမြန်းခြင်း နည်းလမ်းများ အသုံးပြု၍ ကောက်ယူပါသည်။ စစ်တမ်းအား ဘာသာစကား အခက်အခဲမဖြစ်စေရန် မြန်မာဘာသာနှင့်အင်္ဂလိပ် (၂)ဘာသာဖြင့် ပြုလုပ်ထားပါသည်။ စစ်တမ်း၏ကာလသည် (၁၂) လ ကာလ သတ်မှတ်ထားပါသည်။

၃.၃ အချက်အလက်များအား လေ့လာခြင်း

စစ်တမ်းမှ ကောက်ယူရရှိသည့်အချက်အလက်များကို SPSS Software ကို အသုံးပြု၍ သရုပ်ဖော်ခွဲခြမ်းလေ့လာထားပါသည်။ သရုပ်ဖော်ခွဲခြမ်းလေ့လာခြင်းတွင် စွန့်ဦးတီထွင်သည့် လုပ်ငန်းပုံသဏ္ဌာန်များနှင့် စွန့်ဦးတီထွင်မှုဂေဟစနစ်ရှိ မဏ္ဍိုင်(၆)ခုတွင် ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများအား အကျဉ်းချုပ်ဖော်ပြထားပါသည်။ စွန့်ဦးတီထွင်မှုတွင် ငွေကြေးပံ့ပိုးမှု၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအနှီးစသည့် စိန်ခေါ်မှုများဖြစ်ပေါ်မှု၊ အသေးစိတ်နားလည်သဘောပေါက်စေရန် ပျမ်းမျှဖြစ်ပေါ်မှုနှင့် သွေဖီမှုဖြစ်ပေါ်မှုတို့ကို တွက်ချက်ထားပါသည်။

ခိုင်မာသည့်အချက်အလက်များရရှိရန် အင်တာဗျူးများနှင့် Open-ended questions များမှ ဖြေကြားချက်များကို အကြောင်းအရာဆိုင်ရာလေ့လာသုံးသပ်ခြင်းနည်းလမ်းကို အသုံးပြု၍ စွန့်ဦးတီထွင်ဂေဟစနစ်၏ မဏ္ဍိုင်(၆)ခုနှင့် ကိုက်ညီသည့် အုပ်စု (၆) ခုခွဲ၍ လေ့လာထားခြင်း ဖြစ်ပါသည်။ အဆိုပါလေ့လာမှုတွင် စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများသာမက အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို လေ့လာထားပါသည်။ Aspen Network Development က ရေးသားထားသည့် Entrepreneurship Diagnostic Toolkit တွင် ပါရှိသည့် မဏ္ဍိုင် (၆) ခု၏ အတားအဆီးများကို အောက်ဆုံးအဆင့်မှ သိရှိနိုင်ရန် Weight Average Method ကို အသုံးပြုထားပါသည်။ အဆိုပါနည်းလမ်းသည် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ဂေဟစနစ်ကို ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် အရေးပါသောနယ်ပယ်များကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

၃.၄ ကန့်သတ်ချက်များ

မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုဂေဟစနစ်ကို လေ့လာရာတွင် ကန့်သတ်ချက်များစွာ ရှိနေပါသည်။ ပထမအချက်အနေဖြင့် စွန့်ဦးတီထွင်သူ နမူနာ (၂၆၀) ဦးသာ စစ်တမ်းကောက်ယူခဲ့သည့် အတွက် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ကဏ္ဍစုံပါဝင်မှုမရှိသောကြောင့် နောင်လေ့လာမည့်သူများအနေဖြင့် နမူနာအား တိုးချဲ့လေ့လာနိုင်ပါသည်။

ဒုတိယအချက်အနေဖြင့် စွန့်ဦးတီထွင်သူများမှ ကိုယ်တိုင်တင်ပြသည့်အချက်များဖြစ်သည့် အတွက် ဘက်လိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ဖြေဆိုသူများအနေဖြင့် ငွေကြေးပံ့ပိုးပေးမှုနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်မှုတို့တွင် ၎င်းတို့လုပ်ငန်းများ၏ အောင်မြင်မှုအား ပိုမိုဖော်ပြခြင်း (သို့မဟုတ်) ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို လျော့ချဖြေကြားခြင်းမျိုးလည်း ရှိနိုင်ပါသည်။ အဆိုပါ ဘက်လိုက်မှုများကိုလျော့ချနိုင်ရန် နောက်ဆက်တွဲမေးမြန်းခြင်းမျိုး ပြုလုပ်ခဲ့သော်လည်း ဘက် လိုက်မှုများမှာ ကျန်ရှိနေသည်ဟု ယူဆရပါသည်။

တတိယအချက်အနေဖြင့် စတင်တည်ထောင်သည့်လုပ်ငန်းများကို လေ့လာထားသည့် အတွက် လုပ်ငန်းငယ်များနှင့် စွန့်ဦးတီထွင်သူအသင်းများတွင် အဖွဲ့ဝင်မဟုတ်သည့်လုပ်ငန်းများ ကျန်ရှိနိုင်ပါသည်။ အဆိုပါကျန်ရှိနိုင်သည့် စွန့်ဦးတီထွင်လုပ်ငန်းငယ်များတွင် စွန့်ဦးတီထွင်သူ အသင်း မှတ်ပုံတင်ထားသည့်လုပ်ငန်းများနှင့် မတူညီသည့်စိန်ခေါ်မှုများလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် နောင်လေ့လာမည့်သူများအနေဖြင့် စွန့်ဦးတီထွင်သူများအသင်းတွင် မှတ်ပုံတင်ထားခြင်း မရှိသည့်လုပ်ငန်းများ လေ့လာသင့်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် ယခုလေ့လာချက်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်သည့်ကာလကို လေ့လာထားသည့်အတွက် အခြေခံအဆောက်အုံနှင့် စျေးကွက်ရရှိမှု တို့တွင် ဖြေကြားသူ များပြားနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် နောင်လေ့လာမည့်သူများ အနေဖြင့် စွန့်ဦးတီထွင်မှုကို အချိန်နှင့်လိုက်လျောညီထွေစွာ လေ့လာသင့်ပါသည်။

၄။ စစ်တမ်းကောက်ယူခဲ့သည့် ရလဒ်

၄.၁ စွန့်ဦးတီထွင်သူများ၏ ကိုယ်ရေးအချက်အလက်များ

မြန်မာနိုင်ငံရှိ ဒေသအသီးအသီးမှ စွန့်ဦးတီထွင်သူပေါင်း (၂၆၀) ဦးကို စစ်တမ်းကောက်ယူ ခဲ့ရာ အမျိုးသမီးစွန့်ဦးတီထွင်သူ ၅၂ ရာခိုင်နှုန်းနှင့် အမျိုးသားစွန့်ဦးတီထွင်သူ ၄၈ ရာခိုင်နှုန်း ဖြေကြား ပေးခဲ့ပါသည်။ အသက်အပိုင်းအခြားအနေဖြင့် ၃၆ နှစ်မှ ၄၅ နှစ်ကြား ဖြေကြားသူ ၃၃ ရာခိုင်နှုန်းရှိပြီး ၂၆ နှစ်မှ ၃၅ နှစ်ကြား ဖြေကြားသူ ၂၈ ရာခိုင်နှုန်းနှင့် ၄၆ နှစ်နှင့် ၅၅ နှစ်ကြား ဖြေကြားသူ ၂၄ ရာခိုင်နှုန်း ရှိပါသည်။ စွန့်ဦးတီထွင်သူများကို အိမ်ထောင်ရှိ/မရှိ မေးမြန်းရာ အိမ်ထောင်ရှိသည့်စွန့်ဦးတီထွင်သူ များမှာ ၅၂ ရာခိုင်နှုန်း၊ အပျို/လူပျို စွန့်ဦးတီထွင်သူမှာ ၄၀ ရာခိုင်နှုန်းရှိပါသည်။ ထို့ပြင် အိမ်ထောင် ကွဲသူမှာ ၅ ရာခိုင်နှုန်းနှင့် တစ်ခုလပ်စွန့်ဦးတီထွင်သူမှာ ၃ ရာခိုင်နှုန်းရှိပါသည်။ ပညာအရည်အချင်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ ရိုးရိုးဘွဲ့ရရှိထားသူမှာ ၅၄ ရာခိုင်နှုန်းနှင့် မဟာဘွဲ့လွန်နှင့် ပါရဂူဘွဲ့ ရရှိထားသူမှာ ၄၁ ရာခိုင်နှုန်းရှိပြီး အထက်တန်းအောင်သည့် ပညာရေးသာရှိသူမှာ ၅ ရာခိုင်နှုန်း ရှိပါသည်။ ပညာအရည်အချင်းကို မေးမြန်းခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ပညာတတ်သူများသည်

စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အောင်မြင်အောင် ထိုးဖောက်နိုင်မည့်သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄.၂ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ

စစ်တမ်းသည် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများအား မေးမြန်းခဲ့ရာ ဝန်ဆောင်မှုကဏ္ဍတွင် ဆောင်ရွက်သည့်လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်း ရှိပါသည်။ အဆိုပါဝန်ဆောင်မှုကဏ္ဍတွင် ခရီးသွားလုပ်ငန်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်ပါသည်။ စစ်တမ်းအား ဖြေကြားသူ၏ ၂၂ ရာခိုင်နှုန်းမှာ ရောင်းဝယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ကြသူများဖြစ်ပြီး ၁၉ ရာခိုင်နှုန်းမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများနှင့် စားသောက်ကုန် ထုတ်ကုန်လုပ်ငန်းများလည်း ပါဝင်ပါသည်။ စစ်တမ်းကို ဖြေကြားသူ၏ ၉ ရာခိုင်နှုန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။

စီးပွားရေးလုပ်ငန်းအများစုမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖြစ်ပြီး ဖြေကြားသူ၏ ၅၅ ရာခိုင်နှုန်းမှာ လုပ်ငန်းတွင် ခန့်ထားသည့် ဝန်ထမ်း ၁၁ ဦးမှ ၁၀၀ ဦးကြား ရှိသည့် လုပ်ငန်းများဖြစ်ပါသည်။ ဖြေကြားသူ၏ ၂၆ ရာခိုင်နှုန်းမှာ ဝန်ထမ်း ၁၀ ဦးအောက်သာ ရှိသည့်လုပ်ငန်းများဖြစ်၍ ဖြေကြားသူ၏ ၁၉ ရာခိုင်နှုန်းမှာ ဝန်ထမ်းဦးရေ ၁၀၀ အထက်ရှိသည့် လုပ်ငန်းများ ဖြစ်ကြပါသည်။ စစ်တမ်းတွင် ဖြေကြားသည့် လုပ်ငန်းအများစုမှာ လုပ်ငန်းအတွေ့အကြုံ ၁ နှစ်မှ ၅ နှစ်အတွင်းရှိသည့် လုပ်ငန်းများ စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်း ဖြေကြားထားပါသည်။ လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ်မှ ၂၀ နှစ်ကြားရှိသည့် လုပ်ငန်းများမှာ ၂၄ ရာခိုင်နှုန်းနှင့် နှစ် ၂၀ အထက်အတွေ့အကြုံရှိသည့် လုပ်ငန်းများမှ ၁၃ ရာခိုင်နှုန်း ဖြေကြားထားပြီး စီးပွားရေးလုပ်ငန်း စတင်ကာစ လုပ်ငန်းအတွေ့အကြုံ ၁ နှစ်အောက်သာရှိသည့် လုပ်ငန်းမှာ ၈ ရာခိုင်နှုန်း ရှိပါသည်။

စီးပွားရေးလုပ်ငန်းသစ်တစ်ခုစတင်ရန် တွန်းအားပေးမှုနှင့်ပတ်သက်၍ ဖြေဆိုသူ၏ ၄၆ ရာခိုင်နှုန်းမှာ ငွေကြေးကြောင့်ဖြစ်ပြီး ၃၅ ရာခိုင်နှုန်းမှာ အမှီခိုကင်းစွာ အလုပ်လုပ်ကိုင်လိုခြင်းကြောင့် ဖြစ်ပါသည်။ ဖြေဆိုသူ၏ ၁၂ ရာခိုင်နှုန်းမှာ စီးပွားရေးလောကတွင် အောင်မြင်ကျော်ကြားလိုခြင်းကြောင့်ဖြစ်ပြီး ၁၂ ရာခိုင်နှုန်းမှာ စီးပွားရေးလောကတွင် အာဏာရယူလိုခြင်းကြောင့် ဖြစ်ပါသည်။

၄.၃ စွန့်ဦးတီထွင်မှုလုပ်ငန်း၏ လက္ခဏာများ

စစ်တမ်းကောက်ယူခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့လုပ်ငန်း၏ အောင်မြင်မှုကို ဖော်ပြကြပါသည်။ ဖြေဆိုသူ၏ ၄၅ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် နာရီ ၅၀ ထက်ပို၍ အလုပ်ကို

လုပ်ကိုင်ကြသူများပင် ဖြစ်ကြပါသည်။ ဖြေဆိုသူ၏ ၄၂ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် ၃၁ နာရီမှ နာရီ ၅၀ အကြား အလုပ်လုပ်ကြသူများဖြစ်ပြီး ၉ ရာခိုင်နှုန်းသည် ၁၁ နာရီမှ နာရီ ၃၀ အကြား အလုပ်လုပ်ကြသူများဖြစ်၍ ၄ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် ၁၀ နာရီသာ အနည်းဆုံး အလုပ်လုပ်ကြသူများ ဖြစ်ကြပါသည်။

စွန့်ဦးတီထွင်သည့် လုပ်ငန်းစတင်ရန် တွန်းအားပေးမှုနှင့် စွန့်ဦးတီထွင်သူများ၏ စိတ်နေစိတ်ထားကိုလည်း စစ်တမ်းတွင် မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူအများစုဖြစ်သည့် ၈၁ ရာခိုင်နှုန်းသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်လိုခြင်းကြောင့် ဖြစ်ပါသည်။ စွန့်ဦးတီထွင်သူများသည် ခွဲ၊ လုံ့လဝီရိယ၊ မိမိကိုယ်ကိုယ်ယုံကြည်မှုရှိသူများနှင့် စွန့်စားဆောင်ရွက်လိုသူများပင် ဖြစ်ကြပါသည်။ စွန့်ဦးတီထွင်သူ အမျိုးသမီးအများစုသည် အသက် ၄၀ ကျော်သူများဖြစ်၍ အမျိုးသား စွန့်ဦးတီထွင်သူများထက် လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် နောက်ကျသူများ ဖြစ်ကြပါသည်။

၄.၄ စွန့်ဦးတီထွင်မှုဂေဟစနစ်၏ မဏ္ဍိုင် (၆) ရပ်

မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုဂေဟစနစ်ကို လေ့လာကြည့်ရာ မဏ္ဍိုင်(၆)ခုရှိပြီး ၎င်းတို့မှာ ငွေကြေးပံ့ပိုးမှု၊ စွန့်ဦးတီထွင်မှုဆိုင်ရာ မူဝါဒများ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ ဈေးကွက်ရရှိမှုနှင့် စီးပွားရေးဝန်းကျင်တို့ ဖြစ်ကြပါသည်။ အဆိုပါမဏ္ဍိုင်(၆)ခုတွင် စွန့်ဦးတီထွင်သူများရင်ဆိုင်ရသည့် အခက်အခဲများကို လေ့လာထားပါသည်။

(၁) ငွေကြေးပံ့ပိုးမှု

မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများထဲတွင် ငွေကြေးပံ့ပိုးပေးနိုင်မှုသည် အဓိကအချက်တစ်ခုထဲတွင် ပါဝင်ပါသည်။ ငွေကြေးနှင့်ပတ်သက်၍ ချေးငွေရယူနိုင်မှု၊ ငွေသားအရင်းအနှီး၊ ထောက်ပံ့ငွေများ ရရှိမှုဟူ၍ ၃ မျိုးရှိပါသည်။ ထောက်ပံ့ငွေရယူမှု၏ ပျှမ်းမျှတန်ဖိုးသည် ၂.၈၈ ဖြစ်ပြီး ချေးငွေရယူနိုင်မှု၏ ပျှမ်းမျှတန်ဖိုးသည် ၂.၃၆ နှင့် ငွေသားအရင်းအနှီး၏ ပျှမ်းမျှတန်ဖိုးသည် ၁.၈၆ ဖြစ်ပါသည်။ ပျှမ်းမျှတန်ဖိုး အမြင့်ဆုံးဖြစ်ပေါ်မှုသည် စွန့်ဦးတီထွင်သူများအတွက် ငွေကြေးနှင့်ပတ်သက်၍ အခက်အခဲအများဆုံးရင်ဆိုင်ရကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

(၂) မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ

စွန့်ဦးတီထွင်သူများသည် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များတွင် အဆင်မပြေမှုများ ကြုံတွေ့ရပါသည်။ ကုန်သွယ်မှု အကောက်ခွန်တို့နှင့် သက်ဆိုင်သည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များတွင် ပျှမ်းမျှတန်ဖိုး ၃.၆၂ နှင့် အခွန်ကောက်ခံမှုဆိုင်ရာမူဝါဒများတွင် ပျှမ်းမျှတန်ဖိုး ၃.၄၂ တို့ဖြင့် အမြင့်ဆုံးကြုံတွေ့ရပါသည်။ ထို့နောက် အလုပ်သမားနှင့်ပတ်သက်သည့် မူဝါဒများတွင် ပျှမ်းမျှတန်ဖိုး ၃.၁၂၊

အခွန်နှုန်းထားများတွင် ပျမ်းမျှတန်ဖိုး ၃.၀၄ နှင့် လုပ်ငန်းလိုင်စင်၊ ခွင့်ပြုမိန့်ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ၂.၃၈ ရှိပါသည်။ ထို့ကြောင့် စွန့်ဦးတီထွင်သူများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရမှချမှတ်ထားသည့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများနှင့် အခွန်ကောက်ခံမှုဆိုင်ရာမူဝါဒများတွင် အခက်အခဲများ အများဆုံးကြုံတွေ့နေရပါသည်။

(၃) အခြေခံအဆောက်အုံ

စွန့်ဦးတီထွင်မှုလုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံကောင်းမွန်မှုသည် အရေးကြီးပါသည်။ ဖြေဆိုသူများအနက် လျှပ်စစ်မီးလုံလောက်စွာမရှိမှုသည် ပျမ်းမျှတန်ဖိုး ၄.၃၆ ရှိပြီး ဆက်သွယ်ရေးမကောင်းမွန်မှုသည် ပျမ်းမျှတန်ဖိုး ၃.၇၄၊ ပို့ဆောင်ဆက်သွယ်ရေးသည် ပျမ်းမျှတန်ဖိုး ၃.၄၉၊ ရေလုံလောက်စွာမရှိမှုသည် ၃.၀၆ နှင့် ဓာတ်ဆီဝယ်ယူရရှိမှုမှာ ၂.၂၃ ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရေရှည်တိုးတက်နိုင်မှုတွင် အခြေခံအဆောက်အအုံ အားကောင်းရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(၄) လူသားအရင်းအနှီး

မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့်စိန်ခေါ်မှုတစ်ရပ်တွင် လူသားအရင်းအနှီး လည်းပါဝင်ပါသည်။ သိပ္ပံပညာရှင်နှင့် အင်ဂျင်နီယာများ လိုအပ်မှုသည် အဓိကအခက်အခဲဖြစ်ပြီး ပျမ်းမျှတန်ဖိုး ၃.၁၂ ရှိပါသည်။ ပညာတတ်ဝန်ထမ်းများလိုအပ်မှုသည် ပျမ်းမျှတန်ဖိုး ၃.၀၆ နှင့် ထိပ်ပိုင်းမန်နေဂျာရာထူးများအတွက် လိုအပ်မှုသည် ၃.၀၀ ရှိပါသည်။ ထို့ကြောင့် စွန့်ဦးတီထွင်မှု လုပ်ငန်းများအောင်မြင်နိုင်ရန် ကျွမ်းကျင်ပညာရှင်များလိုအပ်မှုသည် အဓိကစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

(၅) ဈေးကွက်ရရှိမှု

စွန့်ဦးတီထွင်သူများအနေဖြင့် ဈေးကွက်ရှာဖွေရာတွင် အသင့်အတင့် အခက်အခဲဖြစ်သည် ကို ဖြေကြားသူများ၏ ပျမ်းမျှတန်ဖိုးမှာ ၃.၃၈ ဖြစ်ပြီး ဈေးကွက်ရှာဖွေရန် ခက်ခဲသည်ဟု ဖြေကြားသူများမှာ ၂.၉၄ ရှိပါသည်။ ထို့ကြောင့် မြန်မာ့စွန့်ဦးတီထွင်သူများသည် နိုင်ငံကတာဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများရရှိခြင်းဖြင့် မြန်မာစီးပွားရေးလုပ်ငန်း များကို ကမ္ဘာသို့ ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။

(၆) စီးပွားရေးဝန်းကျင်

အောင်မြင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် စီးပွားရေးဝန်းကျင်ကောင်းမွန်မှုသည် အဓိကကျကြောင်း စစ်တမ်းဖြေဆိုသူ၏ ၈၂ ရာခိုင်နှုန်း ဖြေကြားထားပါသည်။ နိုင်ငံရေးတည်ငြိမ်မှု

နှင့် အဂတိကင်းစင်မှုတို့၏ ပျှမ်းမျှတန်ဖိုးသည် ၃.၇၄ နှင့် ၃.၄၉ တို့ရှိပါသည်။ ရာဇဝတ်မှု၊ ခိုးမှုနှင့် မငြိမ်မသက်အောင် ဆောင်ရွက်မှုတို့ကဲ့သို့သော အခြားအကြောင်းအရာများသည် စီးပွားရေးဝန်းကျင်ကို ပိုမိုရှုပ်ထွေးနိုင်သည့် ပျှမ်းမျှတန်ဖိုး ၂.၂၃ ရှိပါသည်။

မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများသည် စွန့်ဦးတီထွင်မှုဂေဟစနစ်၏ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။ အခြေခံအဆောက်အအုံ မလုံလောက်မှု၊ ငွေကြေးပံ့ပိုးမှုနည်းပါးမှုနှင့် လူသားအရင်းအနှီးမလုံလောက်မှုတို့သည် အဓိကပြဿနာများဖြစ်ကြောင်း တွေ့ရှိရပြီး မူဝါဒပိုင်းဆိုင်ရာနှင့် စျေးကွက်ရရှိမှုတို့သည်လည်း စိန်ခေါ်မှုများရှိနေပါသည်။ ထို့ကြောင့် မူဝါဒချမှတ်သူများနေဖြင့် အခြေခံအဆောက်အအုံကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဆွဲဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။

၅။ ဆွေးနွေးတင်ပြချက်

၅.၁ သုံးသပ်တွေ့ရှိချက်

စွန့်ဦးတီထွင်ဂေဟစနစ် အမျိုးမျိုးသော မဏ္ဍိုင်များရှိသည့်အနက် မြန်မာစွန့်ဦးတီထွင်သူများ ရင်ဆိုင်ရသည့် အခက်အခဲများကို လေ့လာထားခြင်း ဖြစ်ပါသည်။ စွန့်ဦးတီထွင်မှုတွင် အဓိကအခက်အခဲများမှာ အခြေခံအဆောက်အအုံ မလုံလောက်မှု၊ ငွေကြေးပံ့ပိုးရရှိမှုအားနည်းခြင်းနှင့် ကျွမ်းကျင်ပညာရှင်များနည်းပါးမှုတို့ပင် ဖြစ်ကြပါသည်။ စွန့်ဦးတီထွင်သူများအနေဖြင့် လျှပ်စစ်မီးမလုံလောက်ခြင်း၊ အင်တာနက်လိုင်းမကောင်းခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးအားနည်းခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အောင်မြင်မှုနည်းပါးကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်နိုင်ရန် အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း လေ့လာထားရှိချက်နှင့်ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

ငွေကြေးပံ့ပိုးရရှိမှုနှင့်ပတ်သက်၍ စွန့်ဦးတီထွင်သူများသည် ၎င်းတို့၏ လုပ်ငန်းများအတွက် ငွေအရင်းအနှီးစိုက်ထုတ်ရန်၊ ချေးငွေများရရှိရန်နှင့် အစိုးရ၏ထောက်ပံ့ငွေများရရှိရန် ခက်ခဲကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် စွန့်ဦးတီထွင်သူများအနေဖြင့် ၎င်းတို့၏ စီးပွားရေးချဲ့ထွင်ဆောင်ရွက်နိုင်ရန် ငွေအရင်းအနှီး ရရှိရန်ခက်ခဲကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အတူ လုပ်ငန်းလိုအပ်ချက်အတွက် ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များဖြစ်သည့် အင်ဂျင်နီယာများ၊ မန်နေဂျာများ ရှာဖွေရန်ခက်ခဲနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများအား လုပ်ငန်းများတိုးတက်ရန် အားပေးလှုံ့ဆော်နေသော်လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရန် အခက်အခဲများ ရင်ဆိုင်နေရပါသည်။

စစ်တမ်းဖြေဆိုသူ၏ ၄၁ ရာခိုင်နှုန်းသော စွန့်ဦးတီထွင်သူများသည် ပညာတတ်များ ဖြစ်သော်လည်း ၎င်းတို့လုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ လိုအပ်ချက်ရှိနေသည့်အတွက် စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်ရန် ပညာရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၅.၂ ယခင်လေ့လာထားချက်များနှင့် နှိုင်းယှဉ်ချက်

ယခင်လေ့လာထားချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများအား လေ့လာထားခြင်း ဖြစ်ပါသည်။ ဝင်ငွေနိမ့်ပါးသည့် ဝင်ငွေအသင့်အတင့်ရှိသည့် နိုင်ငံများရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် ငွေကြေးနှင့်ပတ်သက်၍ အခက်အခဲအများဆုံးဖြစ်ကြောင်း ယခင်စာတမ်းများမှ ဖော်ပြထားပါသည်။ အဆိုပါစာတမ်းသည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရန် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကိုက်ညီမှုရှိပါသည်။ ဝေဖြိုး၏ သုံးသပ်ချက်သည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများ အဓိကစိန်ခေါ်မှုသည် ငွေရေးကြေးရေး ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အလားတူပင် အခြေခံအဆောက်အအုံကဏ္ဍ ကောင်းမွန်မှုသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများ အောင်မြင်မှုအတွက် အရေးပါကြောင်း လေ့လာထားသည့်စာပေများတွင် ဖော်ပြထားပါသည်။ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံများမှ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည့်နိုင်ငံများတွင် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများအတွက် အဓိကအချက်ပင်ဖြစ်ကြောင်း Naude ကဖော်ပြထားပါသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှု၊ အင်တာနက်လိုအပ်ချက်များစသည့် အခြေခံအဆောက်အအုံ မလုံလောက်မှုတို့သည် စွန့်ဦးတီထွင်မှုလုပ်ငန်းများအတွက် အဓိကအခက်အခဲပင် ဖြစ်ပါသည်။

ယခင်လေ့လာထားချက်များတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်အချက်ကို ဖော်ပြထားပါသည်။ စွန့်ဦးတီထွင်မှုလုပ်ငန်းများအောင်မြင်ရန် ကျွမ်းကျင်လုပ်သားများ၏ စွမ်းရည်သည် အရေးပါကြောင်း အထူးသဖြင့် လူသားအရင်းအနှီးသည် စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်နိုင်မှုနှင့် လုပ်ငန်းချဲ့ထွင်နိုင်မှုကို လွှမ်းမိုးနိုင်သည်ကို Shane က ပြောကြားထားပါသည်။ မြန်မာနိုင်ငံတွင် အင်ဂျင်နီယာနှင့်မန်နေဂျာများလိုအပ်ချက်သည် ပညာရေးနှင့် စွန့်ဦးတီထွင်သူများ၏ လိုအပ်ချက်အခြား ကွာဟချက်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြထားပါသည်။ ထို့ကြောင့် အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်းနှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ကြောင်း ယခုလေ့လာချက်က ထောက်ပြထားပါသည်။

ယခုစာတမ်း၏ တွေ့ရှိချက်များသည် ယခင်လေ့လာချက်များနှင့် များစွာကိုက်ညီမှု ရှိနေသော်လည်း မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများအတွက် သီးခြားစိန်ခေါ်မှုများလည်း ရှိနေပါသည်။ ဥပမာ နိုင်ငံရေးမတည်ငြိမ်မှုနှင့် အဂတိလိုက်စားမှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း အရှေ့တောင်အာရှနိုင်ငံများ၏ စွန့်ဦးတီထွင်မှုလုပ်ငန်းများကို လေ့လာထားမှုတွင် ဖော်ပြမှုနည်းပါးနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာ့စွန့်ဦးတီထွင်သူများအတွက် နိုင်ငံရေးနှင့် အစိုးရဌာနများဆက်နွယ်မှုသည် စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန် စိန်ခေါ်မှုများထဲတွင် ပါဝင်နေပါသည်။

၅.၃ မူဝါဒဆိုင်ရာ သက်ရောက်မှုများ

ဤစာတမ်း၏ လေ့လာတွေ့ရှိချက်များသည် မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်မှုလုပ်ငန်းများအား ပံ့ပိုးပေးနိုင်ရန် မူဝါဒချမှတ်သူများအတွက် ကောင်းမွန်သည့် အဖြေရှာမှုတစ်ခုပင် ဖြစ်ပါသည်။ ပထမဦးစွာအနေဖြင့် အခြေခံအဆောက်အအုံလိုအပ်ချက်သည် အဓိကပြဿနာဖြစ်ကြောင်း ဖော်ပြထားပါသည်။ လျှပ်စစ်မာတ်အားရရှိရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်နှင့် အင်တာနက်ဝန်ဆောင်မှုကောင်းမွန်ရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်သူများအား ၎င်းတို့၏ ထုတ်လုပ်မှုတိုးပွားစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေရန် ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။ အခြေခံအဆောက်အအုံ အဓိကလိုအပ်ချက်ဖြစ်သည့် ကျေးလက်ဒေသများတွင် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လာမည် ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ တိုးတက်စေရန် ငွေကြေးထောက်ပံ့ပေးမှုသည် အရေးပါသည့်အချက်ပင် ဖြစ်ပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကြေးများ ထောက်ပံ့နိုင်ရန် အသေးစားငွေချေးလုပ်ငန်းများ၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူသည့်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးရန် စဉ်းစားဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရန်ပုံငွေစုပေးခြင်းကဲ့သို့သော ငွေကြေးစနစ်သည် စွန့်ဦးတီထွင်သူများအတွက် ငွေကြေးရယူနိုင်ရန် ထောက်ပံ့ပေးနိုင်ပါသည်။

တတိယအချက်အနေဖြင့် ကျွမ်းကျင်သည့် လူသားအရင်းအနှီးလိုအပ်ချက်အား ဖြည့်ဆည်းရန် လိုအပ်နေသည့် ပညာရေးနယ်ပယ်နှင့် အသက်မွေးဝမ်းကျောင်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းသည် စွန့်ဦးတီထွင်ဂေဟစနစ်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်။ အစိုးရအနေဖြင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းပညာနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် သင်တန်းကျောင်းများ ဖွင့်လှစ်ပေးသင့်ပါသည်။ တက္ကသိုလ်များနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းသည် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာကွာဟချက်ကို ပံ့ပိုးကူညီပေးနိုင်မည့် တံတားသဖွယ် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် အဂတိလျော့ပါးစေရေးနှင့် မူဝါဒပိုင်းဆိုင်ရာ ခိုင်မာစေရေးသည် စီးပွားရေးဝန်းကျင်ကို သိသိသာသာ တိုးတက်စေမည် ဖြစ်ပါသည်။ စွန့်ဦးတီထွင်သူများသည် လုပ်ငန်းများ ထိရောက်စွာလည်ပတ်နိုင်ရန် ပွင့်လင်းမြင်သာပြီး တိကျခိုင်မာသည့်မူဝါဒများ လိုအပ်ပါသည်။ အကျင့်ပျက်ခြစားမှုများ လျော့ပါးစေရေး၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်သည့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးနှင့် ဥပဒေ၊ မူဝါဒများ ခိုင်မာစေရေးသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း ဖြစ်ပါသည်။

၅.၄ အဓိကစိန်ခေါ်မှုများ

မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများအတွက် များစွာသောစိန်ခေါ်မှုများ ရှိပါသည်။ ပထမဦးစွာ သိသာထင်ရှားသည့် စိန်ခေါ်မှုတစ်ခုမှာ အခြေခံအဆောက်အအုံဖြစ်ပါသည်။ လျှပ်စစ်မီး မလုံလောက်မှုနှင့် အင်တာနက်မရရှိခြင်းသည် စီးပွားရေးလုပ်ငန်းများလည်ပတ်နိုင်ရန် အဓိကအတား အဆီးတစ်ခုပင် ဖြစ်ပါသည်။ ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် အဆိုပါလိုအပ်ချက်များသည် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန် များစွာမှီခိုနေပါသည်။ အခြေခံအဆောက်အအုံ ကောင်းမွန်မှုမရှိပါက စွန့်ဦးတီထွင်သူများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်ကို ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန် ခက်ခဲနေပါသည်။

ဒုတိယစိန်ခေါ်မှုတစ်ခုမှာ ငွေးကြေးပံ့ပိုးရရှိမှု ဖြစ်ပါသည်။ ငွေကြေးအဖွဲ့အစည်းများနှင့် ငွေကြေးပံ့ပိုးမှုအစီအစဉ်များသည် SME လုပ်ငန်းများအတွက် ထောက်ပံ့နေသော်လည်း စွန့်ဦးတီထွင်သူများအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းချဲ့ထွင်ရန် ဘဏ္ဍာငွေလိုအပ်ချက် ခိုင်မာစေရန် ကြိုးစားဆောင်ရွက်နေရကြောင်း တင်ပြလာကြပါသည်။ ချေးငွေရယူသည့်နည်းလမ်းများ ရှုပ်ထွေးမှု၊ အကျိုးတူရင်းနှီးမြှုပ်နှံငွေများရရှိရန် ကန့်သတ်ချက်များသည် သိသာထင်ရှားသည့် အတားအဆီးများပင် ဖြစ်ပါသည်။ အတိုးနှုန်းမြင့်မားခြင်းသည်လည်း စွန့်ဦးတီထွင်သူများအတွက် ငွေကြေးပံ့ပိုးမှုရှာဖွေရာတွင် အခက်အခဲများပင် ဖြစ်ပါသည်။

အခြားသော အရေးပါသည့် စိန်ခေါ်မှုတစ်ရပ်မှာ ကျွမ်းကျင်လုပ်သားရှားပါးခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများသည် ပညာတတ်များဖြစ်ကြသော်လည်း ၎င်းတို့၏ လုပ်ငန်းများအတွက် နည်းပညာနယ်ပယ်တွင် ဆောင်ရွက်နိုင်မည့် လုပ်သားများရှာဖွေရန် ခက်ခဲနေပါသည်။ လူသားအရင်းအနှီးလိုအပ်ချက်သည် ဆန်းသစ်တီထွင်မှုကို ဟန့်တားပြီး စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန် အလားအလာကောင်းများကို တားဆီးနေပါသည်။ အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရန် သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာနှင့်သချာ စသည့်နယ်ပယ်များတွင် အရည်အချင်းပြည့်မီသည့် ပညာရေးစနစ်နှင့် သင်တန်းများဖွင့်လှစ်သွားရန် လိုအပ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် နိုင်ငံရေးနှင့် မူဝါဒပိုင်းဆိုင်ရာသည် လက်ရှိစိန်ခေါ်မှုအနေဖြင့် ရှိနေပါသည်။ စွန့်ဦးတီထွင်သူများသည် နိုင်ငံရေးမတည်ငြိမ်မှု၊ အဂတိလိုက်စားမှု၊ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးမှုတို့သည် စီးပွားရေးလုပ်ငန်းများအောင်မြင်ရန် အတားအဆီးများပင် ဖြစ်ပါသည်။ အဆိုပါအချက်များသည် စီးပွားရေးလုပ်ငန်းများ၊ SMEs လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ စတင်ခြင်းအတွက် ကုန်ကျစရိတ်အား မြင့်မားခြင်းနှင့် လုပ်ငန်းစတင်ရန် မသေချာနိုင်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် အဆိုပါအခက်အခဲကို မဖြေရှင်းနိုင်ပါက မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ဂေဟစနစ်သည် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျနေမည် ဖြစ်ပါသည်။

၆။ နိဂုံးနှင့် အကြံပြုချက်များ

၆.၁ အဓိကရှာဖွေတွေ့ရှိချက် အကျဉ်းချုပ်

ဤစာတမ်းသည် မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်သူများ၏ အခန်းကဏ္ဍနှင့် အလားအလာများကို စွန့်ဦးတီထွင်ဂေဟစနစ်၏ မဏ္ဍိုင်(၆)ခုဖြစ်သည့် ငွေကြေးပံ့ပိုးမှု၊ မူဝါဒပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ ဈေးကွက်ရရှိမှုနှင့် စီးပွားရေးဝန်းကျင်တို့ကို အသေးစိတ်လေ့လာထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မဏ္ဍိုင်(၆)ခုတွင် စွန့်ဦးတီထွင်သူများ ကြုံတွေ့ရသည့် များစွာသောစိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ထားပါသည်။

ပထမအနေဖြင့် အခြေခံအဆောက်အအုံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးမလုံလောက်မှု၊ အင်တာနက်လိုင်းမကောင်းမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ မလုံလောက်မှုတို့ကြောင့် စွန့်ဦးတီထွင်သူများ၏ လုပ်ငန်းများလည်ပတ်နိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ ဒုတိယအချက်အနေဖြင့် စွန့်ဦးတီထွင်သူများသည် ချေးငွေရရှိမှု၊ အရင်းအနှီးရရှိမှုနှင့် ငွေကြေးအထောက်အပံ့ ရရှိမှုတို့အတွက် များစွာအခက်အခဲများ ဖြစ်စေပါသည်။ တတိယအချက်အနေဖြင့် စွန့်ဦးတီထွင်သူများသည် ၎င်းတို့၏ လုပ်ငန်းများအတွက် ပညာရှင်များဖြစ်သည့် မန်နေဂျာ၊ အင်ဂျင်နီယာအစရှိသည့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန် ခက်ခဲပါသည်။ နောက်ဆုံးအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် အဂတိလိုက်စားမှုများကြောင့် စီးပွားရေးဝန်းကျင်ကောင်းမွန်ရန် ခက်ခဲနေပါသည်။

အဆိုပါ အခက်အခဲအတားအဆီးများရှိနေသော်လည်း မြန်မာ့စွန့်ဦးတီထွင်သူများသည် လွတ်လပ်စွာ တီထွင်ဆန်းသစ်မှုများနှင့် ကိုယ်ပိုင်ငွေကြေးရပ်တည်ချက်များဖြင့် လုပ်ငန်းများအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ကြပါသည်။ ဤစာတမ်းက စိန်ခေါ်မှုများစွာ ဖြေရှင်းနိုင်ခြင်းမရှိပါက စွန့်ဦးတီထွင်မှုလုပ်ငန်းများက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်သည့် ကောင်းမွန်စွာဖော်ဆောင်နိုင်ရန် ကန့်သတ်နေမည် ဖြစ်ပါသည်။

၆.၂ မူဝါဒချမှတ်သူများအတွက် အကြံပြုတင်ပြချက်

ဤစာတမ်း၏ လေ့လာတွေ့ရှိချက်များကို အခြေခံပြီး မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှုဂေဟစနစ် တိုးတက်ကောင်းမွန်စေရန် မူဝါဒချမှတ်သူများအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးသင့်ပါသည်–

(၁) အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း

အခြေခံအဆောက်အအုံကဏ္ဍအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းသည် စီးပွားရေးတိုးတက်ခြင်းအတွက် အရေးပါပါသည်။ ထို့ကြောင့် မူဝါဒချမှတ်သူများအနေဖြင့် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးလုံလောက်စွာ ရရှိရေး၊ အင်တာနက်လိုင်း ကောင်းမွန်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ပေးသင့်ပါသည်။ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေးလုပ်ငန်းများ ထိရောက်စွာလည်ပတ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံကဏ္ဍအား တိုးမြှင့်ပေးသင့်ပါသည်။

(၂) ငွေကြေးပံ့ပိုးရရှိမှု

စွန့်ဦးတီထွင်သူများသည် ငွေကြေးပံ့ပိုးမှုရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် မူဝါဒချမှတ်သူများအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လိုအပ်သည့် ငွေကြေးကူညီပံ့ပိုးပေးမှုများဖြစ်သည့် အသေးစား၊ အလတ်စား ချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အတိုးနှုန်းသက်သာသည့် ချေးငွေများ ဖန်တီးပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူများ ရှာဖွေပေးရန်တို့ကို ဆောင်ရွက်ပေးသင့်ပါသည်။ ချေးငွေများ ရယူရာတွင် လုပ်ငန်းစဉ်များ လွယ်ကူအောင် ဆောင်ရွက်ပြီး စွန့်ဦးတီထွင်သူ အများစုထံသို့ ၎င်းတို့၏ လိုအပ်သည့် ပမာဏရရှိစေရေး ဆောင်ရွက်ပေးသင့်ပါသည်။

(၃) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု

ကျွမ်းကျင်လုပ်သားများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် စွန့်ဦးတီထွင်သူများလိုအပ်သည့် သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာနှင့်သချာစသည့် နည်းပညာနယ်ပယ်နှင့် ကိုက်ညီမှုရှိသင့်ပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စွန့်ဦးတီထွင်မှုဝန်းကျင်ဖြစ်စေရေးအတွက် လိုအပ်သည့်နည်းလမ်းများနှင့် တီထွင်ဆန်းသစ်မှုနှင့် လုပ်ငန်းနယ်ပယ်ကို အားပေးရန် တက္ကသိုလ်ကျောင်းများနှင့်

စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ပေးသင့်ပါသည်။

(၄) အထောက်အပံ့ဖြစ်စေမည့် မူဝါဒဝန်းကျင် ဖန်တီးခြင်း

စွန့်ဦးတီထွင်မှုလုပ်ငန်းများ တိုးတက်စေရန် အစိုးရအနေဖြင့် ရိုးရှင်းလွယ်ကူပြီး ခိုင်မာသည့် ဥပဒေမူဘောင်များ ချမှတ်ပေးရမည် ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင် ရယူရာတွင် လွယ်ကူခြင်း၊ ကြိုးနီစနစ် လျော့ချစေရေးနှင့် ကောင်းမွန်သည့်မူဝါဒများ အသက်ဝင်စေရေးတို့သည် စွန့်ဦးတီထွင်သူများ၏ အခက်အခဲများကို လျော့ချနိုင်မည် ဖြစ်ပါသည်။ အဂတိကင်းစင်ခြင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကြောင့် ကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။

(၅) ဈေးကွက်ဖော်ဆောင်ခြင်း

နိုင်ငံတကာဈေးကွက်ကို ဝင်ရောက်နိုင်ခြင်းသည် စွန့်ဦးတီထွင်သူများအတွက် အရေးကြီးပါသည်။ ထို့ကြောင့် မူဝါဒချမှတ်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မည့် စံနှုန်းများနှင့်ကိုက်ညီစေရန် နိုင်ငံတကာဈေးကွက် အခြေအနေ၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တို့၏ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိစေခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးသင့်ပါသည်။

(၆) စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်

စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အရေးများကို ဖန်တီးပေးခြင်းဖြင့် ခိုင်မာသည့် စွန့်ဦးတီထွင်မှုဂေဟစနစ်ဖန်တီးရာ ဖြစ်ပေါ်စေပါသည်။ ဆန်းသစ်တီထွင်မှုပြပွဲများနှင့် စီးပွားရေးချိတ်ဆက်ပွဲများဆောင်ရွက်ခြင်းဖြင့် စွန့်ဦးတီထွင်မှုလုပ်ငန်းသစ်များ ပေါ်ထွန်းစေရန် အားပေးနိုင်မည် ဖြစ်ပါသည်။

ယခုစာတမ်းအပါအဝင် လေ့လာထားသည့်စာတမ်းများသည် ပုံမှန်လုပ်ငန်းများ ဆောင်ရွက်သည့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို လေ့လာထားပါသည်။ ထို့ကြောင့် အနာဂတ်တွင် ပုံမှန်လုပ်ငန်းများမဟုတ်သည့် လုပ်ငန်းများတွင် ဆောင်ရွက်ကြသည့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို လေ့လာခြင်းဖြင့် ၎င်းတို့၏အခန်းကဏ္ဍနှင့် ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲများကို လေ့လာသိရှိ၍ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ကွဲပြားခြားနားချက်ကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

ဤစာတမ်းသည် မြန်မာနိုင်ငံရှိ စွန့်ဦးတီးထွင်မှုဂေဟစနစ်ကို မဏ္ဍိုင်(၆)ခုဖြစ်သည့် ငွေကြေးပံ့ပိုးမှု၊ မူဝါဒပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအနှီး၊ ဈေးကွက်ရရှိမှုနှင့် စီးပွားရေးဝန်းကျင်တို့ကို အသေးစိတ်လေ့လာထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်သူများသည် အခြေခံအဆောက်အအုံ၊ ငွေကြေးပံ့ပိုးရရှိမှုနှင့် ကျွမ်းကျင်လုပ်သားများကဏ္ဍ၌ အဓိက စိန်ခေါ်မှုများဖြစ်ပေါ်နေသော်လည်း စွန့်ဦးတီထွင်သူများသည် ၎င်းတို့၏ လုပ်ငန်းများ အောင်မြင်အောင်ကြိုးစားဆောင်ရွက်နေကြပါသည်။ သို့ရာတွင် စွန့်ဦးတီထွင်မှုဂေဟစနစ်တွင် ၎င်းတို့ အောင်မြင်အောင်ထောက်ပံ့ပေးရန် များစွာလိုအပ်ချက်များ ရှိနေပါသည်။ စွန့်ဦးတီထွင်မှုလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရန် အခြေခံအဆောက်အအုံ လိုအပ်ချက်၊ ငွေကြေးပံ့ပိုးပေးနိုင်မှုနှင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုတို့ကို ဖြေရှင်းပေးနိုင်မည့် မူဝါဒများကို ချမှတ်ပေးရန် လိုအပ်နေပါသည်။ ဈေးကွက်ရရှိမှုနှင့် ပွင်းလင်းမြင်သာသည့်မူဝါဒချမှတ်နိုင်မှုတို့သည် စွန့်ဦးတီထွင်မှုလုပ်ငန်းများ ရေရှည်တိုးတက်စေရန် ပံ့ပိုးကူညီနိုင်မည် ဖြစ်ပါသည်။ အဆိုပါအချက်များကို ဖြေရှင်းပေးခြင်းဖြင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပါသည်။

Economics Papers of Myanmar Economics Association

Vol. 3, No. 1
September, 2025

CONTENTS

- A Brief Analysis of the Great Recession in the United States
  အမေရိကန်ပြည်ထောင်စုတွင်ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုကြီးကို လေ့လာဆန်းစစ်ခြင်း — **Dr. Khin Saw Nyein**
- Energy Security, Optimal Electricity Generation Mix and Implications for Myanmar
  စွမ်းအင်ဖူလုံရေးနှင့် လျှပ်စစ်ထုတ်လုပ်မှုတွင် အသင့်တော်ဆုံး စွမ်းအင်ဇာစ်မြစ်များ ရောစပ်မှုအချိုးအစား – မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်နိုင်မှု — **Aung Htoo**
- Myanmar Agriculture: Challenges and Prospects
  မြန်မာ့လယ်ယာစိုက်ပျိုးရေး – စိန်ခေါ်မှုများနှင့် အလားအလာများ — **Dr. Maung Aung**
- Transformation Attempts in the Late Konbaung Era
  ကုန်းဘောင်ခေတ်နောင်းပိုင်း ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များ — **Zaw Pe Win**
- An Overview to understand the consequential impact of earthquake loss
  လျော်အန္တရာယ် ပျက်စီးဆုံးရှုံးမှု၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ခြင်း — **Khin Pwint Oo**
- Enhancing Market Connectivity and Economic Viability through Value-Added Mango Products in Myanmar's Fruit Sector
  တန်ဖိုးမြှင့် မြန်မာ့သရက်ထုတ်ကုန်များ ဈေးကွက်ချိတ်ဆက်ခြင်းနှင့် သစ်သီးဝလံကဏ္ဍ စီးပွားရေး အခြေအနေ — **Mya Lwin Lwin Aung**
- An Empirical Study on the Determinants of Manufacturing SMEs Development in Yangon Region
  ရန်ကုန်တိုင်းဒေသကြီးရှိ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားသောအချက်များအား လေ့လာဆန်းစစ်ခြင်း — **Dr. Thin Thin Yu**
- An In-Depth Analysis of the Six Pillars on Entrepreneurship Development in Myanmar: A Strategic Ecosystem Approach
  မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်လုပ်ငန်းများတိုးတက်မှုအပေါ် မဏ္ဍိုင်(၆)ခု၏ အကျိုးသက်ရောက်မှုကို Strategic Ecosystem Approach နည်းအရ လေ့လာဆန်းစစ်ခြင်း — **Dr. Lin Thidar Khaing**

Gonthiri
Printing & Publishing House
No.52, 30th Street, Pabedan Tsp., Yangon, Myanmar.
Ph : 09 5002575, 09 795372813, 09 445002575
Email - gonthiri@gmail.com